www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူ ခွင့်ပြုချက်အမှတ် - ၅၀၁၁၂၀၀၉၁၁

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် - ၅၀၁၁၈၂၁၀၁၁

ထုတ်ဝေသူ ● ဦးကျော်ဝေး (မြ-၀၉၃၂)
ရဲဆောင်စာပေ၊ အမှတ် (၂)၊
ဈေး(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျင်ရှိန်(ရွှေမြဓာတ်ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဒိုးလမြှင့်စာပေ
အမှတ် (၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764, 095162031

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ဒေဝီ
သေရွာမြမ်ရဲ့ နှုတ်မျက်စိ / ဒေဝီ ။- ရန်ကုန် ။
ရဲဆောင်စာပေ၊ ၂၀၁၁။
(၂၅၆) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) သေရွာမြမ်ရဲ့ နှုတ်မျက်စိ


## အခန်း(၁)

ဝန်းကျင်တစ်ခုလုံးတွင် အလင်းရောင်ဆိုရှိ၍ သူလက်ထဲရှိ လက်ဆွဲမီးအိမ်ငယ်မှ အဖြူရောင်အလင်းတစ်ကွက်သာ ရှိသည်။ အသံဆိုရှိ၍လည်း သူနောက်သို့ ထက်ကြပ်မကွာ လိုက်ပါနေသည့် သူ့ကိုယ်တိုင်၏ ခြေသံစပ်သုံ့သုံ့သာ ထွက်ပေါ်နေသည်။

ဘယ်နေ့တော့ မဲ့တဲ့ ရွာခုံသော မိုးကြောင့် ကောင်းကင်တွင် ထိမ်တစ်မျှင်တစ်စပင် မကျန်အောင် ရှင်းလင်းသွားခဲ့ပြီ ဖြစ်သော်လည်း ရက်ပေါင်းသုံးဆယ်မျှ ဆက်တိုက်သာခဲ့ပြီးသည့် လမင်းသည် ထင်းနီးရှမ်းနေပါက မဖြစ်ကွယ်ရာသို့ ပုန်းခိုအနားယူနေခဲ့ပြီမို့ အမှောင်ထုက အတိုင်းသား စိုးမိုးခြယ်လှယ်နေ၏။

မိုးနှင့် ဝေသည်လည်း နေ့ကုန်နေခမ်း သောင်းကျန်းခဲ့ပြီးမှ ပြီ ပမ်း၍ ညဉ့်ဦးကတည်းက အရှိန်သေကာ ငြိမ်ကျသွားခဲ့ပြီ ဖြစ်သည်။

ညစ်ပတ်ပေတီတိတ်ဆိတ်လွန်းသည့် မိုးအလွန်ညာ။

လူသူဝေးပါး အိပ်မောကျနေပြီ ဖြစ်သည့် အချိန်။

သူတစ်ယောက်တည်း အရာအားလုံးနှင့် ဆန့်ကျင်ကာ



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်နှင့် အသံသဲ့သဲ့ကို သယ်ဆောင်ရွေ့လျားနေသည်။ သူဦးတည်ရာ အရပ်သည်လည်း လူနေအိမ်ခြေများကို ဆန့်ကျင်လျက် မြို့ပြင်ဘက်သို့။

သူ့လက်ထဲတွင် အဖြူရောင်မီးလုံးငယ်လေးများနှင့် ဖွဲ့စည်းထားသည့် မီးအိမ်တစ်လုံးပါသည်။ ကျန်လက်တစ်ဖက်က မီးမသေရုံ ဖွာလာသည့် ဆေးပေါ့လိပ်တိုနှင့်တကွ ပန်းဆက်တွင် ထမ်းထားသည့် ပေါက်တူးအရိုးကို ချိတ်ထား၏။

ဆေးပေါ့လိပ်မှ ရဲခနဲ တောက်သွားတတ်သည့် မီးရောင်သည် နောက်ထပ်အလင်းရောင်တစ်ခုဟု ဆိုနိုင်သည်။

တရွေ့ရွေ့နှင့် မြို့အဝင်ဆိုင်းဘုတ်ကိုပင် လွန်မြောက်လာခဲ့လေပြီ။

တလျှောက်လုံး ကတ္တရာလမ်းမပေါ်တွင်သာ ဖြန့်ကြက်လာခဲ့ရသည့် အလင်းရောက်ဖြူဖြူသည် လမ်းဘေးမြေပြင်ပေါ်သို့ ကွေ့ဝိုက်ရောက်ရှိသွား၏။ ကားလမ်းပေါ်မှ ဖဲ့ဆင်းကာ မြေလမ်းတစ်ခုသို့ သူဆင်းလာခဲ့ပြီ ဖြစ်၏။

ထိုမြေလမ်းက တဖြည်းဖြည်း မြင့်တက်သွား၏။ အကျယ်က ကားတစ်စီးမောင်းသာရုံမျှ ရှိသည်။ အနီရောင်သမ်းသည့် မြေမှုန့်များနှင့် ကျောက်ဖြုန်းတို့ ပြန့်ကြဲနေသည်။ မကြမ်းမချောလမ်း ဖြစ်သည်။

သူ့ဖိနပ်အောက် လိမ့်ပါလာတတ်သည့် ကျောက်ဖြုန်းများကြောင့် သူ့ခြေသံက ပို၍ ကျယ်လောင်ပီသလာ၏။

ကန်ဘောင်တာရိုးတစ်ခုလို မြင့်ခုံးသွားသည့်နေရာမှ လွန်





သည့်တွင် လမ်းသည် ပြန်လည်နိမ့်ဆင်းသွားခဲ့သည်။ တာရိုးထိပ်တွင် သူရပ်တန့်လိုက်၏။ သူ့လက်ထဲမှ မီးရောင်ဖြူဖြူက တူရှုသို့ တည့်တည့်မတ်မတ် ပြေးလွှားသွားသည်။ မြေပြင်ပေါ်သို့ မကျရောက်တော့။

မီးရောင်အောက်တွင် သူမြင်လိုက်ရသည်မှာ အကာအရံမဲ့ ဇရပ်ငယ်တစ်ဆောင်။

အောက်ခြေအုတ်ဘောင်များက အင်္ဂတေသားကွာလျက် အညိုတက် စိမ်းညို့နေ၏။ အချို့နေရာများတွင် မြက်ပင်များပေါက်နေသေးသည်။ အနည်းငယ်မျှသော တိုင်တို့သည်လည်း တစ်ဖက်တည်းသို့ ယိမ်းယိုင်လျက်။ ယက်မထုတ်တန်းတို့သည်လည်း ပြုတ်ထွက်ကျိုးပဲ့နေခဲ့လေပြီ။ ခေါင်မိုးသွပ်ပြားတို့မှာ သံချက်များကွာ၍ ကော့လန်နေသည်။

တမောလျှလျှနှင့် သက်ပြင်းချလိုက်မိတော့မှ သူ့အသက်အောင့်ထားမိပါလားဟု သတိထားမိ၏။ အလင်းရောင်ကို သူ့ရှေ့ခြေခံလမ်းစာခန့်သို့ ပြန်လည်ဆွဲယူလိုက်ရသည်။ ကုန်းဆင်းအတိုင်း ပို၍ လေးကန်သော ခြေလှမ်းများနှင့် ဆင်းခဲ့သည်။

ရှိုက်ဖွာရန် မေ့လျော့နေသဖြင့် မီးသေသွားသော ဆေးလိပ်ကို မိုးကာအင်္ကျီအောက်မှ ဂျင်းဂျာကင်ထဲ ထည့်သိမ်းလိုက်ရသည်။ လိုအပ်သဲ ပန်းထက်မှ ပေါက်တူးကို အနေအထားပြင်မိပြန်သည်။

လက်ထဲက မီးအိမ်ကိုလည်း တစ်လမ်းလုံး မလှည့်မပြောင်းခဲ့ဘဲ ခုမှ ဟိုဟိုသည်သည် ဝှေ့ယမ်းနေမိသည်။

ဇရပ်ပျက်အနီးသို့ သံပတ်ပေးထားသည့် စက်ရုပ်လို သူရောက်လာခဲ့သည်။ တုံ့ခနဲ ခဏရပ်လိုက်မိ၏။ ထို့နောက်တွင်မှ

www.burmeseclassic.com



သက်ပြင်းတစ်ခု လေးလေးပင်ပင်ချကာ သံပတ်လျော့သွားသည့် စက်ရုပ်လို ဆက်လျှောက်သည်။

ဖရုပ်ပျက်ကို ကွေ့ပတ်လျှောက်လာပြီးသည်တွင် သူပထမဆုံးမြင်လိုက်ရသည်က အဖြူရောင်မီးရောင်အောက်သို့ အလိုလိုရောက်လာသော အုတ်ဂူတစ်လုံး၏ ဆတ်ခနဲ အကြည့်ကို လွှဲ၍ မီးရောင်ကိုပါ နေရာပြောင်းလိုက်မိ၏။

မီးရောင်ကျရောက်သွားသည်က မြေပုံမို့မို့တစ်ခု။ ထိုမြေပုံပေါ်ရှိ ကမ္ပည်းတိုင်မှာ သူကြည့်လိုက်မှ ရွဲ့စောင်းသွားသလို သူထင်လိုက်မိသေးသည်။ တွန့်ခေါက်နေသည့် ဝင်သက်ထွက်သက်ကို ထိန်းသိမ်းရင်း မီးအိမ်ကို ငိုက်ပစ်လိုက်၏။ သည်ခရီးတလျှောက် အပြေးနှင်လာမိသလို သူမောနေသည်။ မီးရောင်က သူ့ဆန္ဒအတိုင်း သူ့ခြေရင်းသို့ ကျရောက်လာ၏။

ပခုံးပေါ်က ပေါက်တူးကို လက်နက်တစ်ခုလို ဆုပ်ကိုင်ဝင့်မြှောက်ထားလိုက်မိသည်။

သူတရွေ့ရွေ့ လျှောက်နေမိဆဲ။ သို့မဟုတ် သူတရွေ့ရွေ့ လျှောက်နေရဆဲ။

မတွေ့မမြင်လိုသော အုတ်ဂူ၊ မြေပုံ သင်္ချိုင်းရာများထဲ ရောက်လာရ၏။ ဘေးဘီကို မျက်စိမကစားရဲ၊ မီးရောင်ထွေ၍ မထိုးရဲ။ သူ့ရှေ့ခြေတစ်လှမ်းစာကိုပဲ ငုံ့စိုက်ကြည့်နေရင်းက မျက်လုံးက အလိုလို ထောင့်ကပ်သွားမိပြန်သည်။

သူ ပိုမောလာသည်။

ညဉ့်ဦးတစ်လျှောက်လုံး ငြိမ်ချက်သား ကောင်းနေခဲ့သည့်





လေက ခုမှ တရှဲရှဲတဟဲဟဲနှင့် အသက်ဝင်ဝေ့လာပြန်၏။ လေရှူးထဲ မိုးငွေ့ပါ ပါလာသည်။

သူ အံကြိတ်လိုက်မိသည်လား။ မေးကြောများတင်းကာ တဆတ်ဆတ်တုန်ယင်လာ၏။ မီးအိမ်လက်ကိုင်နှင့် ပေါက်တူးရိုးကို ဆုပ်ညှစ်ထားသော သူ့လက်နှစ်ဖက်သည်လည်း အဆစ်များပြုတ်ထွက်မတတ် ကျစ်လျစ်လာ၏။ မီးရောင်သည် မတည်ငြိမ်တော့။ ဆတ်ဆတ်ခါ တုန်ယင်နေသည့် လက်ကြောင့် အလင်းရောင်က မြက်ပင်များပေါ် လှိုင်းထလူးလွန့်နေ၏။

သစ်ရွက်ခတ်သံတို့ ပို၍ ထူထပ်ကျယ်လောင်လာသည်။

တစ်ချက်တစ်ချက်တွင် သူ့အနောက်ဘက်မှ ဖရုပ်ပျက်၏ သွပ်မိုးများ လန်လန်သွားသည့် အသံကို ကြားနေရသည်။ အမိုးနှင့် မလွတ်သည့် သစ်ကိုင်းများက သွပ်ပြားများကို ကုတ်ခြစ်နေသံလည်း ကြားရသည်။

သူ့ခေါင်းထက်မှ သစ်ကိုင်းများ အချင်းချင်း ပွတ်တိုက်ကြိတ်ခြေသံ၊ ရွက်ခြောက်တို့ ရုပ်တိုက်ပြေးသွားသံ၊ သွပ်ပြားပေါ်တွင် ကိုင်းဖျားတို့ တရွတ်ဆွဲသွားသံ၊ ပြီး သူကိုယ်တိုင် မထိန်းချုပ်နိုင်တော့သည့် အမောဖောက်နေသူလို သူ့အသက်ရှူသံ ခြေသံ။

တဆတ်ဆတ်တုန်ယင်နေခြင်းက မေးဖျား၊ လက်ဖျားတို့ဆီမှ တစ်ကိုယ်လုံးသို့ ပျံ့နှံ့ကာ ဒူးနှစ်ဖက်ဆီ ရောက်ရှိလာလေပြီ။

ပတ်ဝန်းကျင်သည်လည်း တည်ငြိမ်မှုမရှိတော့။ သူ့ကိုယ်သည်လည်း တည်ငြိမ်အောင် ထိန်းမထားနိုင်တော့ပေ။

ဖျတ်ဖျတ်လူးနေသည့် သူ့မီးရောင်က အရိပ်များကို လှုပ်ရှား

www.burmeseclassic.com



ယိမ်းထိုးသွားစေ၏။ သူ့အသက်ရှူသံက သူ့ကို ပြန်၍ ခြောက်လှန့်နေသည့်နှယ်။ အာရုံကို စုစည်းရန် မျက်စိနှုံမှိတ်ပြီးမှ ထိတ်ခနဲ မျက်လုံးများ ပြန်ဖွင့်လာကြသည်။

သူ ကြက်သီးထသွားသည်။

သူ့ကို ဖြတ်သွားသည့် လေကလည်း စိမ့်ခနဲ၊ စိမ့်ခနဲ။

မီးရောင်ထဲ တုတ်ခိုင်သော ပင်စည်ကြီးတစ်ခု ရောက်လာ၏။ ကြမ်းတမ်းခက်ထရော်သည့် ညိုညစ်ညစ် အခွံများက မကောင်းဆိုးဝါးတစ်ကောင်၏ အကြေးခွံများလိုပင်။ မြေပေါ်တွင် တိုးထွက်ခက်ဖြာနေသည့် အမြစ်ကြီးများက သူကြည့်ဖူးသည့် သရဲ၊ တစ္ဆေဇာတ်လမ်းများထဲမှ မကောင်းဆိုးဝါး ခြေထောက်ကြီးလေလားဟု ထင်စရာ။

သူ့ခေါင်းပေါ်မှ ဟဲခနဲ နှာမှုတ်သံကိုပါ ကြားလိုက်ရသေး၏။ သစ်ရွက်များကို လေတိုးသွားခြင်းဟု သူ့ကိုယ်သူ ဖျောင်းဖျ၍လည်း မရ။ ခေါင်းမော့၍တော့ မကြည့်ရဲပေ။

"မဖြစ်ဘူး မဖြစ်ဘူး။ ငါကြောက်နေလို့ မဖြစ်ဘူး။ ကြောက်နေလို့ မဖြစ်ဘူး။ ငါက… ငါက ကြောက်တတ်တဲ့ကောင် မဟုတ်ဘူး။ ငါ… ငါမကြောက်ဘူး။ မကြောက်ဘူး။ ဘာ… ဘာမှကြောက်စရာ မရှိဘူး။ ဘာမှကြောက်… ကြောက်နေစရာ မလိုဘူး။ ဒါ ဒါတွေက"

"ဂျရစ် ဂျရစ် ဂျရစ်"

သူ့ကိုယ်သူပင် ဆုံးအောင် အားမပေးလိုက်ရ။ သူ့ခေါင်းပေါ်မှ အနီးကပ် ကြားလိုက်ရသည့် အသံကြီးတစ်ခုကြောင့် မမော့ရဲသော ခေါင်းက ဆတ်ခနဲ မော့သွားရသည်။ ခေါင်းအမော့တွင် ဝင်သက်က





နင့်ခနဲ နင်သွား၏။ သူ အသက်အောင့်လိုက်ခြင်း မဟုတ်သော်လည်း ဝင်သက်ကို ပြန်ထုတ်၍ မရတော့။

" ဂျိန်း…"

❒ ❒ ❒

"အား…"

"ဘာဖြစ်လို့လဲ"

ညွန့်က တစ်ဖက်လူ၏ စကားမဆုံးခင် 'အား' ဆိုသော စာတစ်လုံးတည်းကို ရိုက်လိုက်သဖြင့် တစ်ဖက်က မေးခွန်းနှင့် တုံ့ပြန်လာသည်။

"နင် တစ္ဆေ သရဲတွေအကြောင်း ပြောမလို့ မဟုတ်လား"

ကမန်းကတန်း ပြန်ရိုက်လိုက်သည့်စာမို့ တစ္ဆေကို မှန်အောင် စာလုံးမပေါင်းလိုက်မိ။ 'တဆေ' ဟုသာ အလွယ်ရိုက်လိုက်မိသည်။ ပါဠိဆင့်များကို လျှပ်တပြက်ရိုက်နိုင်လောက်အောင် ညွန့်လည်း စာစီစာရိုက်မကျွမ်းသေး။

"ဟေး… နင်စာလုံးပေါင်း မှန်အောင်ပေါင်းလေ'

ထင်သားပဲ။ တစ်ဖက်လူက သည်လို ပြန်ပြောလိမ့်မည်ဟု ညွန့် တွေးမိပြီးသား။ ဘာပဲဖြစ်ဖြစ် စကားလမ်းကြောင်းလွှဲသွားတော့ သည် ဖြစ်၍ ညွန့်ကျေနပ်သွားသည်။

"ဟဲ့… ငါမှ အဲလောက် မကျွမ်းတာ"

"နင်က ကိုယ့်မြန်မာစာကျ မကျွမ်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး… အဲဒါဘာဖြစ်လဲ"

ညွှန့်ထင်သည့်အတိုင်း စကားလမ်းကြောင်းလွှဲလာသည်။ ထိုသူကို သူ့ဇာတ်လမ်းသူ မေ့သွားသည်အထိ လွှဲသွားရဦးမည်။

"ငါ အရင်က အင်္ဂလိပ်လိုပဲ ရိုက်ခဲ့တာဟ၊ နင်က ဇော်ဂျီနဲ့ပဲဆိုလို့ ငါ့မှာ မနည်းကျင့်ထားရတာ၊ ဒီလောက်တော့ ရှိမှာပေါ့"

"ငါက စေတနာနဲ့ပါ"

"အေးပါ… ငါသိပါတယ်"

စကားလွှဲလက်စနှင့် ဆက်လွှဲသွားအောင် ဘာဆက်ရိုက်မည်ကို ညွှန့်အမြန်စဉ်းစားနေရသည်။ ထိုလူနှင့် စတင်ခင်မင်ခဲ့ရသည့်အကြောင်းရင်းကို ပြောရမလား။ ညွှန့်နှင့် သူက အင်တာနက်ထဲက အမေးအဖြေဆိုသည့် ကဏ္ဍလေးတစ်ခုမှာ စတင်သိကျွမ်းခဲ့ခြင်းဖြစ်သည်။

ထိုအကြောင်းကို စကားစရန် ညွှန့်လက်ချောင်းလေးများကို ဟန်ပြင်လိုက်သည်။

"နင်လုပ်တာနဲ့ ငါပြောနေတဲ့ အကြောင်းတောင် ဘယ်နေရာရောက်သွားလဲ မသိဘူး"

သွားပြီ။

သကောင့်သားက ညွှန့် ဟန်ပြင်နေတုန်း သူ့ဇာတ်လမ်းကို သူအာရုံပြန်ရောက်သွားလေပြီ၊ ရိုက်လက်စများကို ပြန်ဖျက်၍ တောင်းပန်စကားတစ်ကြောင်း အမြန်ရိုက်ရပြန်၏။

"ဟဲ့… ဟဲ့ နေဦး၊ ဟိုလေ ငါ အဲဒီဟာကြီး ဆက်နားမထောင်ချင်တော့ဘူး။ တခြားဇာတ်လမ်းပြောင်းပြောပါလား"





"အဲဒါ ဇာတ်လမ်းမဟုတ်ဘူးလို့ ငါပြောပြီးပြီလေ၊ ပြီးတော့ အခု နင် နားထောင်နေရတာမှ မဟုတ်ဘဲနဲ့ မျက်စိနဲ့ ဖတ်နေရတာ မဟုတ်လား"

"အေးပါ ထားပါတော့၊ မျက်စိနဲ့ ဖြစ်ဖြစ်၊ နားနဲ့ဖြစ်ဖြစ် တခြားဟာလေးပြောပါဟာနော် နော်လို့"

အရေးထဲ ကိုယ်တော်ချောက အထအန ကောက်နေသေးသည်။ ညွှန့်ကလည်း ထုံးစံအတိုင်း နော်ဆိုသော စကားလုံးကို လှိုင်လှိုင်သုံးကာ တုံ့ပြန်လိုက်ရသည်။

"ဟင်း ဟင်း ဟင်း။ နင်ကြောက်သွားတာလား"

"အာ မဟုတ်ပါဘူးနော်"

"ဘာ မဟုတ်ရမှာလဲ၊ ဖတ်နေရင်းနဲ့ နင့်မျက်လုံးတွေ ပြူးလာပြီး ကျီးကန်းတောင်းမှောက် လှောက်ကြည့်နေပြီးတော့ နင် အမြဲဖွင့်ထားတဲ့ ပြတင်းပေါက်ကိုတောင် ထပိတ်လိုက်သေးတယ်လေ။ ဟင်း ဟင်း ဟင်း ချွေးလေး ဘာလေး သုတ်လိုက်ပါဦး မမဝေ"

ညွှန့်က ဘာပြန်ပြောမှန်းပင် မသိ။

နဖူးစပ်က စီးကျလုလု ချွေးစအချို့ကို သုတ်ရင်း ညွှန့်အံ့သြနေမိသည်။ လူ့စိတ်ကို တော်တော်သိသူပါလား။ ညွှန့်အဘေးနားမှာ ထိုင်ကြည့်နေသလို ညွှန့်လုပ်သမျှ ဖြစ်သမျှကို သူသိနေသည်။

တကယ်လည်း ပြတင်းပေါက်ကို ညွှန့်ထပိတ်ခဲ့မိသည်။ သူ့ဇာတ်လမ်း (သူကတော့ ဇာတ်လမ်းဟု ပြောလျှင် မကြိုက်)ထဲက လူ သချိုင်းဝရှိ ဇရပ်ကို လှမ်းလာသည် ဆိုကတည်းက ညွှန့်မြင်ကွင်းထဲက ပြတင်းပေါက်ကို မလုံမလဲ ထပိတ်ခဲ့မိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညစဉ် ညွှန်းရှုတ်တင်တိုင်းတိုင်း၊ ကွန်မြူတာစားပွဲနောက်မှ ပြတင်းပေါက်ကို ဖွင့်ထားလေ့ရှိသည်။ တစ်ခါတလေ အိပ်ရာဝင်သည်အထိ ပြတင်းပေါက်ကို မပိတ်ဘဲ ထားမိတတ်၏။

"နင် အိပ်မပျော်မှာစိုးလို့ ငါပုံပြင်လေးတစ်ပုဒ် ပြောင်းပြီး ပြောပြမယ် ဟုတ်လား"

အိပ်မပျော်ခဲ့တွင် မကာပေ။ တကယ်အိပ်ပျော်ခဲ့ကြ လွယ်သည်။ အိပ်ရာဝင်တိုင်း ညွှန်းသောက်ရမည့် ဆေးများက ညွှန်းကို အိပ်မပျော်ပျော်အောင် ချော့သိပ်ကြမြဲပင်။ အိပ်မက်ထဲတွင် ထည့်မက် မိပါက ပို၍ဆိုးမည့် အကြောင်းအရာ။ ညွှန်းက စိတ်ခွဲရာ အိပ်မက်မက်တတ်သည့် မိန်းကလေး။

"အေး... အေး၊ သနို့စ်ယူ"

"ဟော... လုပ်လာပြီ ငါ အဲဒါတွေ မကြိုက်ဘူးနော် ဝေ"

"အေးပါဟာ၊ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ် ဟုတ်ပြီလား"

လူတကာကို အနိုင်ယူခဲ့သည့် ညွှန်းမှာ သူ့နှင့်ကျမှ ညွှန်းက ချည်း လျှော့နေရတော့သည်။ သူ့မျက်နှာကို မကြည့်ရတုန်းကတော့ ညွှန်းထက် လပိုင်းမျှငယ်ကြောင်း၊ သိခဲ့ရသည်။ လပိုင်းမျှငယ်ရုံနှင့် ညွှန်းကို မမခေါ်လိုခေါ်၊ အငယ်လို ဆိုလိုပိုးနှင့်။

ညွှန်းသည်၊ သည်လို ဆိုးတတ်နိုင်တတ်သူကိုပဲ တခြားသူများထက် ပို၍ ခင်မင်သွားမိသလား မသိ။

တစ်ခါတစ်ခါ လူဆိုသည့်အမျိုးက ကိုယ်နှင့်အကျင့်နှင့် မလိုက်





ဖက်သူ၊ ဆန့်ကျင်သူကိုမှ မသိမသာ သံယောဇဉ်ရှိတတ်သည် မဟုတ်လား။

အစ်ကကဆို ညွှန်းက သူ့ကို ဆိုင်တွေ ယှဉ်တွေနှင့် သုံးနှုန်းပြီး သူက ကွန်ပေတာနှင့် ဝင်ဖျားနှင့် ပြောတတ်သည်။ နင် ဝါဆိုသော အသုံးအနှုန်းများ သူတို့နှင့်ယောက်ျားကြား ရောက်လာသည်မှာ မကြာသေး။

သည်ညဟာချိန်ကျ ကိုယ်တော်က အသက်ရှင်ဆဲဆိုမှ တွေ့သပ် နင်တို့ ငါတို့ပဲ သုံးရတော့မှာ ဆိုသည်။ သူ့စိတ်မဝင်ရှုပ်ကျ ချာတိတ်ကလေးလေလိုလား၊ ဆိုးတတ်၏။ မမလေဟုလည်း စိတ်ပေါက်မှာနှင့် ခေါ်တတ်၏။

"မေဟ... မေ့"

"ပြော... အေးပေါ် နင်ကလည်း"

"ဘာ အေးပေါ်လဲ၊ ငါ့ကို တကားလည်း မပြန်ဘူး ဘာလဲ တခြားတစ်ယောက်နဲ့ စကားလက်ဆုံကျနေတယ်ပေါ့ ဟုတ်လား"

"တစ်ယောက်မဟုတ်ဘူးဟေ့၊ ဆယ်ယောက်၊ ဆယ်ယောက်" ညွှန်းပြောလိုက်ရှင်သည်။ သို့သော် တကယ်ပြန်ရိုက်လိုက်သည်က...

"ဘယ်သူနဲ့ စကားလက်ဆုံကျနေမှာလဲ၊ ဒီလိုအချိန်ကြီး ဘယ်သူက ကွန်ပျူတာရှေ့ရှိပါဦးမလဲ၊ နင် ပုံပြင်ပြောမယ်ဆိုလို့ ငါငြိမ်ပြီး စောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်ပြောပုံက တစ်ယောက်များရှိသေးရင် ပြောချင်သေးတဲ့ပုံ၊ ဟော့ . . . နင့်ကို သီးသန့်စကားပြောချင်လို့ ဒီအချိန်ထိ မအိပ်သေးတာနော်"

"အေးပါ မောင်ဝေရယ် အေးပါ"

ညွှန်းလည်း စိတ်ပေါက်ပေါက်နှင့် မောင်ဝေဟု ပြန်ခေါ်ပစ်လိုက်သည်။ သူရယ်နေမည်ထင်သည်။ သူ့လို တစ်ပါးသူစိတ်ကို လှမ်းချောင်းကြည့်တတ်လျှင်တော့ ရယ်နေမည်လား၊ မရယ်ဘူးလား သေချာသိရမည်ပင်။

"ဟိုး ရှေးရှေးတုန်းကလို့ စရမလား၊ တစ်ချိတုန်းကလို့ စရမလား"

"ငါကလေ ပုံပြင်ပြောရင် ဟိုး ဟိုးရှေးရှေး ရှေးရှေးတုန်းကလို့ စပြောမှ ကြိုက်တာ"

"ကောင်းပြီလေ"

ညွှန်းပခုံးလေးတွန့်၍ ပြုံးလိုက်မိသည်။ ကိုယ်တော်ချောကသည်လိုကျ သဘောအကောင်းသား။ ညွှန်း၏ပြောသည့် စကားကိုပင် အကြည်အသာ လက်ခံသွား၏။

"ဟိုး ဟိုးရှေးရှေး ရှေးရှေးတုန်းကပေါ့ဟာ"

❒ ❒ ❒





## ကမ္ဘာဦးအရိပ်

"တကယ်တော့ နင်ပြောသလို ဟိုး ဟိုးရှေးရှေးတုန်းကလို့ အစချီရမှာပဲ ဘာကြောင့်လဲဆိုတော့ ဒီပုံပြင်က လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက အကြောင်းမို့ပဲ ကမ္ဘာတည်စ သတ္တဝါဆိုတာတောင် မပေါ်ပေါက်သေးဘူး၊ အပင်တွေလည်း မရှိသေးဘူး"

"ဟဲ့ နင့်ဟာက ကမ္ဘာပေါ်မှာ သက်ရှိသက်မဲ့ ဘာမှ မရှိသေးတဲ့ အချိန်ကဆိုရင် နင်ဘယ်သူ့အကြောင်း သွားပြောမလဲ၊ ပုံပြင်ဆိုရင် အနည်းဆုံး လူမပါရင်တောင် ယုန်တို့၊ မျောက်တို့ ဒါမှမဟုတ် သစ်ပင်လောက်တော့ ပါရမှာပေါ့"

"ငါပြောမှာက ကမ္ဘာပေါ်က အကြောင်းမှ မဟုတ်ဘဲ၊ ဒီနေစကြာဝဠာရဲ့ အစွန်အဖျားတစ်နေရာက အကြောင်း"

"အလဲ့ တယ်ဟုတ်ပါလား၊ အာကာသပုံပြင်ပေါ့"

"အေး ဗုဒ်ဓားပါတော့ ဒီလိုဟာ အဲဒီတုန်းက ဒီနေအဖွဲ့အစည်းရဲ့ အစွန်အဖျားမှာ တခြားဂြိုဟ်တွေထက် အဆမတန်ကြီးမားတဲ့ ဂြိုဟ်ကြီးမားတဲ့ ဂြိုဟ်ကြီးတစ်လုံး ရှိတယ်။ အဲဒီဂြိုဟ်မှာ ကြီးမားတဲ့ အရိပ်ကြီးတစ်ခုလည်း ရှိတယ်။ ဂြိုဟ်ရဲ့ အရိပ်ဟာ ကြီးမားလွန်းတော့ နောက်ကွယ်က ဂြိုဟ်ငယ်လေးတွေက အမြဲတမ်း အမှောင်ရိပ်ထဲမှာပဲ ကျရောက်နေတော့တယ်တဲ့"

"အင် ဟင်"

"အဲ့ဂြိုဟ်ရိပ်ပေါ်မှာ အရိပ်ပေါင်းများစွာ နေထိုင်ကြတယ်၊ အရိပ်ကမ္ဘာကြီးပေါ့ဟာ၊ သူတို့ဟာ အရိပ်တွေ ဖြစ်နေတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်နဲ့ တစ်ကောင် အသံထွက်ပြီး စကားပြောလို့ မရကြဘူးတဲ့၊ ဒါပေမဲ့ လှုပ်ရှားလို့တော့ ရတယ်။ သူတို့ချင်း လှုပ်ရှားမှုနဲ့ပဲ ဆက်သွယ်ပြောဆိုကြရတယ်။ နောက်ပြီး သူတို့ဟာ ဘယ်တော့မှ မသေဆုံးကြဘူး။ ဘယ်တော့မှ မသေကြတော့ အသစ်၊ အသစ်တွေ တိုးလာတိုင်း မူရင်းအရိပ်တွေက နေရာတွေ ဖဲ့ဖဲ့ပြီး ပေးနေကြရတော့ ထူထပ်ကျပ်သိပ်လာတာပေါ့''

'အရိပ်ဦးရေ ထူထပ်လာတာပေါ့လေ''

''အင်း... ဒီလိုနဲ့ တစ်နေ့မှာ သူတို့တွေထဲက အရိပ်တစ်ခုဟာ ကွယ်ပျောက်သွားတယ်တဲ့။ ပထမတော့ သူတို့လည်း ဟိုနားဒီနား သွားတယ်ပဲ ထင်နေကြတယ်။ ဒါပေမဲ့ ပျောက်သွားတဲ့ အရိပ်ပြန်မပေါ်လာတဲ့အပြင် နောက်ထပ် နောက်ထပ်အရိပ်တွေလည်း တစ်နေ့ထက် တစ်နေ့ ပျောက်ကွယ်လျော့ပါးလာတယ်''

''သူတို့လောကကို သေခြင်းတရား ရောက်လာပြီပေါ့''

''ဟုတ်တယ်၊ ဒါပေမဲ့ သူတို့ဟာ သေခြင်းတရားလို့ မသိကြသေးဘူး။ သူတို့ရဲ့ သက်တမ်းဟာ အနည်းဆုံး နှစ်ပေါင်းထောင်သောင်းချီ ရှိနေပြီ။ ဒီလိုအဖြစ်မျိုးကြုံမှ မကြုံဘူးသေးပဲကိုး။ ဒါနဲ့ သူတို့အဖြေရှာကြတယ်၊ အဲဒီမှာ အဖြေကို ရှာမတွေ့တဲ့အပြင် နောက်ထပ်ထိတ်လန့် ချောက်ချားစရာ အဖြစ်တစ်ခုကိုပါ သူတို့ တွေ့သွားကြတယ်''

''ဘာလဲ ဘယ်လိုချောက်ချားစရာလည်း နင်လုပ်လာပြန်ပြီနော်၊ အရိပ်တွေ သေပြီး တစ္ဆေဖြစ်ကုန်ကြတာလား''

''မဟုတ်ပါဘူး ဟ''





''ဒါဆို ဘာလဲ''

''သူတို့နေထိုင်တဲ့ အရိပ်ကမ္ဘာကြီးဟာ တစ်ခြမ်းတိတိ မရှိတော့ဘူးဆိုတာကို သူတို့ သတိထားလိုက်မိကြတယ်လေ''

''ဟင် သူတို့ဂြိုဟ်ကြီး ပြိုသွားတာလား''

''အရိပ်ပါဆို ပြိုမလားဟ၊ ပျောက်ကွယ်သွားတာပေါ့၊ မူလဂြိုဟ်ကြီးကတော့ ရှိနေသေးတာပေါ့။ သူတို့နေတဲ့ အရိပ်ဂြိုဟ်ကသာ တစ်ခြမ်းပျောက်ကွယ်နေတာ''

''အဲဒါ ဘာဖြစ်လို့လဲ ဟင်''

''နင်ကလည်း နည်းနည်းပါးပါးတောင် တွေးမကြည့်ဘူး။ မူလအရာဝတ္ထုရှိနေရက်နဲ့ အရိပ်မရှိတော့ပါဘူးဆိုမှ ဘာဖြစ်လို့ရှိရမှာလဲ''

''အဲ ဟို အလင်းရောင် အလင်းရောင်ကြောင့်လား''

''ဒါပေါ့ အလင်းရောင် မရှိတော့လို့ အရိပ်မရှိတော့တာပေါ့၊ သူတို့တစ်တွေကတော့ ဒီအဖြေကို နှစ်ပေါင်းများစွာ ကြာတဲ့အထိ မသိကြဘူး။ အရိပ်တိုင်းက အဖြေကို ရှာရင်းနဲ့ပဲ ကွယ်ပျောက်သွားကြရှာတယ်။ ဂြိုဟ်ရိပ်ဟာလည်း တစ်စတစ်စနဲ့ ပဲ့လာနေတယ်''

''အင်း နောက်ဆုံးဘာဖြစ်သွားလဲ''

''ငါ နောက်ဆုံးပြောလို့ မရသေးဘူးလေ၊ နင့်ဘယ်သူက ပြောပြီးတော့မယ်လို့ ပြောလဲ၊ ဘာလဲ နားမထောင်ချင်တော့ဘူးလား''

''အာ မဟုတ်ပါဘူး၊ စိတ်ကြီးလိုက်တာ ဘကြီးကလည်း''

''ထားပါတော့ နောက်ဆုံးမှာပေါ့ဟာ နင်ပြောစေချင်သလို



www.burmeseclassic.com

နောက်ဆုံးမှာတော့ အရိပ်တစ်စုံဟာ အဖြေကို ရှာတွေ့သွားတယ်။ ဘာလဲဆိုတော့ မှလာကြိုဟ်ကြီးနဲ့ နေရဲ့အလင်းကြားမှာ မြူနှင်းအုပ် အဝေးကြီးတစ်ခုဟာ တရွေ့ရွေ့နဲ့ ဝင်လာနေသတဲ့။ ဂြိုဟ်တစ်ခုလုံးကို နေရဲ့အလင်းရောင်က နေကွယ်လုနီးပါးအထိ မြူနှင်းအုပ်အဝေးကြီးက ဆက်ရွေ့သတဲ့။ ဒီအတိုင်းဆို သူတို့အရိပ်ကမ္ဘာကြီးတစ်ခုလုံးလည်း ပျောက်ကွယ်ရတော့မှာပါလားလို့ အဲဒီအရိပ်နှစ်ကောင်ဟာ သိသွားကြသတဲ့ကွယ်"

"နင့်ဖေလေးက အတိုကြီးလေသံ ပေါက်လာပြီ"

"နင်ပဲ ငါ့ကို အကြီးဆို"

"ကောင်းကောင်းပြောဟာ"

"ဒါနဲ့ အရိပ်နှစ်ကောင်ဟာ သူတို့နေရင်း ကမ္ဘာကို စွန့်ခွာ ထွက်ပြေးဖို့ ပြင်ကြတော့တယ်။ တခြားအရိပ်တွေကိုလည်း အကျိုးအကြောင်းရှင်းပြပြီး သူတို့နဲ့ တစ်ပါတည်းခေါ်သွားဖို့ ကြည့်လိုက်တော့ သူတို့ကမ္ဘာမှာ သူတို့နှစ်ကောင်ကလွဲလို့ ဘယ်သူမှ မရှိတော့ဘူးတဲ့။ အရိပ်ကမ္ဘာဟာလည်း သူတို့နေရာ ကွက်ကွက်ကလေးပဲ ကျန်တော့တယ်"

"သူတို့ ဘယ်လိုထွက်ပြေးကြသလဲ"

"သူတို့က အရိပ်တွေဆိုတော့ ဘယ်အရာဝတ္ထုကိုမဆို မှီကပ်ပြီး ပုံသဏ္ဍာန်အရွယ်အစားမျိုးစုံနဲ့ နေနိုင်ကြတာပေါ့။ အာကာသထဲက အရာဝတ္ထုတွေ တစ်ခုပြီးတစ်ခု ချဉ်းကပ်ပြီး နေရှိရာ ဦးတည်ထွက်ပြေးလာခဲ့ကြတယ်"

"သူတို့ လွတ်သွားလား"





"အင်း လွတ်သွားတယ်။ လွတ်တာမှ နေနဲ့ ဒုတိယအနီးဆုံးဂြိုဟ်အထိ သူတို့ရောက်သွားကြတယ်"

"ဗီးနပ်စ်ကို ပြောတာလား၊ သောကြာဂြိုဟ်လား"

"အေး ဆိုပါတော့ အဲ့ဒီမှာ အော် ငါပြောဖို့ မေ့နေတာ အဲဒီလွတ်မြောက်လာတဲ့ အရိပ်တစ်စုံဆိုတာ အထီးနဲ့ အမဟ"

"ဒါ ဒီလောက်တော့ ပေါက်ပါတယ်ဟ၊ နင်တစ်စုံလို့ ပြောကတည်းက ဒီနှစ်ကောင်ဟာ အတွဲတွေ ဖြစ်ရမယ်လို့"

"အေးပေါ့ သူတို့နှစ်ကောင် ဒုတိယဂြိုဟ်အနားကိုလည်း ချဉ်းကပ်လိုက်ရော အရိပ်မလေးဟာ ဖြူဖပ်ဖြူရော် ဖြစ်လာတော့တာပဲ။ အရိပ်ထီးလေးလည်း ဘာလုပ်ရမှန်းမသိ ပျာယာခတ်သွားတော့ပေါ့။ အရိပ်မလေးက ပြောတယ်။ သူ ဒီလောက် လင်းထိန်နေတဲ့ အရပ်မှာ ကြာကြာနေနိုင်မယ် မထင်ဘူးတဲ့။ အရိပ်ထီးကလည်း အမလေးအတွက်သာ ပူပန်နေတာ သူကိုယ်တိုင်ကျ သတိမထားမိဘူး။ အကယ်တကယ်၊ သူလည်း အင်အားချည့်နဲ့ပြီး လျော့ရဲရဲ ဖြစ်နေရှာပြီ။ ဒါနဲ့ ဒုတိယဂြိုဟ်ကနေ ခပ်မြန်မြန်နဲ့ ထွက်ခွာလာခဲ့ကြတယ်။ ဒီတို့ ကမ္ဘာဂြိုဟ်ကို ရောက်တဲ့အထိပေါ့"

"ကမ္ဘာဂြိုဟ်မှာ အဲဒီတုန်းက သက်ရှိသက်မဲ့တွေ ဘာမှ မရှိသေးဘူးနော်၊ ပြောထားတာ ငါမှတ်မိတယ်"

"အေးပါ… သတ္တဝါတွေ၊ သစ်ပင်တွေ မရှိသေးပေမယ့် တောင်ကြီးတစ်တောင်တော့ ရှိတာပေါ့၊ တောင်ကြီးရဲ့တောမှာ"

"တောင်ပန်းလား မသိဘူး ရှိတယ်"

"နင် ဝင်မထောက်နဲ့နော်၊ ငါ အကြောင်းပြောနေတာကို"

www.burmeseclassic.com



"ဟဲ ဟဲ ဘကြီးကလည်း ဟဲ ဟဲ"

"တောင်ဘေးမှာ ရေကန်အကျယ်ကြီးရှိတယ်၊ အဲဒီနေရာကို အရိပ်စုံတွဲရောက်လာတော့ သူတို့သဘောကျသွားတယ်။ ငါတို့ ဒီနေရာမှာ အသက်ထက်ဆုံးနေကြစို့ပေါ့။ ဘာပဲဖြစ်ဖြစ် အရမ်းလင်းလွန်းတဲ့ ဒုတိယဂြိုဟ်ထက်စာရင် ဒီဂြိုဟ်ဟာ သူတို့အတွက် သင့်လျော်တယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ တကယ်လို့ ဒီဂြိုဟ်မှာ အလင်းရောင်ပျောက်ကွယ်သွားမယ် ဆိုရင်တောင် သူတို့မသေခင်မှာ သူတို့မျိုးဆက်ကို ချန်ရစ်သွားနိုင်ဖို့ အချိန်ရသေးတာကိုး။ မကျန်းမမာနဲ့ ထာဝရနေသွားရမယ့် ဒုတိယဂြိုဟ်ထက်စာရင် ဒီဂြိုဟ်မှာပဲ ကျန်းကျန်းမာမာနေပြီး အချိန်တန်တဲ့အခါ သေဆုံးပျောက်ကွယ်ကြမယ်လို့ နှစ်ကောင်လုံးက သဘောတူကြတယ်"

"ဟုတ်တယ် ငါလည်း သူတို့သဘောကို လက်ခံတယ်"

"ဒါပေမဲ့ သူတို့ ကမ္ဘာဂြိုဟ်ကို ရောက်လာတော့ အရမ်းကို ပင်ပန်းနွမ်းနယ်နေကြပြီလေ။ တစ်ခါမှ ဒီလောက်ဝေးလံတဲ့ ခရီးကို သွားမှမသွားဘူးခဲ့တာ။ မြူထုကြီးကိုလည်း ထိုးဖောက်ရ၊ အာကာသခရီးရှည်ကြီးကိုလည်း နှင်ခဲ့ရ။ နောက်ပြီး ဒုတိယဂြိုဟ်ပေါ်မှာလည်း ဖျားနာခဲ့ကြသေးတယ် မဟုတ်လား။ ကမ္ဘာပေါ်က တောင်ကြီးအနားကို ရောက်တော့ စိတ်ဒုံးဒုံးချပြီး ခြေပစ်လက်ပစ် နားလိုက်ကြတယ်။ အရိပ်ထီးက တောင်ခြေမှာ ခြေဆင်းပြီး ဆန့်ဆန့်ကြီးအနားယူလိုက်တယ်။ အရိပ်ဆိုတော့ သူမှီခိုရာ အရာဝတ္ထု ပုံသဏ္ဍာန်အရွယ်အစားကို လိုက်ပြီး ရှိရတာကိုး"

"အရိပ်မလေးကရော"





"အရိပ်မလေးကတော့ ပင်ပန်းနွမ်းနယ်သမျှ ပြေပျောက်လန်းဆန်းသွားအောင် ဆိုပြီး၊ သူမောင်တော်ဘုရားလည်း အနားယူနေတုန်း ဆိုတော့ ရေကန်ထဲမှာ စိတ်လေးလက်အေး ဆင်းနေလိုက်တော့တယ်။ သူလည်း အရိပ်ဆိုတော့ သူမှီခိုရာတောင်ရဲ့ ပုံသဏ္ဍာန်အရွယ်အစားအတိုင်းပဲပေါ့။ ဒါပေမဲ့ သူက ကြည်လင်တဲ့ ရေကန်ထဲမှာ ဖြစ်တဲ့အတွက် သူမောင်တော်လို မည်းမည်းကြီး ဖြစ်မနေဘဲ တောင်ရဲ့အလင်းရောင်အတိုင်း လှလှပပလေး ထင်ဟပ်နေတာပေါ့။ ပြီးတော့ မသဘာဝအတိုင်း ရေလှိုင်းတွေနဲ့အတူ အရိပ်မလေးဟာ လှုပ်ခတ်မြူးတူးနေတော့တယ်"

"အရိပ်ထီးကြီးကတော့ ခပ်တည်တည်ကြီးနဲ့ မှိန်မှိန်ပဲနေတာ ပေါ့လေ"

"အေးပေါ့"

"ဆက်ပြောလေ"

"ဆက်ပြောစရာ မရှိတော့ဘူးလေ"

"ဟင် ပြီးသွားပြီလား"

"အင်း ဆိုပါတော့၊ ဒီနေ့အတွက်တော့ ပြီးသွားပြီ၊ သူတို့ဆိုင်ခင်က ကမ္ဘာမှာ အရိပ်ဆိုတာမရှိခဲ့ဘူး၊ သူတို့ရောက်လာမှ အရာဝတ္ထုတွေတိုင်းမှာ အရိပ်ဆိုတာ ပေါ်လာတာတဲ့"

"ဒီလိုပုံပြင်မျိုး ငါတစ်ခါမှ မကြားဖူးဘူးဟ"

"အင်း... ဂရိပုံပြင်ပြောဆရာကြီးတစ်ယောက်က ပြောဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့ကိုလည်းပဲ ပုံပြင်နားထောင်သူတွေက နင်ပြောသလို သူတို့အရင်က တစ်ခါမှ မကြားဖူးဘူးလို့ ပြောပြီး ချီးမွမ်းကြတယ်လေ၊ အဲဒီမှာ ပုံပြောဆရာက ဘာပြန်ပြောသလဲ သိလား''

''ဟင့်အင်း… ဘယ်သိပါ့မလဲ''

''ကျုပ်လည်း သင်တို့ကို မပြောပြခင်က ဒီပုံပြင်မျိုး မကြားဖူးပါဘူးတဲ့''

''နင်လည်း ငါ့ကို မပြောပြခင် ဒီပုံပြင်ကို မကြားဖူးဘူးပေါ့''

''အင်း''

❒ ❒ ❒



## အခန်း(၂)

''ဒါဆို ညည်းက ပုံပြင်ပြောပြီး ချော့သိပ်မယ့်သူ တစ်ယောက် ရထားတာပေါ့လေ''

ပိုးပိုးကို သူ့အကြောင်း ပြောပြမိသည်။ ကိုယ်မဟုတ်သည့် အခြားသူတစ်ယောက်ကို ပြောပြ၍ ရသည့် ကိစ္စမှန်သမျှ ပိုးပိုးကို ညွှန်းပြောပြနေကျ ဖြစ်၏။ ညွှန်းကိုယ်တိုင်က လွဲလျှင် ညွှန်းအကြောင်းကို အသိဆုံးမှာ မိပိုးပင်။

''အမလေး ချော့သိပ်ဖို့ နေနေသာသာ မိပိုးရယ်၊ ငါ့မှာ အိပ်ရေးအပျက်ခံပြီး သူ့ပုံပြင်တွေ ဖတ်နေရတာပါ''

''အဲဒါဆိုလည်းအေ ပြောချင်သပဆို မေးလ်နဲ့ ပို့ထားပါလို့ ကျုပ်မအားတဲ့အချိန် ဖတ်ထားပါ့မယ်လို့ ပြောလိုက်ပေါ့''

အနားပေးချိန်ပြည့်ဖို့ နှစ်မိနစ်ပဲ လိုတော့သဖြင့် အတန်းထဲ လူပြန်ရှုပ်လာသည်။ နောက်ကျနေကျ သင်တန်းသားအချို့မှအပ ဆရာမကအစ လူစုံနေခဲ့ပြီ ဖြစ်သည်။ ဆရာမက အတန်းချိန်တစ်ခု ပျက်ခဲ့သည့် ကောင်လေးတစ်ယောက်ကို လွတ်သွားသည့် သင်ခန်းစာများအား ရှင်းပြပေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း အဲဒီလိုမျိုး မကြိုက်ဘူး။ သူပြောနေတုန်း နည်းနည်းဝင်ဖောက်ရမှ သူကလည်း ငါစိတ်ဝင်စားမှ ဆက်ပြောချင်တာ ဖတ်မှန်းမသိ၊ မဖတ်မှန်းမသိ ပို့ထားချင်တဲ့လူ မဟုတ်ဘူး"

"အေးလေ ကောင်းပါတယ်၊ ညည်းကလည်း ညာဘက်စောစော အိပ်တတ်တဲ့သူမှ မဟုတ်တာ၊ ဒီလူနဲ့ မချက်လည်း ဟိုလူနဲ့ ချက်နေမှာပဲ"

အတန်းပြန်စတော့ ပိုးပိုးနှင့် စကားပြတ်သွားသည်။ သင်သမျှ လိုက်မမှတ်ဘဲ ကိုယ့်စကားကိုယ် ဆက်ပြောနေ၍လည်း ရတော့ရသည်။ မကောင်း။ ညွှန်းကလည်း ကိုယ်တိုင်စိတ်ဝင်စား၍ တက်သည့်သင်တန်းမို့ လိမ်လိမ်မာမာ ကြိုးစားဖြစ်သည်။

မိပိုးကတော့ သိပ်စိတ်ဝင်စားပုံမရ။

ညွှန်းတို့နှစ်ယောက်က အခင်ဆုံးအဖြစ်သာ ပေါင်းမိနေသည်။ တကယ်တမ်း ဝါသနာက တစ်ယောက်တစ်လမ်းစီ။ မိပိုးက စီးပွားရေးဘက်က ဒီပလိုမာနှင့် ဆာတီဖိကိတ်များကိုသာ အာရုံကျသည်။ ညွှန်းက လက်တွေ့အသုံးချပညာကလေးတွေပဲ စိတ်ပါသည်။

သည်လိုဆိုပေမယ့် ညွှန်းတက်ချင်သည့်သင်တန်းမှန်သမျှကို မိပိုးက လိုက်တက်ပေးသလို မိပိုးဝါသနာပါရာဘက်ကိုလည်း ညွှန်းမှာ ကြိုးစားပမ်းစား အဖော်လုပ်ပေးသည်။

အဝတ်အစားကအစ

မိပိုးမှာရှိသမျှ ညွှန်းမှာရှိသည်။ အကြိုက်ချင်းမတူတောင် တစ်လှည့်စီ နားလည်လိုက်လျော ပေးတတ်သည့် ယဉ်ကျေးမှုတစ်ခု ညွှန်းတို့ နှစ်ယောက်အကြား အခိုင်အမာရှိနေ၏။ သည်နေ့ပင် မိပိုး စိတ်ကြိုက် စိမ်းနုဝမ်းဆက်ကို ညွှန်းပါလိုက်ဝတ်ပေးလာခဲ့သည်။





ညွှန်းက အစိမ်းလည်း သိပ်မကြိုက်။ ဆင်တူဝတ်ခြင်းကိုလည်း မနှစ်မြို့ပေ။ အထူးသဖြင့် မိပိုးလို ထဘီကို ကောင်းကောင်း မဝတ်တတ်။ သည်နေ့တော့ မိပိုးအလှည့်မို့ ချိတ်တပ်ပြီး ချုပ်ထားသည့် အစိမ်းနုတွင် ရောင်စုံအပွင့်သေးသေးကလေးများနှင့် ထဘီကို ဝတ်ထားရ၏။

အတန်းပြီးလို့ ထွက်လာတော့တောင် ပြောင်နေကျ အကောင်ဗလောင်တွေက မမစိမ်း ဘာညာနှင့် သီချင်းလိုလို လှမ်းစနေကြသေးသည်။

"ဟဲ့... မိညွှန်း၊ ညည်းနဲ့ သူ ဘယ်မှာ ဘယ်လိုခင်သွားတာလဲ"

"ဟင်... ဘယ်သူလဲ"

ညွှန်းမှာ မလုံမလဲနှင့် အေးဘီဝေ့ကြည့်မိရ၏။ ကိုယ့်အနားတစ်ယောက်ယောက်များ ကပ်ပါလာသလား။

"အာ... ညည်းကလည်း ဟို အင်တာနက်ထဲက အကောင် ပြောတာ ပုံပြောဆရာလေ"

"ဪ... သူနဲ့လား၊ ဒီလိုပါပဲ အပျော်တမ်းကဗျာလေး တစ်ခုမှာ မထင်မှတ်ဘဲ သွားတွေ့တာ၊ ငါ နင့်ကို တစ်ခါပြောဖူးတယ်လေ၊ ရေးပေးပါဆိုတဲ့ အမှတ်တရ အော်တိုစာအုပ်လိုဟာမျိုး ဆိုက်တစ်ခုရှိတယ် ဆိုတာ"

"အင်း... အင်း ငါသိတယ်၊ ဘယ်သူဖြစ်ဖြစ် ဝင်ဖြေလို့လည်း ရတယ်၊ မေးခွန်းတွေ ဘာတွေလည်း ကိုယ့်နည်းနဲ့ တင်ခဲ့လို့ရတယ် ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်ဟင်"

အဆောင်ဘက် မြေညီလှည့်ဖြစ်သေး၊ နေ့လယ်စာအတွက် ရှိရာမပျက် အနက်တီဆန်းဆိုင်ဘက် လျှောက်ခဲ့ကြသည်။

"အဲဒီမှာ နင်တောင် ခပ်ကြောင်ကြောင် မေးခွန်းတစ်ခု တင်ခဲ့သေးတယ်ဆို"

မီဂို၊ ခပ်ကြောင်ကြောင်ဟု ရှပ်ချလိုက်သည့် မေးခွန်းကို ညွှန်းပြန်သတိရသွားသည်။ သည်အကြောင်းကို စကားစပ်မိတိုင်း မီဂိုက ပြောနေကျ။

(ယခုအချိန် သင့်အရွယ်ပစ်ချင်ဆုံးအရာ)

ကိုယ့်မေးခွန်းကိုယ် သိပ်ကြောင်သည်လို့တော့ ညွှန်းမထင်ပါ။ ဖြေဆိုသူများလျှင် များသလို စိတ်ဝင်စားခံရဆုံး မေးခွန်းက နံပါတ်စောသွားတတ်သည့် ထိုကဏ္ဍလေးတွင် ညွှန်းမေးခွန်းနံပါတ်ငါးအထိ ရောက်ခဲ့ရသည်လေ။ ညွှန်းစဉ်း တင်ခဲ့တုန်းက မေးခွန်း နံပါတ်လေးဆယ်ကျော်မှာ။

တိတိကျကျဆို လေးဆယ့်သုံး။

နောက်တစ်ရေး အမြဲလေးပါနေနှင့်အတွေ သုံးဆယ့်ရှစ်မှာ ရောက်လာသည်။ မေးခွန်းကိုတင်ပြီး နှစ်ရက်မြောက်နေ့မှာပင် ဖြေသူတစ်ရာကျော်သွားပြီး နံပါတ်ငါး ဖြစ်သွား၏။

တစ်ယောက်တစ်ပေါက် အဖြေများကို ကြည့်၍ ညွှန်းကြည်နူးခဲ့ရ၏။ လူတွေမှာ ရှင်းပစ်ချင်ပါလျက် လက်ထဲမှာ ရှိနေသေးသည့် ပစ္စည်းတွေ တော်တော်များပါလားဟု သိခဲ့ရသည်။ လူတိုင်းက သူ့အကြောင်းနှင့် သူ ကင်မရာတို့ ဖိနပ်တို့ ဖုန်းတို့ ပစ္စည်းတစ်မျိုးစီ ကို ဖြေထားကြသော်လည်း၊





တစ်ယောက်သော သူက ကွဲပြားစွာ ဖြေထား၏။

မီဂိုပေးစပ်ထဲ ရောက်သွားလျှင် ခပ်ကြောင်ကြောင် မေးခွန်း အတွက် လိုက်ဖက်သည့် ခပ်ကြောင်ကြောင်အဖြေဟု ပြောမည် ထင်သည်။

(ယခုအချိန်မှာ သင်အရွယ်ပစ်ချင်ဆုံးအရာ -
awayyar@
Avera@ )

ဝန်ခံရလျှင် ညွှန်းတွေမှာမည်ကို အသံမထွက်တတ်ခဲ့။ မီဂိုကို တစ်ဖက်လှည့်နှင့် မေးတော့မှ ကိုယ်မှာမည်နှင့် သံတူကြောင်းကွဲ ဖြစ်နေမှန်း သိခဲ့ရ၏။

"အေ ဗွီ အီး အာရ် အေ ဟုတ်လား နေဦး၊ သူက ပါဠိလိုလို ဘာလိုလို စာလုံးပေါင်းမျိုးဟာ အဓိပ္ပာယ်ရှိလား၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဝေရာ အဝေရာဖြစ်မယ် ဟယ်... ညွှန်းမှာမည်နဲ့ သံတူကြောင်းကွဲပါလား။ ညည်းနှစ်ခိုမ်းကလည်း အဝေရာ မဟုတ်လား၊ ညည်းက လျှို့ပြီးပေါင်း ပေါင်းထားတာ"

အဝေရာ။

သူ့ကြောင့် ညွှန်းမှာ လျှို့ပြိန်မင် ဖြစ်ခဲ့ရသည်။

ကိုယ့် နှစ်ခိုမ်းနှင့် တူသူနဲ့ စိတ်ဝင်စား၍ မဆုံးခင် သူ့ကို စိတ်ဝင်စားဖို့ အကြောင်းတစ်ခု ထပ်တွေ့ပြန်သည်။

ယခု မေးခွန်းတင်အပြီး တစ်ပတ်လောက်ကြာတော့ မေးခွန်းနောက်တစ်ခု တင်ဖြစ်ခဲ့ပြန်သည်။ မီဂိုကိုတော့ မပြောနိုင်၊ ပြောလျှင် ခပ်ကြောင်ကြောင်ဟု ထပ်အပြောခံနေရဦးမည်မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



(ကိုယ့်ကို အင်တာဗျူးလုပ်လာခဲ့ရင် အမေးစေချင်ဆုံး မေးခွန်း–

awayar(@)

ပထမမေးခွန်းလိုပင် နံပါတ်ရှစ်ဆယ်ကျော်နေ၍ သုံးရက်အတွင်း အကောင်းဆုံး ဆယ်ခုစာရင်းဝင်သွားသည်။ နံပါတ်ခုနစ်။

တချို့က ကိုယ့်စံပြပုဂ္ဂိုလ် ဘယ်သူဆိုတာ အမေးခံချင်သည်။ တချို့က ဘယ်အရောင်ကို ဘာကြောင့်ကြိုက်ရသည် ဆိုတာမျိုး။ တချို့ကလည်း ကိုယ်လက်ကိုင်ထားသည့် ဆောင်ပုဒ်လို ဒဿနလို အရာမျိုးကို မေးစေချင်သည်။

အဲ့သည် အဖြေတစ်ရာကျော်ထဲတွင် သံတူကြောင်းကွဲ 'အဝေရာ'၏ အဖြေကို ခပ်ဆန်းဆန်းလေး ထပ်တွေ့ခဲ့ရခြင်း ဖြစ်သည်။

(ရာဇဝင်ထဲမှာသာ ကျွန်တော်ပါဝင်ခွင့်ရခဲ့ရင် ဘယ်သူ့နေရာမှာ ပါဝင်ချင်သလဲဆိုတာ မေးစေချင်တယ်ဗျာ

Avera(@))

"ဟဲ့… မိညွန့်၊ ညည်းဘာတွေ တွေးနေတာလဲ၊ ဒီမှာ မေးနေတာ မကြားဘူးလား၊ ထမင်းသုပ်ပဲလား၊ ကြာဇံချက်မှာဦး မလားဆို"

"ဩော်… အေး မှာလိုက်လေ၊ ဒါများ မေးနေရသေးလား"

"အေးပါ၊ အေးပါ ငါ့အမှားပါနော်၊ ကဲ ညီမလေး ကြားတဲ့အတိုင်းပဲ၊ ထမင်းသုပ်နှစ်ပွဲ ကြာဇံချက်တစ်ပွဲ ယူခဲ့တော့"





ဆိုင်ဝန်ထမ်းကောင်မလေးက ဟုတ်ဆိုပြီး လှည့်ထွက်သွားသည်။ မပိုးက ညွန့်ကို မျက်စောင်းထိုး၍ ကြည့်နေဆဲ။

"ကဲ… အမတော်ဘုရား၊ ဆက်တွေးတော်မူပါ"

မိပိုးအငေါ်တူးလိုက်သည့် စကားကြောင့် ညွန့်ပြုံးမိရ၏။ တကယ်တမ်း မပြောခင်ကတည်းက ညွန့်ဆက်တွေးနေမိပြီ ဖြစ်၏။

သည်နေ့ သူနှင့်တွေ့လျှင် သူ့ဇာတ်လမ်းတွေ နားမထောင်ခင် ညွန့်က အလျင်မေးရဦးမည်။ အခြားအဖြေများက ညွန့်စိတ်ကို သိပ်မဆွ။ သူ့အဖြေက ဖတ်ကြည့်ရုံနှင့် ရပ်မနေအောင် ညွန့်ကို လာဆွသည်။

သူ့စကားမစမီ ကိုယ်က မေးရမည်။ သည်နေ့ ညွန့်ကြောင့် ရပ်ထားရသည့် သချိုင်းဇာတ်လမ်းကြီး ညွန့်ကို ဆက်ပြောပြမည်ဟု သူက ပြောထား၏။ သူ့ဇာတ်လမ်းထဲ မျောသွားလျှင် မေးဖြစ်မည် မဟုတ်။

"ရာဇဝင်ထဲ ပါခွင့်ရရင် သူက ဘယ်သူ့နေရာကများ ပါချင်တာပါလိမ့်"

"ဟိတ်… မေးခွန်းသစ်တွေ ထွင်နေတာ ခဏရပ်တော့ ဒူပူလေး စားလိုက်ကြရအောင်"

ညွန့် အတွေးထဲမှာ ပြောနေသည့် စကားကိုများ မိပိုး ကြားသွားသလားဟု ထင်စရာပင်။ မိပိုးက ညွန့်အရိပ်အကဲကို တစ်ဝက်လောက်တော့ အရအမိ ဖမ်းနိုင်သည့် တစ်ဦးတည်းသော သူငယ်ချင်းပါပေ။

"နင် ငါ့ဘာကိုတွေးနေမှန်း ဘယ်လိုသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဟ ကျုပ်မှ ညည်းကို မဖတ်တတ်ရင် ဘယ်သူ့ကို ဖတ်တတ်ဦးမှာလဲ ညွှန်းရည်ရွှယ်တေးရယ်"

ပိုးပိုးက ကြာဖံချက်ထဲ သံပုရာတစ်ခြမ်း ညှစ်ထည့်နေရင်းက ပြောနေ၏။ ဟုတ်လည်း ဟုတ်ပါသည်။ ညွှန်းကသာ မိပိုး၏ အမူအရာ အရိပ်အကဲကို မဖမ်းတတ်တာ ဖြစ်သည်။ တကယ်က မိပိုးမှ မဟုတ်။ ဘယ်သူ့အရိပ်အကဲကိုမျှ ညွှန်းနားမလည်ခဲ့။

တစ်ခါ တစ်ခါကျတော့ နားမလည်ခြင်းက ကောင်းသည်။ တစ်ခါတစ်ခါကျတော့လည်း နားလည်ပါလျက် နားမလည်ချင်ယောင်ဆောင်နေလိုက်ခြင်းက ကောင်းသည်။

❐ ❐ ❐

## အခန်း(၃)

"ဂျုန်း"

မည်းမှောင်နက်ကြုတ်နေသည့် ကောင်းကင်တစ်ခွင်လုံး လျှပ်ကြောင်းများဖြင့် ပြည့်နှက်သွားသည့်အဆုံးတွင် ဂျုန်းခနဲ ထစ်ချုန်းခြိမ်းသံကြီးတစ်ခု၊ ညခင်းထဲ ပြုတ်ကျလာလေသည်။

"မိုး... မိုးခြိမ်းတာပဲ၊ မိုး... မိုးများရွာမလား"

သူ့အသံက လည်ချောင်းဝမှာ ပြာလက်လက် ထွက်ပြူလာသည်။ ကိုယ့်အသံကိုယ် ပြန်၍ လန့်မိ၏။ အသက်ရှူ၍ မဝသည်မှာလည်း ကြာပြီ။ သက်ပြင်းမောတစ်ခုပင် လွှယ်လွှယ်ကူကူ မချနိုင်။ တဒင်္ဂပြိုးပြက်သွားသော လျှပ်ရောင် သူရှောင်လွှဲခဲ့သည့် မြင်ကွင်းမှန်သမျှအား ထင်းခနဲ မြင်လိုက်ရခြင်းက သူ့ခြေထောက်အစုံကို မလှုပ်နိုင်အောင် ချုပ်လိုက်လေပြီ။

နွယ်မျှင်ဖားလျားနှင့် ညောင်မှတ်ဆိတ်ပင်ကြီးက သူ့ရှေ့တည့်တည့် လေး၊ ငါးလှမ်းအကွာ ခါးကို ကိုင်းညွှတ်လျက် လက်တံရှည်များကို ခါယမ်းလျက်။





www.burmeseclassic.com

www.burmeseclassic.com



နောက်လိုက်နောက်ပါ ပင်အိုမြို့နွယ်ပိတ်ပေါင်းတို့သည်လည်း တယိမ်းယိမ်းနှင့် ရှေ့တိုးနောက်ငင် အသက်ဝင်လျက်။

မိုး၏ ရှေ့ပြေးလေရိုင်းတစ်သုတ်က သူ့အပေါ်အေးစက်စက်ခုန်အုပ်လာသည်။

"ချရစ် ဂျရွတ် ဂျွတ် ဖရောင်း"

လေရိုင်းအသုတ်တွင် ညောင်မှတ်ဆိတ်ကြီးက အပေါင်းအပါတို့အား အချက်ပေးလိုက်သည့်နှယ်။ သစ်ကိုင်းချင်း ဖြောင်းခနဲရိုက်ခတ်လိုက်သည်။ သူ့တူရွှမှ အရိပ်သဏ္ဍာန်တို့၏ လှုပ်ရှားမှုကပိုမိုကြမ်းတမ်းလာ၏။

"ငါ... ငါ့ဘာကို ကြောက်နေတာလဲ၊ ငါဘာလို့ ရပ်နေတာလဲ၊ ငါ... ငါဘာလို့"

ပေါက်တူးကို အားကုန်ဖျစ်ညှစ်၍ ဝင့်လိုက်သည်။

"ဝေါ"

လေက ပိုမိုခက်ထန်လာ၏။ မီးအိမ်ကို မြှောက်၍ သူ့ခြေတစ်လှမ်း ထပ်တိုးသည်။

"ဖရော ဝေါ"

လေပြင်းက တရကြမ်းဖြတ်သွားသည်။ သူ့တစ်ကိုယ်လုံးအေးစက်ထုံကျဉ်ကာ အသက်ဝိညာဉ်ကင်းမဲ့စွာ ရွေ့လျားနေမိ၏။

ညောင်မှတ်ဆိတ်ပင်လွန်လျှင် သူရောက်တော့မည်။ နောက်တစ်လှမ်း။ နောက်တစ်လှမ်း။ ကယောင်ကတမ်း တုန်ယင်လာခြင်းကသူ့ကိုယ်သူ ထိန်းချုပ်ရခက်လာစေသည်။ ဂူစည်အနားသို့ သူရောက်လာသည်။ ရောက်တော့မည်။ သူရောက်တော့မည်။





အိုမင်းရွတ်တွနေသည့် ညောင်မှတ်ဆိတ်အရေခွံကို သတိကြီးစွာဖြင့် အကြည့်လွှဲထားရသည်။ ယိမ်းငင်နေသည့် နွယ်မျှင်များကိုပါ သူ့မျက်စိထဲမှာ မထား။

"ဝေါ ဖရော"

"ချရစ် ဂျရွတ် ဖြောင်း"

သစ်ကိုင်းချင်း ပွတ်တိုက်သံ မဟာတ်မုန်း သိစိတ်က ဖျတ်ခနဲသတိပေးသည်။ ရိပ်ခနဲ သူ့အပေါ် ခုန်ချထိုးဆင်းလာသည့် အရာတစ်ခု။

"ဝုန်း"

"အား"

အရင်းမှ ပွဲထွက်ပြုတ်ကျလာသည့် ညောင်ကိုင်းကြီးကို ခုန်၍ရှောင်လိုက်နိုင်သော်လည်း မီးအိမ်ကမူ သူ့အစား သစ်ကိုင်းကြီးအောက်တွင် ကျန်ရစ်နေခဲ့၏။

မှောင်အတိ။

ညောင်ကိုင်းမှ အဖျားခတ် ရိုက်ပုတ်သွားသဖြင့် သူ့မျက်နှာအည် ဖျန်းခနဲ ပူထူ၍ နေသည်။

ပေါက်တူးအရိုးကို ဆုပ်ကိုင်လျက်သား နောက်ပြန်လဲကျသွား၍ တော်သေးသည်။ မြေပေါ်ကျိုးကျလာသည့် အကိုင်းအခက်များကြားတွင် မီးရောင်သို့သဲ့ကို မြင်နေရသေးသည်။ ဘာကိုမျှဆွေးမနေတော့၊ ကိုင်းဖျားများကို ချိုးဖျက်တိုးဝင်ပြီး လက်နှိပ်မီးအိမ်ကိုအရပြန်ကောက်ဖို့ ကြိုးစားမိ၏။

"ဖျစ် ဖျစ် ဖျစ် ဖျစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဂျိန်း"

သူထင်မှတ်ပြီးသား အသံကိုပင် သွေးပျက်ချောက်ချားသွားရသည်။

"ဟင်"

ကြောက်လန့်တကြားနှင့် အကိုင်းတစ်ခုကို သူမှားယွင်း၍ နင်းလိုက်မိသည်လား။ ဂွတ်ခနဲ မြည်သံတစ်ခုနှင့်အတူ မီးရောင်မှာ ကွယ်ပျောက်သွားတော့သည်။ ခလုတ်ကို ဖိမိ၍လား။ မီးအိမ်ပါ လုံးဝပျက်စီးသွားသည်လား၊ သူမသိ။

သူမှတ်မိနေသည့် မီးရောင်မြင်လိုက်ရသည့် နေရာကို မဆင်မခြင် လက်နှိုက်စမ်းကြည့်လိုက်မိသည်။

"ချောက်"

ခလုတ်ဖွင့်သံနှင့်အတူ မီးရောင်ကို ပြန်မြင်ရတော့မှ သူဟင်းချနိုင်၏။ ပိနေသည့် သစ်ကိုင်းကို ဖယ်၍ မီးအိမ်ကို ကောက်ယူလိုက်သည်။ မီးအိမ်မျက်နှာပြင်မှန်ကမူ လုံးဝအက်ကြေနေပြီ ဖြစ်သည်။

သူလက်ထဲ မီးအိမ်ပြန်ရောက်သည်နှင့် ညောင်ပင်အောက်မှ ခပ်သုတ်သုတ်ပြန်ထွက်ခဲ့၏။

လေက ငြိမ်သေးသည် မဟုတ်။

အလင်းရောင်အတွက် စိတ်ပူပန်နေစဉ်တုန်းက အမှောင်ကို မေ့လျော့နေခဲ့သည်။ ခု မီးအိမ်ကို ပြန်ရပြီးသည်တွင် ဝန်းကျင်ကို ပြန်လည်သတိမူမိသွား၏။ ခုတွင်ကာထက်ပင် ပို၍ မှောင်မိုက်သွားသလို ထင်မိသည်။ ပို၍လည်း အေးစက်စက်နိုင်လာသည်။





ညောင်မုတ်ဆိတ်ပင်ကြီးကို သူလွန်မြောက်ခဲ့လေပြီ။

မြေသားအသစ်တို့နှင့် နီစေးစိုလက်နေဆဲဖြစ်သော မြေပုံမို့မို့တစ်ခုက သူ့ရှေ့မှာ အဆန့်သား လဲလျောင်းလျှက်။

မီးအိမ်ကို နံဘေးမလှမ်းမကမ်းရှိ အုတ်ဂူဟောင်းတစ်လုံးပေါ် လှမ်းတင်လိုက်သည်။ မီးရောင်ကို သူနှင့် မြေပုံအသစ်ကြား ကျရောက်နေစေရန် ချိန်ရွယ်ထားလိုက်၏။

"ဂွဲ"

သူကိုယ်သူ အားပေးဖို့ အရှိန်ယူလိုက်သည်၊ သို့သော် ပါးစပ်က 'ဂွဲ' တစ်လုံးမှ လွဲ၍ ထပ်မထွက်လာတော့။ ပေါက်တူးရိုးပေါ် စုံကိုင်ထားသည့် လက်နှစ်ဖက်က ဆိုးဆိုးရွားရွား တုန်ယင်လာသည်။ ဆံတွေးကို မကြာခဏ မြို့ချရင်းက အာခေါင်ခြောက်လာရ၏။

အမေ့မေ့ အလျော့လျော့နှင့် အသက်အောင့်မိလိုက်၊ မောဟိုက်ပင်ပန်းစွာ မှုတ်ထုတ်မိလိုက်သည့်အတိုင်း မလှုပ်မယှက်နေရင်းကပင် နွမ်းနယ်နုံးချိလာသည်။

အလင်းရောင်ကို စိုက်ကြည့်နေမိခြင်းကြောင့်လား မသိ။ အသားဘိကို မျက်စိကစားလိုက်တိုင်း အမှောင်ထဲတွင် လှုပ်ရှားနေသော အရိပ်သဏ္ဌာန်များကိုချည်း မြင်နေသည်။

သူ့ကို ချောင်းမြောင်းနေကြသည်လား။

"ဂွဲ"

လက်ထဲက ပေါက်တူးကို ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်၍ ခွဲမြောက်ရန် ဟန်ပြင်လိုက်သည်။ မအောင်မြင်။

ပေါက်တူး၏ အလေးချိန်က ရုတ်တရက် ပြောင်းပြန်သွား



www.burmeseclassic.com

သည်လား။ သူထင်ထားသည်ထက် ပို၍ လေးလံနေ၏။ မြေပေါ်မှ ကြသည့်ဆိုရှိလေသော သူမျှော်ကန်နိုင်သည်။ သူစိတ်ကို ပြန်လည် စုစည်းလိုက်သည်။ အသက်ကို ပုံမှန်ရှုလိုက်သည်။

"ဟဲ"

သည်တစ်ခါတွင်တော့ ပေါက်တူးက ခွေ့ခနဲ မြောက်ပါလာ၏။ သဏ္ဍာအသွားသည် မီးရောင်တွင် လက်ခနဲ။

"ဟေး ဟေး"

"ဟင်"

ပေါက်တူးကို ခေါင်းထက်တွင် မြှောက်လျက်သားအတိုင်း သူကြက်သေသေသွားသည်။ တဟေးဟေး ဟစ်အော်ကာ ပြေးဝင် လာသည့် အသံများ။

အဆက်မပြတ်။

အရပ်မျက်နှာတိုင်းဆီမှ။

□ □ □

"ငါ… ငါ ဆက်နှားတောင်ရှုမှာ ကြောက်လာပြီဟာ"

"ဟင်း နင်ကလည်း လုပ်ပြန်ပြီဟာ"

"မဟုတ်ဘူးလေဟာ နင်ပဲ စဉ်းစားကြည့် အခု ငါတို့နှစ် ယောက် ရှုတ်နေတာ ညတိုင်းကြီးမှာလေ ဝိုအဆောင်မှာလည်း အားလုံးအိပ်ပျော်နေကြပြီ။ ဝိုအခန်းဖော်သည်း အိပ်နေပြီ။ သူက အိပ်ရင် မီးပိတ်ပြီးမှ အိပ်တတ်တာဟာ အခုဆို အခန်းထဲမှာ မှောင်နေ





တာပဲ။ အလင်းရောင်ဆိုလို့ မော်နီတာကပဲ မှိန်မှိန်လေးရယ် ရှိတော့ တာ"

သူ့ဘက်က စကားဆက်မရအောင် ညွန်းတရစပ်ရှိက်ရ သည်။ စကားအရှည်ကြီးကို တစ်ပြတ်ပြီး တစ်ပြတ် ခေါက်ပစ်လိုက် သည်။

"ဖြည်းဖြည်းပြောပါဟာ မောနေပါဦးမယ်"

"ငါ နင့်ကို မေးစရာရှိလို့"

နေခင်းက ညွှန်းကြိစည်ထားတာက တစ်မျိုး။ သူနှင့် တွေ့တွေ့ချင်း ကိုယ်က ဦးအောင်မေးစရာရှိတာ မေးပြီး စကားစွဲသွား ရမည်ဟု။

စုတော့ သကောင့်သားက ညွှန်းဆွဲနိုင်းပေါ် ရောက်မည့် အချိန်ကို ဘယ်ကတည်းက ထိုင်စောင့်နေသည် မသိ။ ညွှန်းကို တွေ့သည်နှင့် သူ့စာတ်လမ်းကို ဆက်တော့သည်။ ညွှန်းလည်း အစောတော့မှေ့ပါသွားသေးသည်ကို ဝန်ခံရမည်။ သူရေးလိုက်သမျှ ဖြီးပြီး ဖတ်ကြည့်နေရင်းက အသည်းယားလာသဖြင့် စကားဖြတ် လိုက်ရခြင်း ဖြစ်၏။

"ဘာလဲ ရာခေဝ်ထဲမှာ ဘယ်သူနေရာက ပါချင်တာလဲဆို တာ မေးမလို့လား"

"အဲ နင်ဘယ်ဆိုးလို့လဲ"

"နင့်နာမည်လေး ဝိုဆီမှာလင်းလာလို့ Click ခေါက်လိုက် တည်းက နင်ဘာမေးချင်နေမှန်း ငါသိတယ်ဆိုရင် ယုံမလား"

"ဟာ ဟ နင့်မှာ ရောဂါသုံးမျိုးတောင် ရှိတာပဲကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ သုံးမျိုးလို့ ပြောတာလဲ"

"ဪ တစ် ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့ ရောဂါ၊ နှစ် မြှောက်ပေးရင် ဘဝင်မြင့်တတ်တဲ့ ရောဂါ၊ သုံး"

"ကြွားတတ်တာလို့ ပြောမလို့ မဟုတ်လား"

"ကိုယ့်ကိုကိုယ် သိသားပဲ"

"ငါက ငါ့ကိုယ်ငါ သိတာမဟုတ်ဘူး။ နင်ဘာပြောချင်နေမှန်း သိတာ"

"ကဲ ထားပါတော့၊ ငါမေးချင်မှန်းသိရင်လည်း ဖြေလေဟာ"

"နင်မှ မမေးရသေးတာ"

"ဟုတ်ပါပြီရှင် ကဲကဲ မေးပြီနော်"

ညွှန်းစာမင်တကာ ရပ်ပြီး ခဏနားလိုက်သည်။ နံဘေးတွင် ချထားသည့် ကော်ဖီခွက်ကို နွေးစက်ပေါ်မှ ယူ၍ တစ်ငုံသောက်သည်။ အိပ်မောကျနေပြီဖြစ်သည့် မိပိုးကို လှည့်ကြည့်မိ၏။ မိပိုးက အအိပ်နည်းနည်းကြမ်းသည်။ တစ်ခါတလေ ညွှန်းအတွက်နေရာ မကျန်အောင် ကန့်လန့်ကြီး အိပ်နေတတ်၏။

"ဝေ ကော်ဖီကို အဲသည်လောက် ခါးခါးကြီး မသောက်ပါနဲ့လား"

တစ်မိနစ်လောက် အချိန်ဆွဲပြီးမှ ကွန်ပျူတာဘက် မျက်နှာ ပြန်လှည့်သည်။ သူ့ဘက်က တက်လာသည့် စာသားကြောင့် ညွှန်း မျက်လုံးအဝိုင်းသား ဖြစ်သွားရ၏။

"ငါ ငြိမ်နေလို့ နင်ရမ်းတုပ်လိုက်တာ မဟုတ်လား၊ ငွေ့ ငါ့သူငယ်ချင်းကို စောင်သွားခြုံပေးနေတာ"





"မလိမ်ပါနဲ့ နင် သူ့ကို လှမ်းကြည့်ရုံပဲ ကြည့်လိုက်တာပါ"

"အဲဒါဆိုလည်း နင်အကြားအမြင်ရသည်လို့ ဟောစားပါလား"

သည်တစ်ခါကျ သူ့ဘက်က တော်တော်ကြာကြာ ငြိမ်သွား [illegible] သူမထက်ပင် ကြာသေးသည်။ နှစ်မိနစ်ကျော်ကျော် ကြာသည် အထိ ငြိမ်နေတော့ ညွှန်းစိတ်တိုလာ၏။

"အဝေရာ နင်ဘာလုပ်နေတာလဲ"

"ဆောရီး ငါဘာမှ မလုပ်ပါဘူး၊ ဆောရီးဟာ ကဲ ကဲ [illegible]နင်မေးတာ ငါဖြေမယ်"

"မဟုတ်ပါဘူး။ နင်ငြိမ်သွားတာက အကြာကြီး နင် ဘယ် [illegible]သူနဲ့ ချတ်နေသေးလဲ"

"နင် ငါ့ကို မယုံဘူးလား"

"အေး"

"ငါကတော့ နင့်ကို ယုံတယ်၊ နင်ငြိမ်သွားရင်တောင် [illegible]ြားတစ်ယောက်နဲ့ ချတ်နေလို့ မဟုတ်မှန်း ငါသိတယ်၊ ငါ့ကိုလည်း [illegible]ပါ မိဝေရယ်"

"ထားပါတော့"

ညွှန်းမကျေမနပ်တော့ ဖြစ်မိသည်။ ကီးဘုတ်ခလုတ်ခုံပေါ်မှ [illegible]တ်ကို ရုတ်ပြီး ထိုင်ခုံနောက်မှီပေါ် ကျောကို ဖျော့ချလိုက်၏။

"ငါက"

"... ... ..."

"ရာဇဝင်ထဲမှာ ပါခွင့်ရမယ်ဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



"... ... ..."

"ဘယ်သူ့နေရာက ပါချင်သလဲ သိလား"

"ဘယ်သိမလဲ"

ညွှန်းမနေနိုင်တော့ဘဲ ကောက်ပြန်လိုက်ရသည်။

"ရာဇဝိရာဇ်"

"ဘာရယ်"

"ရာဇဝိရာဇ် လို့"

"အံမယ် အလောကြီးပါလား နင်က"

"ဒါပေါ့"

"နေပါဦး ရာဇဝိရာဇ် နေရာကနေ ဘာတွေများ ပြင်ဆင်ပြောင်းလဲချင်လို့လဲ"

"အိုး ဒါတော့ နင် အတွက်များသွားပြီ ဓေ"

ညွှန်းလည်း သူ့လို မတွေးဘူးပေမယ့် ဖတ်ဖူးသမျှ စာအုပ်တွေထဲမှာ အကြိုက်ဆုံးကို ပြောပါဆိုရင်တော့ ခေါက်တာနိုင်ပန်ရေးတဲ့ ရာဇဝိရာဇ် အရေးတော်ပုံကျမ်းလို့ ပြောမိမည်ပင်။

"ဒီက ရာဇဝင်ကို ခံစားတဲ့သူ ဆေးနဲ့တဲ့သူ မဟုတ်ဘူးနော်"

"ပြော် နင်က ရာဇဝိရာဇ်နေရာမှာ နေကြည့်ချင်တာယ်ပေါ့"

"အင်း"

"သူ့အဖြစ်အပျက်အတိုင်းပဲ လိုက်ပြီး ကိုယ်တိုင်ခံစားချင်တာ"

"ဒါပေါ့"

"ဘယ်နေရာမှာမှ ပြင်ဆင်ပြောင်းလဲဖို့ မဟုတ်ဘူး"





"နင်ရော"

"ဘာလဲ"

"ရာဇဝင်ထဲမှာ ဘယ်သူ့နေရာက ပါချင်လဲ"

"ဟင့်အင်း ငါ အဲ့ဒီလို တွေးလည်း မတွေးရှုဘူး ဘယ်သူ့နေရာမှလည်း မပါချင်ပါဘူး"

"ဒါဆို တွေးထား ဘယ်သူ့နေရာမှ မပါချင်လို့တော့ မရဘူး"

"ဘာပေါ့"

"မနက်ဖြန်ကျ ပြေ"

"ဘာလဲ အခု နင်အိပ်တော့မလို့လား"

"အင်း"

"နေဦး ငါ့ကို ရှိုးရှိုးတာန်းတာန်း ပုံပြင်တစ်ပုဒ်လောက်"

"ပြောပြရမှာလား"

"ဟိုတောက်လယ်ကြီး မဟုတ်ဘူးနော် ငါ့ကို မအိပ်ရဲအောင် လုပ်နဲ့"

"ကောင်းပါပြီရှာ ဒါဆို နားထောင်"

"နားထောင်လို့ မရဘူးလေ နင်ကနိုက် ငါက ဖတ်ရမှာ"

"ဟုတ်ပါပြီ"

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com



## ခုနစ်စဥ်ကြယ်

"နင် နောမက်ဒ်ဆိုတာ ကြားဖူးလား ဝေ"

"ဘယ်လို စာလုံးပေါင်းလဲ"

"Nomad"

ကွန်ပျူတာ ဖန်သားပြင်မှာ ပေါ်လာသည့် ဝေါဟာရသစ်ကို ညွှန်းခံလျှမ်းလျှမ်းပဲ ဖတ်ကြည့်လိုက်သည်။ အစကတည်းက ခေါင်းခါဖို့အသင့်။ စာလုံးပေါင်းကို မြင်တော့လည်း သူမ သိပ်စဥ်းစားမနေပါ။ တစ်လုံးတည်း ပြန်ဖြေလိုက်သည်။

"နို း"

"နောမက်ဒ်ဆိုတာ ရေကြည်ရှာမျက်နုရာ ပြောင်းရွှေ့ပြီး ခြေသလုံးအိမ်တိုင် နေတတ်တဲ့ လူမျိုးတစ်စု ဆိုပါတော့ဟာ၊ သူတို့မှာ နေရာအတည်တကျ မရှိဘူး"

"ရှေးခေတ်တုန်းက ရှိခဲ့ဖူးတဲ့ လူမျိုးစုလား"

"ထားပါတော့ အခုငါပြောမှ နောမက်ဒ် မိသားစုအကြောင်း ပေါ့"

လက်နှစ်ဖက်ကို ဆတ်ခနဲ ဆန့်ပြီး ညွှန်းအညောင်းဖြေလိုက်သည်။ နွေးစက်သတ္တုပြားပေါ် ပြန်မတင်မိ၍ အေးစက်သွားသည့် ကော်ဖီကို တစ်ငုံလုမ်းငုံလိုက်သည်။

"နောမက်ဒ် မိသားစုတစ်စုမှာပေါ့ဟာ"

"အင်း ဟိုးရှေးရှေး ရှေးရှေးတုန်းကပေါ့လေ"

"အေး… အေး အဲဒီမိသားစုမှာ မိသားစုဝင်ရှစ်ယောက် ရှိတယ်၊ အဖေရယ်၊ အမေရယ်၊ သားခြောက်ယောက်ရယ်"





"သားတွေချည်းပဲပေါ့"

"အင်း သူတို့ဟာ သူတို့သဘာဝအတိုင်း ရေကြည်ရာ မြက်နုရာ လှည့်လည်နေကြရင်းက လူအရောက်အပေါက် လုံးဝမရှိတဲ့ တောင်ထိပ်တစ်ခုကို ရောက်သွားတယ်တဲ့၊ အရမ်းမြင့်မားတဲ့ တောင်တန်းကြီးတစ်ခုရဲ့ ထိပ်ဖျားဒေသပေါ့၊ နှင်းတွေအရမ်းကျပြီး ထင်းရှူးတောတွေပဲ ရှိတဲ့နေရာ"

"ငါလည်း အဲဒီလို နေရာမျိုး ရောက်ဖူးချင်လိုက်တာ"

"အဲဒီကိုရောက်ပြီး မကြာခင်မှာ မိဘနှစ်ယောက်က သေသွားတယ်၊ ညီအစ်ကို ခြောက်ယောက်ပဲ ကျန်ခဲ့တယ်တဲ့၊ အဲဒီနေရာကို ဦးဆောင်ပြီး ခေါ်လာတာက သူတို့ရဲ့ အမေပေါ့"

"ကြည့်ရတာ သူတို့အဖေက မယားကြောက်ရတယ် ထင်တယ်"

"ညီအစ်ကိုတွေက အကြီးဆုံးမှ ဆယ့်သုံးနှစ်သားပဲ ရှိသေးတာ"

"ဟယ် ဘယ်လိုလုပ် မွေးထားပါလိမ့်"

"အကြီးဆုံးသားကိုယ်တိုင် လမ်းတွေ မမှတ်မိဘူး၊ သူတို့ ဆောက်နေတဲ့ ထင်းရှူးတောထဲကနေတောင် ဘယ်လိုထွက်ရမယ်ဆိုတာ မသိဘူးတဲ့။ ဒါနဲ့ပဲ ခြောက်ယောက်သား မိဘတွေ ဆောက်ထားခဲ့တဲ့ တဲကလေးကို ရာသီဥတုဒဏ်ပိုပြီး ခံနိုင်အောင် ပြင်ဆောက်ကြတယ်"

"အင်း ခြေသလုံးအိမ်တိုင်တွေ ခြေငြိမ်သွားတာပေါ့"

"အင်း ဟုတ်တယ် ဝေ၊ သူတို့ အဲဒီမှာပဲ နှစ်ပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ကြတော့တယ်၊ နောက် အသက်ပျော့ကြီးလာပြီး တောင်တန်းကြီး တစ်ခုလုံးကို သွားတတ်လာတတ် ဖြစ်တဲ့အထိပဲတဲ့။ ဆိုလိုတာက အဲဒီနေရာကို စွန့်ပြီး တခြားနေရာရွှေ့ပြောင်းဖို့ လမ်းကြောင်းပေါင်းများစွာ သိလာတဲ့တိုင်အောင် သူတို့ဟာ ထွက်မသွားကြတော့ဘဲ အခြေချနေထိုင်ခဲ့ကြတယ်တဲ့။ တိတိကျကျပြောရရင် တစ်နှစ်တစ်ခါပဲ တိုက်တတ်တဲ့ နှင်းမုန်တိုင်းတွေနဲ့ ခုနှစ်ကြိမ်ကြုံပြီးတဲ့အထိပေါ့"

"ခုနစ်နှစ်ဆိုလည်း ခုနစ်နှစ်ပေါ့ဟာ နင်ကလည်း"

"အေးပါ အကြောင်းရှိလို့ အဲဒီလို ပြောတာပါ။ အဲဒီ ခုနစ်ကြိမ်မြောက် မုန်တိုင်းထဲမှာ သူတို့ဘဝထဲကို လူသားတစ်ယောက် ထပ်တိုးလာတယ်ဆိုတာ ပြောမလို့"

"ဩော် ဒီလိုလား"

"နှင်းမုန်တိုင်းက ဘယ်နှစ်ရက် ဆက်တိုက်မှန်းကို မသိတော့ဘူးတဲ့။ နေ့မသိ ညမသိနဲ့ သူတို့ရဲ့ တဲကြီးထဲမှာပဲ ဆာတဲ့အခါ အမဲလိုက်ပြီး စုဆောင်းထားသမျှ အသားခြောက်တွေကို စားလိုက် အိပ်ချင်တဲ့အခါ အိပ်လိုက်နဲ့ နေ့နဲ့ ညကို သူတို့ဆန္ဒရှိသလို ပိုင်းခြား သတ်မှတ်ပြီး နေကြရတယ်။ အဲဒီနှစ်မှာ မုန်တိုင်းရက်က ပို ကြာမြင့်နေတယ်တဲ့။ သူတို့ကြုံပြီး စုဆောင်းထားတဲ့ ရိက္ခာလည်း မလောက်မင ဖြစ်လာတာပေါ့"

"အင်ဟင်"

"နောက်ဆုံး ချွေချွေတာတာ စားလာတဲ့ကြားက သ ယောက်စာ ကျော်ကျော်လေးပဲ ရိက္ခာက ကျန်တော့တယ်၊ ခြော





ယောက်သား တိုင်ပင်ပြီး စားနေကျ ပမာဏရဲ့ တစ်ဝက်စီပဲ စားဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒါပေမဲ့ သူတို့ဝေစုခွဲပြီးတဲ့ အချိန်မှာပဲ သူတို့တဲကို ဧည့်သည်တွေ ရောက်လာပါရော"

"ဧည့်ယည်တွေ"

"ဒုက္ခသည်ပေါ့ဟာ၊ အဖွားကြီးတစ်ယောက်ရယ်၊ သူတို့ရဲ့ အငယ်ဆုံးညီလေးထက် ပိုပြီး ငယ်ပုံရတဲ့ ကောင်လေးတစ်ယောက်ရယ်"

"ဟဲ့ နင်ခုနပြောတော့ သူတို့ဘဝထဲ လူသားတစ်ယောက်ပဲ ဆိုးမှာပါ"

"မလောနဲ့ အေးအေးဆေးဆေးဖတ်"

"အေးပါ အေးပါ"

"ဒါနဲ့ သူတို့ဝေစု တစ်ဝက်စီထဲကနေ နည်းနည်းချင်းစီ ဘယ်လျှော့ပြီး မြေးအဘွားနှစ်ယောက်ကို ကျွေးရတော့တာပေါ့၊ ဒါပေမဲ့ အဘွားအိုခမျာ နှင်းမုန်တိုင်းကြောင့် ဆိုးဆိုးရွားရွား ဖျားနာနေပြီ သား မြေးလုပ်တဲ့ သူကတော့ အဘွားအိုရဲ့ အနစ်နာခံပြီး စောင့်ရှောက်ခဲ့မှုကြောင့် သိပ်ဆိုးဆိုးရွားရွား ဒဏ်မခံရဘူး"

"ဩော် ဒီလိုကိုး"

"ဘာလဲ ဒီလိုကိုးဆိုတာ"

"ဩော် သူတို့ဘဝထဲကို တစ်ယောက်တိုးလာမယ်ဆိုတာ ဒီကိုးလို့ ပြောတာ အဘွားကြီး သေမှာမဟုတ်လား"

"အင်း ဟုတ်တယ်၊ သူ့ခမျာ နာရီပိုင်းတောင် မခံတော့ဘူး၊ မြေးလေးကို ညီအစ်ကို ခြောက်ယောက်ဆီမှာ အပ်ပြီး သေဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မသေခင်မှာ သူ့မြေးအတွက် အမွေတစ်ခု ပေးသွားခဲ့တယ်''

''ဘာ အမွေလဲ''

''ဖယောင်းတိုင် တစ်တိုင်''

''အာ ငါက အကောင်းမှတ်လို့ ဖယောင်းတိုင်များ အမွေ ပေးရတယ်လို့ အေးလေ မုန့်တိုင်းထဲ လာခဲ့ရတာဆိုတော့ သူ့ပါတာ သူပေးသွားတာ နေမှာပေါ့''

''သာမန်ဖယောင်းတိုင်ဆိုရင် ငါက စကားလုပ်ပြီး ထည့် ပြောနေပါ့မလား''

''သာမန်မဟုတ်လို့ မီးထွန်းရင် မီးမတောက်ဘဲ ရေထွက် ကျတဲ့ ဖယောင်းတိုင်မို့လား''

''ဆုတောင်းပြည့်တဲ့ ဖယောင်းတိုင်တဲ့၊ မီးညှိပြီး မီးတောက် ကလေး အလင်းအားကောင်းလာတဲ့အခါ လိုရာဆုတောင်းလို့ တယ်''

''နောက်တော့ ဘာဆက်ဖြစ်လဲ''

''သူတို့လည်း အဲဒီကောင်လေးကို အငယ်ဆုံးညီအဖြ သတ်မှတ်ပြီး စောင့်ရှောက်ထားတယ်၊ အမဲလိုက်သွားတဲ့အခါ သူ ရဲ့ ခြောက်ယောက်မြောက်ညီနဲ့အတူ တဲမှာချန်ခဲ့ပြီးတော့ သူတို့ စိုက်ခင်းလေးမှာ အလုပ်လုပ်စေတယ်။ အဲဒီမှာ ကောင်လေး သူ့မွေးရပ်ဇာတိမှာ ပေါက်တဲ့ အပင်တစ်မျိုးကို တဲနားမှာ စိုက်ပျိုးလို တယ်။ အစ်ကိုတွေက မေးကြတော့ ကံကောင်းစေတဲ့ သစ်ပင် ဖြေလိုက်တယ်။ အစ်ကိုတွေကလည်း သူ့ကို ပိုပြီး သဘောကျသ တာပေါ့''





''အဲဒါ ဘာပင်ကိုပြောတာလဲ''

''ဒါက ယုံကြည်မှုတစ်ခုလေ ဝေရဲ့၊ သူတို့အတွက် ကံ ကောင်းစေမယ့် သစ်ပင်ပေါ့၊ နင်ဘယ်လိုပဲ နာမည်တပ်တပ်ရတယ်၊ နင့်အတွက် ကံကောင်းစေတဲ့ သစ်ပင်ရှိရင်လည်း အဲ့ဒီအပင်ရဲ့ နာမည်ကို ငါ့ပုံပြင်ထဲက အပင်လေးမှာ တပ်လိုက်''

''အိုကေ ဒါဆို အဲ့ဒီကောင်လေးစိုက်လိုက်တာ ထန်းပင်လို့ သဘောထားလိုက်မယ်''

''အင်း ဖြစ်တယ်၊ ဖြစ်တယ် နင်က ထည်းရည်ကြိုက်တယ် ထင်တယ်''

''ဟဲ့ ငါက မိန်းကလေး ထန်းရည်နဲ့ ဘာဆိုင်လို့လဲ''

''မသိဘူးလေ၊ ဆိုင်များဆိုင်မလားလို့''

''အဲ အဲ့ဒီလို တောင်ပေါ်ဒေသမှာ ထန်းပင်စိုက်လို့ ရပ့ါမ လား''

''မရလည်း ဘာဖြစ်လဲ၊ ပုံပြင်ထဲမှာပဲဟာ နင် စိုက်ချင်တာ စိုက်''

''အေး ဟုတ်တယ် ပုံပြင်ပဲဟာ''

''ဒီလိုနဲ့ တစ်နေ့မှာ ညီအစ်ကိုခြောက်ယောက်က အဲ့ဒီကောင် လေးကို မေးပါရော၊ မင်းအဘွားပေးခဲ့တဲ့ ဖယောင်းတိုင်ကို မင်းသုံးပြီး ပြီလားပေါ့။ ဟိုကောင်လေးကလည်း မသုံးရသေးတဲ့အကြောင်း ပြန်ဖြေတယ်။ ဒါဆိုရင်လည်း အဲ့ဒီဖယောင်းတိုင်ကို သူတို့အတွက် သုံးလို့ရမလား ဆိုပြီး ကောင်လေးကလည်း ဟား ရတာပေါ့၊ ကျွန်တော့်အပေါ် အစ်ကိုအရင်းအချာတွေလို စောင့်ရှောက်ပေးခဲ့တဲ့ အားဖူးရှင်တွေပဲ၊ အစ်ကိုတို့ သုံးချင်တာ သုံးပါပေါ့''

"သူတို့က ဘာလုပ်မလို့လဲ"

"ဪ် သူတို့ရဲ့ မိဘတွေ ဘယ်မှာရောက်နေလဲဆိုတာ သိပါရစေလို့ ဆုတောင်းကြည့်ချင်ကြတယ်လေ"

"ဪ်"

"ဒါနဲ့ ကောင်လေးဟာ ဖယောင်းတိုင်ကို ပထမဆုံးအကြိမ် မီးညှိလိုက်တယ်၊ သူ့အစ်ကိုတွေကို ဘယ်သူ့အတွက် အရင်ဆုတောင်းမလဲ မေးတော့"

"အမေတဲ့လား"

"အေး ဟုတ်တယ်၊ နင်ဘယ်ဆိုးလို့လဲ မိဝေ၊ သူတို့လည်း ဖယောင်းတိုင်အလင်းရောင် တောက်လာတာနဲ့ အမေ ဘယ်မှာလဲ ဆိုတာ သိပါရစေလို့ ဆုတောင်းကြရော၊ အဲ့ဒီညမှာ ညီအစ်ကို ခြောက်ယောက်စလုံး တူညီတဲ့ အိပ်မက်တစ်ခုမက်ကြတယ်၊ အိပ်မက်ထဲမှာ သူတို့လိုပဲ ခြေသလုံးအိမ်တိုင်နေတတ်တဲ့ လူမျိုးတစ်စုကို တွေ့ခဲ့ရတယ်"

"ဪ် အိပ်မက်က ဆုတောင်းပြည့်တယ်ဆိုတဲ့ သဘော ပေါ့"

"နောက်တစ်နေ့ကျ သူတို့အမေ ဘယ်မှာလဲဆိုတာတော့ သိရပြီပေါ့၊ ဘယ်လိုပုံစံမျိုးရှိတယ် ဆိုတာလည်း သိချင်သေးတယ်လို့ ထပ်ပြီး တောင်းဆိုကြတယ်"

"အင်း လူပီသပါပေ့ကွယ်"

"အဲ့ဒီညမှာ အိပ်မက်ထပ်မက်ပြန်တယ်"

"ခြောက်ယောက်လုံးလား"





"အေးပေါ့၊ အိပ်မက်ထဲမှာ ဆယ်နှစ်အရွယ် ကလေးမလေး တစ်ယောက်ကို တွေ့ကြရတယ်၊ ကလေးမလေးရဲ့ မျက်နှာက သူတို့အမေလိုပဲ၊ ဝိုင်းဝိုင်းစက်စက်နဲ့ ချစ်စဖွယ်လေးပေါ့၊ ရယ်လိုက်တဲ့ အခါ ပျောက်သွားတတ်တဲ့ မျက်လုံးတွေ၊ နှာတံလေးက ချွန်မြနေ တာတွေ သူတို့အမေလိုပဲတဲ့"

"ဟဲ့ ဆယ်နှစ်သာမီးဆိုတော့ သူတို့အမေရဲ့ လူဝင်စားပေါ့ ဟုတ်လား၊ သူတို့ အဲဒီမှာ ခုနစ်နှစ်ရှိတော့ ဟိုကောင်လေးရောက် လာတယ်၊ ပြီးတော့ လူဝင်စားကောင်မလေးက ဆယ်နှစ်ဆိုတော့ ကောင်လေး သူတို့ဆီရောက်နေတာ သုံးနှစ်ရှိပြီပေါ့"

"နောက်တစ်နေ့ကျ သူတို့အမေ ဘာတွေလုပ်နေပါ သိမှ ဆိုတာ သိချင်လာကြပြန်တယ်၊ ကောင်လေးလည်း ဖယောင်းတိုင်ကို ဒုတိယအကြိမ် မီးညှိပေးရပြန်တယ်၊ ညကျတော့ ခြောက်ယောက် သား အိပ်မက်မက်ကြပြန်တယ်"

"ဒါနဲ့ပဲ ဖယောင်းတိုင်က ကုန်တော့မှာပဲ"

"သူတို့အမေ ဝင်စားတဲ့ ကောင်မလေးဟာ ငွေပြားတွေနဲ့ ချယ်ထားတဲ့ စလွယ်လေးတစ်ခုကို ဖန်တီးနေသတဲ့။ နေရာက ပထမအိပ်မက်ထဲမှာလို လွင်ပြင်ကြီးထဲမှာ မဟုတ်တော့ဘူး။ စမ်း ချောင်းတစ်ခုအနားမှာ ကောင်မလေးအလုပ်လုပ်နေတဲ့ နေရာနဲ့ မလှမ်း မကမ်းမှာ မိန်းမကြီးတစ်ယောက်က ငါးတွေကို နေလှမ်းနေတယ်၊ ခဏကြာတော့ ငါးလှမ်းနေတဲ့ မိန်းမကြီးက ကလေးမလေးရှေ့ကို ရောက်လာတယ်။ ဒီတစ်ခါကျတော့ သူတို့ဟာ အိပ်မက်ထဲက လူ တွေရဲ့ စကားသံကိုပါ ကြားလိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"သမီးရယ်ပေါ့၊ တစ်နေ့ တစ်နေ့ ဒီလို ငွေစလွယ်တွေပဲ လုပ်ကိုင်နေတာ မပျင်းဘူးလားပေါ့၊ အခုဆို သမီးမှာ ဒီလို စလွယ်မျိုး ငါးခုမက ရှိနေပြီ၊ သမီးကိုယ်ပေါ်မှာ လွယ်တာဝတ်တာလည်း အမေ မတွေ့ဘူးတဲ့။ သမီး ဘာအတွက် လုပ်နေတာလဲလို့ မေးလာ တယ်။ အဲဒီမှာ ကောင်မလေးက သမီးမှာခြောက်ခုတောင် ရှိနေပြီတဲ့ ပြန်ဖြေတယ်။ သူဘာကြောင့် မဝတ်ဆင်ရသလဲဆိုတော့ ဒီစလွယ်တွေ က သူ့အတွက် မဟုတ်ပါဘူးတဲ့ အရင်ဘဝက သူရဲ့ သားခြောက် ယောက်ကို ပြန်များတွေ့ရရင် ဆင်ပေးဖို့ပါတဲ့။ ဒါနဲ့ မိန်းမကြီးက သားခြောက်ယောက်အတွက် ခြောက်ခုပြည့်နေပြီပဲ အခု ဘာကြောင့် တစ်ခုထပ်လုပ်နေတာလဲလို့ မေးတော့ ဒါက ဒီဘဝမှာ တော်စပ်ရတဲ့ မောင်အတွက်ပါလို့ ပြန်ဖြေတယ်တဲ့"

"အင်း... အင်း ဆက်ပြောလေ"

"အဲဒီမှာ ကောင်လေးက သူ့အစ်ကိုတွေရဲ့ အိပ်မက်ကို လည်းပြန်ကြားရော အိပ်မက်ထဲက ကလေးမလေးရဲ့ ပုံပန်းသဏ္ဌာန် ကို မေးတော့တာပဲ။ အစ်ကိုတွေက ဘယ်လိုပုံစံမျိုးရှိတယ်ဆိုတာ လည်း ပြောပြရော ကောင်လေးက ဘာမပြော ညာမပြောနဲ့ ထငို တယ်"

"ဧကန္တ ကောင်မလေးရဲ့ မောင်ဆိုတာ သူပဲဖြစ်ရမယ်"

"ဟား ဒီတစ်ခါလည်း နင်တော်သွားပြန်ပြီ၊ အေး ဟုတ်တယ်၊ ဒီလိုနဲ့ပဲ ဖယောင်းတိုင်ကို လေးကြိမ်မြောက် မီးညှိ ဖြစ်လာတယ်"





"ဘာလုပ်ဖို့လဲ"

"သူတို့အမေကို သူတို့ရှိရာကို ခေါ်ဖို့လေ"

"ဟဲ့ သူတို့ကတော့ လိုက်မသွားဘဲနဲ့"

"ဒါက ဒီလိုရှိတယ် မမဝေ၊ သူတို့အမေဝင်စားတဲ့ ကောင် မလေးက သူ့မိသားစုတွေနဲ့ ဟိုရွှေ့လိုက်၊ ဒီပြောင်းလိုက် လုပ်နေတာ ကိုး သူတို့လိုက်သွားလို့ မတွေ့ရင် အခုဘယ်မှာလဲလို့ သိပါရစေဖို့ပြီး ဖယောင်းတိုင်ကို မီးညှိရမယ်။ ထပ်မတွေ့ပြန်ရင် ထပ်ညှိရဦးမယ်။ အဲဒီလိုနဲ့ ဖယောင်းတိုင် ကုန်သွားပြီး မတွေ့လိုက်ရရင် ဘယ့်နှယ့် လုပ်မလဲ"

"အေးပါ အေးပါ ဟုတ်ပါပြီ"

"ဒီလိုနဲ့ စတုတ္ထအကြိမ် ဆုတောင်းပြီးလို့ တစ်နှစ်ကျော်ကြာ တဲ့ အချိန်မှာ သူတို့ဆီကို ဧည့်သည်တစ်ယောက် ရောက်လာတော့ တာပဲ"

"ငါသိတယ် ငွေစလွယ် ခုနစ်ခုနဲ့ ကလေးမလေးတစ် ယောက် အသက်တစ်ဆယ့်တစ်နှစ် ဟုတ်တယ်ဟုတ်"

"ဟုတ်"

"ငါ့ကို မရိုးကျူးတော့ဘူးလား"

"အဲဒီလောက်တော့ ကလေးတောင် သိတယ်"

"ဟင်း ထားပါတော့ ဆက်ပြော"

"ယောက်ျားတွေချည်း နေလာရာက မိန်းမတစ်ယောက်ရှိ တာတော့ သူတို့ဘဝမှာ အများကြီးသာယာစိုပြေ လာတာပေါ့၊ ဟင်းတွေ ကောင်းကောင်းစားရတယ်။ စုတ်ပြဲသွားတဲ့ အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဇာတထေမြဲဖြစ်ပေးမယ့်သူ ရှိလာတယ်။ အသက်အရွယ်အသေ
တွေ လှုလှုပပ ဝိုင်းဆိုင်လာရတယ်။ သူတို့တဲကြီးဟာလည်း အရင်က
လုံးဝမတူတော့အောင် နေချင်စရာဖြစ်လာတယ် အများကြီးပေါ့ဟာ"

"ဒါပေ့ ဒါပေ့ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးကို နင်နားလည်
သားပဲ"

"အဲဒီလိုနဲ့ ပျော်ပျော်ရွှင်ရွှင်နေလာလိုက်ကြတာ ဆယ်နှစ်ကျော်
ကျော် ထပ်ကြာသွားရော"

"ဟဲ့ သူတို့အဖေကိုကျတော့ မေ့နေပြီလား"

"အေး အဲဒီတော့မှ သတိရတာလေ။ ဒါပေမဲ့ ဖယောင်း
တိုင်ကို ကြည့်လိုက်တော့ နောက်တစ်ကြိမ်က မီးညှိထား လုံလုံလော
လောက် ကျန်တော့တယ်။ ဒါနဲ့ အဖေကိုရှာတုန်းကလို ရှည်ရှည်
ဝေးဝေး ဆုတောင်းမနေတော့ဘဲ အဖေ ရောက်ရာအရပ် သားတို့
ဖြစ်လာပါလို့ ဆုတောင်းလိုက်ကြတယ်"

"အဲဒီတော့ ရောက်လာရောလား"

"အေး ဆုတောင်းပြီး သိပ်မကြာဘူး။ သူတို့အဖေရောက်
လာတော့တာပဲ လာတာမှ သူတပည့်တပန်း အခြွေအရံတွေ တစ်
အုပ်တစ်မကြီးနဲ့ ရောက်လာတာ"

"ဟာ ရှယ်ပဲပေါ့။ သူတို့အဖေက ကောင်းစားတဲ့အ
ရောက်သွားတာကိုး"

"မလောနဲ့လေ သူတို့အဖေက လူတဝမှာ မဟုတ်ဘူး"

"ဟင်"

"တောသုံးတောင် အစိုးရတဲ့ ခြင်္သေ့မင်းဖြစ်နေတာ"





"ကောသရာစာပေါ့၊ ဟာ... သွားရော"

"အေး တကယ်သွားတာပဲ။ သူတို့လည်း ဆုတောင်းမှားပြီ
မှန်း သိပေမယ့် ဘာလုပ်ရမှန်း မသိတော့ဘူး။ ဖယောင်းတိုင်ကလည်း
မီးတောက်ရုံပဲတော့မလား မသိဘူး။ အမြွေလေးပဲ ကပ်ကျန်တော့တာ
သူတို့အဖေ ခြင်္သေ့ကြီးကလည်း အရင်ကလို သူ့မိန်းမကိုလည်း
မြင်ရော သိမ်းပိုက်တော့မယ် လုပ်တော့တာပဲ။ ခြင်္သေ့ကြီးနောက်မှာ
လည်း ကျားတွေ ဝံပုလွေတွေ သားရဲတိရစ္ဆာန်ပေါင်းစုံ မည်းနေတာ
ပဲ။ တောင်ပေါ်မှာ သူတို့ရှည်းပဲ"

"အဲဒီတော့"

"ထွက်ပြေးရတော့တာပေါ့၊ သူတို့အမဲလိုက်နိုင်တဲ့ ကောင်
တွေရဲ့ ခွေးမျိုးတွေကိုး အပြိုင်နဲ့ ဝိုင်းကိုက်ရင် ဘယ်နှယ်လုပ်မလဲ"

"အားနော်"

"ညီအစ်ကိုတွေကတော့ လေးတွေ မြားတွေနဲ့ပြီး အမေကို
ကာကွယ်မယ် လုပ်တာပေါ့၊ ဒါပေမဲ့ ဒီလောက်များတဲ့ အကောင်တွေ
ကို ဘယ်နိုင်မလဲ။ ခြင်္သေ့ကြီးက နည်းတဲ့ကောင်ကြီး မဟုတ်ဘူး။
အဲဒီမှာ ညီအငယ်ဆုံး ဟိုကောင်လေးက သူ့ဖယောင်းတိုင် အကောင်
တလေးကို ယူပြီး အစ်ကိုကြီးနဲ့ အစ်မတို့ တဲထဲဝင်ခိုကြလို့ အော်
လိုက်တယ်။ ရှစ်ယောက်သား တဲထဲကိုလည်းရောက်ရော တံခါးတစ်
ခက်ကို ချိုးဖောက်ထွက်ပြေးကြတယ်။ ခြင်္သေ့ကြီးကလည်း သူတို့
တဲထဲဝင်ပြေးတာ မြင်တာနဲ့ တဲကို ဝုန်းခနဲ ဆွဲလှန်ပစ်လိုက်တော့
တဲအမိုးက တောင်ခြေအထိ လွင့်ကျသွားရောတဲ့"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟာယ်ပါနဲ့ သူတို့မှာ အားကိုးစရာ ရှိပါသေးတယ်။ ကောင်လေးစိုက်ပျိုးထားတဲ့ ကံကောင်းစေမယ့် အပင်လေ"

"ဩော်… အေး ထန်းပင် ထန်းပင်"

"နင် ထန်းပင်ရဲ့ အရွယ်ခြောက်ပါးဆိုတာ သိလား"

"နှိုး"

"ဒီလိုဟ အညှောက်ပေါက်ကာစကို ကျေးမြီးတဲ့၊ ထန်းလက်ပေါ်တော့ လက်မျှော်တဲ့ နောက် ဆင်ခြေပေါ်တဲ့ ထန်းဖက်တွေ ရံကာစ အရွယ်ကျ သမီးလှလို့ ခေါ်တယ်၊ နင်ကြိုက်တဲ့ ထန်းရည် ထွက်လာတော့"

"ငါ မကြိုက်ပါဘူးဆို နင်နော်"

"ဟင်း… ဟင်း အဲ့ဒီအရွယ်ကျ ရည်ရတဲ့ နောက်ဆုံး ထန်းဖက်တွေ ပြောင်စင်ပြီး အပင်ချည်းကျန်တော့ ပင်ထွက်တဲ့၊ အင်း ကောင်လေးစိုက်ထားတာ ဆယ့်သုံးနှစ်ကျော်ပြီထင်တယ် ဟုတ်လား။ ငါ့ပုံပြင်ထဲမှာတော့ သူတို့ရှစ်ယောက် အဲ့ဒီအပင်ပေါ် တက်ပြေးကြရမှာ ရပ့်မလား"

"ပုံပြင်ပဲဟာ ရပါတယ်"

"အေးဟာ ထန်းပင်ပေါ်ကို ဘယ်လိုတက်ကြသလဲတော့ မသိဘူး"

"ဟဲ့… ခြသေ့်ကြီးက အားကြီးတယ်ဆို ထန်းပင်ကိုလည်း မြေလှန်ပစ်မှာပေါ့"

"ကောင်လေးရဲ့ လက်ထဲမှာ ဖယောင်းတိုင် အကျန်လေး ပါသေးတယ်လေ၊ သူတို့တွေ ထန်းပင်ပေါ် လူစုံလည်းရောက်ရော ကောင်လေးက ဆုတောင်းလိုက်တယ်"





"အင်း"

"ထန်းပင်ကြီးရယ် မိုးကောင်းကင်နဲ့ ထိမိတဲ့အထိ မြင့်ပေးပါပေါ့"

"တော်သေးတာပေါ့ ငါ့ထန်းပင်ကယ်လို့"

"ဒါပေမဲ့ ဖယောင်းတိုင်က တိုလွန်းတော့ ဆုတောင်းနေတုန်းမှာပဲ မီးငြိမ်းသွားတယ်"

"ဟယ် ဒါဆို အပင်က ရှည်ထွက်မလာဘူးပေါ့"

"ရှည်တော့ ရှည်ပါတယ်၊ ကောင်းကင်ထိ မရောက်ဘဲ ကြယ်တွေကြားမှာ ရပ်သွားတာပေါ့။ ခြသေ့်ကြီးကလည်း မနေဘူး။ ထန်းပင်ပေါ် ပြေးတက်တာ တွေ့တာနဲ့ လိုက်လာတယ်။ အပင်ကို သူ့ရဲ့လက်နဲ့ တဘုန်းဘုန်း ရိုက်ပစ်တာ အပင်ကြီးလဲကျသွားတဲ့ အထိပဲ"

"ဟို ရှစ်ယောက်တော့ နာပြီ၊ သူတို့ အမြင့်ကြီးကနေ ပြုတ်ကျလာမှာပေါ့"

"ပြုတ်မကျပါဘူးဟာ၊ သူတို့သာ ပြုတ်ကျလာရင် အခု ကောင်းကင်မှာ ခုနစ်စင်ကြယ်ဆိုတာ ဘယ်တွေ့ရပ့်မလဲ နင်ရှေ့က ခင်းထားတဲ့ ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ပါလား။ သူတို့တွေကို တွေ့ရလိမ့်မယ်။ သူတို့မျက်နှာကို လှမ်းမမြင်ရရင်တောင် သူတို့ရဲ့ ခြေလှမ်းက တောက်ပနေပါလိမ့်မယ်"

"ဩော် နင့်ပုံပြင်က ခုနစ်စင်ကြယ် ပုံပြင်ကိုး"

"ကဲ ပုံပြင်ဆုံးပါပြီ အိပ်တော့နော်"

"ဟော့ နေဦးလေ၊ နင်ပြောတာ ညီအစ်ကို ခုနစ်ယောက်ပဲ ရှိသေးတယ်၊ ဟိုကောင်မလေးရော ပြုတ်ကျသွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြုတ်မကျပါဘူး။ နင်ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ပါလား။ ခုနစ်စင်ကြယ်လေးတွေ တစ်ညလုံးဖြန့်ကျက်နေရာယူပြီး ဘယ်သူကို လှည့်ပတ်စောင့်ကြပ်နေသလဲဆိုတာ တွေ့ရလိမ့်မယ်။ သူတို့ခမျာ အခုထိ စိတ်မချနိုင်သေးဘူး။ အေးလေ ဘယ်စိတ်ချမလဲ၊ ကောင်မလေးကလည်း တောက်ပထင်ရှားလွန်းတာကိုး"

"အေး ငါကြည့်လိုက်ဦးမယ်"

"အင်း ကြည့်ပြီးရင် အိပ်တော့နော်၊ ဂွဒ်နိုက် ကောင်းသောညပါ၊ အိပ်မက်လှလှမက်ပါစေ"

❒ ❒ ❒



## အခန်း(၄)

"ရှုဝံကြယ်လေ မိပိုးရဲ့"

သူပြောခဲ့သော ပုံပြင်ကို ပဟေဠိလိုလုပ်ပြီး မိပိုးနှင့် ကစားကြည့်မိသည်။

"ရှုဝံကြယ်မှန်းတော့ ငါလည်း သိပါတယ်၊ ညည်းဉာဏ်စမ်းက လွယ်လွယ်ကလေးကိုများ"

"အံမယ် ခုနကတော့ စဉ်းစားမရလို့ မျက်မှောင်ကြီးကုတ်နေပြီးတော့များ၊ ဟိတ်... နင် ဒီလိုလာလုပ်လို့ ဘယ်ရမလဲ၊ ငါမေးတာ မဖြေနိုင်ရင်"

"ဟင်း... ငါဖြေမလို့ ရှိသေးတယ်၊ ညည်းက လုပြီးဝင်ပြောတာကိုး ငါမရှုံးဘူးနော်"

"ဟွန်း... နင် ငါ့ကို ဝယ်မပေးချင်လည်း မဝယ်ပေးဘူးလို့ပြော ငါ့ဘာသာဝယ်မယ်"

"ဝယ်... ဝယ် ငါမရှုံးဘဲနဲ့တော့ ဝယ်မပေးနိုင်ပေါင်"

သည်လိုပဲ ပြောပြောပြီး မိပိုးက ညွှန်းကို အလျှော့ပေးနေကျဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ဟိုရှေ့ထိ သွားမနေနဲ့တော့ ဒီမှာပဲရပ်လိုက်၊ သမီးတို့ ဆင်းလိုက်တော့မယ်"

စင်တာအဝတွင် အငှားယာဉ်တွေ၊ ကိုယ်ပိုင်ကားတွေနှင့် ပိတ်ဆို့တန်းစီနေသဖြင့် ညွှန်းတို့နှစ်ယောက် ကားခရင်း၌ လမ်းဆင်း လျှောက်ခဲ့သည်။

"ဩော်… ဟိုတစ်ယောက်ကြောင့် ကားတွေ ဒီလောက်ထပ် သွားတာကိုး"

မိပိုးက မေးငေါ့ပြသဖြင့် ညွှန်းလှမ်းကြည့်လိုက်သည်။ စင်တာအဝင် တံခါးရှေ့တည့်တည့် ဆင်ဝင်အောက်တွင် လူတွေရှုပ်နေသည်ကို မြင်လိုက်ရသည်။ အဖြူရောင်ဆလွန်းကားတစ်စီးပေါ်မှ လူတစ်ယောက်ကို ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက်က တွဲ၍ ကားပေါ်မှချပေးနေခြင်း ဖြစ်သည်။ အတွဲခံရသူမှာ ခြေနှစ်ဖက်လုံး သန်ပုံမရ။ သူကားအောက်ရောက်သည်နှင့် နောက်ထပ်အသက်ကြီးကြီး ယောက်ျားတစ်ယောက်က ဘီးတပ်ကုလားထိုင်ကို အသင့်ခင်းပေးရပြန်၏။

"သူလည်းပဲ လူပဲ မိပိုးရယ်၊ ခြေထောက်တွေ မသန်ပေမယ့် ရှော့ပင်လေး ဘာလေး ထွက်ချင်မှာပေါ့၊ ဒုက္ခိတဆိုပြီး အိမ်ထဲမှာ ကုပ်နေရမှာလား"

"အေးပါ ငါလည်း ဘာပြောလို့လဲ နားလည်ပေးလို့ ရပါတယ်"

ညွှန်းတို့ ဈေးဝယ်နေကျသည့် စင်တာက ထိုဘီးတပ်ကုလားထိုင်နှင့် လူအတွက် အဆင်ပြေဆုံး ဖြစ်ပုံရသည်။ မြေညီထပ်





မှာပင် ပစ္စည်းတော်တော်များများ စုံသည်။ ပြီး နောက်တစ်ချက်က မြေညီထပ်ကို ကားပေါ်မှ ဆင်းသည်နှင့် ကုလားထိုင်ပေါ်ထိုင်ကာ ဘီးလှိမ့်ဝင်သွား၍ ရသည်။ လှေကားမရှိ၊ ကားလမ်းနှင့် တစ်ညီတည်း တစ်ပြင်တည်းဖြစ်၏။

ထိုလူ လွတ်လွတ်ကျွတ်ကျွတ် ဖြစ်သွားတော့မှ အသက်ကြီးကြီး ယောက်ျားက ကားပေါ်ပြန်တက်၍ ယာဉ်နားသည့်နေရာဘက် မောင်းထွက်သွားနိုင်၏။ ပိတ်မိနေသော ကားတန်းကြီးလည်း လျော လျောလျှုလျှု ဖြစ်သွားသည်။

"ညွှန်းက ညည်းက နားဆွဲတွေကြည့်ချင်တာ မဟုတ်လား၊ ဝထမထင်ကို သွားမယ်"

"အဲ… နေဦး မိပိုး၊ ငါတို့ကော်ဖီလည်း ကုန်နေပြီလေ၊ အောက်ထပ်မှာ တစ်ခါတည်းဝယ်သွားရအောင်"

"သဘော"

ဘာရယ်တော့ မဟုတ်။ ဘီးတပ်ကုလားထိုင်နှင့် ဈေးဝယ်လာသူကို နည်းနည်းစိတ်ဝင်စားနေမိသဖြင့် မြေညီထပ်တွင် အရင်လှည့်ကြည့်ရန် မိပိုးကို တားမိခြင်း ဖြစ်သည်။

"ဟဲ့… ညွှန်း ဒီကော်ဖီက အသစ်တဲ့ဟ"

"နိုး အသစ်မကြိုက်ဘူး၊ သောက်နေကျပဲ ကြိုက်တယ်"

တကယ်တမ်း မိပိုးကို လှည့်ကြည့်ပြီးမှ ငြင်းလိုက်ခြင်း မဟုတ်။ ညွှန်းအကြည့်က ဘီးတပ်ကုလားထိုင်ဆီ ရောက်နေသည်။

ထိုပုဂ္ဂိုလ်ကတော့ ညွှန်းအပါအဝင် ဈေးဝယ်သူတချို့ စိတ်ဝင်တစား အကဲခတ်နေသည်ကို မသိသည်ပဲလား။ သိလျက် မသိ



www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်နေခြင်းလား။ စီဒီကောင်တာအနီးတွင် နားကြပ်နှစ်ဘက်နှင့် သီချင်းတွေ မြည်းစမ်းနေလေသည်။ မျက်လုံးစုံမှိတ်၍ ခေါင်းတညိတ်ညိတ်ပင် လုပ်နေသေး၏။ သူ့အနက်ရောင် ဘောင်းဘီရှည်က မသန့်စွမ်းသော သူ့ခြေထောက်များကို သူတစ်ပါးမမြင်သာလောက်အောင် ရှည်လျားစွာ ပုံကျနေသည်။ ဘာတံဆိပ်မျှ မပါသည့် အဖြူရောင်တီရှပ်က သူ့အသားရောင်နှင့် လိုက်ဖက်နေ၏။

"အထူးအဆန်းလုပ်ပြီး ကြည့်မနေနဲ့၊ မိန်းမ အဲ့ဒီလူက ဒီကို တစ်ပတ်တစ်ခါလောက် လာဝယ်နေကျ အရင်တစ်ခါတောင် သူနဲ့ ဆုံဖြစ်သေးတယ်လေ၊ ညည်း မသိဘူးလား"

"ဟင့်အင်း ဘယ်တစ်ခါလည်း ငါဖြင့် သတိမထားမိပါဘူး"

"အရင်တစ်ပတ်ကလေဟယ်၊ ညည်းနားဆွဲလေး ဒီမှာ ကျွတ်ကျခဲ့ပြီး ပျောက်သွားတဲ့ အခေါက်ကလေ နှမ်းနှမ်းရော ယူဦးမလား"

"ဟင့်အင်း နင်ကြိုက်ရင် နင်ဘာသာယူ"

မိပိုးနှင့် စကားလုညှိပြောနေသည့် အခိုက်အတန့်လေးမှာပင် ထိုပုဂ္ဂိုလ်မှာ စီဒီကောင်တာအနီးမှ ပျောက်သွားသည်။ ညွှန်းထပ်ရှာကြည့်တော့ စာအုပ်စင်တွေကြားမှာ တစ်ခါတွေ့ရပြန်သည်။ ဆံပင်ပုံစံက ခေါင်းတုံးဆံပင်ပေါက်လိုလို တိုနံ့နံ့။ မျက်နှာရှည်သလိုရှိသည်မို့ ထိုဆံပင်နှင့် လိုက်ဖက်သည်ဟု ထင်ရသည်။

"ဟဲ့… ခြေသာမသန်တာ ရုပ်က အချောသား။ ဂျေဆန်လိုလို ဘာလိုလိုနဲ့"

"ဟင်… ဘယ်ကဂျေဆန်လဲ၊ ညည်းအဖေရဲ့ ပါတာနာ အသစ်လား"





"ဟာဟ ငါ နင့်ကို ဘာဝယ်ကျွေးရမလဲ မိပိုး၊ ဂျေဆန်သာ ဒို့အဖေရဲ့ ပါတာနာဆိုရင်"

"ဟိုး… ဟိုး ညည်းကို အမြင်ကတ်လို့ တမင်ရွဲ့ပြောတာ ဒီလူကို ကြည့်ပြီး ဂျေဆန်လို့ ပြောလိုက်ကတည်းက ထရန်စပို့တာ ခင်းသားကို ပြောမှန်းသိတယ်"

မိပိုးကို ကြည့်၍ ညွှန်းရယ်လိုက်မိသည်။ ညွှန်းတို့နှစ်ယောက် ထမထပ်ကို တက်မည်ပြင်တော့ ထိုပုဂ္ဂိုလ်ကို တွဲပေးခဲ့သော အမျိုးသားနှင့် အမျိုးသမီးတို့က ပထမထပ်မှ ဆင်းလာကြသည်ကို တွေ့လိုက်ရသေး၏။

"ဟဲ့… မိန်းမရွေးတော်မူ ရွေးတော်မူ ဟုတ်လား၊ ကျုပ် နှသည်ဖြစ်စေ နိုင်သည်ဖြစ်စေ ကျုပ်ပဲ ဝယ်ပေးပါ့မယ်၊ အရင်တစ်ခါ ချုပ်ခေါ်လာလို့ ညည်းနားဆွဲလေး ပျောက်သွားရတာကိုး ဝယ်ပေးရမှာပေါ့"

"လျော်တာပေါ့လေ၊ နင်က"

"ဟင်း ညည်းကလည်း လျော်ပေးချင်အောင် နားပေါက် ဆောင်းလောင်းနဲ့ တစ်ပတ်လောက် နေပြနေတာကိုး။ မကောင်း ဘတ်လို့ ပြန်ဝယ်ပေးတာ"

"ဘာပဲဖြစ်ဖြစ် သိတတ်ရင် ပြီးရော၊ ဟဲ့… ဒါလေး လှ လား"

မိပိုးပြောလည်း ပြောစရာ။ ညွှန်းမှာ နားဆွဲချည်းတစ်ဒါဇင် လောက်ရှိသည်။ စိတ်ပါလျှင် ညွှန်းမှာရှိသမျှ အကျီတိုင်းနှင့် အရောင် ဆင်တူအောင် ရွေး၍ ဝတ်နိုင်သည်။ နားပေါက်ဟောင်းလောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်ပြည့်အောင် မနေခဲ့ဘူး။ တစ်ရက်တစ်မျိုးပြောင်းဝတ်ခြင်း မျိုးပဲ ရှိ၏။

ညွှန်းပျောက်သွားသည့် နားဆွဲလေးက ငါးထောင့်ကြယ်ပုံစံလေး၊ ကြိုးမျှင်မျှင်တွင် အနက်ရောင်ပုတီးစေ့ သေးသေးလေးများ ကိုတွဲ ခုနစ်တွဲ စီရီထားသေးသည်။

ကျွတ်ကျခဲ့သည်က ဘယ်ဘက်တစ်ဖက်တည်း ဖြစ်သည်၊ မိနစ်ပိုင်းအတွင်းမှာပင် မိပိုးက သတိထားမိသွားပြီး ပြောခဲ့၍ တော် သေးသည်။

ညွှန်းမှာ နားဆွဲတစ်ဘက်တည်းနှင့် သည်စင်တာထဲ တစ် ပတ်လောက် ပတ်ခဲ့မိသေး၏။

"ဟယ်… ဒါလေးက ငါပျောက်သွားတဲ့ နားဆွဲလေးလို့ ဘယက်စတားလေး"

"အင်း… အဲဒါလေး ယူပါလား ညွှန်း၊ ညည်းနဲ့ လိုက် တယ်"

"အံမယ် ငါက ဘာနဲ့ဖြစ်ဖြစ် လိုက်မှန်းသိပါတယ်"

မိပိုးက မျက်နှာကို ရှုံ့မဲ့၍ ခေါင်းတစ်ချိချိ လုပ်ပြသဖြင့် ရယ်မိရသေးသည်။

"ဆင်တူလေးပါလား၊ ဟဲ့ မိပိုး ဒါမျိုးက နှစ်စုံတောင် ရှိ တယ်၊ တစ်စုံ နင်ယူဟာ"

"အာ ငါဒါတွေ မဝတ်တတ်မှန်း ညည်းလည်း သိသားနဲ့ ငါ့နားမှာ အပေါက်တောင်ရှိတာ မဟုတ်ဘူး၊ အသားအနာခံပြီးလည်း ဖောက်ရသေးတယ်။ နားရွက်အလေးခံပြီးလည်း ချိတ်ရသေးတယ်





ခတော် နင့်လို တစ်ဘက်ပြုတ်ကျသွားရင် တစ်စုံလုံးပစ်ရရော အလ ဟာပဲ"

"နင်က ယောက်ျားဖြစ်ရမှာ နင့်ကို ဘယ်သူကများ မှားပြီး မိန်းမဘဝ ပို့လိုက်သလဲ မသိဘူး"

"အမလေး ဒီခေတ်မှာ တချို့ယောက်ျားတွေလည်း နား ဖောက်တာပါပဲအေ၊ တချို့ဆို ညည်းထက်တောင် ဆိုးသေး တစ်ဖက် ကို နှစ်ပေါက်သုံးပေါက် ဖောက်လို့ ပုဂံနားတောင်းတွေတောင် ဆွဲထားလိုက်သေးတယ်"

"ဖန်စီနားတောင်းပါအေ၊ နင့်ကျမှ ပုဂံနားတောင်းဖြစ်ရ သောတယ်"

"ကဲ ညည်းအတွက် ရပြီဆိုရင်လည်း သွားမယ်"

"အေးပါ အစ်မ၊ ဒါလေးယူမယ် ဘယ်လောက်လဲ"

❒ ❒ ❒

"ဟိုင်း မတွေ့တာတောင် ကြာပြီနော် မိုး"

"ဟိုင်း ကြယ်စင်"

မိုး၊ အွန်လိုင်းမှာ ညွှန်းဆုံနေသည့် အခြားအမည်ဝှက်တစ်ခု ဖြစ်သည်၊ အပြည့်အစုံက ရွှေမိုးစက်။ ကြယ်စင်ဆိုသည့် ကောင်လေး တစ်ယောက်ကတော့ မိုးဟု ခေါ်ဝေါ်သုံးစွဲတတ်၏။

"ဟိတ် ယူ မအားဘူးလား မိုး"

"ရက်စ်"

သူနှင့်က ညွှန်းအတွက် ပိုပြီး အဆင်ပြေသည်၊ မြန်မာစကား



www.burmeseclassic.com

www.burmeseclassic.com



၏ အသံထွက်ကို သိုးဆောင်းအက္ခရာများနှင့် လက်သင့်သလို စာလုံးပေါင်း၍ ပြောနိုင်သည်။ သာမန်စကားလုံးလောက်ဆိုလျှင် အင်္ဂလိပ်လိုပင် သုံးဖြစ်၏။ စကားစမြည်ပြောရသည်မှာ လျော့လျော့လျှုလျှုရှိ၏။

ဟို တစ်ယောက်လို မဟုတ်။

ဟိုတစ်ယောက်က သည်လို နွေခင်းဘက်များတွင် အွန်လိုင်းပေါ် ရှိမနေတတ်ပေ။ သူက ညတစ္ဆေ။ သည်နေ့မှ မိပိုးက ထူးထူးခြားခြားဖြစ်ပြီး စင်တာအုတိယထပ်ရှိ အင်တာနက်ကဖေးဆီ ဦးဆောင်ခေါ်လာသည်မို့ ညွှန်းပါ ခဏဝင်ဖြစ်ရသည်။

ထိုင်ထိုင်ချင်း အဝေရာဘက်ကို ဖွင့်ကြည့်ပါသေးသည်။ သူမရှိ။ အဝေရာနာမည်နှင့်က သူငယ်ချင်းစာရင်းမှာ သူတစ်ယောက်သာ ထားသည်။ သူ့နေရာ သူ့နာမည်လေးက မှိန်နေမှတော့ ရွှေမိုးစက်ပဲ လုပ်လိုက်တော့၏။ ရွှေမိုးစက်မှာက သူငယ်ချင်းတွေ အများကြီး။ ပြီး ညွှန်းဆန္ဒရှိသည့်အချိန် တက်ကြည့်လိုက်၊ အနည်းဆုံးသုံးယောက်တော့ အွန်လိုင်းမှာ ရှိနေတတ်၏။

"ယူ ဘာတွေလုပ်နေတာလဲ"

"ဩော် ခဏနေဦး ကြယ်စင်"

"အင်း"

"ဒါဆို ပြောလိုက် ကူပြီးရှာပေးမယ်"

ဘယ်သူ ရှိချင်ရှိ မရှိချင်နေ၊ ကြယ်စင်တစ်ယောက်သာ ရှိလျှင်ပင် ပြောပေရော့။ ညွှန်းမအားပါဘူးဆိုလျှင်တောင် အတင်းလိုက်ပြောနေတတ်သည်။ ခုလည်း ပင်လယ်ရပ်ခြားက သူငယ်ချင်း





တစ်ယောက်နှင့် စကားလက်ဆုံကျမည်ရှိသေး။ သင်းကလေးက င်ရှုပ်နေသည်။

ဖျတ်ခနဲ အကြံတစ်ခုရလိုက်သည်။ သင်းကို အလုပ်ပေးမှ ဖြစ်မည်။ တစ်ခုခုကို သူ ညွှန်းအတွက် ရှာပေးနေရမည်ဆိုလျှင် ညွှန်းပြောချင်သည့်သူနှင့် လွတ်လွတ်လပ်လပ် ပြောခွင့်ရမည်လေ။

"ကဲ ရှာပေတော့"

"ရက်စ် မဒမ်"

"ဟဲ့… မိညွှန်း ဘာတွေပြုံးနေတာလဲ၊ ဟာသဆို ငါ့လည်း ပြောပြဦး"

"ဟာသ မဟုတ်ဘူး၊ ဒီမှာလေ တစ်ယောက်လာရှုပ်နေလို့ အလုပ်ပေးလိုက်တာ၊ ဩော် နင့်ကို ပြောမလို့ဟာ သူလုပ်တာနဲ့ မေ့တော့မလို့ မိမိအွန်လိုင်းပေါ်မှာ ရှိနေတယ်၊ နင်ပြောဦးမလား"

"အေး ငါ့အကောင့်ကို လှမ်းပေးပြီး အင်မိုက်တ် လုပ်နိုင်းလိုက်"

"အိုကေ"

အရင်က မိမိရယ်၊ မိပိုးရယ်၊ ညွှန်းရယ် သုံးယောက်သား ချောင်အထိ အတွဲညီခဲ့ကြသည်။ ဘွဲ့ရပြီးနောက်တွင် တစ်ယောက်ကို တစ်ယောက်ပါရမီဖြည့်ရင်း အတွဲမပျက်စေဖို့ စီစဉ်ပြီးလည်းသည်။

မိမိက အနုပညာပိုးပါသည်။ တယောသင်တန်းတစ်ခုတွင် အတူ လိုက်တက်ဖို့ ညွှန်းတို့သုံးယောက် အတူတူစာရင်းပေးခဲ့ ဖြစ်သည်။ မိမိကလည်း ညွှန်းနှင့် မိပိုးတက်ချင်သည့် သင်တန်းကို လျှောက်လွှာတင်သည်။

www.burmeseclassic.com



စိစဉ်သမျှကို ပျက်စီးစေသည့် ကံကြမ္မာက ညွှန်းတို့သုံးယောက်ထဲက မှီမှီကို ဆွဲထုတ်ခေါ်ဆောင်သွားခဲ့၏။ တကယ်ဆိုအဲသည်တုန်းက ညွှန်းဖေဖေကလည်း ညွှန်းကို လှမ်းခေါ်ပါသေးသည်။

ညွှန်းက ခေါင်းမာမာနှင့် ငြင်းခဲ့နိုင်၏။ မိမိကတော့ အစကတည်းက မိဘစကားဆို တစ်ခွန်းနှင့် ခေါင်းညိတ်ရသည့် အလိမ္မာလေး။ ညွှန်းလို မဟုတ်ပေ။

"မိမိရေ ငါတို့ရဲ့ အရင်တုန်းက ပုံရိပ်တွေကို မြင်ယောင်ပြီး လွမ်းလိုက်တာဟာ"

"မိုး မိုး ရပြီ ရပြီ မိုး"

"ဟဲ့... ဘယ်လိုဖြစ်တာလဲ"

"မိုးရှာနိုင်းထားတာ တွေ့ပြီလို့ မိုးဆီပို့လိုက်ရမလား"

"ရတယ် ပို့မနေနဲ့၊ ဝက်ဘ်ဆိုက်နာမည်သာ ပြော"

"ဟဲ... ဟဲ ဒါတော့ ဘယ်ဖြစ်မလဲ၊ ဒါက ဝှက်ဖဲလေ၊ မိုးဆီ တစ်နေ့တစ်မျိုး အသစ်ဆုံး အဆန်းဆုံးလေးတွေ ရှာပြီးပို့ပေးမယ်၊ မိုးက ဝက်ဘ်ဆိုက်ကို သိသွားရင် ကြယ်စင်ဆိုတဲ့ ကောင်ကို ဘယ်အလိုရှိတော့မှာလဲ"

" အာ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မိုးက ကျွန်တော့ဆို အမြဲတမ်း မပြောချင်သလို ပြောချင်သလိုနဲ့ ဒါကြောင့် မိုးနဲ့ ပတ်သက်စရာ အကြောင်းတစ်ခုအနေနဲ့ ဒီဝက်ဘ်ကိုတော့ ဝှက်ထားရလိမ့်မယ်"

"ကြိုက်သလိုလုပ်"

ဗိုးလပြည့်စာပေ



ညွှန်း စိတ်ပေါက်ပေါက်နှင့် နောက်ဆုံးစာကြောင်းကို ခေါက်ချလိုက်သည့် အသံက တော်တော်ကျယ်သွားသည်။

"ဟဲ့... ဘာဖြစ်ပြန်တာလဲ မိညွှန်းရယ်၊ မိမိ ဘာတွေစလိုက်ပြန်ပြီလဲ"

"မိမိကြောင့် မဟုတ်ဘူး၊ ဟိုကလေးကြောင့်"

"အံမယ် ဟိုကလေး ဟိုကလေးနဲ့ အစ်မကြီးနော်၊ ကလေးတားတွေမှာ ပျော်ဝင်မသွားနဲ့ဦး၊ ညည်းကို စိတ်ဆိုးအောင် လုပ်နိုင်တယ်ဆိုရင်တော့ ဒီကလေးဟာ တော်ရုံတန်ရုံ မဟုတ်လောက်ဘူး"

"အာ နင်က တမျှောင့်ဟာ အရေးထဲ"

မိမိုးကို အရေးမလုပ်တော့ဘဲ ကွန်ပျူတာဘက် ပြန်အလှည့်တွင် ကြယ်စင်ဆိုသည့် ကောင်လေးက မေးလ်တွေ တစ်ထပ်ကြီးခိုက်ပို့ထားသည်ကို တွေ့ရသည်။

"ဘာလဲ"

"ကျွန်တော်ပြောတာ လက်ခံပြီလားလို့ပါ"

"... ... ..."

"မမမိုး ကျွန်တော်မေးနေတယ်လေ"

"အင်း... အင်း"

"ဒါဆို ပို့လိုက်မယ်နော်"

"ဟင်း"

ဝက်ဘ်ဆိုက်တစ်ခုထဲက အလကားရသည့် အနုကိုပင်ဘာဂူရုရှင်လေသံနှင့် ညွှန်းကို အကြပ်လာကိုင်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ပို့မှာဆို ပို့လိုက်လေ"

"နေပါဦး မိုးရဲ့၊ စာပြန်စီနေတယ်၊ ဟိုအထဲကအတိုင်း ပို့လိုက်ရင် မိုးက ခြေရာခံမိသွားမှာပေါ့၊ လျှို့ဝှက်ထားချင်မှတော့ အပင်ပန်းခံရမှာပေါ့"

"ဒါဆိုလည်း မေးလ်နဲ့ပဲ ပို့လိုက်တော့ ဘိုင့်ဘိုင်"

"ဟာ… မမ… မမ မိုး မိုး"

ညွှန်းလှည့်ကြည့်မနေတော့ဘဲ ကျန်သူငယ်ချင်းများကို နှုတ်ဆက်၍ လိုင်းပေါ်မှ ထွက်ခဲ့တော့သည်။ မီမီကလည်း ထွက်သွားတာ ကြာပြီလေ။

"မိပိုး ပြီးပြီလား သွားကြမယ်"

"အင်း… အင်း"

အင်း အင်း ဆိုပေမယ့် မယ်မင်းကြီးမက ခေါင်းပင်မမော့ အား။ ဆိုင်ထောင့်က လွတ်ရာခုံလေးမှာ ခဏထိုင်ရင်း ကော်ဖီ သောက်ရင်းပဲ စောင့်တော့မည်။

ဆိုင်က အသင့်နှပ်ပြီးသား ကော်ဖီမှုန့် နို့နှင့်သကြား ကိုယ်ကြိုက်သလို လျှော၍ မရ။ ကော်ဖီက နည်းနည်းချိုနေသည် ပေါ့ရွှတ်ရွှတ်လည်း နိုင်သည်။

"ဝေ ကော်ဖီကို အဲဒီလောက် ခါးခါးကြီး မသောက်ပါ လား"

သူ့စကားတစ်ခွန်းကို အမှတ်ရကာ ညွှန်းပြုံးမှား ပြုံးလို မိသလား။

❒ ❒ ❒





တကယ်ဆို မိုးဖိုချောင်အလုပ်က 'မိပိုးတာဝန်'လို ဖြစ်နေ သည်မှာ ကြာပြီ။ မီမီရှိတုန်းကတော့ သူတို့နှစ်ယောက် တစ်လှည့်စီ လုပ်ကြသည်။ ခုတော့ အချက်အပြုတ်ဆို မိပိုးချည်း။

သည်ညနေတော့ ခါးခါးတူးတူး စားလို့ရပြီးရောဟု ဆိုကာ ညွှန်းကို မီးဖိုချောင်အတင်းဝင်ခိုင်း၍ ဝင်ခဲ့ရသည်။ ချက်ရပြုတ်ရ မည့်မှ မေးလ်စသည့်အလုပ်ကို မိပိုးနှင့် လွှဲထားလိုက်၏။

ဝင်ဆို၍ ဝင်ခဲ့ရသော်လည်း မိပိုးရှေ့မှာ ညွှန်းယောင်ချာချာ ဖြစ်နေရ၏။ ပေါင်းအိုးတွင် ဆန်ထည့် ရေဖြည့်သည်ကအစ ကွန်ပျူ တာရှေ့ အငြိမ့်သားထိုင်နေသော မိပိုးကို ပြေး၍ ပြရသည်။ မိပိုးက ခေါ်ဆိုမှ ခလုတ်ဖွင့်ရဲ၏။ အခါတစ်သိန်းမှာ တစ်ခါလုပ်ရသည်ဖြစ်၍ ပျော့တူးမနပ်တော့ မဖြစ်စေချင်။

"အမလေး မိညွှန်းတစ်ယောက်နဲ့တော့ ခက်တော့တာပဲ"

မိပိုးက ညွှန်းကို လှည့်မကြည့်ဘဲ မိပိုးက ညည်းချင်းချ သည်။

"ယောကျ်ားများရလို့ကတော့ ဟေ ဟော့ မြင်ယောင်သေး တယ်"

"ငါက ယောကျ်ားမယူဘူး"

ညွှန်းကလည်း မီးဖိုပေါ် ဒယ်အိုးတင်နေရင်းက ပြန်အော် လိုက်သေးသည်။

"ဟဲ့… ညည်းက ယောကျ်ားမယူလို့ မိန်းမယူမလို့လား"

"အေးလေ နင့်ကို ယူမှာ"

"ဗုဒ္ဓေါ ဘုရားကယ်တော်မူပါ၊ တရားကယ်တော်မူပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုး၊ အသေနှိုက်ကြား ဘုရားတပုံကြောင့် ညွှန်းရယ်လိုက်မိသည်။ ရယ်ရင်းက ကြက်ဥကို ဖွန်းနှင့် ခေါက်၍ ခွဲပြီး ထည့်လိုက်ရာ ရှဲခနဲ ဆီပူထဲထိုးကျသွားသည်မှာ အနှစ်ရော အကာရောပါမက အခွံပါ ပါသွားသည်။

ဖွန်းနှင့် ခြစ်၍ယူသော်လည်း ခံထုတ်မယ်ရှားလိုက်သေး

“ဟယ်… မိညွှန်းရယ် ငါ့မြှင့် ဒီလိုဟင်းမျိုး တစ်ခါမှ မစားရဘူး”

“အဟဲ”

“ကြက်ဥ ပွစာ်ပါးပါကြော်ပါလား။ အမလေး ကြော်တာ တောင် ဆီနဲ့ ကြော်ထားတာ မဟုတ်ဘူးဟဲ့၊ ပင်လယ်ရေနဲ့ ကြော် ထားတာ ကျွတ်ကျော်လောက်ရှာပဲ”

“ဟဲ… ဟဲ မိညွှန်းပဲတော့။ ဒီလောက်တော့ ညွှန်းကို ညွှန်းစေရမယ် ဟဲ… စားတော်မူ”

“ညည်းကာရော”

“ငါလား၊ ငါက ညနေစာကို ငါချက်ရမယ်ဆိုကတည်းက ရေနွေးတစ်အိုး တည်ထားလိုက်ပြီလေ၊ ခေါက်ဆွဲပြုတ်ပဲ စားတော့မယ်၊ ရယ်ဒီမိတ်ဟဲ့ ဘာမှ ထပ်ထည့်စရာ မလိုဘူး၊ နင်ပဲစားတော့”

မိုးလည်း မစားဖြစ်ပါဘူး။ ညွှန်းလိုပဲ ခေါက်ဆွဲပြုတ်က လေးနှင့် ညနေစာကို ပြီးလိုက်ရရှာသည်။ မှတ်ရော၊ နောက်ဆို ညွှန်းကို မီးဖိုဆောင်အလာခံမှာ မဟုတ်တော့ဘူး။

“ငါ စစ်နိုင်းထားတာတွေ စပြီးပြီလား”





“အေး… ဟိုတစ်ယောက်က နင့်ရှာခိုင်းထားတာတွေ လှမ်း ပို့ပေးထားတယ်၊ ကြယ်စင်ဆိုလား ဘာလား ခနပါဦး၊ မိညွှန်း ညည်းကို ငါ မေးပါဦးမယ်”

“ဘာလဲ”

ခေါက်ဆွဲပန်းကန်ကို တစ်ဖက်က ကိုင်ထားရင်း ကွန်ပျူတာ ရှေ့ ဝင်ထိုင်လိုက်သည်။

“ညည်းက ဟို အဝေရာဆိုတဲ့ လူဆီက ပုံပြင်တွေဖတ်ရတာ အားမရလို့ ဒီတစ်ယောက်ကိုပါ ပုံပြင်တွေ ထပ်ရှာခိုင်းထားတာလား ဟုတ်လား”

“ထမ်းချက်ခုတ် နှစ်ချက်ပြတ်လေလေဟာ သူလည်း အလုပ်ရ သွားပြီး၊ ငါ့ကို လာမပွားနိုင်အောင်ရယ်၊ ညကျရင် ငါ့ကိုချည်း ပုံပြင်ဖတ်ခိုင်းနေတဲ့လူကို ပြန်လက်စားချေဖို့ရယ်”

“ဒါဆို ဒီည ညည်းက ပုံပြင်ပြောသူ လုပ်တော့မယ်ပေါ့”

မိုးမိုး အသင့်ဖွင့်ပေးထားသော မေးလ်ထဲမှ စာမျက်နှာနှစ်ခု ကို ညွှန်းအားပေးသလိုလို ဖတ်ကြည့်လိုက်သည်။ ကြယ်စင်ရှာထား သည့် ပုံပြင်လေးက ဆိုးတော့ မဆိုး။ ဟိုလူ သိပြီးသားဖြစ်နေမှာ စိုးရသည်။

ညွှန်းနှစ်ခုစလုံး ဖွင့်ထားလိုက်သည်။

အဝေရာ (awayyar)ဆက်မှာ အဝေရာ (avera)နှင့် ခြော နေကျအရှိန် နီးစေပြီဖြစ်သလို ရွှေနိမ်းစက်နာမည်ဆက်မှာလည်း မိမိနှင့် နီးနီးထား ဖြစ်သေးသည်။

“မိမိရေ ငါ နင့်ကို မေးစရာရှိလာပြီ”



www.burmeseclassic.com

www.burmeseclassic.com



"မေးလေ ဘာမေးမလို့လဲ၊ ယောကျ်ားယူတော့မှာလားလို့ မေးမလို့လား"

"ဟော… လာပြီ မိန်းမ၊ နင် အဲဒီမှာလည်း ရှုပ်သေးတာပဲ လား"

"နောက်တာပါဟာ၊ ကဲ… နင်ဘာမေးမလို့လဲ၊ နင်မေးပြီး ရင် ငါလည်း မေးစရာရှိသေးတယ်"

"ရှိုးဇေါရှီ ကျောက်ဖျာပုံပြင်ကို နင်ကြားဖူးလား"

"နင်ဘယ်က ကြားဖူးလာတာလဲ၊ အဲဒီကျောက်ဖျာပုံပြင်က မူကွဲတွေ အများကြီးပဲဟ၊ တစ်မျိုးစီ ပြောနေကြတာ ဇာတ်လမ်း ပုံစံတွေ လူတွေ တူမှာမဟုတ်ဘူး"

"အဲဒါ အရေးမကြီးဘူး၊ ငါမေးချင်တာကလေ အဲဒီပုံပြင် ကို ဝေဝေဆာဆာလေး ဖြစ်သွားအောင် ဘာတွေ ဖြည့်စွက်လို့ ရလဲဆိုတာ ငါ့ကို သင်ပေးဟာ"

"ဘာ နင်ပြောတာ၊ ငါမရှင်းဘူး"

"ဟိုလေဟာ စကားပုံတို့ ကဗျာတို့ သက်ဆိုင်တဲ့ဟာလေး တွေပေါ့"

"သြော်… ပေါက်ပြီ၊ ပေါက်ပြီ အိုကေ ခဏစောင့်ပြော ပြမယ်"

စောင့်လိုက်ရသည့် ခဏအတွင်းမှာ ညွှန်းတော်တော်များများ ရလိုက်သည်။ ပုံပြင်တွေက စိတ်ဝင်စားစရာကောင်းမှန်း ညွှန်းခုမှ သိလာ၏။

သူ့ကို ကျေးဇူးတင်မိသည်။





"ကဲ ငါမေးရမယ့်အလှည့်"

"မေး ဘာမေးမှာလဲ ဒေါ်မိမိ"

"သြော်… ညနေကနေ နင်ကြော်တဲ့ ကြက်ဥကြော်လေ အရမ်းကောင်းတာပဲဆိုလို့ ငါ့ကို နည်းလေးပေးစမ်းပါလို့ ဟီး ဟီး"

"ဟင်း… အွန်းလိုင်းပေါ်မှာလို့နော် ငါဆဲလိုက်ရ"

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"လောကဌ ဤဖမ္ဘူဝယ် အမည်တူတောင်
မရှိတော့တယ် အဲ...
ကြည်ဖြူပါမယ် အမည်တူတာတောင် မရှိတော့တယ်"

သီချင်းသံကို ကြားရုံနှင့် အဆိုရှင်၏ ခြေလှမ်းကို ခန့်မှန်း၍ ရနိုင်သည်။ စည်းချက်ဝါးချက်ကျအောင် လှမ်းရင်းက ဘယ်ယိုင် ညာယိမ်း ဖြစ်နေသည့် ခန္ဓာကိုယ်အား လဲကျမသွားအောင် အနိုင်နိုင် ပင် ထိန်းနေရမည့်ပုံ။

ဂျူဗလီစိန်ရေးခဲ့သော ပြည်လှဖေ၏ ဣန္ဒာနွယ်သီချင်းကို အပြီးအမောက်မတည့်အောင် ဆိုရင်းက လက်နှစ်ဖက်ကိုလည်း အငြိမ်မထား။ စာသားအလိုက် ပရမ်းပတာ သရုပ်ဖော်ကာ ကနေ လိုက်သေးသည်။

"မျက်နှာထား ပြုံးပါရင်ကွယ်၊ မင်းပပဂျုံးတယ်"

လမ်းမကြီးတစ်ခုလုံးကိုလည်း သူတစ်ယောက်တည်း မင်းမူ ထားသည်။ ရိုးရာမပျက်သည့် မြို့ကလေးမို့ ညဦးသည် ကျေးလက်





ဆန်စွာ ဆိတ်ငြိမ်စပြုနေပြီ ဖြစ်သည်။ တောရွာများလိုပင် မနက်ခင်း ဆိုလျှင် နေမထွက်မီကတည်းက ရုန်းကြွသက်ဝင်နေတတ်ပြီး ညနေ စောင်းသည်နှင့် လူခြေတိတ်သွားသည့် မြို့လေး။

"ဟော့ ချောတာလေးကို ယူမယ်၊ လှတာလေးကို ယူမယ်၊ ဒီပဲ သုခထင် သမုဒယပင် အမြင်ကျယ် စာထဲရှုဆလျှင် လူ့ဘဝတွင် ခင်တွယ်...”

သူ့ပါးစပ်ထဲ ဆရာထာ၏ မောင့်စည်းစိမ်သီချင်းတစ်စ ရောက်လာပြန်၏။ ဘယ်က တက်လာသည့် အရှိန်နှင့် သီချင်းတ ကြော်ကြော်လည်နေသည် မသိ။ ကြာတော့ အာခေါင်ခြောက်ကာ ချောင်းဆိုးလာပုံရသည်။

"အဟိုး ဟိုး ဟိုး ဟိုး ဟိုး"

ကိုယ့်ခြေလှမ်းကို မထိန်းနိုင်ဘဲ လမ်းဘေးသို့ ရောက်သွား သည်လား။ တမင်တကာ လမ်းမပေါ်မှ ဖဲ့ဆင်းလိုက်သလား မသိ။ သာမာပင်အောက်မှ ရေအိုးစင်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက် သွားသည်။

"အလဲ့... ရေအိုးစင်နဲ့ ဘာနဲ့ တယ်ဟုတ်ပါလား၊ မုန်း တာ ဟိုဆရာဝန်အိမ်ပဲ၊ ကျေးဇူးတင်တယ်ဗျာ၊ ဆရာ ဘယ်သူ ဒေါက်တာ ဘယ်သူပါလိမ့်"

"ဒေါက် တာ မင်း နောင်"

"ဩော်... အေး ဒေါက်တာမင်းနောင်၊ ဒေါက်တာမင်း နောင် ကျုပ်ရေသောက်ဦးမယ်ဗျာနော ကျေးဇူးတင်ပါတယ်ဗျာ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယိုင်တိယိုင်ထိုးနှင့် ဘေးဘီကို သတိမထားမိဘဲ ရေကို အလောတကြီး ခပ်သောက်လိုက်သည်။ ရေတစ်ဝှံစာ ပါးစပ်ထဲရောက်သည်နှင့် ဗလုံးဗထွေးပြောလိုက်သည့် ကျေးဇူးတင်စကားများကိုပါ ဖွီခနဲ ထွေးချလိုက်ရ၏။

"အား… ဘယ်လိုလူတွေလဲဟေ့ အိမ်ရှေ့မှာ ရေလာလာ မဖြည့်ကြ၊ ဘယ်လိုလူတွေလဲဟေ့ ဟင် ဖွီ ညနေက ရွာတဲ့မိုးရေတွေပဲ အိုးထဲမှာရှိတယ်၊ ရေတစ်ခွက်မှာ အနည်တစ်ပိဿာလောက်နဲ့ သောက်မိတဲ့သူ ခင်ဗျားဆီမှာလာပြီး ဆေးကုရအောင် ကြံထားတာပေါ့လေ ဟင်၊ တောက် ဒေါက်တာ ဘယ်သူ"

"မင်း နောင် ပါဆို"

"ဟမ်… ဘယ်သူ"

အိမ်ဘက်သို့လှည့်၍ အသားလွတ်အော်ဟစ်နေရာမှ ချာခနဲ ဖြစ်သွားရသည်။

"ဘယ်သူလဲ"

သူ့ကို စကားထောက်ပေးနေသည်မှာ နှစ်ခါပင်ရှိသွားလေပြီ။ ပထမတစ်ခါတုန်းက အမှုမဲ့ အမှတ်မဲ့မို့ သတိမထားမိခဲ့။

"ဘယ်သူလဲ"

အက်တက်တက် အသံအုပ်အုပ်နှင့် သူမေ့နေသော နာမည်ကို ထောက်ပေးသည့် အသံ။ အသံလာရာဘက်သို့ သူချာခနဲ လှည့်ကြည့်လိုက်သော်လည်း အမှောင်ကိုသာ တွေ့လိုက်ရသည်။

"ဟင်… ဘယ်သူလဲကွ"

"ဘုတ်"





အသံကြားရာသို့ ဖြတ်ခနဲ ကြည့်လိုက်သည်။ အမှောင်သာ။ သို့သော် သူ့မျက်လုံးထောင့်မှ ရိပ်ခနဲ မြင်လိုက်ရသည့် တစ်စုံတစ်ယောက်။

"ဟား ဟား ဟား ဘယ့်နှယ်လဲဗျ၊ သုံးထောင်ပြန်လူမိုက်ကြီးကလည်း သရဲတော့ အကြောက်သား"

"ဟား ဟား ဟား ဟား"

ရယ်သံများနှင့်အတူ လူသုံးယောက် အလျှိုလျှိုပေါ်လာသည်။ အမှောင်ရိပ်ထဲကွယ်၍ သူ့ကို တမင်တကာ ခြောက်လှန့်နေကြခြင်းပင်။

"…င်းတို့ မင်းတို့ တောက်"

"ကဲ… ဖိုးချွန် ငါနိုင်ပြီ ပေး ပိုက်ဆံ"

"ဟုတ်တယ် ဖိုးချွန်၊ သူ့ဒီလောက် မူးမူးပြီး အသံတုန်တုန်နဲ့ ရပတ်ရမ်းသွားတာ အသိသာကြီးပဲ၊ ကဲ… မင်းရှုံးပြီဆိုတာ ဝန်ခံလိုက်တော့"

သူ ထောင်းခနဲ ဒေါသထွက်သွားသည်။ သူလိုလူကို …လောက်လေး မလောက်စား စဏ္ဍာလတွေက အလောင်းအစား …ပြီး လာခြောက်နေကြခြင်းပင်။

"ကွာ သုံးထောင်ပြန် လူမိုက်ဆိုပြီး ယုံကြည်လိုက်တာ …ရော"

"ဟော့ကောင် မင်း ဘာစကားပြောတာလဲ"

ရှုံးလှသွားသည့် ဖိုးချွန်ဆိုသောကောင်ကို ကုပ်မှဆွဲမ၍ ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပစ်လိုက်သည်။ ရှက်စိတ်နှင့် ဒေါသပေါင်းပြီး အရှိန်တော်တော် ပြင်းသွား၏။

"ဟော့… ဟော့ ခင်ဗျား ဖုံမှ လာမထောင်နဲ့ ခုနကတော့ သေးတောင်ထွက်တော့မယ် တုန်နေတာ"

"မင်းတို့က ဘာသဘောလဲ ငါ့ကို ကျော်တာလား။ ခွေတာ လား။ ဘာလဲ ဟမ်… ဟော့ကောင်တွေ"

"ဟား ဟား ဟား၊ လာပြမနေနဲ့ ဒီမှာ သုံးထောင်ပြန် လှမိုက်ဆိုတာ မရှိဘူး။ တကယ် အမှုကြီးတယ် နစ်ကြီးတယ် အထဲမှာပါ ထပ်မိုက်ဦးမှာရို လွတ်ဖို့လမ်းကို မရှိဘူး။ ဒေး… သုံးထောင်ပြန်ရတယ်ဆိုတာ မိုက်လို့မဟုတ်ဘူး။ တုံးလို့ ဖြန်းလို့ တရားဥပဒေကို နားမလည်လို့ မလိုက်နာလို့ ဟား ဟား… ဘာ လှမိုက်လဲ"

"ဟာကွာ"

"ခွင်"

အနိုင်ရသွားသည့် ကိုအောကျယ်ကို ညာတိုက်ပေါက်သံ… ခပ်ပြင်းပြင်း ကျွေးပစ်လိုက်သည်။ အောကျယ်ကောင်ကလည်း သိပ် တော့မဆေး၊ သူ့လက်ကို ဖိုက်ထုတ်ပြီး နောက်တစ်လှမ်းဆုတ်သွား၏။ ကျနော်နှစ်ယောက်ကလည်း သူ့ကို ရင်ဆိုင်ဖို့ အသင့်အနေအထား ပြင်ပြီး ဖြစ်သည်။

"ဒီလူ့နဲ့ မလုပ်နဲ့ ဟော့ကောင်… ငါကြိုင် နောက်ဆုတ်စမ်း မင်းတို့ကို ငါတကပြောထားလဲ နောက်ဆုတ်ကြ ကိုနိုအောက်ကြီးကလည်း အေးအေးပေါ့ဗျာ"





"ဘာလဲ မင်းတို့က တော့နီးကာပြီး ဖုံမှ ကြောက်နေကြပြီ လား"

"ဟဲ ဟဲ ကိုနိုအောက်ကလည်း ဒေါသကြီးမနေပါနဲ့ သုံး ယောက်တစ်ယောက်မှား ကြောက်လို့ မဟုတ်ပါဘူး၊ အေးအေးဆေးဆေး ရှိလို့ပါ ကိုနိုအောက်ရ"

"အေးအေးဆေးဆေး ဟုတ်လား၊ ဟော့… ဒီမှာ မင်းတို့နဲ့ ငါ အတူအေးအေးဆေးဆေး မရှိဘူး"

"ဟဲ ဟဲ ဟဲ တစ်လလောက် အငယ်မဆိုင်မှာ အလကား သောက်လို့ရမယ့် ကိစ္စဆိုရင်တော့ဗျာ"

အောကျယ်ကောင်၏ စကားထဲမှာ အညှာတွေရှည်၊ အရက် ဆိုင်နှင့် ဆွေကြီး၊ အငယ်မဆိုသည်က နိုးအက်သောက်နေကျ အမြဲဆိုင်၊ အရက်ချွင်းတူတူ ရောင်းရာသည့် အငယ်မဆိုင်ကို မှ အက်က တကျူးတာ လာနေကျ။ ခုလည်း ထိုဆိုင်က ပြန်လာခြင်း ဖြစ်သည်။ အငယ်မဆိုသူ ဆိုင်ရှင်အမျိုးသမီးမှာ လုံးကြီးပေါက်လှ … ဖြစ်သည်။

"တယ်ဟုတ်လဲ စိတ်ဝင်စားသွားပြီလား ကဲ… လာဗျာ ဒီမှာ အေးအေးဆေးဆေး သွားပြောရအောင်"

"ငါ အခုပဲ ပြန်လာတာ"

နိုးအက်က စိတ်ဝင်စားသွားသည့်ပုံ သေသပ်စွာ… ပြီးလိုက်သည်။ သူ့လိုလူက ဈေးလာတွေနှင့် အတူ သောက် … သေမည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုပဲ ပြန်လာတာဆိုရင် အခုပဲ ပြန်သွားကြတာပေါ့ဗျာ။ လာပါ"

□ □ □

"ကျွန်မကို ဒီအမူသေမှာတွေအကြောင်း ဘာလို့ လာပြောပြ… နေတာလဲ"

"ဒါ ပြောပြနေတာတွေ တစ်ခါလောက် စိတ်ရှည်ရှည်ထား… ပြီး နားထောင်ပေးပါလား မေ"

ညွှန်းနားထောင်ကြည့်ရှုပါသည်။ သို့သော် စိတ်တော့မရှည်… နိုင်။ စိတ်ရှုပ်နေရ၏။ မိပိုးကို ပြောပြလျှင်လည်း စိတ်ထင်လို့… ဆိုသော အဖြေမျိုးသာ ရမည်လေ။

ကိုယ်ပဲ သိသည်။

စိတ်ထဲမှာ အလိုလိုသိနေသည်။ ညွှန်းကို မမြင်မတွေ့ရ… ညွှန်းလှုပ်သမျှ သူဘက်က တစ်အစ်သိနေခြင်းသာ။ တစ်ခါတ… မဟုတ်၍ တိုက်ဆိုင်မှုဖြစ်နိုင်။ သည်မနက်တဲပဲ မျက်နှာချင်းဆိုင်… လမ်းတစ်ဖက်မှ အိမ်ပြူင်းအိမ်ရှာကို ရောက်ခဲ့ပြီးပြီ။

ညွှန်းတို့အခန်း ပြတင်းပေါက်ကို လှမ်းကြည့်နိုင်သည့် … ဆိုလို့ လုံးချင်းတိုက်အိမ်နှစ်လုံးသာ ရှိ၏။ တစ်အိမ်က ပင်စင်… လင်မယားနှစ်ယောက် နေသည့်အိမ်၊ အဘိုးကြီး အဘွားကြီး… ယောက်တည်း။ တစ်ခါတလေမှ သူတို့သားသမီးတွေ လာ… တတ်ကြောင်း သိခဲ့ရ၏။

နောက်တစ်အိမ်က အပျိုကြီးတွေ နေသည့်အိမ်။ သူ…





မောင်အငယ်ဆုံးဆိုသည့် တစ်ယောက်တော့ ရှိသည်။ ထိုလူကို ညွှန်းမျက်မှန်းတန်းမိပြီသော ဖြစ်သည်။ ညွှန်းထက် သုံးလေးနှစ်ခန့် ကြီးပုံရသည်။ အပျိုကြီးတစ်သိုက် မောင်ငယ်သူမှာပင် ခပ်တုံးတုံး ခပ်ကြောင်ကြောင်ပုံ ပေါက်နေသည့်လူ။

ထိုလူတော့ မဟုတ်နိုင်။

"ရှင် ဘယ်သူ ဘယ်ဝါဆိုတာ ကျွန်မကို အရင်ပြောပြပါ"

နင် ငါဆိုသော အသုံးအနှုန်းတွေ ညွှန်းဘက်က တစ်ဖက် သတ် ရုတ်သိမ်းထားမိ၏။ အမှန်က အမေရာဆိုသော နာမည်ဝှက် ကိုပါ ဥပေက္ခာပြုရန် စဉ်းစားထားပြီး ဖြစ်သည်။ သို့သော် ကိုယ်က အဆက်အသွယ် ဖြတ်လိုက်ရုံနှင့် ဖာတိလမ်းပြတ်သွားလိမ့်မည်ဟု မယုံကြည်ရဲသဖြင့် မလုပ်မိ။

တစ်နေကုန် ဖြစ်နိုင်ချေများနောက် တကောက်ကောက် လိုက်ခဲ့ပြီး ခု ညဘက်တွင် သူနှင့် စကားပြောည်ပြောကာ သဲလွန်စ အဆစ် ထပ်ရှာဖို့ စဉ်းစားမိသဖြင့်

အမေရာကို ဆက်သုံးဖြစ်ရ၏။

"အခု အဲဒီမေးခွန်းကို ဖြေဖို့ကြိုးစားနေတာပဲ"

"ရှင် ဘယ်သူလဲဆိုတာ ပြောပြဖို့ ဘယ်လောက်တောင် ခက်ခဲနေလို့လဲ"

"တခြားသူတွေက မေးလာတာဆိုရင်တော့ မခက်ခဲပါဘူး"

"ဒါဆို ကျွန်မကိုကျမှ ခက်ခဲနေတာပေါ့"

"အစစ်ပဲ"

"အခု ရှင်ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာပါ ဝေ၊ ဒီနေ့ တစ်နေကုန်လည်း အိမ်မှာပါပဲ ဒါပေမဲ့ ကိုယ့်အိမ်က သီရိမြိုင်အိမ်ရာထဲမှာ မဟုတ်ပါဘူး၊ ကိုယ့် အဘိုးအဘွားတွေလည်း၊ ပင်စင်စားတွေ မဟုတ်ကြပါဘူး၊ အဲ ကိုယ့်မှာ အစ်မတစ်ယောက်တော့ ရှိတယ်၊ အပျိုကြီးတော့ အပျိုကြီးပဲ ဒါပေမဲ့ ချစ်သူရှိတဲ့ အပျိုကြီး"

ညွှန်းပါးစပ်က ယောင်ရမ်းပြီး ဘုရားတမိတော့မတတ် ဖြစ် သွားသည်။

"ရှင်... ရှင် ကျွန်မကို ဘာတွေလုပ်တယ် ဘယ်တွေသွား တယ် ဆိုတာကအစ သိနေတာလား၊ ကျွန်မ ရှင့်ကို ကြောက်လာပြီ"

"ငါ့ကို မကြောက်ပါနဲ့ဟာ ငါ အရိုင်းအစိုင်း မဟုတ်ပါဘူး ယဉ်ကျေးမှုရှိပါတယ်၊ နင်မလုပ်ရဲ မကိုင်ရဲ မသွားရဲ မလာရဲ ဖြစ် လောက်အောင် ငါတစ်ချိန်လုံး စောင့်ကြည့်နေတာ မဟုတ်ပါဘူး"

"ဒါ ဒါ ပြောလို့ ရမလား"

"ရတယ်"

"ငါ ယုံလို့မရဘူး၊ ငါမယုံဘူး၊ အိုး... ငါ ဘာလုပ်လ နင်သိနေ မြင်နေမှာပဲ ဆိုတာကြီးက ငါ့စိတ်ထဲမှာ စွဲသွားပြီ"

"ငါ့ကို အဲဒီလောက် အထင်မသေးပါနဲ့ ဝေ"

သက်သေ။ ဘာနှင့် သက်သေပြမလဲ။ ညွှန်း ပို၍ စိတ် လာရသည်။

တစ်ယောက်ယောက်က ကိုယ့်ကို တစ်ချိန်လုံး စောင့်ကြ နေပါလားဟု သိနေသည့် လူတစ်ယောက်အနေနဲ့ ဘယ်လိုလှုပ် သွားလာသင့်ပါသလဲ။





လူတစ်ယောက်အနေနဲ့ ကိုယ့်ကို လူတွေ စိတ်ဝင်စားစေချင် သည်။

သည့်လိုကြီးတော့ဖြင့် ဘယ်သူမှ လက်သင့်ခံရမှာ မဟုတ်။

လူတိုင်း ဘဝမှာ အများသိစေချင်သော အပိုင်းနှင့် မသိစေ ချင်သည့် အပိုင်းတော့ တသီးတသန့်စီ ရှိသည်ပင်။ သိစေချင်သော အပိုင်းထဲတွင်

အလုပြင်ပြိုးစ နက်ခင်းများ၊ မဖြစ်မနေ ရိုးသားမှုများ၊ အတတ်ပညာများ၊ ဂီတနှင့် အခြားအရာများ၊ ဘာသာတရားကိုင်း ရှိုင်းမှုများ ပါဝင်သည်။ အထူးသဖြင့် ကောင်းကွက်လေးတွေ သိစေချင် သည်။

သွားရင်း လာရင်း မအောင့်နိုင် မအည်းနိုင် ဖြစ်သည့်ကိစ္စ ကို ဘယ်သူ့စိမ်းအား သိစေချင်မည်လဲ။ တိတ်တိတ်ကလေးအပြုံး။ တိတ်တိတ်ကလေးမျက်ရည် ဘယ်သူတွေကို မြင်စေချင်ပါ့မလဲ။

ပြီးတော့

"ဝေ ပွင့်ပွင့်လင်းလင်းပြောရရင် အဆေရာဆိုတဲ့ နင့်နာမည် စာတ်လေးအောက်မှာ ဘာစကားတွက်တွေ ရိုက်ထည့်လိုက်တယ်ဆို တာကအစ ငါသိတယ်၊ ဒါပေမဲ့ တစ်ခါမှ နင့်အကောင့်ထဲကို ဝင်ပြီး နောက်ဖူးဘူး၊ တကယ်ဆို အဝေရာတင် မဟုတ်ပါဘူး၊ စာသက်ကိုလည်း ငါသိတာပဲ အမှတ်မထင် သိခဲ့တာပါ"

"ဘာ"

ထိုအာမေဋိတ်က ကီးဘုတ်တွင် ရိုက်နှိပ်မိခြင်း မဟုတ်။ ပါးစပ်မှကျယ်ကျယ်လောင်လောင် လွှတ်ကျသွားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… မိညွန့်တစ်ယောက်တည်း ဘာတွေဖြစ်နေတာလဲ"

"ဟင်… ငါလား ဘာဖြစ်လို့လဲ"

မိပိုးတောင် အိပ်ရာက လန့်နိုးသွား၏။ ညွန့်းလည်း ကိုယ့်သတိကိုယ် ပြန်ဆွဲစေ့ရင်း မိပိုးကို အကြောင်းရိုက်၍ ပြန်မေးလိုက်သည်။ မိပိုးတစ်ယောက် ခေါင်းကုတ်ပြီး တစ်ဘက်သို့ စောင်းလှည့်သွားသည်။

"ကဲ… သိပ်လည်း လန့်မနေပါနဲ့ မိဝေရယ်၊ ဘေးက သူငယ်ချင်းတောင် နင့်ကို ကြောင်နေပြီလို့ ထင်သွားပြီ"

"ကျွန်မ ရှင့်ကို တွေ့ချင်တယ်"

"အခုလည်း ကိုယ်က အတွေ့မခံလို့လား"

"မဟုတ်ဘူး အပြင်မှာ"

"ကိုယ်ပြောတာတွေ ဆုံးအောင် နားထောင်ပြီးတဲ့ အခါကျမှ ဆုံးဖြတ်ပါ ဝေ"

ညွန့်း ငြိမ်သွားသည်။ တွေသွားသည်။

ကော်ဖီကို တစိမ့်စိမ့်သောက်ရင်း စကားမပြန်ဘဲ ငြိမ်နေသည်။ အတွေးစပေါင်းများစွာ ကြားစိမ့်ဝင်သွားသည့် ကော်ဖီပူပူမှာ အရသာမပါလာဘဲ ဖြစ်နေ၏။

"ဝေ"

"… … …"

"အိုကေ ကျွန်မလက်ခံတယ်"

□ □ □



"ကိုင်း မင်းတို့ကိစ္စပြောတော့"

ဖိုးဇက်က အသင့်ငုံ့ပေးထားသော ခွက်ကို စွပ်ခနဲ မော့၍ အမဲကြော်တစ်ဖဲ့ ယူစားသည်။ စားပွဲပေါ် ဖန်ခွက်ကို ဂွပ်ခနဲ ချလိုက်သည်နှင့် မြို့ကြိုင်က ထပ်ဖြည့် ထပ်ရောပြီး အသင့်လုပ်ပေးပြီးသား။

"ဒီနေ့ အရှေ့ပိုင်းရပ်ကွက်မှာ အသုဘတစ်ခုရှိတာ ကိုဖိုးဇက် သိတယ် မဟုတ်လား"

"ငါ ဘယ်သိမလဲ၊ မင်းယောက္ခမလား"

"ကျွန်တော့်ယောက္ခမဆို ကောင်းတာပေါ့ဗျာ၊ အခုဟာက ကိုတင်ထွတ်အိမ်လာလည်တဲ့ ညည်းသည်ဗျ၊ ညနေကပဲ မြေချတယ်၊ မိုးမြင်တာနဲ့ အုတ်ဂူတောင် မကိုင်နိုင်ခဲ့ဘူး"

"အဲဒါ ဘာဖြစ်လဲ"

တမာပင် ရေအိုးစင်တွင် အရှိန်သေခဲ့သမျှ ဖိုးဇက်တစ်ယောက် အရှိန်ပြန်ရလာလေပြီ။ ဆိုင်ထဲတွင် သူတို့တစ်ဝိုင်းသာ ကျန်တော့၏။ အငယ်မလည်း ဆိုင်ထဲမနေတော့၊ အကာခေါ်ထားသည့် အိပ်ပွားနှင့် ဆိုင်ကို ထားခဲ့ပြီး အိမ်ထဲဝင်သွားပြီ ဖြစ်သည်။

"အဲဒီ မိန်းမအတွက် အခေါင်းကို ကျုပ်တို့သုံးကောင် ထမ်းပေးခဲ့ရတာ"

"ဟာ… မင်းတို့က ခေါင်းစပ်၊ တွင်းတူး၊ သူသေကိုင် ဇွတ္တာလမျိုးတွေကိုး လုပ်ရမှာပေါ့ ဟာ ဟ"

"တိုးတိုးလုပ်ပါ ကိုကြီးဖိုးရ"

ပြောပုံဆိုပုံ ခေါ်ဝေါ်ပုံကြောင့် ဖိုးချွန်ကို သူမျက်ခုံးပင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ဖိုးချွန်က ဒေါ်ပွားရှိရာဘက် မသိမသာ လှမ်းကြည့်ပြီး အသံကို နှိမ့်ပြောခြင်း ဖြစ်သည်။

"အဲဒီအခေါင်းရဲ့ အောက်ကြမ်းပျဉ်ချပ် အတွင်းဘက်မှာ ကျုပ်က မီးသွေးနဲ့ စာတစ်လုံး ရေးခဲ့တယ်"

"အေး... ပြောပါဦး။ ဘာစာတွေ သွားရေးခဲ့တာလဲ"

"အဲဒါပဲလေဗျာ"

"ဟေ"

"အဲဒါပဲလို့ ခင်ဗျားကို ပြောခဲ့တဲ့ အငယ်မဆိုင်မှာ တစ်လ တိတိ အလကားသောက်ရမယ့် အခွင့်အရေးဆိုတာ အဲ့ဒါပဲ"

"ဘာလဲကွ၊ မင်းပြောတာ ငါနားမလည်ဘူး"

ဖိုးချွန်က မျက်လုံးကို ထောင့်ကပ်၍ ဒေါ်ပွားကို လှမ်းအကဲ ခတ်ပြန်သည်။ ဒိုးဇက်ကတော့ ကောင်တာကို ကျောပေးထားသည်မို့ ဒေါ်ပွားကို မမြင်ရ။

ဖိုးချွန်၏ စကားသံက ပို၍ တိုးသွား၏။

"အစက ကျုပ်ရေးတဲ့စာကို ဒီကောင်နှစ်ကောင်က ဖော် ထုတ်ရမှာ ကျုပ်တို့သုံးကောင်ကြားက အလောင်းအစားပေါ့၊ ဒီနှစ် ကောင်ဖော်နိုင်ရင် ကျုပ်က ဆယ်ရက်ဒကာခံရမယ်၊ မဖော်နိုင်ရင် ကျုပ်နိုင်ပြီ"

"အင်း"

"အဲ့ဒါ ကျုပ်တို့ တိုင်ပင်နေတုန်း တမာပင်အောက်က ကိုကြီးဒိုး ဝင်လာတာမြင်တော့ အစီအစဉ်က ပြောင်းသွားတယ်"

"ဘယ်လို ပြောင်းသွားတာလဲ"





"ကျွန်တော်တို့ သုံးယောက်က တစ်ယောက်ကို ဆယ်ရက် နှုန်းနဲ့ ကိုကြီးဒိုးကို ဒကာခံမယ်ဗျာ"

ဖိုးချွန်၏ စကားအဆုံးတွင် ငုံထားသည့်အရက်ကို ဒိုးဇက် ကပျာကယာ မျိုချလိုက်မိသည်။ အမြည်းပင် မနိုက်မိ။ အလော သုံးဆယ် ဖြစ်မေးလိုက်၏။

"ငါက အဲ့ဒီစာကို သွားဖတ်ရမယ်ပေါ့"

"ဟဲ ဟဲ ကိုကြီးဒိုးက ပေါက်လွယ်ပါတယ်"

"ငါ မဖော်ထုတ်နိုင်ရင် ငါတစ်ယောက်တည်း မင်းတို့ သုံးကောင်ကို တစ်လ ဒကာခံရမယ်ပေါ့လေ"

"ကျုပ်တို့ ဒီလို မတရားမလုပ်ပါဘူး။ တစ်ရက်တည်းပါပဲ"

"ဘာ"

"တစ်ရက်တည်းပဲ ဒကာခံပါလို့ ပြောတာ"

ထိုစကားက ဒိုးဇက်နားထဲသို့ အရက်ဖြူထက် ခါးသက်ပူ ပြင်းစွာ စီးဝင်သွား၏။ မတရားမလုပ်ပါဘူး။ တစ်ရက်ပဲ ဒကာခံ။

"ဒါ ဒါ မင်းတို့ ငါ့ကို သက်သက်စိန်ခေါ်တာပဲ၊ ငါလုပ်နိုင် မှာ မဟုတ်ဘူးလို့ တစ်ထစ်ချ ပြောလိုက်တာနဲ့ အတူတူပဲ မင်းတို့"

"ဒေါ်သတွေ ခဏသိမ်းထားပါဦးဗျာ"

သည့်လို ခနဲ့တဲ့တဲ့ ဆိုလာသည်မှာ အာကျယ်ကောင်ပင်။ မြိုင်ကြိုင်က စကားတစ်လုံးမျှ ဝင်မပြောဘဲ ဒူးနှံ့၍ သူ့ကို စိုက်ကြည့် နေ၏။

"တောက်... အေး မင်းတို့ရေးတဲ့စာ ငါသွားဖတ်ပြမယ်၊ အခု သွားရမလား ဟမ်၊ ဟော့ ဒီမှာ သုံးထောင်ပြန် ဒိုးဇက်ကွ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ထက်မိုက်တယ်၊ မင်းတို့လို မလောက်လေး မလောက်စားတွေ ကများကွာ၊ တောက်''

အိပ်ငိုက်နေသော ဒေါ်ပွားပင် ဒိုးဖက်အသံကြောင့် ခေါင်းထောင်လာသည်။

''အေး... ငါမဖတ်နိုင်ခဲ့ရင် မင်းတို့ကို တစ်ရက်မဟုတ်ဘူး။ တစ်သက် တစ်သက်ကွ၊ တစ်သက်လုံး ပြုစုသွားမယ်''

''ဟာ... ခင်ဗျား အပြောမကြီးနဲ့ ခုဟာက ဇရပ်ပေါ်က အခေါင်းမဟုတ်ဘူး။ မြေကြီးထဲရောက်နေပြီ အုတ်ဂူသာ မလုပ်ရသေးတာ''

''ဟာ့ ငါသိတယ်ကွ၊ ငါ အခုသွားမယ်၊ မင်းတို့တိုက်တဲ့ အရက်ကို တစ်လတိတိ အရသာခံပြီး သောက်ဖို့နဲ့ ပြီးတော့ ငါ့ကို စော်ကားတာကို မခံချင်လို့၊ အေး ငါသွားမယ်၊ ငါ အခုသွားမယ်''

ဒိုးဖက် ဒယီးဒယိုင်နှင့် ထရပ်လိုက်တော့ အာကျယ်ကောင်က သူ့လက်ထဲသို့ တစ်စုံတရာ ထိုးထည့်ပေးသည်။ အဖြူရောင်မီးလုံးပေါင်းများစွာနှင့် လက်ဆွဲမီးအိမ်ငယ်တစ်လုံး။ ကြိုင်ကလည်း ဆိုင်ဝတွင် ထောင်ထားခဲ့သော ပေါက်တူးကို ကပျာကယာ သွားယူပေးသည်။ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်၍ သူထွက်ခဲ့တော့၏။

□ □ □

''ဪ... ဒါဆို ရှင်ပြောနေတဲ့ ဇာတ်လမ်းထဲမှာ သချိုင်းထဲ တွန့်တွန့်ဆုတ်ဆုတ်နဲ့ ဝင်လာတဲ့ လူကြီးက ဒိုးဖက်ပေါ့''





''အင်း''

''နေပါဦး၊ အဲဒီဇာတ်လမ်းက ရှင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ''

သူ့ဘက်က တော်တော်ကြာကြာ တိတ်ဆိတ်နေသည်။ စကားပြန်မရ။ ညွှန်းကလည်း ဇာတ်လမ်းဟု သုံးစွဲခြင်းကို သူမကြိုက်မှန်းသိ၍ တမင်တကာပင် ရွေးပြောလိုက်ခြင်း ဖြစ်သည်။

သူပြောပုံအရဆိုလျှင် လူမိုက်တစ်ယောက်နှင့် သချိုင်းလုပ်သား စဏ္ဍာလ သုံးယောက်တို့ အလောင်းအစားလုပ်ကာ ခေါင်းပျဉ်ချပ်မှ စာကို သွားဖတ်ခြင်းပင်။

''ဘယ်လို ပတ်သက်သလဲဆိုတော့''

''နေပါဦး၊ အဲ့ဒီပျဉ်ချပ်မှာ ဘာရေးထားလို့လဲ''

အတန်ကြာတိတ်နေပြီးမှ သူစကားစလာသည့် အချိန်နှင့် သူမမေးခွန်းထုတ်လိုက်သည့် အချိန်မှာ တစ်ထပ်တည်း ဖြစ်သွားသည်။

''အဝေရာ တဲ့''

''ဘာရှင့်''

''အဝေရာ လေ အဝေရာ တဲ့''

''အဝေရာ''

ကိုယ် အမြတ်တနိုး ခံယူထားသည့် နာမည်။ ကိုယ်စိတ်ဝင်စားမိသော နာမည်။ ထို အမည်နာမသည် လူမိုက်တို့၏ လောင်းကစားပွဲတစ်ခုကို ဖန်တီးခဲ့သော ခေါင်းပျဉ်ချပ်တွင် မီးသွေးနှင့် ရေးထားသည့် ဝေါဟာရ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဝေ၊ အဲ့ဒါ ကိုယ့်နာမည်အရင်းလို့ ကိုယ်ပြော ခဲ့တယ်နော်"

"... ... ..."

"တကယ်တော့ ကိုတင်ထွတ်ဆိုတာ တခြားလူမဟုတ် ပါဘူး၊ ကိုယ့် ဦးလေးအရင်းပါပဲ၊ သူ့ဆီကို သူ့ညီမတစ်ယောက် အိမ်ထောင်ပြုကွဲသွားပြီး ရောက်လာခဲ့တယ်။ ရောက်လာပြီး သိပ် မကြာဘူး ညီမဖြစ်သူက ဆုံးပါးသွားရှာတယ်"

"ရှင့်အမေလား၊ အဲ့ဒါ ရှင့် အမေလား"

"ဟုတ်တယ်"

"ဘယ်လို ဘယ်လိုကြောင့် ဆုံးသွားရတာလဲ"

"သားဦးလေးကို မီးဖွားရင်းက နလုံးအခုန်ရပ်သွားခဲ့တာ"

"ဘာ... ဘယ်လို"

"ဟုတ်တယ် ဝေ၊ အဲ့ဒီတုန်းက သူ့မှာ နေ့စေ့လစေ့ ကိုယ်ဝန်ကြီးနဲ့ပါ၊ ဒီအချက်ကို ဟိုစဉ်ကာလသုံးယောက်က ဒိုးဖက် ဆိုတဲ့ လူကြီးကို မပြောပြခဲ့ကြဘူး၊ မလိုအပ်ဘူးထင်ပြီး မပြောပြခဲ့ ကြတာ ဖြစ်ပါလိမ့်မယ် ဝေ"

"... ... ..."

သူပြောသမျှကို ညွှန်းဖတ်ကြည့်နေမိသော်လည်း စိတ်ထဲထိ မရောက်တော့။ အာရုံမှာ သူ့စကားနှစ်ခွန်းနှင့် ပြည့်နှက်နေ၏။

"အဲ့ဒါ ရှင့်အမေလား" ဟု မေးစဉ်က သူ ဘယ်လိုဖြေခဲ့ သည်လဲ။

"ဟုတ်တယ်"





ပြီးတော့ သားဦးလေးကို မီးမဖွားနိုင်လို့ သေဆုံးခဲ့ရသည် ဆိုသော စကား။

သူက သူက ဝိညာဉ်၏ ရင်သွေးလား။

"ဒါပေမဲ့ သူတို့ အကြံအစည်ကို တစ်စွန်းတစ်စ ကြားသွား တဲ့ ဖဒါပွားက သူ့အလုပ်ရှင် ဒေါ်အငယ်မကို ပြေးနှိုးတယ်၊ နောက် သူတို့ နှစ်ယောက်တည်း မဖြစ်တာနဲ့ အနီးအပါးက လူကြီးတွေကိုပါ ခေါ်ပြီး သုသာန်ကို လိုက်ခဲ့ကြတယ်"

ကိုယ့်အတွေးနှင့်ကိုယ် ညွှန်းကျောချမ်းလာသည်။

"အဲဒီအချိန်မှာ ဒိုးဖက်ဆိုတဲ့လူက ခေါင်းဖုံးကို ဖွင့်ဖို့ ကြိုး စားရင်း ဇောချွေးတွေ ပြန်နေပြီ၊ ဒေါ်ပွားတို့အဖွဲ့ အချိန်မီတယ်ပဲ ပြောရမလား။ သူတို့ သုသာန်ဝရောက်တော့ သွေးရူးသွေးတမ်း အော်ဟစ်ပြေးလာတဲ့ ဒိုးဖက်ကို တွေ့လိုက်ကြတယ်လေ"

"သူ ဘာတွေ တွေ့ခဲ့လို့လဲ၊ ဘာတွေ အော်နေတာလဲ"

"ကလေး ကလေးဆိုတာလည်း ပါတယ်၊ ဗလုံးဗထွေး အော်တာဆိုတော့ ဘာမှ ပီပီသသ မကြားရဘူး၊ ငိုသံ ငိုသံလို့လည်း အော်နေသေးတယ်တဲ့"

"ဘာတွေလဲဟာ ငါ့ကို ရှင်းရှင်းပြော"

"သူ့ခြေထောက်အောက်က အခေါင်းထဲက ကလေးငိုသံ ကြားလိုက်ရလို့လေ၊ ဒိုးဖက်ကို ဝိုင်းချုပ်ပြီး ထိန်းနေတဲ့ လူတွေလည်း အဲ့ဒီ ငိုသံကို ကြားလိုက်ရတယ်"

"အခေါင်းထဲက ကလေးငိုသံ"

"အေး... ကဲ ဝေ ငါ ဘယ်သူဆိုတာ သိရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်… ရှင်က တမလွန်က လာတဲ့လူ"

"အဲ့ဒီစကားက လုတယ်၊ ငါက တမလွန်က လာတဲ့သူ"

"ရှင် ရှင်က လူလား တစ္ဆေလား"

"ဟား… ဟား… ဟား"

သူ့စာသားတွေကို ဖတ်ကြည့်ရုံနှင့် သူ့ရယ်သံတွေ ညွှန်း ကြားလိုက်ရသည်။ ခြောက်ကပ်ကပ်အက်နေသည့် ရယ်သံ။

"ဘာလဲ မင်း ငါ့ကို မခင်ချင်တော့ဘူးလား မိဝေ"

"… … …"

"အင်းပါလေ၊ နဖူးပေါ်လက်တင်ပြီး စဉ်းစားလိုက်ပါဦး။ အိပ်ပျော်သွားအောင်တော့ အိပ်နော်၊ နင့်အိပ်မက်ထဲကို နင်အလို မရှိသေးသမျှ ငါဝင်မပါပါဘူး အိပ်မက်လှလှမက်ပါစေ"

❒ ❒ ❒



## အခန်း(၆)

နှုတ်ဆက်ဝါကျကို ရိုက်ပြီးသည်နှင့် ကီးဘုတ်ခလုတ်များ ပေါ်မှ လက်အစုံကို ရုပ်သိမ်းလိုက်သည်။ ပြီး မျက်မှန်ကို ချွတ်ရင်း ထိုင်ခုံနောက်မှီပေါ် ခေါင်းကို မှောလှန်ချလိုက်၏။ သက်ပြင်းတစ်ခုလား။

တုံ့ပြန်စကားကို စောင့်နေမိသော်လည်း တစ်ဘက်က တစ် လုံးတစ်ပါဒမျှ စကားပြန်မရတော့။ ကိုယ့်ကိုကိုယ် ပြုံးပြနှစ်သိမ့်ပြီး စကားပြောခန်းကို ရပ်ရန်သာ ရှိတော့၏။

"ကဲ"

သူငယ်ချင်းစာရင်းထဲမှာ တစ်ခုတည်းသော နာမည်လေးမှာ အရောင်မှိန်ကျသွားခဲ့ပြီး Sign Out ကို ချောက်ခနဲ ခေါက်ချလိုက်၏။ ကွန်ပျူတာစကရင်ပေါ်မှ မြင်ကွင်းသည် ချက်ချင်းပြောင်းလဲသွားတော့ သည်။ စာရင်းကွက်လေးနေရာတွင် ရေးသွင်းပြီးသား နာမည်တစ်ခုနှင့် စကားဝှက်ရိုက်ထည့်ရသည့် အကွက်ကလေးတို့ ပါဝင်သော Gtalk box ကလေး ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ထည့်ရေးသွင်းပြီးသား အမည်က avera

"အဝေ… ဟေး… အဝေ"

"ဗျာ… မမ"

လက်ပ်တော့ကို လုံးဝပိတ်ပြီး စားပွဲစွန်းကို လက်နှင့် တွန်းလိုက်၏။ ထိုင်ခုံ၏ ဘီးများက တံခါးပေါက်ဆီ လိမ့်ဆင်းသွားကြ၏။ ထိုင်လျက်သားမှ ခါးကိုင်း၍ တံခါးကို ဆွဲဖွင့်လိုက်သည်။ တံခါးဝတွင် ရပ်နေသည်က မမ၊ မမရတနာ။

"အဝေ… ညဉ့်နက်နေပြီ အိပ်တော့လေ၊ နေ့တိုင်း မမလာပြီး သတိပေးမှပဲ အိပ်ဖို့ သတိရတော့တယ်၊ ငါ့မောင် တစ်ယောက်ကကော့လေ အင်တာနက်များ သုံးနေရလို့ကတော့ ထမင်းမေ့ဟင်းမေ့ အိပ်ဖို့ပါ မေ့နေတော့တာပဲ"

မမက ပြောပြောဆိုဆို သူ့ကို ခုတင်နံဘေးသို့ တွန်းပို့ပေးသည်။ သူ့ထိုင်ခုံကို တွန်းပေးလာရင်းက စားပွဲပေါ်သို့ လှမ်းကြည့်လိုက်သေး၏။

"ငါ့မောင်က မမအသံကြားတာနဲ့ ကွန်ပျူတာကို ပိတ်ပြီးသားဖြစ်နေပြီပဲ"

"မဟုတ်ပါဘူး မမရဲ့ အခုပဲ အိပ်တော့မလို့ပါ"

"အေးပါ အေးပါ မမထွက်သွားမှ ပြန်ထိုင်မနေနဲ့ဦးနော်မောင်လေးပဲ မနက်ကျရင် ပြပွဲကို သွားချင်သေးတယ်ဆို"

"အင်းပါ"

မမက သူ့ကို ထိုင်ခုံပေါ်မှ တွဲထူပြီး အိပ်ရာထဲအရောက်ပို့ပေးခဲ့သည်။ အခန်းမီးကိုပါ ပိတ်၍ ညအိပ်မီး မှိန်မှိန်ကလေး





ပြောင်းဖွင့်ပေးခဲ့သေး၏။ အခန်းတံခါးကို ပြန်စေ့ပေးရင်းက လက်ညှိုးတလေးထောင်၍ အသံတိတ် သတိပေးသွားပြန်သည်။

ပြာမှုန်မှုန် မီးရောင်အောက်တွင် သူ့ကိုသူ အိပ်ပျော်ဖို့ ကြိုးစားရတော့မည်။

ခုတင်နံဘေးရှိ မှန်ပြတင်းတွင် လရောင်လှဲ့လှဲ့ လင်းနေသည်ကို လိုက်ကာနှစ်စကြားမှ မြင်နေရ၏။ မျက်လုံးအစုံကို တဖြည်းဖြည်းမှေးမှိတ်ထားလိုက်သည်။

"အား"

ဆတ်ခနဲ လွန့်လူးသွားရ၏။ အော်သံစူးစူးကြောင့် သူ့မျက်လုံးများ ပြန်ဖွင့်လာသည်။ ဖွင့်လာရုံသာမက ချာချာလည်အောင်ဆိုက်ကြည့်မိရ၏။ အလင်းပြာပြာ လိုက်ကာနှစ်စကြားက လရောင်။

သူ့အခန်းထဲမှာပါပဲ၊ အော်သံက အခြားတစ်နေရာမှ မဟုတ်၊ သူ့ရင်ထဲက ဖြစ်၏။ မျက်လုံးတွေ လေးလံစွာ ပြန်ပိတ်သွားကြ၏။

"မဆွဲနဲ့ လွှတ်… လွှတ် အား"

ဖျတ်ခနဲ မျက်လုံးတွေ ပြန်ပွင့်ရသွားပြန်သည်။ အလင်းပြာပြာလရောင်၊ ပြီး မှေးခနဲ။

"ငါ့ကို မဆွဲနဲ့ အား ငါ့ကို ဘယ်ခေါ်သွားကြမလို့လဲ"

အလန့်တကြားမဖြစ်ဖို့ သတိနှင့် စိတ်တင်းထား၏။ မျက်လုံးများကို မပွင့်စေတော့။ ပြန်မပွင့်စေတော့။

"အား… လွှတ် လွှတ်ကြစမ်း ငါ့ကို ဘယ်ခေါ်သွားကြမလို့လဲ"

အသံမဟုတ်သော အသံ၊ အကြားမဟုတ်သော အကြား။



www.burmeseclassic.com

www.burmeseclassic.com



"အား"

ဆတ်ခနဲ တွန့်၍ မျက်လုံးတို့ ပွင့်သွားသည်။

အမှောင်၊ ပိန်းပိတ်အောင် နက်ကျုတ်နေသော အမှောင်၊ လမိုက်ည တစ်ထောင် စုပြုံပြွတ်သိပ်နေသော အမှောင်။ ပိတ်လှောင်မွန်းကျပ်သည့် တခဲနက်သော အမှောင်ထု။

ထိုအိပ်မက်ထဲသို့ မလွန်ဆန်နိုင်စွာ သူကျရောက်သွားခဲ့ပြီ ပြီလား။

စကားပြောခွင့်မရှိ။ ရုန်းကန်ရန် အင်အားမရှိ။ အော်ဟစ်ငိုကြွေးရန် အသံမရှိ။ သူ့ခန္ဓာကိုယ်သည် အဆမတန်သေးငယ်နူးညံ့ကာ မိခင်ဝမ်းတွင်းမှ ကျွတ်လွတ်သွားကာစ ကလေးငယ်တစ်ယောက်လို။

ထို အိပ်မက်တွင် သူပါဝင်သရုပ်ဆောင်ရသည်။

သူ့ခြေလက်များသည် ကြမ်းရှနိုင်မြဲသော လက်နှစ်စုံ၏ ချုပ်နှောင်မှုကို ခံထားရသည်။ ခန္ဓာကိုယ်က အမှောင်လေဟာနယ်ထဲ လွင့်မျောနေရသည့်နှယ်၊ အတွယ်အတာမဲ့။ လက်လေးဘက်က ခပ်ကြမ်းကြမ်း ဆောင့်ဆွဲသယ်ဆောင်ရာနောက် လူးလွန့်ရုန်းကန်ရင်း ပါသွား၏။

သို့သော် သူ့ရုန်းကန်မှုမှာ မိကျောင်းတစ်ကောင်၏ ပါးစပ်ထဲမှ ကျူရိုးငယ်၏ ကွေးညွတ်ရုန်းကန်မှုသာသာ။

အမှောင်ကမ္ဘာထဲ အရှိန်ပြင်းစွာ ပစ်လွှတ်ကိုင်ပေါက်ခြင်း မခံရမီအထိ တသက်တငင်ငင်နှင့် ပါသွား၏။ ထို့နောက် ဆောက်တည်ရာမဲ့ လွင့်စင်ပြုတ်ကျသွားရတော့မည်။





လှပ်ခနဲ။

ထိုလက်များမှ လွတ်သည်နှင့် သူ အော်ဟစ်ဖို့ ကြိုးစားမိ၏။ အသံက ထွက်မလာ။ ဝင်သက်ထွက်သက်တို့ မမျှတစွာ ရှိုက်ကြီးတငင် အသက်ရှူနေရသည်။ အမှောင်ထဲမှာ လေမရှိဘူးလား။ သူ့အင်အားတို့ တစ်စစ ချည့်နဲ့လျော့ပါးလာ၏။

သူ့ခန္ဓာကိုယ်သည် မြောက်တက်လွင့်မျောနေသည်လား။ နိမ့်ဆင်းပြုတ်ကျလာသည်လား။ ဘာကိုမျှ မထိမိ။ ဘာမျှမရှိ။ ထို့နောက်...

ဒုတ်ခနဲ တိုးတိုက်သံနှင့်အတူ သူရပ်တန့်သွားသည်။ နာရီပေါင်းများစွာ တည်မှီရာမဲ့လာခဲ့ရာမှ ဆောက်တည်ရာရသွားသလို ခံစားရသည်။ အထိအတွေ့ကို သူစသိလိုက်ရသည်။

စွတ်စိုနူးညံ့မှု။

အထိအတွေ့နောက်မှ အကြားအာရုံကို ပြန်ရသည်။ တဖျောက်ဖျောက်နှင့် သူ့ထံပြေးဝင်လာသည့် အသံများ။ သူ့ခြေဖျားကို ဒုတ်ခတ်ထိပါးလာသော ရေ၏အထိအတွေ့။ သူကြားနေရသည်မှာ ရေလှိုင်းသံ။

အမှောင်ယံထဲသို့ အလင်းပြာပြာအချို့ မှုန်ဝါးဝါး ရောယှက်လာသည်။ သူ့ရှေ့တွင် ဖိတ်ဖိတ်နက်နေသည့် မြစ်တစ်စင်း။ အနက်ရောင်မှင်ရည် ပျစ်ချွဲချွဲများ ရွေ့လျားနေသလို လှိုင်းခုံးထိပ်ဖျားဆီမှ ဖျပ်ဖျပ်အလင်းကိုသာ မြင်ရသည်။ မြစ်၏ ဟိုမှာဘက်ကမ်းဆီမှ သူမမြင်ရ။ မြစ်ရေပြင်ပေါ်၌ ထုနှင့် ထည်နှင့် နေရာယူထားသည်က ပြာညစ်ညစ် မြူခိုးများ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမ်းမှ ထွက်လာသော သမ္ဘာန်ခတ်သံ ကျိုးကျို
ကျည်ကျည်ကို ကြားလိုက်ရသည်။ သူ့ကို ခေါ်ဆောင်ဖို့ လာကြပြန်ပြီ
တကျိုကျို လှော်တက်ခတ်သံက တဖြည်းဖြည်းနှင့် နီးကပ်လာ၏
လှေကိုမူ မမြင်ရသေး။

မြူနီးကန့်လန့်ကာ၏ နောက်ကွယ်မှာပင် ရှိနေသေးပုံရသည်
သူ့ကို ဘယ်အရပ်သို့ အခမ့္မခေါ်ဆောင်ကြဦးမှာလဲ။

ချောက်ချားစိတ်က အင်အားကို ဖြစ်ပေါ်စေ၏။ လှိုင်းဝ
မြေသား ကမ်းပါးရွံ့မြေဆီမှ အကြောက်အကန် နောက်ဆုတ်ရသည်
တက်ခတ်သံ တကျိုကျိုက မြူထုကို လွန်လာခဲ့ချေပြီ
သမ္ဘာန်သမားသည် မြူထုကိုပါ သူတစ်ပါတည်း တင်ဆောင်လာ
သလား။ မြစ်လယ်မှ မြူခိုးတို့ သမ္ဘာန်နောက်တွင် ကပ်လျက်လိုက်
သည်။

သူ့ရှုန်းကန်မှုက နေရာမရွှေ့နိုင်သေး။

လှိုင်းဝပ်သံတို့ ပိုစိပ်လာ၏။ ကျိုးကျိုးကျည်ကျည် တက်ခ
သံသည်လည်း ကျယ်သထက် ကျယ်လာလေပြီ။

ရှိုစု မဲ့စု အင်အားတို့ ဖျစ်ညှစ်၍ တွန်းထိုးရုန်းကန်ကြ
သည်။ သူ့ရှိရာဘက် ဦးတည်ရွေ့လျားလာသည့် မြူထုက မြစ်ချေ
ပေါ်မှ ကမ်းပေါ်ရောက်တော့မည်လို။

သူ ငိုကြွေးချင်သည်။

အော်ဟစ်ချင်သည် မရ။

လေးဘက်ထောက်၍ မြေပြင်ကို ကုတ်ခြစ်တွယ်ဖက် ရွေ
လျားကြည့်သည်။ ကမ်းပါးတစ်နေရာသို့ သမ္ဘာန်တိုက်သံကြားရသည်





သူ့အားကုန်အင်ခန်း ညှစ်ထုတ်၍ ကမ္ဘူးရှူးထိုး ပြေးတက်ရတော့
သည်။

သမ္ဘာန်ခတ်သံသည် ရပ်တန့်မသွားဘဲ သူ့နောက်မှ ထပ်
ကြပ်ကပ်ပါလာဆဲ။

ဖြူမှိုင်းသော မြူထုသည် သူ့အပေါ် ခုန်အုပ်တော့မည့်
အရွေ့ဖြူတပ်မကြီးနှယ်။

သူ အားကိုးတကြီး ကုတ်တွယ်ထားသည့် ရွှံ့စေးမြေပြင်မှာ
ညီး သူ့အားအင်ကို တဆစ်ဆစ်စုပ်ယူကာ ချည့်နဲ့စေ၏။

အလင်းရောင်၊ ပါးလျှပြာမှုန်သော အလင်းရောင်မဟုတ်။
အဖြူရောင်အလင်း။

သူ့မျက်နှာပေါ် ဝင်းခနဲ ထိုးကျလာသည့် အဖြူရောင်အ
လင်း။ ထိုအလင်းရောင်တန်းအား ကယ်တင်ရှင်အလား သူမော့
ကြည့်မိသည်။ ဆိုင်းရပ်ငုပ်ကွယ်နေသော သူ့ရင်ခုန်သံ သူပြန်ကြားရ
သည်။ အသက်ရှူရခြင်းသည်လည်း ချောင်လည်လာ၏။ မိန္တာနယ်
မှ သူလွတ်မြောက်တော့မည်လား။ လွတ်မြောက်တော့မည်လား။

မရဏာကမ်းပါးသို့ တလိပ်လိပ်တက်လာသော လှိုင်းလုံး
များကို သူတွေ့လိုက်ရသည်။

အသံစ်ဖြစ်တည်လာသော ရင်တွင်းမှ အင်အားတို့နှင့် ထို
နေရာမှ ခုန်ထွက်လိုက်၏။

ဝုန်းခနဲ ရောက်ရှိလာသော အနက်လှိုင်းလုံးကြီး၏ ရေမှုန်
များတို့က သူ့ခြေထောက်များကိုသာ မီတော့၏။ အားစက်



www.burmeseclassic.com

www.burmeseclassic.com



ခွဲကိုသော မရဏာမြစ်ရေ၏ အထိအတွေ့ကို ခြေထောက်အရေပြားမှ တဆင့် သိရှိခံစားလိုက်ရသည်။

အဖြူရောင် အလင်းတန်းထဲ သူရောက်ရှိသွားလေပြီ။

ယမတမန် သမှာန်သမား၏ လှော်တက်ခတ်သံသည်လည်း ဝေး၍ ဝေး၍ ကျန်ခဲ့လေပြီ။

ကယ်တင်ရှင်အလင်းဖြူသည် တဖြည်းဖြည်း ဖျော့မှိန်ခဲ့ပြီ ဖြစ်သည်။

နာရီပေါင်းများစွာ မိန်းမောနေပြီးနောက် အဖြူရောင်အလင်း တန်းသည် သူ့ကို ကျောခိုင်းထွက်ခွာသွားတော့၏။

ပြာလဲ့မှုန်ရီသော အလင်းနုနုတို့ လွှမ်းခြုံရစ်သိုင်းထားသည့် နေရာတွင် သူကျန်ရစ်ခဲ့သည်။ မှန်ပြတင်း၏ လိုက်ကာနှစ်လွှာကြား တွင်။

သူမြင်နေကျ လရောင်။

ပြဇာတ်ဆန်သော အိပ်မက်ဆိုးမှ နိုးထလာတိုင်း သူ ပထမ ဆုံး မြင်တွေ့ရတတ်သည့် လရောင်။

တံတောင်နှစ်ဖက်ကို အားပြု၍ သူ့ကိုယ်သူ လျှောတိုက် ထူထောင်လိုက်သည်။ ခေါင်းအုံးကို ခေါင်းရင်းနံရံတွင် ထောင်၍ မှီဖျော့ထိုင်ချလိုက်၏။ နေသားတကျဖြစ်ကာစတွင် သက်ပြင်းမောတစ်ခု အမှတ်တမဲ့ လွတ်ကျသွားသည်။

တမောလျှလျှ သက်ပြင်းသံသည် ကြမ်းပြင်ပေါ်တွင် နှစ်ခြမ်း ကွဲသွား၏။ တစ်ဝက်သည် သူ့ကိုယ်တိုင်အတွက် ဖြစ်မည်ဆိုလျှင် ကျန်တစ်ဝက်သည်။





အဝေရာဟုသာ သူ့ကို အသိပေးထားသည့် ညွှန်းဆိုသော နီးကလေးအတွက်များ ဖြစ်မလား။

"နင်ပြောသလိုပါပဲ ညွှန်းရယ်၊ ငါက တမလွန်က လာတဲ့ သူပါ"

❐ ❐ ❐

အဲဒီတုန်းက

ငါ့အသက်က သုံးနှစ်သာသာပဲ ရှိဦးမယ်။ လူ့လောကထဲကို ာက်လာခဲ့တာ ရက်ပေါင်းတစ်ထောင်မှာ တစ်ရာမစွန်းတတ်သေး ။ ဒီလို အိပ်မက်ဆိုးကို ပထမဆုံး စမက်ခဲ့ရတဲ့ အရွယ်ပေါ့။

အမှောင်ကမ္ဘာရဲ့ တမန်တော်တွေက ငါ့ကို အတင်းအဓမ္မ ဆောင်သွားပြီး မရဏာမြစ်ကမ်းပါးမှာ ပစ်ချခံရတယ်ဆိုတဲ့ အိပ် မျိုးလေ။ ကူးတို့လှေနဲ့ တစ္ဆေဖြူတွေကို ငါလွတ်မြောက်ခဲ့ပေမယ့် ရေက ငါ့ခြေထောက်ကို စိုထန်းသွားစေခဲ့တယ်၊ အလင်းဖြူဖြူဟာ ဆီအရောက်နောက်ကျခဲ့တာကိုး။

ဒီလို အိပ်မက်ဆိုးမျိုး မက်ပြီးတာနဲ့ တစ်ခုခုဖြစ်တော့မယ် တာ ငါ့အတွေ့အကြုံအရ ငါသိနေပါပြီ။ ဒါပေမဲ့ အဲဒီတုန်းက ဆုံးမက်ခဲ့ရတာလေ။ ပြီးတော့ ငယ်ကလည်း ငယ်သေးတယ်။ တ်လန့်ချောက်ချားသွားဖို့နဲ့ ငိုယိုပြီး နိုးထလာဖို့ပဲ ငါသိခဲ့တယ်။ မှမတွေးတတ်ခဲ့ဘူး။ အဲ့ဒီမနက်မှာ ငါ့ကို မွေးစားစောင့်ရှောက်ခဲ့ အမေတစ်ယောက်ကို ငါထာဝရ ဆုံးရှုံးခဲ့ရတာပဲ။

ငါ့ ငိုသံကြားတော့ အမေဟွားက အပြေးအလွှားရောက်လာ



www.burmeseclassic.com

တယ်။ အိပ်ရာထဲမှာ ပက်လက်ကလေး မှိုက်ရှိနေတဲ့ ငါ့ကို အမေ တသသ ငေးရှိုပြီး ချော့မြှုံခဲ့တယ်။ ဘာကြောင့်များ ငိုနေရတာလဲ လူက လေးရယ်လို့၊ ငါ မဖြေတတ်ခဲ့ဘူး။ တစ်ခုခုကို ငါကြောက်နေပေမယ့် ဘာကိုမှန်း မသိဘူး။ အိပ်မက်ကို ပြန်မပြောတတ်ဘူးလေ။

အမေမှာက ငါ အငိုတိတ်အောင် မချော့နိုင်တာနဲ့ သူ့ ပန်းပေါ်မှောက်လျက်ကလေး ငိုရှိုပြီး မဆိုတတ် ဆိုတတ်နဲ့ သီချင်း ဆိုပြတယ်။ ငါက ငိုတုန်းပဲ။ နောက်တော့ ငါ့ကို ငိုက်အောင် ငို နေတယ်ထင်ပြီး ထမင်းကျွေးဖို့ ပြင်တယ်။ ဆွမ်းတော်တောင် မတင်ရ သေးတဲ့ ကျက်ကာစ ထမင်းအိုးကို ငါ့အတွက်နဲ့ ဖိတ်လေပြီး လက်ရဲ့ ဒီအတိုင်း ချွဲလုပ်မိတယ် ထင်တာပဲ။

အမေကြီး ပုတယ်လို့ ငါတစ်ခွန်းပြောမိတယ်။

ဟေး ပုတာပေါ့ သားရဲ့၊ ပုပုနွေးနွေးလေးကို အမေတွေး ဖူမှုတ်ပြီး ကျွေးမှာပေါ့။ ထိုကလေးလည်း ထမ်းပေးမယ်၊ သားကြိုက် တယ် မဟုတ်လားလို့ ငါ့ကို ပြန်ပြောတယ်။

ငါကတော့ ပုတယ်ဆိုတဲ့ စကားတစ်ခွန်းပဲ ထပ်တလဲလဲ ပြောနေမိတယ်။ ငါမှတ်မိသလောက်ပြောရရင် အဲ့ဒီတုန်းက ငါ့မျက် စိထဲမှာ မီးတွေကိုချည်း မြင်နေရတာ။ ငါ့ပတ်ဝန်းကျင်မှာ မီးတွေ တဟုန်းဟုန်းတောက်နေသလိုပဲ။ ငါလည်း ဘယ်လို ဘယ်လို အငို တိတ်သွားတယ် မသိဘူး။

အိမ်ကြမ်းခင်းကို ငုံကြည့်လိုက်ရင်လည်း အဲက အကောင်း မကာဘီ။ ငါ ငုံကြည့်တော့မှ ကြမ်းခင်းပါးကြမ်းတွေမှာ ဟုတ်ခနဲ မီးထတောက်တယ်။ ရေနံချေးဝနေတဲ့ ငါးထိန်တွေကလည်း မော





ကြည့်လိုက်တော့လည်း မီးများတွေ တဖျားဖျား မြွတ်ကျသောတာ မြင်ရတယ်။

အဲလိုလိုနေရင်း ငါ့မှာ မီးလောင်တိုက်ထဲ ရောက်နေသလို ပူလောင်လာတယ်။ အမေမှာ့ကိုလည်း ပူတယ် ပူတယ်လို့ပဲ ပြော တတ်တယ်။ ဘာမှ မသိရှာတဲ့ အမေမှာခမျာ ငါပြောတိုင်း ထမင်း ဆုပ်ကို တလေလေကို မအေးအေးအောင် တရှူးရှူး မှုတ်ပြီးမှ ခွံ့ရှာပါ တယ်။

နောက်တော့ မီးတွေ မီးတွေလို့ ငါပြောနိုင်လာတယ်။ အမေမှာက ငါပြောတာကို နားမလည်ဘူး။ ထမင်းခွံ့လို့ ပြီးတော့ အမေငယ် ဈေးကပြန်ရောက်လာတာနဲ့ ငါ့ကို အမေငယ်ရဲ့ လက်ထဲ အပ်ပြီး အမေမှာက မီးဖိုထဲ ဝင်သွားတော့တာပဲ။

အဲဒီမှာ ငိုလက်ထဲ အမေမှာရဲ့ ဘီးကလေးက ဘယ်လို ကျန်ခဲ့သလဲ မသိဘူး။ အမေမှာကလည်း ချက်ချင်းပြတ်ဖို့ လောနေ တော့ မေ့ကျသွားတဲ့ သွားထဲကုံးကို ဘီးမပါဘဲ အလွယ်ပြန်ထုံးပြီး ထွက်သွားတယ်လေ။ အမေငယ်ရဲ့ လက်ထဲမှာ ဘီးကလေးကို ကိုင်ရင်း ငါကျန်ခဲ့တာပေါ့။ ငိုတော့ မငိုတော့ဘူး။ ဘီးကို တဖျစ်ဖျစ်နဲ့ ခြစ်ပြီး ငါဆော့နေခဲ့မိတယ်။ ဘီးထဲတစ်ချောင်းတောင် ပျောက်ခနဲ ကျိုးသွားသေးတယ်။

ဆော့နေတော့ စပ်စိစိစိ ဘီးဆံလေးတွေကို ငိုလက်နဲ့ ခြစ်နေတဲ့ အသံဟာ တစ်မျိုးကြီးဖြစ်လာတယ်။ မီးတောက်တွေနဲ့ တယ်။

ခြောက်သွေ့မာကျွတ်နေတဲ့ လောင်စာတွေကို မီးလောင်တဲ့

www.burmeseclassic.com



အသံ။ တဖျစ်ဖျစ် တဖျောက်ဖျောက်နဲ့ အသံတွေဟာ အရမ်းကျယ်လောင်လာတယ်။ အမေငယ်ရဲ့ လက်ထဲမှာ ငါငြိမ်နေရာက အိမ်ရဲ့အမိုးအကာ ကြမ်းခင်းတွေကို ချာရပတ်လည်ပြီး ကြည့်မိတော့တယ်။

အိုး

အိမ်ကြီးတစ်ခုလုံးဟာ မီးဖိုထဲက ထင်းချောင်းတွေကို မီးညို့တွေ တရဲရဲနဲ့ တဖျစ်ဖျစ် တောက်လောင်နေပြီ။ ခေါင်တိုင်ကြီးတောင် ကျိုးကျသွားတာ တွေ့ရတယ်။ မြင့်မိုရ်ထရံချပ်ကြီးလည်း မီးတွေ တဟုန်းဟုန်းနဲ့ ပြုတ်ကျလာတယ်။

မီးပွားတွေ၊ မီးစွယ်တွေ၊ မီးကျီခဲတွေဟာ ငါ့ကို မထိမမှန်ပေမယ့် ပူကျွမ်းနေတာကို ငါခံစားရတယ်။

အမေ။

မီးတွေထဲမှာ။

ယိမ်းထိုးနေတဲ့ မီးစွယ်တွေကြားမှာ အမေကြီးလို့ ငါခေါ်တဲ့ အမေပွားကို ငါတွေ့လိုက်ရတယ်။ အမေပွားရဲ့ မျက်နှာဟာ ကြောက်လန့်သွေးပျက်ပြီး ငါမကြားရတဲ့ အသံနဲ့ တကြော်ကြော်အော်နေရှာတယ်။

အမေငယ်ရဲ့ လက်ထဲကနေ ငါ ချက်ချင်းလိုမ့်ထွက်ပြီး အမေပွားရှိတဲ့ မီးဖိုထဲ ငါလေးဘက်ထောက် ဝင်သွားမိတယ်။ အမေငယ်ကတော့ ဟဲ့လို့ တစ်ခွန်းတည်း လှမ်းအော်ပြီး အိမ်ရှေ့ခန်းမှာ ကျန်ရစ်တယ်။ ငါ မီးဖိုထဲရောက်တော့...

အမေပွားက ပြောင်းဖူးအစိမ်းတွေကို ပါးပါးလှီးချွတ်လို့ ငါ့ကို သူ့အနားမလာဖို့ ပြောတယ်။ မီးဆိုလို့ မီးဖိုထဲက မီးတောင် သေနေပြီ။ ဘာမီးကိုမှ ငါမတွေ့ရဘူး။





"အမေကြီး မီးတွေနော်"

"အေး အေး မီးတွေ သားလေး။ ဒီထဲက ပူတယ် သွားအငယ်မဆီ သွားနေနော် သွား။ အငယ်မရေ ကလေးကို မထိန်းဘဲ ဘာလို့ ဒီလွှတ်လိုက်တာလဲ ငါ့သားလေး ညစ်ပတ်ကုန်တော့မှာပဲ မီးဖိုထဲ မလာစေနဲ့"

"ကျုပ် မလွှတ်ပါဘူးတော်၊ တော့်သားက ကျုပ်လက်ထဲကနေ ဖလွှတ်ဆို ပြေးထွက်သွားတာ၊ လာ လာ သားရေ အမေငယ်ဆီလာ၊ အမေပွားက အားတာမဟုတ်ဘူး"

ဟုတ်တယ်။

ငါမြင်ချင်ရာ မြင်တာ။ ဘာတွေမှန်း မသိဘူး။ ငါပြောလည်း ပြောမပြတတ်ဘူး။ အမေပွားအတွက် စိုးရိမ်နေပေမယ့် ဘာမှမဖြစ်တာမြင်တော့ ငါလည်း အူကြောင်ကြောင်ဖြစ်ပြီး မီးဖိုထဲက ပြန်ထွက်ခဲ့ရတယ်။ ငါမြင်တာ ဘာလဲ ဘာကိုမြင်တာလဲ။

အဲဒီနေ့ ညနေပိုင်းရောက်တော့မှ ငါသိတယ်။

ငါတို့ တစ်အိမ်ကျော်က စလောင်တဲ့ မီးဟာ ငါတို့အိမ်ဘက်ကူးလာပြီး ငါမြင်ခဲ့ရတဲ့ မြင်ကွင်းအတိုင်း အကုန်ဖြစ်တော့တာပဲ။

အမေငယ်နဲ့ ငါက အိမ်ရှေ့က ဆိုင်ထဲမှာ ရောက်နေလို့ လွတ်သွားပေမယ့် အထဲမှာကျန်ခဲ့တဲ့ အမေပွားကတော့...

ငါ မနက်က အမေပွားရဲ့ ဘီးကလေးကို ခြစ်ရင်း မြင်ယောင်ခဲ့သလိုပဲ။ မီးစွယ်တွေကြား ငါတို့နဲ့ အဝေးကြီးမှာ အမေပွားရဲ့ မျက်နှာလေးကို ငါနောက်ဆုံး မြင်လိုက်ရတော့တာပဲ။ အဟင်း... ငါတွက်ထဲကတော့ ပြောကြတာပေါ့။ ငါ့ကို မွေးစားလို့ နိမိတ်ဘာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အမေမယ်ကလည်း၊ အမေမှားလို့ပဲ ငါ့ကို အရမ်းချစ်တယ်လေ။ မထူရက်၊ မခေါက်ရက်၊ မရိုက်ရက်နဲ့ ငုံထားမတတ်ချစ်ခဲ့တာ။

သူများပြောတာတွေ နားမထောင်ခဲ့ရှာဘူး။ အဲ့ဒီတော့ အကျိုးဆက်က ဆိုးသထက် ဆိုးတော့တာပေါ့။ ရုပ်ကွက်မှာတယ် ဘာညာပေါ့။

ဒီကလေးကို မစွန့်နိုင်ရင် မစွန့်နိုင်တဲ့လူကိုပဲ သူတို့အဝန်း အဝိုင်းကဝံ့နှ ရှုံ့ပစ်ရမှာပဲတဲ့။ ဒါနဲ့ပဲ ဆိုင်ကလေးပဲ ကျန်ခဲ့တဲ့ အမေမယ်ဟာ ငါ့ကို မွေ့ရှိုး မြို့ပြင်ကို ထွက်ခဲ့ရတော့တယ်။ မြို့ပြင်ဆိုပေမယ့် အဝေးကြီးကားလမ်းကြီး နံဘေးဆိုတော့ သိပ်မဆိုးဘူး၊ ပြောရမှာပေါ့။

ဒါပေမယ့် လူအသိုင်းအဝိုင်းရဲ့ အပြင်ဘက်ဆိုတာ

အပြင်ဘက်ပဲဟာ။

ငါက တမင်သွန်က လာခဲ့သူရဲ့ ရှတ်ခွဲရင်ကနေ မထော ထုတ်ခံရတာ ဆန်းတော့ မဆန်းပါဘူး၊ ဟုတ်တယ် မဟုတ်လား လေ။

"ဝေ" ဆိုသည့်စာလုံးကလေးကို မြည်းညွှင်းစွာရိုက်ပြီး ပုဒ်မချတဲ့ မေးလ် ကို အဆုံးသတ်လိုက်သည်။ သို့သော် မေးလ်ကို ပို့ဖြစ်မည် မပို့ဖြစ်မည်မှာ မသေချာ။

သူ့အ် တစ်ဦးတည်းသော သူငယ်ချင်းလေးက သူ့ကို Block မလုပ်သေးသည့်တိုင် တစ်ခါမှ အွန်လိုင်းပေါ်တွင် မတွေ့ရ တော့။ ထိုနားမည်ဝှက်လေးက အမြဲမှိန်လျက်။ စိတ်လိုလက်ရ သည့်အခါ ဖတ်လိုက ဖတ်ပါစေတော့ဟု သဘောထားလိုက်သည်။





"ချောက်"

"အဝေရေ မောင်လေး နိုးနေပြီလား"

"နိုးနေပါပြီ မေရဲ့"

"လေးလေးဆန်း… လေးလေးဆန်း"

သူ့ကို ရေချိုးပေးရန်နိုင်ရန် ဖြစ်မည်။ လေးလေးဆန်းဆိုသည် က ခက်နီးညီတစ်ဝမ်းကွဲ သူတို့နှင့် ဦးလေးတော်စပ်သည်။ သူ့လေးမှာ ဖွေ့ တစ်ဝက်လောက်ကို မညည်းမညူလုပ်ကိုင်ပေးခဲ့သူ တစ်ဦးတည်း ဖြစ်၏။

သည်ဘက်နှစ်တွေမှာ သူတို့မောင်နှမအတွက် တစ်ဦးတည်း သော အားကိုးရာမှာ လေးလေးဆန်းပင်။ သို့သော် လေးလေးဆန်း က ဘယ်တော့မှ လူကြီးသူမနေရာတွင် မနေ။ ခက်ဒီပုံကွင်းနဲ့သည့် အတိုင်းပင် အရိပ်ကြော ခရိုင်ဘာ။ ကုလော်လောင်ဘက်တစ်ဦးလို နေရှာ၏။

"မေ မနက်စာ ပြင်ထားပေးမယ်၊ ရေမြစ်ပြစ်ချိုးနော် မြို့က ကိုးနာရီခွင့်မှာ"

ကွန်ပျူတာလေးက စိတ်စာကို သုဒ့်ကြည့်ဖြစ်သည်။

"ပန်းဖြစ်ရှပ်ကြွင်း"

ဂရုပ်ဖစ်အတ်ရှိ။

မြဲ့နားမည်က နိဂုံးကလေး ဖြစ်၏၊ စိတ်စာပေါ်တွင် သူ့နာ မည်ကို ရေးထိုးထားသည်။ ဒီနိုင်းသေမာအချို့ ပူပေါင်း၍ မြဲ့ဝင် ခြင်းပင်။ အခါက မတည်ပုံပိုလှမှာ မမနှင့် ရေစဝ်ထားသည် သူ့ ဆောက်ဘောင်း ကိုရှုပ်ပြီး။



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ပြသသည့် အနုပညာသမားများတွင် ပရော်ဖက်ရှင်နယ်များပါသလို ဝါသနာရှင်များလည်း ပါ၏။ တချို့ဆိုလျှင် ဒီဖိုင်းသမား အဖြစ်ပင် ရပ်တည်ဖူးသူများ မဟုတ်ကြ။ နိုင်ငံတကာ ပြိုင်ပွဲများ၌ ယှဉ်ပြိုင်ဖူးသူ အချို့လည်း ပါသည်။

ထို့ကြောင့်လည်း ရသအနုအရင့်မျိုးစုံ ခံစားရလိမ့်မည်ဟု မျှော်လင့်ကာ မမကို လိုက်ပို့နိုင်းခြင်း ဖြစ်၏။ မမအနေနှင့်ဆိုလျှင် ကိုချမ်းငြိမ်း၏ ပြပွဲဖြစ်သည့်တိုင် သွားမည်မဟုတ်။

"မမ ကျွန်တော် ညက ဟိုအိပ်မက်ကြီး ထပ်မက်ပြန်ပြီ" လမ်းမှာ မမကို ပြောပြမိသည်။

"အလကား စိတ်အစွဲအလန်း မထားပါနဲ့ မောင်လေးရယ်"

"ဘာပဲဖြစ်ဖြစ် မမ ကျွန်တော့်ကို သတိထားပေးပါနော် ကျွန်တော် ဘယ်သူ့ပစ္စည်းမှ မထိချင်ဘူးနော် မမ"

"အေးပါ မမ သတိပေးပါ့မယ်"

မမဆီက သက်ပြင်းချသံသဲ့သဲ့ ကြားရသည်။ သူ့ကို အစွဲအလမ်းမထားဖို့ ပြောနေသည့် မမကိုယ်တိုင်လည်း တစ်နေ့ရက် စိုးရိမ်နေမည်ထင်သည်။

"ကောင်းကောင်းဆိုးဆိုး ဘယ်သူ့အကြောင်းမှ ကျွန်တော့်ခေါင်းထဲ မဝင်စေချင်ဘူး။ ကျွန်တော်မသိလိုက်လည်း ဖြစ်မယ့်ကိစ္စက ဖြစ်မှာပဲ"

မမက ပြုံးပြီး ခေါင်းညိတ်ပြ၏။ အပြုံးကတော့ လေးလေးပင်ပင် နိုင်လှသည်။

"ဟော… ဒီမောင်နှမ အချိန်တိကျလှချေလား။ စောစော





စီးစီးတော့ မလာဘူးကွာ၊ ကိုယ်က မနက်စာအတူစားမလို့ စိတ်ကူးနေတာ၊ ဒီနားမှာ ဂျပန်ဆိုင်လေးတစ်ဆိုင် ရှိတယ်။ မင်းတို့ကို စောင့်ရင်းနဲ့ ကိုယ်ပါ ငတ်သွားပြီ"

"ဘယ်သူက စောင့်ခိုင်းလို့လဲ"

"အေးပါဗျာ၊ ကိုယ့်အပြစ်နဲ့ ကိုယ်ပါပဲ ဟော့ မျိုးကျော် ဒီခဏလာစမ်း"

သည်နေ့တော့ လေးလေးဆန်းကို ထားခဲ့ပြီး မမကိုယ်တိုင် ကားမောင်းလာသည်မို့ သူဆင်းဖို့အတွက် အကူတစ်ယောက် လှမ်းခေါ်ပေးရသည်။

ဖွင့်ပွဲနေ့မို့လား မသိ။ ပြပွဲမှာ လူစည်နေသည်။ ဖိတ်ကြားခံရသည့် ပုဂ္ဂိုလ်များထဲမှ တစ်ဝက်လောက်က ရောက်လက်စနှင့်မို့ ဝင်ကြည့်သွားကြခြင်း ဖြစ်မည်။ ကျန်တစ်ဝက်က သတင်းယူမည့် စာနယ်ဇင်းသမားများနှင့် သူလို ဝါသနာအိုးတစ်ယောက် နှစ်ယောက်ပြီးတော့ မမလို တစ်ယောက်၊ နှစ်ယောက်။ ဝါသနာလည်း မပါ။ ကိုယ့်အလုပ်လည်း မရှိဘဲ ရောက်နေရသူတွေလေ။

"ရတနာ ခဏရပ်ပါဦး"

ကိုချမ်းငြိမ်းက မမကိုတားပြီး သူ့ရှေ့လာရပ်သည်။ သူ့ကို တစ်ခုခု ပြောချင်၍ သူ့ဝှီးချဲကို တွန်းပေးလာသည့် မမကို လှမ်းတားခြင်း ဖြစ်မည်။

"ညီ့ကို ကိုယ်တစ်ခါ ခွင့်တောင်းဖူးတယ်နော်"

"ဗျာ… ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ… ညီရဲ့ ကဗျာတွေထဲက တစ်ပုဒ်လောက် ကိုယ်သုံးချင်တယ်လို့လေ"

သူ သဘောပေါက်သွားသည်။ အစကတည်းက ပြပွဲနာမည်ကို ကြည့်ပြီး ကိုချမ်းငြိမ်းကို သူမေးချင်နေ၏။ ထိုနာမည်က သူ့ကဗျာတစ်ပုဒ်က ခေါင်းစဉ်၊ အတွေးချင်းများ တူနေသလားလို့ သူထင်ခဲ့မိ၏။

"ပြပွဲနာမည်လား ရပါတယ်၊ အစ်ကိုကလည်း ကျွန်တော်က ဂုဏ်တောင်ယူပါသေးတယ်"

"ဟို နာမည်တင်မကဘူး ညီရဲ့၊ ကဗျာရောပဲ လာ ကိုယ်ပြမယ်"

ကိုချမ်းငြိမ်းက သူ့ရှေ့မှ မမနေရာသို့ ရောက်သွားပြီး ခန်းမထဲသို့ တွန်းပေးလာခဲ့သည်။ ခန်းမထဲတွင် လူတစ်ရပ်ကျော်မြင့်သည့် ဘုတ်ပြားများကို ထောင်၍ စီရီထားခြင်းကို လမ်းကလေးတစ်ခုသဖွယ် တွေ့ရသည်။

ဝင်ဝင်ချင်း မျက်နှာချင်းဆိုင်မှာ ဘုတ်ပေါ်တွင် အိုဖိုင်းကားချပ်ကို မတွေ့ရ။

ပန်းဖြစ်ရပ်ကြွင်း
– ကိုယ့်ကိုကိုယ်
မပြိုလဲအောင် ထိန်းမတ်နေရတာနဲ့
ပန်းပွင့်အောင် မတတ်နိုင်ခဲ့ဘူးရယ်လေ…
– ကန္တာရက လူမို့
မိုးခါးရေဆိုလည်း ခံယူရဲပါရဲ့





ဒါပေမဲ့ကွယ်
– မိုးခါးရေနဲ့ ပွင့်မယ့်ပန်းကိုတော့
ချစ်သူမနမ်းဖြစ်အောင်
ကိုယ့်ကိုကိုယ် နွမ်းပစ်ရဦးမယ်။

"အား အစ်ကို ဒီကဗျာ အစအဆုံး ဘယ်လိုရတာလဲ"

"ညီ တစ်ခါက ရွတ်ပြဖူးတယ် မဟုတ်လား၊ အဲ့ဒီကတည်းက ခေါင်းစဉ်ရော၊ ကဗျာရော နားထဲမှာစွဲနေတာ ကိုယ်က မဖန်တီးတတ်ပေမယ့် မြတ်နိုးတတ်တယ်"

"တစ်ခါတည်းနဲ့ ဟုတ်လား"

"ကိုယ် ပြန်ပြီး ချရေးထားတာလေ မှန်တယ် မဟုတ်လား"

သူကျေနပ်စွာ ခေါင်းညိတ်မိသည်။ ကိုချမ်းငြိမ်းက ကဗျာတွင်ကော သူပြောဖူးသည့် စကားတစ်ခွန်းကိုပါ အလေးအနက် မှတ်မိနေပုံရ၏။ သူက ကဗျာအောက်မှာ လက်မှတ်ထိုးထားခြင်းနှင့် ရေးသူအမည်တပ်ထားခြင်းကို မနှစ်သက်ကြောင်း ပြောခဲ့ဖူးသည်လေ။

"ဒီကဗျာလေးကို ဖတ်ပြီး တွေ့သွားတဲ့လူတိုင်း…"

ကိုချမ်းငြိမ်းက စကားကို အဆုံးမသတ်ဘဲ ဝှီးချဲလ်ကို ဆက်တွန်းပေးလာသည်။ ထိုကဗျာဘုတ်ကို လမ်းနှစ်ခွအလယ်တွင် ထောင်ထားခြင်းပင် ဖြစ်သည်။ ကိုချမ်းငြိမ်းက လက်ဝဲဘက်သို့ ချိုးကွေ့ပေး၏။

"ဒီပန်းချီကားလေးကို တွေ့လိုက်ရလိမ့်မယ်"

ပန်းချီကားဆိုသော်လည်း ပုံရိပ်များကို ဝါး၍ စာသားအရေးကြောင်းကို ထင်းထင်းပြက်ပြက် မြင်စေဖို့ ရေးဆွဲထား၏။

www.burmeseclassic.com



- ဘဝက
ရေစုန်မျောဖို့ ဖြစ်လာရင်တောင်
- ကိုယ့်ကိုကိုယ်
ရေမျောကမ်းတင် ပန်းတစ်ပင် ဖြစ်စေချင်တယ်

စာသားနောက်ခံ ခပ်ဝါးဝါးပုံရိပ်ကလေးမှာ လှိုင်းကြပ်ခွပ်တို့ကြားမှ ဗေဒါပင်လေး ဖြစ်နေသည်။ နေရောင်ကို ပန်းပွင့်လို ပွင့်စေသည့် လှိုင်းနုံးထိပ်ကလေးများကြောင့် ကြယ်တွေကြားမျောနေသည့် ဗေဒါနှယ် မြင်ရသည်။ ရေပြင်ကို ကောင်းကင်ပြာနှင့် အနားသတ်ထားပုံက ပန်းပွင့်မည့် အရပ်ဒေသသည် ကမ္ဘာမြေပြင်မှာ မဟုတ်သလို ထင်ယောင်မိစေသည်။ ဗေဒါပင်တွင် အဖူးကလေးသာ တင်သေးသည်။ ကောင်းကင်အထိ ခရီးဆက်ပြီးမှ ပန်းပွင့်မည်လား...

"ဒါ ဘယ်သူ့ဒီဇိုင်းလဲ အစ်ကို"

"အဲဒါပြောတာပေါ့၊ ကဗျာချင်းနီးစပ်ရုံတင် မကဘူး၊ ညီနဲ့ အတွေးချင်းပါ နီးစပ်ပုံရတယ်၊ ဆိုင်းထိုးမထားဘူး တွေ့လာ အဲဒါကြောင့် ဒီအကွေ့လေးမှာ ထားတာ"

"ကျွန်တော့်ကို ရှေ့နည်းနည်းတိုးပေးပါ"

ပန်းချီကားဆီ လက်ကို ဆန့်တားထားရင်း ရှေ့သို့ တိုးပေးစေသည်။ စာသားများနှင့် သူ့လက်များတို့ ထိလုလု အနေအထားတွင်

"မောင်လေး"

"... ... ..."

"အဝေ မမခေါ်နေတယ်လေ"

"ဗျာ"





ဆတ်ခနဲ သူသတိဝင်သွားပြီး လက်ကို ပြန်ရုတ်လိုက်သည်။

"အစ်ကိုပဲ စုံစမ်းကြည့်ပေးပါ"

"ကိုယ်လည်း သိချင်နေတာပါပဲ"

ဗေဒါပင်ဆီ ငေးကြည့်ရင်း သက်ပြင်းတစ်ချက်စာ မှုတ်ထုတ်လိုက်မိ၏။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

"အဲဒီတုန်းက"

အမေက ငါ့အတွက်နဲ့ အလုပ်ဟောင်းကို စွန့်လွှတ်ပြီး ထမင်းဆိုင်လေး ပြောင်းဖွင့်နေခဲ့တာ တစ်နှစ်လောက်ရှိသွားပြီ။ … မြို့ကလေးမို့ ထမင်းဆိုင်ရဲ့ ရောင်းအားဟာ ကောင်းလှတယ် မ… ဘူး။ ချိုင့်ဆွဲစားမယ့် အဆောင်နေ ကျောင်းသူ၊ ကျောင်းသား… မရှိဘူး။ ပုံမှန်စားသုံးသူ အလုပ်သမား ဝန်ထမ်းတွေ မရှိဘူး။

ငါ့အတွက်တော့ ဟင်းကောင်းနေ့တိုင်းစားရတာနဲ့ပဲ အ… အလုပ်ထက် ဒီအလုပ်ကို ပိုသဘောကျမိတာပေါ့။ အဲ ဖောက်သည်… ဖြစ်နေတဲ့ လူတစ်ယောက်တော့ရှိတယ်။ ဘယ်သူရှိမလဲ။ ကိုဒိုး… ဆိုတဲ့ လူကြီးပေါ့။ သူ့အသက်က အမေ့ထက်အများကြီး ပိုကြီးပေ… သူများတွေခေါ်သလို ငါလည်း ကိုကြီးဒိုးလို့ပဲ ခေါ်တယ်။ ငါ့ကို… ရင် သူမှာရှက်နေရော၊ ငါကလည်း တွေ့တိုင်း ကိုကြီးဒိုး ကျွန်… အော်ငိုလိုက်ရမလားလို့ စမိတယ်။

ဘာပဲဖြစ်ဖြစ် အားလုံးနဲ့ အဆင်ပြေပြီး ငါတို့ဘဝလေး… ငြိမ်းချမ်းနေခဲ့တာပါပဲ။





အဲ့ဒီလို အချိန်မှာမှ ငါ့ဆီကို အနက်ရောင်အိပ်မက်ဆိုးဟာ အစ်ကျော့ပြန် ရောက်လာခဲ့တယ်။ အမေပွားမဆုံးခင်ညက မက်ခဲ့တဲ့အတိုင်း တထေရာတည်းပဲ။

အဲ့ဒီအိပ်မက်ကို ဒုတိယအကြိမ် မက်ပြီးတဲ့နောက်မှာ ကိုကြီးဒိုးတစ်ယောက် ဆိုင်ကို ပေါက်ချလာတယ်။ ထုံးစံအတိုင်း အမေ့နားမှာ ရစ်သီရစ်သီနဲ့ပေါ့။ ငါကလည်း အမေ့နားက ခွာတဲ့ကောင်မှ မဟုတ်တာ။ ငါ့အတွက် အမေဝယ်ပေးထားတဲ့ ဆုံလည်ခုံလေးပေါ်မှာထိုင်ပြီး စာအုပ်တစ်အုပ်နဲ့ ငြိမ့်နေတာ။ သူရောက်လာတော့ ထုံးစံအတိုင်း ငါက လှမ်းစမိတယ်။

ငါက စလိုက် နောက်လိုက်လုပ်နေတာနဲ့ သူမှာ အမေနဲ့ စကားကောင်းကောင်း မပြောရရှာဘူး။ သူက အရက်မသောက်တော့တဲ့အကြောင်း ဘယ်သူနဲ့မှ ရန်မဖြစ်တော့တဲ့အကြောင်းတွေ စကားစပ်… စမ်အောင်လုပ်ပြီး တဖွဲ့တနွဲ့ပြောပြချင်နေတာ။

"ဟာ… နေဦး။ အခုမှ သတိရတယ်၊ ဖိုးသားဆော့ဖို့ …တာယူလာသလဲ သိလား"

နောက်တော့ သူမနေနိုင်တော့ဘူး။ ဆိုင်ထောင့်က သူထိုင်နေကျ စားပွဲပေါ်မှာ တင်ထားခဲ့တဲ့ သူ့ရဲ့လွယ်အိတ်အစုတ်ကြီးထဲက …ခုခုသွားယူပြီး ငါ့လက်ထဲ လာထည့်ပေးတယ်။

အမှန်က ငါငြိမ်သွားမလားလို့ ကြိုးစားတာပါ။ ငါ့ကိုလည်း …နာလို မျက်နှာရပေါ့။ ငါဆော့ဖို့ယူလာတဲ့ ပစ္စည်းမှ မဟုတ်တာ။ …သိတာပေါ့။ သူယူလာတာက တာလီမှတ်တဲ့ စက်ကလေး။ အမေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူ ဆန်ပွဲရုံတစ်ခုကို ပါသွားတုန်းက ပွဲရုံအဝမှာရပ်နေတဲ့ လူကြီး တစ်ယောက်ရဲ့ လက်ထဲမှာ တစ်ခါတွေ့ဖူးတယ်။

သူများတွေက ဆန်အိတ်တွေ ပင်ပင်ပန်းပန်း ထမ်းပိုးပြီး ကားပေါ်ကနေ ပွဲရုံထဲ သယ်နေရတဲ့အချိန်မှာ သူက အဲ့ဒီဟာကလေး ကိုင်းပြီး ပွဲရုံဝမှာ တချောက်ချောက်နှိပ်နေတာလေ။ အမေ့ကို မေး ကြည့်တော့ အဲ့ဒါလည်း အလုပ်လုပ်နေတာပဲတဲ့။ သားလည်း ပညာ တတ်ရင် သူ့လို သက်သောင့်သက်သာ အလုပ်မျိုးကို လုပ်ပြီး သူများထက် ပိုက်ဆံပိုရလိမ့်မယ် ဘာညာနဲ့ ပြောပြခဲ့ဖူးတာ အမှတ်ရ သွားတယ်။

ဒါနဲ့ ငါလည်း တချောက်ချောက်နဲ့ လျှောက်နှိပ်ပြီး တစ် ယောက်တည်း မန်နေဂျာလုပ်တမ်း ဆော့နေခဲ့မိတယ်။

ကစားစရာမဟုတ်မှန်း သိပေမယ့် လူကြီးတွေ အလုပ်လုပ် တဲ့ဟာနဲ့ ဆော့နေရတော့ ပျော်တာပေါ့။ သူတို့ကိုလည်း မရှုပ်တော့ ဘူး။

အမေက ဘာပြောလိုက်တယ် မသိဘူး။ ကိုကြီးဒိုးက ကပျာကယာ ငြင်းလိုက်တဲ့ စကားတစ်ခွန်းတော့ ငါမှတ်မိနေတယ်။

"မဟုတ်ရပါဘူးကွာ၊ ကိုယ်က အခု ဘာသာရေးဘက် လိုက်စားဖို့ အသိတရားရလာလို့ပါ၊ မင်း ပြောပါများတာနဲ့ အရက် ပြတ်သွားပြီးတဲ့နောက် အရင်က ဆိုးခဲ့တေခဲ့တာတွေ ပြန်စဉ်းစားမိပြီး ကောင်းတာလုပ်ဦးမှာပဲလို့ တွေးမိတယ်။ ဟို ဘာတဲ့ ထိုင်တာ တရား တရား။ အဲ တရားထိုင်တာကို ဘယ်လိုခေါ်ပါလိမ့်။ ဟို ဝိ ဝိပ





အာ ကားပါတော့ အဲဒီလောက်ထိ မရသေးရင်တောင် ဘာလဲ ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်မလို့ ဟဲ ဟဲ"

ငါက သိပ်နားမလည်ခဲ့ပေမယ့် ဆိုင်ထဲရောက်နေတဲ့ ဧည့် သည်နှစ်ယောက်ကတော့ အသံမထွက်ဘဲ ရယ်နေကြတာတွေ့တယ်။

အဲ့ဒီအရွယ်တုန်းက ငါလည်း အမေသင်ထားသလောက်နဲ့ ဂဏန်းတွေကို ဖတ်တတ်နေပြီလေ။ ချောက်ခနဲ တစ်ချက်နှိပ်လိုက် ပြောင်းသွားတဲ့ ခုဂဏန်းနေရာမှာ ပေါ်လာတာကို အော်ဖတ်လိုက်တာ နဲ့ ဟုတ်နေတာ။

"ဆဲဗင်း ခုနစ်၊ ကိုကြီးဒိုး ဆဲဗန်း ပြီးတော့ ဘာလဲ"

"အလဲဗန်း နေမှာပေါ့၊ အဲ မဟုတ်ပါဘူး။ အိတ်တ် အိတ်တ် ရှစ် မှတ်ထား"

"အိတ်တ် အိတ်တ် ပြီးတော့ရော"

"အိပ်ပြီး စားကွာ၊ စားပြီး ပြန်အိပ်နေ"

"စားပြီး ပြန်အိပ်လို့ မရဘူးဗျ။ နေ့ခင်းကျ အမေက ပွဲ ဈေးလိုက်ပို့ပေးမယ်လို့ ပြောထားတယ်နော် အမေငယ်"

"ဟာ… ဟုတ်လား။ ကိုယ်လည်း အဖော်မရှိတာနဲ့ ပွဲ တော်ရက်တောင် ဘုရားကို မရောက်ဖြစ်ဘူး။ ဖိုးသား ကိုကြီးဒိုးကို ရောခေါ်မှာ မဟုတ်လား"

"မုန့်မုန့်တွေ ဝယ်ကျွေးမှာလား"

"အာ ကျွေးမှာပေါ့"

"ရုပ်ရုပ်ရော"

"ဝယ်ပေးမှာပေါ့ ဖိုးသားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လိုက်ခဲ့"

ဒါကို အလိုလိုက်တဲ့သူမို့ ငါလည်း ခင်သွားတယ်။ သူစိတ်ပြောင်းမသွားအောင် ငါဘယ်လိုနေပေးရမယ်ဆိုလည်း ငါသိတယ်လေ။

ထိုင်ခုံလေးကို ချာရပတ်လှည့်ထိုင်ရင်း တာလီခလုတ်ကို တချောက်ချောက်နှိပ်ပြီး ဆော့နေလိုက်တယ်။

"ချောက်... ချောက်... ချောက်"

"ဟင်"

"ချောက်... ချောက်"

ခလုတ်တွေ တချောက်ချောက် နှိပ်နေပေမယ့် ဖန်မျက်လုံးထဲမှာ ဂဏန်းတွေကို မမြင်ရတော့တဲ့ အံစာတုံးတွေ လိမ့်သွားတာကို မြင်နေရတယ်။

"တစ်... တစ်... တစ်ကွ၊ တစ်သုံးလုံး"

ဘယ်သူအော်လိုက်မှန်းမသိတဲ့ အသံ။ ငါခေါင်းထောင်ကြည့်ပေမယ့် ဘာကိုမှ ကောင်းကောင်းမမြင်ရဘူး။ ငါလှည့်ထားတဲ့အရှိန်ကြောင့် ထိုင်ခုံက ဆက်ပြီး လည်နေတုန်းပဲ။

"ဟာ... သွားပြန်ပြီကွာ၊ တစ်သုံးလုံးကို အသေအချာ မြင်လိုက်ရရဲ့သားနဲ့"

"ကဲ လာထားနော်၊ ရပ်ကြည့်လို့ အမြတ်မရှိဘူး။ ချောင်းကြည့်ရင် အညောင်းမိသွားမယ်၊ ထိုးကြည့်မှ အကျိုးရှိမယ်ဗျာ"

လူတွေအများကြီးဝိုင်းအုံခဲနေတဲ့ နေရာက အဲ့ဒီအသံတွေ ထွက်လာလို့ ငါတွေ့လိုက်ရတယ်။ တဟေးဟေးနဲ့ ဆူညံအုံခဲနေတဲ့





လူတွေ။ မတ်တပ်တွေရော၊ ငုပ်တုပ်တွေရော၊ သူတို့ကြားမှာ အကျအနထိုင်ပြီး အံစာခေါက်နေတဲ့သူက အသံအကျယ်ဆုံးပဲ။

"ဟော အသစ်တစ်မျိုးနဲ့ တစ်တိုးပြီး နှစ်ကိုးလီဆယ့်ရှစ်ဆယ့်ရှစ် ခြောက်သုံးလုံးပါတဲ့ ခင်ဗျာ"

"တောက်... ဒါ သက်သက်လိမ်စားတာပဲကွ"

"ဟုတ်တယ်၊ ငါအသေအချာ ကြည့်ထားတာ ခြောက်တစ်လုံးမှ မပါဘူး"

"သူလည်လို့ သူလုပ်တာပဲ ခံပေါ့"

"ဟာ ခံလို့ရမလား၊ ပိုက်ဆံကွ ပိုက်ဆံ၊ စက္ကူတွေ မဟုတ်ဘူး"

"ကဲ... လာထားနော်၊ ဆူနေရင် ဘူတွေပဲ ထိမယ်၊ အော်လို့ကတော့ လျော်ဖို့မရှိဘူးနော်"

တဖြည်းဖြည်း ငါ့မြင်ကွင်းထဲမှာ လူတွေ ပိုများလာတယ်။ ရုတ်ရုတ်သဲသဲလည်း ပိုဖြစ်လာတယ်။ ထိုးသားတွေထဲမှာ ငုတ်တုပ်ထိုင်နေတာ တစ်ယောက်မှ မရှိတော့ဘူး။

"လေးကွာ"

"နှစ်ကွာ နှစ် နှစ်"

"လာထားနော် ထိုးကြည့်မှ အကျိုးရှိမယ်"

"လေးကွာ"

"ငါကတော့ နှစ်ဟေ့"

"ဟား အတွေးသစ်နဲ့ လေးနှစ်တွေချည်းပါလား။ ဘေ့သား ဘာလဲကွ ပြ"

•



www.burmeseclassic.com

"ဟာ"

တစ်ဦးတစ်ယောက်တည်းဆီက အာမေဋိတ်မဟုတ်တဲ့ တစ်ရုံတစ်ခုလုံး တပြိုင်နက် ဟာခနဲ ဖြစ်သွားတော့ ဝိုင်းဘေးကလူတွေ အနီးအပါးကလူတွေပါ အစားဝိုင်းဆီ အာရုံရောက်ကုန်တယ်။

"အာ ဒီကောင် လူလိမ်ကွ"

"လိမ်ရင် ရိုက်ကွာ"

"ဟော… ဟော… ဟော လူတွေ"

"ဘုန်း၊ ဘုန်း"

မြင်ကွင်းတစ်ခုလုံး ဝရုန်းသုန်းကား။ တွန်းထိုးကန်ကျောက်နေသူတွေ၊ ထွက်ပြေးသူပြေး၊ လိုက်သူကလိုက်၊ အော်သူကအော်၊ အော်သံတွေထဲမှာ ငါ့အနီးကပ် ပီပီသသကြားလိုက်ရတာက ကိုကြီးနိုးရဲ့ အသံ။

"ပြေး… ပြေး ကလေးကို ငါခိုးမယ် မင်းလွတ်အောင်ပြေး"

"ရှင်"

"အား"

"ဟာ ကို… ကိုကြီးနိုး"

"ဟေး"

တဘေးဘေးဆောဆော ပြန်ထူးသံက ငါ့မျက်နှာရှေ့တည့်တည့်က ပေါ်လာတာ။ ကိုကြီးနိုးက ရှာရပတ်ရမ်းနေတဲ့ ငါ့လက်ကို ဆတ်ခနဲ ထိန်းပေးပြီး ပြန်ထူးလိုက်တာ။

အစားဝိုင်းတွေ၊ လူတွေ၊ ရိုက်နှက်အော်ဟစ်သံတွေ ဘာမှ မရှိတော့ဘူး။





"ရန်… ရန်မဖြစ်နဲ့"

"ဟော ငါဘယ်မှာ ရန်ဖြစ်လို့လဲ"

ကိုကြီးနိုးတစ်ယောက် ငါ့စကားကြောင့် ကြောင်သွားပုံရတယ်။

"ဟို… ဟို ရန်ဖြစ်တဲ့လူတွေ… ရန်ဖြစ်တဲ့လူတွေ"

"ရန်ဖြစ်တဲ့လူတွေ ဘာဖြစ်လဲ"

"သူ… သူတို့နားလည်း မသွားနဲ့"

"ကြည့်… ဖိုးသားက ပွဲခင်းကိုလိုက်ဖို့ စည်းကမ်းတွေ ထပ်ထုတ်နေတာကိုး"

ကိုကြီးနိုး ငါ့ခေါင်းကို ဖွဖွပုတ်ရင်း ပြုံးတယ်။

"မုန့်လည်း ဝယ်ကျွေးမယ်၊ အရုပ်လည်း ဝယ်ပေးမယ်၊ ရန်ဖြစ်တာလည်း မကြည့်ဘူး၊ ရန်လည်း မဖြစ်ဘူး၊ ဟုတ်ပြီလား၊ ဒီတော့ ပေါ်မှာလား"

ငါ ခေါင်းညိတ်ဖို့ပါ မလုပ်မိဘူး။ သူ့ကိုပဲ မျက်လုံးအဝိုင်းသားနဲ့ စိုက်ကြည့်နေမိတယ်။

နောက်တော့ အမေဝယ်က ငါ့ကို ရေချိုးပေးပြီး ထမင်းခွံ့ကျွေးတယ်။ ပွဲတော်ကို သွားဖို့ လှလှပပဖြစ်အောင် ပြင်ဆင်ပေးတယ်။ ဆိုင်စုံပေါ်မှာ ရှာရပတ်လည်နေတုန်းက မြင်ယောင်သမျှကို ငါမေ့သွားပြီး ပွဲခင်းကို ပတ်ရတော့မယ်ဆိုတော့ ငါပျော်နေပြီလေ။

ညနေတော့ ကိုကြီးနိုးလည်း ရောက်လာတယ်။ သုံးဆောင် မြို့ကြီးက စောင်ကော်လာအကျီအဖြူ ယောလုံချည်အကွက်နဲ့ ဆိုတော့ ငါတောင် ရယ်မိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဝေးဝေးလံလံသွားရတဲ့ အခါတွေမှာ အမေငယ်က ငါ့ကိုတောင် မချီနိုင်တော့ဘူး။ ငါက လူကောင်ကြီးလာပြီလေ။ ကိုကြီးဒိုးပဲ တစ်လမ်းလုံး ကျောပိုးပေးလာတယ်။ ပွဲခင်းရောက်တော့ ငါ့ပါးစပ်က ထွက်သမျှ မုန့်နာမည်တွေရအောင်ရှာပြီး ဝယ်ကျွေးတယ်။ ငါလက်ညှိုးညွှန်သမျှ အရုပ်တွေကိုလည်း ဝယ်ပေးတယ်။ အလို လိုက်လွန်းလို့ အမေငယ်တောင် တားယူရတဲ့အထိ။

ပွဲခင်းထဲတစ်ပတ် ပတ်ပြီး ဘုရားပေါ် တက်ခဲ့ကြတယ်။ ဘုရားရှေ့မှာ ငါဒူးတုပ်ရှိခိုးနိုင်ဖို့ အမေငယ်နဲ့ ကိုကြီးဒိုးက နှစ်ဘက် ဝိုင်းထိန်းပေးကြရတယ်။

ဘုရားပေါ်ကဆင်းတော့ ပွဲခင်းကို ငါက ထပ်ပတ်ဖို့ ပူဆာလို့ တစ်ပတ်ထပ်ပို့ ပေးကြရတယ်။ နောက်ဆုံး ဆိုင်တန်းတွေကြားက အထွက်မှာ လူအုပ်ကြီးနဲ့ သွားတိုးပြီး ငါတို့ လမ်းပိတ်သွားတယ်။

"ဘာတွေပါလိမ့် ကျွန်မတို့ အလာတုန်းက မရှိပါဘူး"

"ဟိုဘက်က ပြန်ပတ်နေရရင် ဝေးပါတယ်၊ သူများတွေလည်း တိုးဝှေ့နေကြရတာပဲ၊ လာ ဟိုနားမှာ တစ်ယောက်ချင်းတိုးလို့ရမယ့် နေရာရှိပုံရတယ်"

ကိုကြီးဒိုးက ဆိုင်ခန်းတစ်ခုရဲ့ မိုးကာဖျဉ်ကို လှပ်ပြီး လူတွေ တိုးဝှေ့ဝင်ထွက်နေတဲ့ နေရာကို မေးငေါ့ပြတယ်။ အရုပ်မျိုးစုံ ချိတ်ဆွဲထားတဲ့ အောက်ကနေ ဖြတ်ပြီး ဆိုင်ရဲ့ ဘေးအကာကို လှပ်သွားရမှာ။ ဒါနဲ့ ငါ့ကို ကျောပိုးထားရာက ရင်ခွင်ထဲမှာ ပြောင်းချီလိုက်တယ်။

"လာထားနော် ဆူနေရင် ဘူတွေပဲထိမယ်၊ အော်လို့ကတော့ လျော်ဖို့မရှိဘူး၊ တိုးကြည့်မှ အကျိုးရှိမယ် လာထား"





"လေးကွာ"

"နှစ်ကွာ"

"ဟင်"

ပွဲတော်အဝင်ဝမှာ ပိတ်ဆို့နေတဲ့ လူအုပ်ကြီးဆီက လွင့်ပျံ့လာတဲ့ အသံတွေကြောင့် ငါထိတ်ခနဲ ဖြစ်သွားတယ်။

"ကိုကြီးဒိုး ရန် ရန်ဖြစ်တော့မယ်"

"မဖြစ်ပါဘူး ဖိုးသားရဲ့"

"ဖြစ်တော့မှာ သူတို့ရန်ဖြစ်တော့မှာ မသွားနဲ့"

"သားကလည်း မဖြစ်ပါဘူးဆို၊ ရန်ဖြစ်ရင် သူတို့ကို ဖမ်းမှာပေါ့"

အမေငယ်ကပါ ငါ့ကို ဝင်ပြောတယ်။ သူတို့လက်ခံအောင်ငါ မပြောနိုင်ခဲ့ဘူး။ ကိုကြီးဒိုးက ငါ့ကို ပွေ့ထားပြီး ရှေ့က ဦးဆောင်သွားတယ်။

"သူတို့ ရန်ဖြစ်တော့မှာ"

"မဖြစ်. . . "

"လိမ်ရင် ရိုက်ကွာ"

"ဘုန်း ဘုန်း"

ငါတို့တွေ အဲဒီဝိုင်းနဲ့ အရုပ်ဆိုင်ကြား တစ်ယောက်သွားစာရုံ ထမ်းကလေးမှာ ပိတ်မိသွားတယ်။ ဝိုင်းထဲက လူတွေ ဓရုန်းသုန်းကား ဖြစ်တာနဲ့အမျှ ဝင်ဆွဲသူဆွဲ၊ ပြေးသူပြေးနဲ့ အရုပ်ဆိုင်ပါ ပျက်လုဘတ်ဘဲ။

"ပြေး ပြေး ကလေးကို ငါချီမယ်၊ မင်းလွတ်အောင်ပြေး"



www.burmeseclassic.com

www.burmeseclassic.com



အမေယော်က ငါ့ကို စိတ်မချတာနဲ့ ကိုကြီးလက်ထဲက အတင်းဆွဲတယ်။ ကိုကြီးဒိုးက သူ့ကို တွန်းလွှတ်ပြီး ငါ့ကို ကျစ်ကျစ် ပါအောင် ပွေ့ဖက်ထားရှာတယ်။

"ဟာကွာ"

"ခွပ်"

"ဖောင်း"

ဘယ်သူရမ်းလိုက်တဲ့ တုတ်လဲ၊ ရိပ်ခနဲ ငါမြင်လိုက်ရတယ်။ အမှန်တကယ်က တုတ်ရဲ့ ဦးတည်ရာအရပ်မှာ အမေယော်က ကြောင် ပြီး ထီးထီးကြီးရပ်နေခဲ့တာ။ ဒါပေမဲ့ ဖောင်းခနဲ အရိုက်ခံလိုက်ရတာက အဲ့ဒီတုန်းက...

အင်္ကျီလေး ကိုကြီးဒိုးဆီမှာ ခုထိရှိဦးမလားပဲ။ အဖြူရောင် အတိုင်းတော့ ဘယ်ဟုတ်တော့မလဲ။ နောက်ကျောမှာ နီညိုရောင် အစက်အပြောက်တွေ အစွန်းအကွက်တွေနဲ့ ဖြစ်မှာပေါ့။ ချွတ်လို့ ရတဲ့တိုင်အောင် ပိုင်ရှင်က အဲ့ဒီ အစွန်းတွေ ချွတ်ဖို့ ဆန္ဒရှိဦးမှကိုး။

သည့်နေ့လည်း မသည်းမစဲသည့်မိုးက တစ်နေ့တာလုံး စိုးမိုးထားသည်။

တံစက်မြိတ်ဆီမှ မိုးသံဖျောက်ဖျောက်ကို နားစွင့်နေရင်းက သီချင်းတစ်ပုဒ်ကို တိုးတိုးညည်းနေရသလို သာယာ၏။ လိုက်ကာဖွင့် ထားသည့် မှန်ပြတင်းဆီမှ ကောင်းကင်ကို မော့ကြည့်မိသည်။ တိမ်ညိုတိမ်ညစ်တွေ ကုန်စင်တော့မည်လား။

သူ့အတွေး သူ့အာရုံထဲမှာ ညစ်ထေးမှုတချို့ကိုလည်း သည် လို တဖွဲဖွဲရွာချလိုက်ချင်စိတ် ဖြစ်မိ၏။





အခန်းထောင့်ရှိ ဗီရိုပုကလေးဆီ အာရုံရောက်မိပြန်သည်။ ဘယ်ဘက်ဘီးကို ခပ်တင်းတင်းဆုပ်ကိုင်၍ ညာလက်ဖြင့် ဖိတွန်း လိုက်၏။ ပြတင်းပေါက်ဆီ မျက်နှာမူထားရာမှ ဗီရိုကလေးဘက်လှည့် ပြီး ဖြစ်သွားသည်။

ဘီးတစ်လိမ့်စာပင် မရှိချင်သော အရပ်ဆီသို့ နှစ်ပေါင်းများစွာ ကြာအောင် သူသွားခဲ့ဖူးသည်။ ပြတင်းပေါက်ဘောင်ကို အားပြု၍ သူကိုယ်သူ မြှောက်ကြွကြည့်မိ၏။

ထိုင်ခုံခြေနင်းပေါ်မှ ခြေဖဝါးနှစ်ဖက် ပြုတ်ကျသွားသည်။ အေးစက်သော ကြမ်းပြင်၏ အထိအတွေ့ကို ခြေဖျားတို့က သိနေ သည်။

လက်နှစ်ဖက်၏ ဦးတည်ရာကိုသာ သွားခဲ့ဖူးသည့် ခန္ဓာ ကိုယ်သည် ခြေထောက်များကို မယုံကြည်သေး။

တစ်လှမ်း။

ထိုင်ခုံနှင့် သူအနည်းငယ် ကွာဟသွားသောကြောင့် ရင်ထဲ အားခနဲ ဖြစ်သွား၏။

နှစ်လှမ်း။

ခြေထောက်၏ ဘယ်အပိုင်းဆီကမှန်း မသိသော ထုံကျဉ် အောင့်အည်းသည့် ဝေဒနာက ဆောင့်တက်လာ၏။ ညွှတ်ခွေကျ တော့မည် ထင်သည်။ မျက်စိစုံမှိတ်၍ အားယူလိုက်သည်။

သုံးလှမ်း သို့ ခြေအကြွတွင်

ဘုန်းခနဲ ကြမ်းပြင်ပေါ်တွင် ခွေကျသွားတော့သည်။ မျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်ပြီးသား အခြေအနေဖြစ်၍ နာကျင်မှု သိပ်မဖြစ်အောင် ကာကွယ်လိုက်နိုင်၏။

"ဟင်း"

ဗီရိုက သူမျက်နှာရှေ့တွင် ရောက်နေပြီ ဖြစ်သည်။

ထုံးစံအတိုင်း တံတောင်နှစ်ဘက်နှင့် တွားတက်၍ ဗီရိုရှေ့သို့ ရွေ့လျားလိုက်ရသည်။ အမြဲတမ်း အောက်ခြေမှသာ ဖွင့်ခဲ့ပိတ်ခဲ့သော ဗီရိုတံခါးကို မှောက်လျက်သားဖြင့် အလွယ်တကူ ဆွဲဖွင့်လိုက်သည်။

အောက်ဆုံးအံထဲတွင် အညိုရောင်စက္ကူဘူးတစ်ဘူး ရှိသည်။ ထိုအံ၏ အပေါ်ဆင့်တွင် အသင့်တင်ထားပြီးဖြစ်သော ခေါင်းအုံးကို ထုတ်၍ ပက်လက်လှန်လိုက်၏။

လွန်ခဲ့သော နှစ်ပေါင်းများစွာနှင့်အတူ။

ဖြစ်ရပ်ပေါင်းများစွာ ပုံရိပ်ပေါင်းများစွာ မျက်ရည်အဖြိုး စကားသံပေါင်းများစွာတို့သည် 'ဘရေ'ခနဲ အံဆွဲဖွင့်သံတွင် လွင့်ပျံထွက်လာကြသည်။

အညိုရောင်စက္ကူဘူးရှည်တစ်ခု။

သူ ဖွင့်ကြည့်ဖို့ မလိုပါ။ ဖွင့်ကြည့်ရန် ထုတ်လိုက်ခြင်းလည်း မဟုတ်။

အထဲမှာ ဘာတွေရှိမှန်း သိနေသည်ပဲ။

သူကိုယ်တိုင် ထည့်ထားခဲ့သည့် ပစ္စည်းများ။

အကယ်၍ သူတစ်ပါး တစ်ယောက်ယောက်က သူမ[illegible] မသိအောင် လျှို့ဝှက်စွာ ထည့်ထားခဲ့သည့် ဆိုလျှင်တော့ [illegible]





ဘူးကို ရင်မှာပိုက်၍ ငြိမ်နေလိုက်သည့် တဒင်္ဂ၌ ပစ္စည်းအမျိုးအမည်တစ်ခုချင်းစီကို သူသိပြီး မြင်ပြီး ဖြစ်နေလောက်ပြီ။

၁။ ဆင်စွယ်ရောင်ဘီးတစ်ချောင်း။

၂။ စတီးလ်စစ်စစ် လက်နှိပ်တာလီမှတ်စက်ကလေး။

၃။ ... ... ...

❒ ❒ ❒



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

"အဲဒီတုန်းက"

အမေငယ်ရဲ့ ဗိုက်ကလေး ပူပူဆူဆူ ထွက်လာကာစ ရှိသေးတယ်။ ငါက အမေဘာလို့ ဝလာတာလဲလို့ မေးတော့ ငါ့ အတွက် ကစားဖော်မောင်နှမရအောင်လို့တဲ့။ ငါ့ကို ညီလေးလိုချင် လား။ ညီမလေးလိုချင်လားလို့ အမေငယ်က မေးခဲ့တယ်။ သူ ငါ့ ကို လက်ဆောင်ပေးမယ်တဲ့လေ။ ငါလား…

ငါက ညီလေးတွေ၊ ညီမလေးတွေ လိုချင်တာမှ မဟုတ်တာ အစ်မတစ်ယောက်လိုချင်ခဲ့တာ။ ဒါနဲ့ အမေငယ်ကို အစ်မပေးပါလို့ တောင်းခဲ့တယ်။ အမေက ရယ်တယ်၊ ငါက ငါးနှစ်ပြည့်တော့မယ်တဲ့ အခုမှ မွေးမယ့်ကလေးက အစ်မဘယ်လိုလုပ် ဖြစ်မှာတဲ့လဲ။ ငါက လည်း အစ်မဆို အစ်မပဲ။

"ဒီလိုမှန်းသိရင် သားမမွေးခင်ကတည်းက အမေငယ့်ကို ကိုကြီးဒိုးနဲ့ ယူခိုင်းတယ်"

"ဟား ဟား ဟား မင်း မမွေးခင်ကဆို မင်းအမေက ငါ့ကိုယူမှာတောင် မဟုတ်ဘူး"





"သား သိပါတယ်၊ အဲ့ဒီတုန်းက ကိုကြီးဒိုးက လူမိုက်ဆို"

"အေး… ထားပါတော့ကွာ၊ ဟား ဟား ဟား"

မဖြစ်နိုင်မှန်းတော့ ငါလည်း သိပါတယ်။ ငါက သူတို့နှစ် ယောက်ရဲ့ ဖူးစာရှင်လို့ ပြောပြောနေတာ။ ငါ အမြဲကြားနေရတာပဲ။ မနှစ်က ပွဲတော်မှာမှ ကိုကြီးဒိုးက အမေငယ်ရဲ့ မေတ္တာကို ခေါင်းတစ် လုံးရင်းပြီး ရခဲ့တာ မဟုတ်လား။ ငါးနှစ်သားပေမယ့် သူငယ်နှပ်စား တော့ မထင်လိုက်နဲ့ ငါက သိနေတယ်လေ။

"သားက အစ်မပဲလိုချင်တာ"

"အေးပါကွာ၊ မွေးလာတဲ့အခါ ဖိုးသားဘာသာ အစ်မခေါ် ခေါ်၊ ညီမခေါ်ခေါ် ကြိုက်သလိုခေါ် ဟုတ်ပြီလား"

"ဘာ… ယောကျာ်းလေး မွေးလာရင်ရော"

"အေး… ဟုတ်သားပဲ၊ မိန်းမရေ ဖိုးသားကို မင်းဗိုက်က လေး ပွတ်ခိုင်းကြည့်ပါလား"

"အို"

ငါ့အကြောင်းကို သူတို့လည်း ရိပ်မိတန်သလောက် ရိပ်မိနေ ပြီလေ။ ရန်ပွဲပြီးတဲ့နောက် ကိုကြီးဒိုးဆေးရုံကို ရောက်သွားသေးတယ်။ နှစ်ရက်၊ သုံးရက်ပဲ။ ငါနဲ့လည်း အရင်ကထက် ပိုရင်းနှီးသွားသလိုပဲ။ အမေငယ်ကွယ်ရာကျရင် သူက ငါ့ကိုမေးတယ်၊ ရန်ဖြစ်မှာ ဓါးဘယ်လို ကြိုသိတာလဲပေါ့။ ငါလည်း အမှန်အတိုင်း ပြောပြရင်းက အမေမွား တုန်းက အကြောင်းတွေအထိ ပါသွားတယ်။

အမေငယ့်ကို တအံ့တသြနဲ့ ပြန်ပြောပြတော့ အမေငယ်က ဘာပြောတယ် မှတ်သလဲ။



www.burmeseclassic.com

"ကျွန်မ ဒါကို အကဲခတ်မိနေတာ ကြာပါပြီ၊ ဒါပေမဲ့ ကိုယ်ဉာဏ်မမီတဲ့ ကိစ္စမို့ ဘယ်သူ့မှလည်း မပြောပြဘူး။ ကိုယ်တိုင်လည်း စမ်းသပ်မကြည့်တော့ဘူး။ ကျွန်မသားလေး နာမည်ပျက်မှာလည်း ကြောက်သလို နာမည်ကြီးသွားမှာလည်း ကျွန်မကြောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုတင်ထွတ်တို့က သုသာန်မှာမွေးတဲ့ ကလေးမို့သာ ပစ်ထားတာ အဲ့ဒီလို ထူးခြားတဲ့ကလေးမှန်း သိသွားရင် ပြန်လာခေါ်နေမှာစိုးလို့တော်ရေ့"

"ဟာ့ သူတို့ခေါ်ချင်တိုင်း ခေါ်လို့ရမလား၊ အစကတော့ ပစ်ထားပြီး"

"ဩော်... သူတို့က မွေးစားသားအရင်းအချာတော့ ကျွန်မက သူစိမ်း"

အမေငယ်က ငါ့ကို အဲသလိုချစ်တာ။

သူတို့ ရိပ်မိမယ်ဆိုလည်း ရိပ်မိစရာပဲ။ သူတို့ မညားခင်ကလည်း နှစ်ယောက်သား ငါ့ကို ချိုင်းက မြောက်ချီပြီး လမ်းလျှောက်ကျင့်ပေးကြတယ်။

ငါက မရမက ပူဆာလွန်းလို့ပါ။ သူတို့မှာ ငါနဲ့ အရပ်ညီအောင် ဝတ်တုပ်ကလေးတွေ ထိုင်ပြီး ငါ့ခြေထောက်တွေကို မရွှေ့ပေးကြရှာတာ။

ငါကတော့ သူတို့လည်ပင်းတွေ ဖက်ပြီး ကိုယ့်ကိုကိုယ် လမ်းလျှောက်နိုင်တော့မယ် ထင်တာပေါ့။

အဲ့ဒီမှာ သူတို့ကို ဘယ်ညာဖက်ထားရင်းက ငါဘာကို မြင်လိုက်ရသလဲဆိုတော့ ဘုန်းတော်ကြီးတစ်ပါးကို နှစ်ယောက်သား





ပြိုင်တူ ဦးချနေရင်းက ဘုန်းတော်ကြီးက ငွေခွက်ရယ်၊ သပြေခက်ရယ်နဲ့ သူတို့အပေါ် ဖျန်းပေးတာကို အမေငယ်တစ်ယောက် လန့်ပြီး ထအော်လိုက်တဲ့ ပုံရိပ်ကို ပီပီသသကြီး မြင်လိုက်ရတယ်။

"အမေတို့နှစ်ယောက် ယူတော့မှာလား" ဆိုတော့...

"အေး... ဖိုးသား ဘယ်လိုသိတာလဲ"လို့ ငါ့ကို ပြန်မေးတယ်။ သူတို့ဘာသာ ကြိတ်ပြီး စီစဉ်ခဲ့တာလေ။ ငါ့ကို နောက်မှ ပြောပြမယ်ပေါ့။ ငါလည်း သိတာမဟုတ်ဘူး မြင်တာလို့ပြောပြီး ငါမြင့်ယောင်သလို ပြန်ပြောပြတော့ ရယ်ကြတယ်။

မင်္ဂလာဦးဆွမ်းကျွေးတော့ အဲ့ဒီလို တကယ်ဖြစ်ရောလေ။

နောက်တော့ သူတို့မင်္ဂလာဆောင်တဲ့နေ့မှာပဲ သူတို့ရဲ့မင်္ဂလာခန်းကုံးတွေကို ငါကိုင်ပေးထားရင်းနဲ့ ငါတို့ဆိုင်ရှေ့က မကြာခဏပြုတ်သွားတတ်တဲ့ ကားအကြီးကြီးတွေ ငါတို့ဆိုင်ရှေ့ မရပ်စဖူးရပ်နေတာ တွေ့လိုက်ရတယ်၊ တွေ့လိုက်ရတယ်ဆိုတာ ဘုန်းကြီးကျောင်းပေါ်က မဆင်းရသေးဘူး။ ဆိုင်က မြင်ကွင်းကို တွေ့လိုက်ရတာမျိုး။

သူတို့ကိုပြောပြတော့ သဘောကျနေကြတယ်။

ကိုကြီးအိုး ရှိလာတော့ အမေက သူ့ဆိုင်ကို ညဘက်တွေပါ ဖွင့်တော့တယ်။ တစ်ခါတစ်ခါ မိုးလင်းပေါက်ပဲ။ ငါမြင်ယောင်ခဲ့တဲ့ ကားကြီးတွေလည်း ဆိုင်ရှေ့မှာ တန်းစီလို့။

အဲ့ဒီတော့

ဘယ်သူမှ မသိခဲ့ပေမယ့် သူတို့နှစ်ယောက်ကတော့ ငါ့ကို ယုံတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ငါလည်း အမေငယ်ရဲ့ ဗိုက်ပူပူကလေးကို ပွတ်သပ်ကြည့်မိတယ်။ ငါထင်ထားတာက ကလေးလေး တစ်ယောက်မြင်ရလိမ့်မယ်ပေါ့။

ဒါပေမဲ့ . . .

ငါ့ထက် လေးဆလောက်ကြီးတဲ့ ကောင်ကြီး။ အသက်ရော လူရော လေးဆလောက်ရှိမယ်။ ပြီးတော့ အဲဒီလူကြီးက ပြေးလာနေတာ ငါ့ဆီကို ပြေးဝင်လာသလိုမျိုး။ မျက်နှာက ရန်လိုတဲ့ပုံမပေါက်ပေမယ့် ငါ့မှာ အလန့်တကြားနဲ့ လက်ပြန်ရုတ်လိုက်ရတယ်။

"ဘာဖြစ်လို့လဲ သား"

"အမေ မွဲ့ မွဲ့"

"အေး... မွဲ့ ဟုတ်ပြီ၊ မွဲ့က ဘာဖြစ်လဲ"

"အမေ့လို မေးဖျားမှာမဟုတ်ဘူး။ ပါး ပါးပေါ်မှာ မွဲ့နဲ့"

"ဟာယ်"

"မွဲ့နဲ့ ယောကျာ်း"

ငါ ဘာဆက်ပြောရမှန်း မသိတော့ဘူး။ ငါမြင်တာက ယောကျာ်းကြီး၊ ကလေးငယ်ငယ်ကလေး မဟုတ်ဘဲနဲ့ ယောကျာ်းလေးလို့ ပြောရမှာလား။ ငါ ထစ်အ ထစ်အနဲ့ စကားရပ်သွားချိန်မှာ သူတို့နှစ်ယောက်က တဟားဟားနဲ့ သဘောကျနေကြပြီ။

"ယောကျာ်းလေးပေါ့၊ သား ညီလေးရပြီ မွဲ့က ဘယ်ဘက်ပါးမှာလား၊ ညာဘက်ပါးမှာလား"

"ညာဘက် နေဦး အမေ သား သားထက်သူက ကြီးတယ်"





"ဟင်"

"ဘာကြီးတာလဲကွ"

"ဟိုအသက်ရော ပြီးတော့ လူကောင်ကလည်း အကြီးကြီး"

"ဘယ်လောက်တောင် ကြီးလို့လဲ"

သူတို့နှစ်ယောက်လည်း ခေါင်းကုတ်၊ ငါလည်း ခေါင်းကုတ်နေရတယ်။ ဆိုင်ထဲမှာ လှည့်ပတ်ရှာတော့ ဝိုင်းတစ်ဝိုင်းမှာ ငါမြင်တဲ့ ကောင်လောက်ကြီးတဲ့ လူတစ်ယောက်ကို သွားတွေ့တယ်။

"သူ့လောက်"

"ဟော့... အဲ့ဒါ အသက်နှစ်ဆယ်လောက် ရှိနေပြီကွ"

သူတို့နှစ်ယောက် ဖဝေဖဝါနဲ့ ရယ်ကြပြန်တယ်။ ငါ့အပေါ် ကြည့်ထားသမျှလည်း နည်းနည်းချင်းစီ လျော့ပါးသွားပုံပဲ၊ ငါလည်း ဘာလုပ်ရမှန်း မသိဘူး။ မတတ်နိုင်ဘူးလေ။ အသားဖြူဖြူ မျက်ခုံးထူထူ ဆိုတာတောင် ထည့်မပြောလိုက်ရဘူး။

ဘာပဲဖြစ်ဖြစ် သာယာစိုပြေတဲ့ ကမ္ဘာတစ်ခုလိုပါပဲ။

အရင်ကထက် ပြည့်စုံလာပြီး အရင်ကထက် ပိုပျော်ဖို့ ကောင်းတယ်လို့ ခံစားလာရတယ်။

အဲ့ဒီ ညမှာပါပဲ။

ဟုတ်တယ် အမေ့ဗိုက်ကို စမ်းပေးခဲ့တဲ့ ညမှာပဲ။

အနက်ရောင်အိပ်မက်ရှည်ဟာ တတိယအကြိမ်မြောက် ရောက်လာခဲ့ပြန်တယ်။

ငါ ရုန်းကန်၊ ငါမောပန်း။ ငါချောက်ချား။ ငါပြေးထွက် ကြောက်လန့်၊ ငါနွမ်းနယ်၊ ငါ . . .



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်မှာ ဆိုင်ရှေ့ကို ကားတစ်စီးရောက်လာတယ်။ အမေ့ဖောက်သည်တွေ မဟုတ်သလို အမေ့ဆိုင်ကို အားပေးမယ့် ဧည့်သည်သစ်တွေလည်း မဟုတ်ဘူး။

သူတို့က

"ဟော… ကားသံကြားတယ် အစ်ကို၊ ကျန်တာတွေ နောက်မှလုပ်၊ တစ်ဝိုင်းစာရှင်းပြီး ပြင်ထားလိုက်၊ ရေနွေးကရား အရင်ချပေးထား"

"ဒါ ဒေါ်အငယ်မ ထမင်းဆိုင်လား"

"ဟုတ်ပါတယ် ရှင်"

ဆိုင်ထဲကို အရင်ဆုံးဝင်လာတဲ့သူက ဆိုင်ကိုလာနေကျ လူတွေ အားလုံးထက် သန့်ပြန့်ပြီး သိမ်သိမ်မွေ့မွေ့ရှိတယ်။

"ဒေါ်အငယ်မ ဆိုတာ"

"ကျွန်မ ပါပဲ"

"ဪ… ဟုတ်ကဲ့ ခင်ဗျာ၊ အစ်မကို တွေ့ချင်နေတဲ့ ဧည့်သည်တွေကို သွားခေါ်လိုက်ပါဦးမယ်"

အဲ့ဒီလူက ဆိုင်အပြင်ကို အပြေးအလွှား ပြန်ထွက်သွားပြီး ကားတံခါးတွေကို တစ်ရှက်ချင်းစီ ဖွင့်ပေးနေပြန်တယ်။ နောက်ထပ် ဆင်းလာသူတွေက စုစုပေါင်းသုံးယောက်။

ဒရိုင်ဘာလို့ ထင်ရတဲ့ ရှေ့ပြေးလူကြီးနဲ့ဆို လေးယောက်။

ဒရိုင်ဘာရဲ့နောက်က အနက်ရောင်ကိုက်ပုံ ဝတ်ထားတဲ့ အသက်အကြီးဆုံးလူ။ သူ့နောက်က ဂါဝန်ဖြူဖြူနဲ့ ကောင်မလေး တစ်ယောက်။ ငါ့ထက် နည်းနည်းပဲ ကြီးပုံရတယ်။ နောက်ဆုံး





အမေငယ်နဲ့ ရွယ်တူလောက်ပဲ ရှိမယ့် အမျိုးသမီးတစ်ဦး။ အမေငယ်ထက်တော့ ပိုပြီး တောက်ပြောင်တယ်။ အမေငယ်လောက်တော့ မချောဘူး။

သူတို့အားလုံးက အမေငယ်ရှိနေတဲ့ ဆိုင်ရဲ့ နောက်ခန်းမထဲအထိ ဝင်ကြတော့မလိုပုံစံနဲ့မို့ စားပွဲပြင်နေတဲ့ ကိုကြီးဒိုးက ဒီကို ကြွပါလို့ လှမ်းပြောလိုက်တယ်။

"ကျွန်တော်တို့က ထမင်းစားဖို့ မဟုတ်ဘူးခင်ဗျ"

"ဘာပဲဖြစ်ဖြစ်ပါ အထဲမှာ ဧည့်ခံစရာနေရာ မရှိလို့ပါ၊ မစားလည်းဘဲ ထိုင်လို့ရပါတယ်"

"အင်းလေ အပြင်မှာပဲ ထိုင်ကြတာပေါ့၊ ဆိုင်ထဲမှာလည်း လူရှိတာမှ မဟုတ်တာ၊ ဒေါ်အငယ်မရော ဒေါ်အငယ်မရဲ့ အမျိုးသားရော ကြွပါဦးခင်ဗျာ တဆိတ်လောက်"

အမေက ငါ့ကို ထုံးစံအတိုင်း ဆုံလည်ထိုင်ခုံလေးပေါ်မှာ ထားခဲ့ပြီး သူတို့ဝိုင်းမှာ သွားထိုင်တယ်။ ဧည့်စိမ်းတွေဆို အမေက ဒီအတိုင်းထားခဲ့နေကျ။

သူတို့ပြောနေတဲ့ စကားသံတွေက မကြားရတစ်ချက်၊ ကြားရတစ်ချက်မို့ နားစွင့်မနေတော့ဘဲ လက်ထဲက တာလီကိုပဲ တစ်ချောက်ချောက် နှိပ်နေမိတယ်။

"တစ်ထောင့်ခုနစ်ရာ တစ်ဆယ့်သုံးကို ရှစ်ပေါင်းတော့"

ညာလက်က နှိပ်ဖို့ပြင်ထားပြီး ဘယ်လက်တွေ ချိုးရေပြီ ပြင်လိုက်တယ်။

"တစ် နှစ် သုံး လေး"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ထောင့်ခုနစ်ရာ နှစ်ဆယ့်တစ်ပေါ့ မောင်လေးရဲ့"

"ဗျာ"

ကောင်တာနားမှာ ရပ်နေတဲ့ အဖြူရောင်ဂါဝန်လေးကို ငါတွေ့လိုက်ရတယ်။ အဲဒီကောင်မလေးက သူ့လက်ကလေးနှစ်ဖက်ကို ဆန့်တန်းပြီး ငါ့ကို လှမ်းခေါ်တယ်။ ဘယ်အချိန်ကတည်းက လူကြီးတွေနားကနေ ငါ့အနားရောက်လာမှန်းတော့ ငါလည်း သတိမထားမိလိုက်ဘူး။

"မမဆီလာပါဦး မောင်လေးရဲ့"

"... ..."

ငါ အသံတိတ် ခေါင်းခါပြလိုက်ရတယ်လေ။ ငါက ဘယ်လိုလို လုပ် သူ့ဆီသွားနိုင်မှာလဲ။ ဒီ ဆိုလည်ခုံပေါ်ကနေတောင် ငါတယ်ဖို့ မဆင်းနိုင်တာကို။

"မကြောက်ပါနဲ့ မောင်လေးရဲ့"

"သမီးမောင်လေးက သမီးကို ကြောက်လို့မဟုတ်ပါဘူး"

ဂါဝန်ဖြူဖြူ မမလေးနောက်ကို အမေငယ်ရောက်လာတယ်။ အမေ့မျက်လုံးတွေက ရဲရဲနီနေပေမယ့် အမေ့အသံက ဒေါသသံမပါဘူး။ ခပ်အက်အက်၊ ခပ်တုန်တုန်။

ဂါဝန်ဖြူမလေးက အမေ့ကို မော့ကြည့်တယ်။

အမေက ဘာမှဆက်မပြောဘဲ ငါ့ကို ပွေ့ချီပြီး ဆိုင်ထဲက ဝိုင်းဆီခေါ်သွားတယ်။ ကိုကြီးနဲ့ပါ မျက်လုံးတွေ ရဲတွတ်နေတာကို တွေ့လိုက်ရတယ်။

"သား"





"ဗျာ"

"သူတို့က သားကို လာခေါ်ကြတာ"

"ဗျာ"

ငါ့မှာ တအံ့တသြနဲ့ လူတိုင်းရဲ့ မျက်နှာကို လိုက်ကြည့်နေရတယ်။ ဂါဝန်ဖြူမလေးက နှုတ်မှဝင်မတိုင်ဘဲ အမေ့လက်ထဲက ငါ့ကို ယူပြီး ချီတော့မလို့ဟန်ပြင်ရင်းက...

"ဟုတ်တယ် မောင်ရာလေးရဲ့ မမက မောင်လေးရဲ့ မမလေ"

"ကြည့်... ငါ့သားက သူ့မှာ အစ်မတစ်ယောက်ရှိနေမှန်း သိနေခဲ့လို့များ အစ်မလိုချင်တယ်လို့ ပြောခဲ့တာလားကွယ်"

"မိုးသား မင်းပဲ အစ်မလိုချင်လှချည်ရဲ့ဆို အဲဒါ မင်းအစ်မ ရင်းလေကွာ"

"ဗျာ... မမက အစ်မအရင်း ဟုတ်လား"

ဂါဝန်ဖြူမလေးက ခေါင်းညိတ်ပြီး ပြုံးနေတယ်။

အမေငယ်နဲ့ ကိုကြီးတို့ကတော့ မျက်ရည်တွေနဲ့ သူတို့ မျက်လုံးတွေ ဘာကြောင့်နီရဲနေမှန်း ငါသဘောပေါက်သွားပြီ။

"ဒါ ဒါဆို မမက သားအမေက မွေးတာပေါ့"

"ဒါပေါ့"

"သားအမေက ဒုမှ မွေးမှာလေ ဒီမှာ"

"သားရယ်"

အမေငယ်က တုန်တုန်ယင်ယင် ငိုရှိုက်ပြန်တယ်။ ငါလေ ဆယ်နိုင်တော့ ငါပါ ရှိုက်ပြီး ငိုချင်လာတယ်။ ငါမကြာခင်က ကြားခဲ့ဖူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



မွေးစားတယ်ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကို အဲ့ဒီအရွယ်မှာ ငါဘယ်နား လည်ဦးမှာလဲ။

တစ်ဘက်က အငိုတွေ၊ မျက်ရည်တွေ တစ်ဘက်က အပျော်တွေ၊ အပြုံးတွေ။ ဘာပဲဖြစ်ဖြစ် အခုမှ ပြုန်းစားကြီးရောက်လာတဲ့ အစ်မအရင်းဆိုတာကို အမေငယ့်ထက်ပိုပြီး ဘယ်လိုမှ မရင်းနှီးနိုင်ဘူး။ နွေးနွေးထွေးထွေး မခံစားရဘူး။

'အကြောင်းကြောင်းကြောင့် ပြိုကွဲခဲ့ရတဲ့ အိမ်ထောင်တစ်ခုရဲ့ သားကောင်တွေပေါ့။ ငါနဲ့ မမဟာ တစ်ယောက်ကို တစ်ယောက် ရှိမှန်းမသိဘဲ အကြာကြီး ဝေးနေခဲ့ရတာပဲ။

အမေငယ်က ငိုရင်းနဲ့ ငါ့အနားကနေ ရုတ်တရက် ထထွက်သွားတယ်။

"ဟာ"

ကိုကြီးဒိုးလည်း စိုးရိမ်တကြီးနဲ့ ထလိုက်သွားတယ်။ ဒါပေမဲ့ အမေငယ်က လက်ကာပြပြီး ငါ့အနားမှာနေရစ်ဖို့ လှမ်းပြောတာနဲ့ ကိုကြီးဒိုးက ငါ့ဘေးမှာ ပြန်လာထိုင်တယ်။

ခဏကြာတော့ အမေငယ် ပြန်ရောက်လာတယ်။ လက်ထဲမှာ အညိုရောင်စက္ကူဘူးတစ်ဘူးနဲ့။ ဘယ်သူ့ကိုမှ ဘာမှမပြောဘူး။ စက္ကူဘူးကို စားပွဲပေါ်တင်ပြီး ငူငူကြီးထိုင်နေပြန်တယ်။ တော်တော်လေးကြာမှ သူစကားစနိုင်တယ်။

"ဒါ ကိုတင်ထွတ်တို့ လာပေးသွားတာ"

"ဟုတ်ကဲ့"

အမေငယ်က စက္ကူဘူးကို တိုက်ပုံအနက်နဲ့ လူကြီးရှေ့





ဘွန်းပို့ရင်းက ပြောတယ်။ လူကြီးက ကြည့်ရုံပဲ ကြည့်ပြီး ခေါင်းညိတ်တယ်။

"ကိုတင်ထွတ် ပြောသွားတာကတော့ သူ့ညီမက မီးတွင်းထဲမှာပဲ သေဆုံးရမယ်လို့ ကိုယ့်ကိုကိုယ် သိနေသလိုပဲတဲ့။ ဒါပေမဲ့ ဘလေးကိုတော့ အောင်အောင်မြင်မြင် မွေးထုတ်သွားနိုင်မယ် ထင်ခဲ့ဘာတဲ့။ ဒါကြောင့် မီးမဖွားခင်မှာ ဒီပစ္စည်းတွေ သူ့ဆီမှာအပ်ပြီး ဘလေးအရွယ်ရောက်တဲ့အခါ ပေးဖို့မှာသွားတယ်လို့ ကျွန်မကို ပြောခဲ့တယ်"

"ဟုတ်ကဲ့"

"ကျွန်မလည်း ပေးပေးချင်း တစ်ခါတော့ ဘာပစ္စည်းလဲ သိရအောင် ဖွင့်ကြည့်ခဲ့မိပါတယ်၊ အဲ့ဒီကာစပြီး လုံးဝမကြည့်တော့ဘဲ ဘုံလုံခြုံ သိမ်းထားပေးခဲ့တာ"

"ဟုတ်ကဲ့ ဒေါ်အငယ်မတို့ အရင်အိမ်က မီးထဲပါဖူးတယ် လို့ ကြားမိတယ်"

"ဟုတ်ပါတယ်၊ ဒီပစ္စည်းတွေက ဒီအိမ်ကို ပြောင်းပြီးမှ ဘပေးသွားတာပါ၊ အခုတော့ သားလေးအရွယ်ရောက်တဲ့အခါ ကျွန်မကိုယ်တိုင် အဖြစ်အပျက်တွေကို နားလည်အောင် ရှင်းပြပြီး ပေးမယ်လို့ ရည်ရွယ်ထားတာလေး ဖျက်လိုက်ရပြီပေါ့"

အမေငယ်က ငါ့ကို ဖက်ပြီး ငိုတော့ ငါလည်း အော်ငိုမိပြန်တယ်။

အမေ့ရင်ထဲ ခေါင်းအပ်ပြီး ငါငိုနေတဲ့အချိန်မှာ ငါ့ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



လက်သေးသေးလေးတစ်ဖက်က ပွတ်သပ်နှစ်သိမ့်ပေးခဲ့တာကို ပီပြင် မှတ်မိနေတုန်းပဲ။

"အခု ကျွန်မ ဒါတွေကို ရွှေနေကြီးဆီ အပ်ပါတယ် စစ်ဆေးကြည့်ပါဦးရှင်"

အဲဒီတော့မှ အနက်ရောင်တိုက်ပုံနဲ့ လူကြီးက ဘူးကို ဖွင့်လိုက်တယ်။ အထဲမှာ စာတစ်စောင်ရယ် ဓာတ်ပုံတစ်ပုံရယ် နောက်ပြီး ဘဲဥပုံလော့ကတ်တစ်ခု ကြိုးကလေးရယ်။

"စာကတော့ ကိုမှန်မြင့်ကို ပေးပါတဲ့၊ စိတ်ချပါ ကိုမှန်မြင့် လက်ထဲ ကျွန်တော်ကိုယ်တိုင် ထည့်ပေးလိုက်ပါ့မယ်။ နောက် ဓာတ်ပုံက သားအတွက် ရည်ရွယ်ခဲ့ပုံရတယ်။ ကျွန်တော် ကလေးကို ပြရတော့မလား ခင်ဗျ"

အမေပယ်က မျက်ရည်တွေ သုတ်ပြီး နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ရွှေနေကြီးလက်ထဲက ဓာတ်ပုံကို လှမ်းယူလိုက်တယ်။

"သား ဒါ သားရဲ့ မေမေအရင်းလေ၊ သားကို သူ့အသက် ပေးပြီး နောက်ဆုံးအချိန်ကို လွန်တဲ့အထိ သားလေးကို လူ့လောကထဲ အရောက်ပို့ပေးခဲ့တဲ့ သားရဲ့ အမေအရင်းလေ"

အဖြူအမည်းရောင် ဓာတ်ပုံထဲမှာတော့ ငါ့အမေက လှ[illegible]တုန်းပဲ။ ဓာတ်ပုံကို သေချာကြည့်ပြီးတော့ ငါ့မေးဆိုတဲ့ ကောင်မလေး ကို ရှာခနဲ လှည့်ကြည့်မိတယ်။

"ဒီမမနဲ့ တူတယ်နော်"

"သားနဲ့လည်း တူတာပါပဲကွယ်၊ သားလည်း မျက်နှာ ဝိုင်းလေးနဲ့ နှာတံလေးတွေ ဝင်းနေတာပဲဟာ"





အမေပယ်က ငါ့မျက်နှာပေါ်က မျက်ရည်စီးကြောင်းတွေကို သုတ်ပေးရင်း ပြုံးသဲ့ပြနေတယ်။ ကိုကြီးကိုက ဘယ်အချိန်ကတည်းက ကောင်တာနောက်ကို ထွက်သွားပြီး စားပွဲပေါ်မှောက်အိပ်နေလည်း မသိလိုက်ဘူး။ ငိုနေတာလားပဲ။

"ဒါကတော့ ဆွဲကြိုးကလေးပါ၊ ကျွန်တော်သိသလောက် ဒီဆွဲကြိုးလေးဟာ ဟောဒီက သင်းလေးရှာနေကို မွေးတဲ့နေ့တုန်းက ကိုမှန်မြင့်က သားအမိနှစ်ယောက်အတွက် ဆင်တူလုပ်ပေးခဲ့တာပါ။ အခု သူ့ဆွဲကြိုးကို သားအတွက် အပ်ခဲ့တာဖြစ်မယ်"

ရွှေနေကြီးလက်ထဲက ဆွဲကြိုးဟာ မမလည်တိုင်မှာ ဖွဲ့ထားတာနဲ့ တစ်ပုံစံတည်းပဲ။ ဘဲဥပုံ ဆွဲသီးလေးက အစ။

ဆွဲကြိုးကိုတော့ မမက ယူပြီး ငါ့လည်ပင်းမှာ ဆွဲပေးတယ်။

ငါ့ရင်ဘတ်ပေါ်က ဘဲဥပုံ ဆွဲသီးလေးကို ဆုပ်ကိုင်ပြီး မမကို မော့ကြည့်လိုက်တော့ ငါ့ရှေ့မှာ ရပ်နေတဲ့ မမဟာ ဓာတ်ပုံထဲ အလောက် ကြီးရင့်နေပြီ။ ဒါပေမဲ့ ငါ့အမြင်အာရုံထဲ ဓာတ်ပုံထဲက [illegible]အမေ ရောက်လာတယ်။

"ကျွန်မ ဒါတွေမလိုပါဘူး၊ အစ်ကိုရယ်"

အမေလည်တိုင်မှာလည်း ငါလို ဆွဲကြိုးကလေး။ အမေ့ကို ချွဲပေးနေတဲ့ လူကြီးကို ငါတစ်ခါမှ မမြင်ဖူးဘူး။ အမေ့ထက် အရပ်နည်းနည်းမြင့်ပြီး ပိန်တယ်။ အသားကတော့ မဖြူမညိုလို့ ပြောရမယ်။ မျက်လုံးတွေက ပြူးနေလို့လား၊ ကျဉ်းကျဉ်းသေးသေး လေး ဖြစ်နေတာလား မသိဘူး။ အရောင်တွေတောက်လို့ ပါမန်



www.burmeseclassic.com

မျက်လုံးတွေထောက် ပိုပြီး တောက်ပတယ်။ ဒါ အဲဒီလူကြီးရဲ့ မျက်နှာကို တစ်ခါမှ မမြင်ဖူးဘူး။

"လိုတာပေါ့ မေဦးရဲ့"

သူ့အသံက ချိုပြီး တိုးတိုးကလေးရယ်။

ငါ့မြင်ကွင်းထဲမှာ အမေက နွမ်းနွမ်းလျှလျှနဲ့ လှဲလျောင်းနေပြီး အဲဒီလူကြီးက အမေ့ခုတင်ဘေးမှာ ထိုင်နေတာ။

"နောက်တစ်ယောက်ကျရင် သားလေးမွေးချင်တယ် အစ်ကို၊ အဲဒီအခါ သားကို ဒီဆွဲကြိုးလေးပဲ ဆင်ပေးလိုက်နော်"

"မေဦးကလည်းကွယ် ကိုယ့်ရောဂါ ကိုယ်သိသားနဲ့ ကိုယ်ကတော့ သမီးလေးကို တစ်ဦးတည်းသော သမီးလေးအဖြစ်နဲ့ပဲ ချစ်တော့မယ်"

"တစ်ဦးတည်းသော သမီးလေးဆိုတာ စကားအဖြစ်သာ ကောင်းတာ၊ တကယ်တမ်းကျတော့ အထီးကျန်ဆန်တယ်။ အစ်ကိုကတော့ ဘယ်သိမလဲ၊ ကျွန်မက တစ်ဦးတည်းသော သမီးအဖြစ်နဲ့ နေလာခဲ့ရတာ မဖြစ်ပါဘူးရှင် သမီးလေးကို ကျွန်မတစ်သက်လုံး စောင့်ရှောက်နိုင်မှာမို့လား။ သမီးမှာ အရင်းအချာ မောင်နှမလေး ချင်း"

"ကဲပါ မေဦးရယ်။ မောနေပါဦးမယ် ဒီကိစ္စနောက်မှ ဆွေးနွေးမယ်ကွာ။ ခုတော့ နားလိုက်ဦး ဟုတ်လား"

အမေ့နားကနေ အဲဒီလူကြီး ထထွက်သွားတဲ့အချိန် မြင်ကွင်း တစ်ခုလုံးဟာလည်း ငါ့ရှေ့ကနေ လွင့်ပြယ်သွားခဲ့တယ်။

"မမ"





"ဟယ်... ဦးဦးဇော်၊ ဦးဦးဇော် ကြားလား မောင်လေးက သမီးကို မမတဲ့"

"အဲဒါသာကြည့်တော့ ဒေါ်အလယ်မရေ့ သမီးလေးက သူ့ ဒီလို မောင်လေးအရင်းအချာတစ်ယောက် ရှိမှန်းမသိခင်ကတည်း မောင်တစ်ယောက် လိုချင်လွန်းလို့ ရူးနေတာ သိလည်းသိရော ကိုချင်းသွားမေ့မယ် တကဲကဲ လုပ်တော့တာပဲ"

အမေလေးက ငါတို့မောင်နှမကိုကြည့်ပြီး ယုံယုံလေး ပြုံးရာ တယ်။

"မမ အမေ့ကိုလေ"

"အင်း... မောင်လေး ပြော"

"အမေ့ကို ဟို မေဦးလို့ခေါ်တာ ဘယ်သူလဲဟင်"

"ဟယ်"

"ဟော"

"အမေ့နာမည်က မေဦးလား"

"မဟုတ်... မဟုတ်"

မမက အံ့ဩပြီး တစ်ထစ်ထစ်ငေါ့ငေါ့ ဖြေတယ်။

"မဟုတ်ဘူး မောင်လေးရဲ့၊ မာမီ့ကို မေဦးလို့ခေါ်တာ ဘိုတစ်ယောက်ပဲ ရှိတယ်"

"ကိုတင်ထွတ်တို့ ပြောဖူးတာ ထင်တယ် ဟုတ်လား ဒေါ်အလယ်မ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မပြောပြဖူးဘူး ရွှေနေကြီး၊ ကိုတင်ထွတ် သားကို တစ်ချက်တောင် လာကြည့်မော်ရတာ မဟုတ်ဘူး၊ တော ပြောဖူးဖို့ ဝေးရော၊ နေပါဦး သမီးပြောသလို ဘာကယ်မဲ ဟုတ်လ ရွှေနေကြီးရဲ့"

"ဟုတ်ပါတယ် ခင်ဗျာ အဲ့ဒီအတိုင်းပါပဲ"

"ဒက်ဒီ ဒက်ဒီဆိုတာ အဖေလားဟင်"

"အေးပေါ့ မောင်လေးလည်း ဒက်ဒီလို့ပဲ ခေါ်နော်၊ ဒက် ကလေ မောင်လေးကို တွေ့ချင်လွန်းလို့ ခေါ်ခိုင်းလိုက်တာ၊ ဒက်ဒီ နေသိပ်မကောင်းဘူး မောင်လေးရဲ့"

"ဟို အဲ့ဒီ ဒက်ဒီကလေ ပိန်ပိန်လေးလား"

"မောင်လေး ဓာတ်ပုံထဲမှာ မြင်ဖူးလို့လား"

သူတို့ အံ့အားသင့်သွားမယ်မှန်း ငါမတွေးမိခဲ့ပါဘူး၊ ငါ ငါသိချင်တာကို မေးရုံသက်သက်ပါ၊ အမေငယ်ကတော့ သူ့ရင် ထဲက ငါ့ကို ခပ်ကျစ်ကျစ်ကလေး ဖက်ထားပြီး ငါ့ဆံပင်တွေ ခပ်ဖွဖွလေး သပ်ပေးနေတယ်။

"သားနဲ့ ပတ်သက်လို့ ကျွန်မပြောလို့ ကျွန်တော်သိတာ

"ဪ... သားကို ဘယ်မှာတွေ့ခဲ့တယ် ဆိုတာလ ကျွန်တော်တို့ ကိုတင်ထွတ်ဆီက ပြည့်ပြည့်စုံစုံ ကြားခဲ့ပြီးပါပြီ"

"ဟုတ်ကဲ့ ကျွန်မပြောမှာကိုတော့ ရွှေနေကြီးတို့ ကြား မဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စတွေကို ကျွန်မနဲ့ ကျွ အမျိုးသားပဲ သိတာမို့ပါ"

ကိုကြီးဦးက တောင်တာနောက်ကနေ လှမ်းကြည့်နေတယ်





"သားလေးက ထူးထူးခြားခြား လာခဲ့လို့လား မသိဘူး နည်းနည်းထူးခြားနေတယ်"

"ဟုတ်ကဲ့ ဘယ်လိုများပါလိမ့်"

"ဟို ကျွန်မပြောရရင် ယုံဖို့တော့ ခက်တယ်ရှင့် သားလေး မှာလေ ဟို ဆဋ္ဌမအာရုံလို ထူးထူးခြားခြား သိတတ်မြင်တတ်တဲ့ အာရုံမျိုး ဘယ်လိုပြောရမလဲ၊ ကျွန်မလည်း အစက သတိမထားမိဘူး၊ သတိထားမိလာပြန်တော့ တိုက်ဆိုင်မှုပဲထင်ပြီး မယုံခဲ့မိဘူး၊ တဖြည်း ဖြည်းနဲ့ တိုက်ဆိုင်မှုသက်သက် မဟုတ်တော့မှန်း ကျွန်မတို့ သိလာ ခဲ့တယ်"

အမေငယ်က အဖြစ်အပျက်တချို့ ပြန်ပြောပြတယ်။

"ယုံတာ မယုံတာထက် ဒီလိုကိစ္စမျိုးတွေက ဖြစ်တော့ ဖြစ်တတ်ပါတယ်၊ ရှိလည်း ရှိတတ်ပါတယ်၊ တစ်သန်းမှာ တစ် ယောက်ပေါ့လေ"

ရွှေနေကြီးရဲ့ အမူအရာက မယုံမှန်း အသိသာကြီးပေမဲ့ အိမ်ရှင်မို့ လူကြီးပီပီ မယုတ်မလွန် မှတ်ချက်ချတယ်၊ မမကတော့ မျက်လုံးအဝိုင်းသားနဲ့ ငါ့ကို ကြည့်နေရုံပဲ သိပ်ရတယ်။

"ပြီးတော့ သားလေးရဲ့ အားနည်းချက်တစ်ခု ပြောစရာရှိသေး တယ်"

"ဟုတ်ကဲ့"

"သား ခြေထောက်နှစ်ဖက်စလုံးဟာ ခန္ဓာကိုယ်နဲ့ တပြေးညီ ကြီးထွားခဲ့ပြီးသောပေမယ့် လမ်းတော့ လုံးဝမလျှောက်နိုင်သေးဘူး၊ ကျွန်မတို့ တတ်နိုင်သလောက်တော့လေ အမျိုးမျိုးကုသခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ် ဒေါ်အမေယ်မ၊ ကလေးအပေါ်မှာ မိခင်ရင်းနဲ့ မခြား၊ မေတ္တာထားတယ်ဆိုတာ ကျွန်တော်တို့ ခံစားမိပါတယ်၊ အင်း ကလေးရဲ့ အမေဖြစ်သူမှာလည်း၊ ဒါကိုပဲ နောင်တရလို့ မဆုံးပါဘူး ခင်ဗျာ"

"ရှင်"

"ဪ… ဒီလိုပါ သူတို့မိဘချင်းသာ ကလေးကိုကာမ မဖြစ်တဲ့ပေမဲ့လေ၊ သူ့စောင့်ရှောက်မှုအောက်မှာပဲ ရှိနေခဲ့မယ်ဆိုရင် အမေဖြစ်သူရော ကလေးဖြစ်သူရော ဒီလို ဆိုးဆိုးရွားရွား ကြုံရမှာ မဟုတ်ဘူး၊ ဆိုပြီး ယူကျုံးမရဖြစ်နေရှာတာပါ။ နောက်ပြီး သူသာ ခေါင်းမမာခဲ့ရင်ပေါ့ ကိုတင်ထွက်က သူ့ကို ဒီမှာဖြစ်ပျက်သမျှ ချက်ချင်း အသိပေးခဲ့တာရှည်ပါပဲ။ ဒါကို သူက ခေါင်းမာပြီး ကလေးကို"

"ဒီ… ဒီလိုဆို သား၊ သားလေးကို အို"

"ဟုတ်ပါတယ်ဗျာ၊ အခုတော့ သူ့ရောဂါက နောက်ဆုံး အခြေအနေရောက်နေပြီမှန်း ရိပ်မိပြီး…"

"ဪ"

အမေယ်က နာနာကျင်ကျင် ရေရွတ်လိုက်တယ်၊

အဲဒီရေရွတ်သံဟာ အမေယ့်ဆီက နောက်ဆုံးကြားခဲ့ရတဲ့ အသံပဲ။

နောက်တော့ မျက်ရည်စွေးစွေး ပေကျံနေတဲ့ အနမ်း လက်ပြနှုတ်ဆက်ဖော်တောင် မရတော့တဲ့ အိမ်ထဲကို ပြေးဝင်သွားတဲ့ ပုံရိပ်။ တဖြည်းဖြည်း ဝေးကျန်ခဲ့တဲ့ ဆိုင်ကားလေး။

"မငိုပါနဲ့ မောင်လေးရယ် နောက်လည်း မမ မောင်လေးကို





ခဏခဏ လိုက်ပို့ပေးမှာပေါ့။ အဲ့ဒီ အနှင်းတို့နဲ့ ပြန်တွေ့ရမှာပါနော် မငိုနဲ့တော့နော်"

ကားနောက်ခန်းထဲမှာ မမရဲ့ ပေါင်ပေါ်ခေါင်းအုံးပြီး အိပ်လိုက်ရတဲ့ အရသာကို အဲ့ဒီကတည်းက ငါခံမင်ခဲ့တာပေါ့။ အဲ့ဒီတုန်းက ငိုခဲ့ပေါ်က မျက်ရည်တွေကို တယုတယ သုတ်ပေးခဲ့တဲ့ လက်သေးသေးကလေးဟာ ဘဝတစ်လျှောက်လုံး မျက်ရည်ကျတိုင်း သုတ်ပေးမှာပဲလို့ ယုံကြည်မိခဲ့တယ်။ ဘာကြောင့်လဲ မသိဘူး။

အဲ့ဒီ ခဏလေးအတွင်းမှာပဲ မမကို ငါအရမ်းချစ်သွားတယ်။

မမနဲ့အတူ ကျောင်းတက်ရတာ မမနဲ့အတူ ကစားရတာ မမခွံ့ကျွေးခဲ့တဲ့ နေ့လည်စာတွေ မမချော့သိပ်ခဲ့တဲ့ ညတွေ။

ငါ့ဘဝမှာ မမက နောက်ထပ် အမေတစ်ယောက် ဖြစ်လာတယ်။

ငါ့ကိုလာခေါ်တုန်းက ကတိပေးခဲ့သလိုပဲ အမေယ်တို့ဆီကို ငါ့ကို လိုက်ပို့ပေးခဲ့ပါသေးတယ်။ ပထမဆုံး နွေရာသီကျောင်းပိတ်ရက်မှာလေ။

ဒါပေမဲ့ အမေယ်တို့က တခြားကို ပြောင်းသွားကြပြီ။ ဘယ်ကိုပြောင်းသွားတယ်ဆိုတာ စုံစမ်းလို့မရအောင် တိတ်တဆိတ် ပြောင်းသွားတာတဲ့။

ခက်သီလော။

ငါတစ်ခါမှ မရောက်ဘူးတဲ့ မြို့ကြီးတစ်မြို့ရဲ့ အလယ်က ငါတစ်ခါမှ မမြင်ဘူးတဲ့ အိမ်ကြီးကြီးကို ငါရောက်လာပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာပဲ ငါ့ကို ထာဝရခွဲခွာသွားခဲ့တယ်လေ။ ငါမြင်ယောင်ခဲ့သလို ပါပဲ။

ဒါပေမဲ့ ငါမြင်ယောင်ခဲ့တာထက် ပိုပြီး ပိန်လိုတဲ့၊ ပိုပြီး အသားညိုတဲ့ လူကြီးတစ်ယောက်အဖြစ် ငါတွေ့ခဲ့ရတာပါ။ ဒက်ဒီကို ငါချစ်ရဲ့လားဆိုတာတော့ ခုထိ ငါလည်း သေချာမသိသေးဘူး။ သေချာတာကတော့ မမကို ငါချစ်တယ်။

▢ ▢ ▢



## အခန်း(၉)

"အလိုလေး မယ်မင်းကြီးမ၊ အခုမှ ခုနစ်နာရီပဲ ရှိသေးသည် နာရီမှားပြီး နိုးလာတာလား။ ပြန်အိပ်ဦး၊ ပြန်အိပ်လိုက်ဦးနော်"

မှိုပိုးပြောလည်း ပြောချင်စရာ၊ သည်ရက်ပိုင်းတွေမှာ ညွှန်းကျက်သည့်အထိ မထိုင်ဖြစ်တော့သဖြင့် စောစောနိုးနေတတ်ခြင်းသည်။ အခုရင်ရက်တွေကတော့ စောစောနိုးလာလည်း ပြန်အိပ်၏၊ ညနေမှ နိုးနိုးချင်း ထပြီး မျက်နှာသစ်သည်။

"ဒီနေ့ စက်တင်ဘာကို သွားဖို့ရှိတယ်လေ"

"စက်တင်ဘာဆိုတာက"

"ဪ... နင်ကလည်း တနင်္လာနေ့က ငါသွားခဲ့တဲ့ ထောက်ရိုလေ၊ ငါ့ဒီဇိုင်းကားနှစ်ကားတောင် တင်ခဲ့သေးတယ်၊ အဲဒါ နေ့ ပိတ်ပွဲလုပ်မှာ"

"ဒါဆို ငါလည်း လိုက်မယ်လေ၊ တနင်္လာနေ့က မုန်းချိန်း



www.burmeseclassic.com

www.burmeseclassic.com



ထားတာ တစ်ခုရှိလို့ ငါမလိုက်ဖြစ်တာ ဒီနေ့ခွတော့ ငါလည်းလို
ခဲ့မယ်”

“သဘော”

နှစ်ယောက်သား အနိတီဆန်းဆိုင်တွင် မနက်စာဝင်စား
စက်တင်ဘာ ဂယ်လာရီသို့ ထွက်ခဲ့ကြသည်။ ပြပွဲ၏ နာမည်
မြင်တော့ မိပိုးက မျက်ခုံးနှစ်ဖက်ပင့်၍ ပြုံး၏။

“ဒီရုပ်ကြွင်းက ကျောက်ဖြစ်မသွားဘဲ ပန်းဖြစ်သွားတာ
ဆိုပါလား၊ ဘယ်လိုရုပ်ကြွင်းမျိုးပါလိမ့်”

“ငါတော့ ဒီနာမည်ပေးပုံလေးကို သဘောကျတယ် မိ
ပြပွဲမှာ ခင်းကျင်းထားတဲ့ ပန်းချီကားတွေ မဂ္ဂဇင်းစာမျက်နှာပေါ်
ကဗျာတွေ ရိုက်တင်ထားတဲ့ ရုပ်ရှင်စာအုပ်စင်ပေါ်က ဝတ္ထုတွေ စီဒီ
ထဲက သီချင်းတွေ အားလုံးအတွက် လိုက်ဖက်တဲ့ နာမည်လေး

“ညည်းဆိုလိုတာက အနုပညာဆိုတာ ပန်းဖြစ်ရုပ်ကြွ
တွေပဲပေါ့”

“အင်း”

“ဒါဆို ဟို အင်တာနက်ပုံပြောသမားလေးရဲ့ ပုံပြင်
ကရော”

“... ... ...”

သည်နေ့ ဖွင့်ပွဲထက် လူနည်းသည်ကို တွေ့ရသည်။ နှ





ဆက်သင့်သူ တချို့ကို နှုတ်ဆက်ရင်း ပြခန်းထဲ ဝင်လာခဲ့ကြ၏။ ဝင်ဝင်ချင်း မျက်နှာချင်းဆိုင်အရပ်တွင် အရင်ဆုံးမြင်လိုက်ရသည့် ဘုတ်ပြားထက်၌ အဖြူခံအပေါ် အနက်ရောင် စာလုံးဝိုင်းဝိုင်းများနှင့် ရေးထားသည့် ကဗျာတစ်ပုဒ်၊ ကဗျာထဲမှာ ညှိုးကြွေတော့မည့် ပန်းတစ်ပွင့်။

“သြော်... ပြပွဲနာမည်က ဒီကဗျာလေးရဲ့ ခေါင်းစဉ်ကို ယူထားတာကို ကဗျာလေးက မဆိုးဘူးနော် မိညွန့်၊ ဖတ်လို့ကောင်းတယ်”

အနုပညာတစ်ရပ်ကို သည်လိုဝေဖန်ခြင်းလောက် ညွန့်ကြားပြင်းသော စကားမျိုး၊ မဆိုးဘူး ကောင်းတယ်ဆိုသည့် ပါးလုပ်လုပ်ကောက်ချက် စကားတစ်ခွန်းအတွက် အနုပညာသမားက ကိုယ့်နှလုံးသွေးကိုယ် တစ်စက်ချင်း ညှစ်ချခဲ့ရခြင်းများမှာ တန်မှတန်ပါရဲ့လား။

“မိပိုး ကားပေါ်မှာ ငါဘာပြောခဲ့လဲ၊ ငါနဲ့ လိုက်မယ်ဆိုရင် နှင့်ပါးစပ်ပိတ်ထားတော့လေ”

“အေးပါအေ ညည်းကလည်း”

အထူးသဖြင့် ညွန့်ခံစားနားလည်လိုက်မိသော ကဗျာတစ်ပုဒ်ကို သည်လို မပြောကြစေချင်။ ညွန့်က ခံစားပြီးလျှင် တိတ်ဆိတ်ထားတတ်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ထို ကဗျာရှေ့မှ စောင်းကွေ့လိုက်သည်နှင့် ညွှန်း၏ ပန်းချီကားလေးကို တွေ့ရမည်။ မှိန်ဖျော့သော ဆေးရောင်များက ကောင်းကင်၏ တစ်ဘက်ကမ်းမှ ဗေဒါပန်းဖူးကလေးကို ဖော်ကျူးနေ၏။

"ညွှန်း ဒါ ညွှန်းဒီဖိုင်း မဟုတ်လား"

"နင် ဘယ်လိုလုပ်ပြီး သိတာလဲ"

"လွန်ခဲ့တဲ့ နှစ်လကတည်းက ဒီကားလေးကို ညည်းလုပ်နေတာ ငါတွေ့သားပဲ"

"ဟုတ်တယ် အဲဒီတုန်းက လက်စသတ်လိုက်တာလေ"

"ဟိုရှေ့က ကဗျာကို ညည်းရေးထားတာလား"

"အဟင်း... နင် အဲဒီလို မေးမယ်မှန်း ငါထင်သားပဲ မဟုတ်ဘူးဟ၊ တိုက်ဆိုင်ပြီး ဆင်တူနေတာ အဲဒီလို ဆင်နေလို့လည်း ကိုချမ်းငြိမ်းက ငါ့ကားကို ဒီနေရာမှာ ချိတ်ဆွဲပေးထားတာ"

မိပိုး၏ စိတ်ဝင်စားမှုက သည်လောက်သာ ဖြစ်သည်။

"ညွှန်း လာပါဦးဟဲ့"

"ဘာလဲ"

"ဒီကားကို ကြည့်စမ်း"

မိပိုးညွှန်ပြသည့် ဒီဖိုင်းက ညွှန်း၏ ဗေဒါပင်နှင့် ဘုတ်တစ်ခုခြားသည်။ ရေးဆွဲသူက ဝါခေါင်ဟု လက်မှတ်ထိုးထား၏၊ အမည်က အနမ်း။





"အနမ်းဆိုပြီး လူလည်း မပါဘူး။ ဘယ်သူက ဘယ်သူ့ကို သွားနမ်းတာလဲ၊ ငါတော့ သဲပြင်ပေါ်က ခြေရာတွေပဲ တွေ့တယ်"

"ဟင်း ဟင်း"

"ဘာလဲ သဲပြင်ကို ခြေဖဝါးတွေက နမ်းသွားတာလား"

"မိပိုးကလည်း ကဲပါ ငါပြောပြသလို ကြည့်ကြည့် ခြေရာ ဘယ်နှစ်ခုရှိလဲ"

"နှစ်ခု တစ်ခုက ကြီးကြီး တစ်ခုက သေးသေး"

"ကြီးတဲ့ခြေရာက ဖနောင့်ရာက လေးထင်းမနေဘူးလား"

"အင်း... ထင်းတယ်၊ အသေးကျ ဖနောင့်ရာတောင် မထင်ဘူး"

"ခြေရာနှစ်ခု မျက်နှာချင်းဆိုင်ပြီး ထိစပ်နေတယ်လေ မိပိုးရဲ့"

"ဟိုမှာ ပန်းပွင့်ကလေး၊ ခြေရာအသေးရဲ့နောက်မှာ ပန်းပွင့်လေးတစ်ပွင့် သဲတွေတောင် ပေလို့ နှင်းဆီလားပဲ"

"ခြေရာအကြီးက ကောင်လေး၊ အသေးက ကောင်မလေး ကောင်မလေးက ခြေဖျားထောက်ထားလို့ ဖနောင့်ရာ မထင်တာ၊ မျက်နှာချင်းဆိုင်ပြီး ဒီလောက် နီးနီးကပ်ကပ်လေး ရပ်နေတာကို ကောင်မလေးက ခြေဖျားထောက်ပြီး ဘာလုပ်တယ်လို့ ထင်လဲ"

"သိဘူးလေ"

မိပိုးက အဲသည်လိုမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် နှင် အပျိုကြီးဖြစ်နေတာ မိုး၊ ဟိုမှာ ကောင်မလေးပေါ်နေတာတဲ့ နှင်းဆီပန်းတောင် သဲပြင်ပေါ် ပြုတ်ကျကျန် ခဲ့ပြီကို"

"အောင်မာ ညည်းကျတော့ အပျိုကြီးမဟုတ်သလိုနဲ့"

ညွှန်ရယ်ဖြစ်ခဲ့သည်။ ဝါဝေါင်၏ အနမ်းရှေ့မှ ခြေလှမ်း အဆုတ်တွင် နောက်မှပြုတ်လွှာသည့် တစ်ယောက်နှင့် ဝင်တိုက်မိ၏

"အဲ"

"ဟာ... ဆောရီးနော် မမ၊ ကျွန်မ နောက်ကို လှည့်မ ကြည့်ဘဲ ဆုတ်လိုက်မိတယ်"

"ရပါတယ် မမလည်း၊ နည်းနည်းလောသွားလို့ပါ"

မျက်နှာဝိုင်းဝိုင်းတွင် နှာတံကလေးစင်းနေသည့် တိုအမျိုး သမီးက ညွှန်ထက် နှစ်နှစ်လောက်ကြီးပုံရသည်ကို မပေါ့ ဓေါ်ဝိတ်၏ ကိုယ်က မှာသည်နှင့် ဦးဆောင်တောင်းပန်လိုက်ခြင်း ဖြစ်သည်။ တကယ်တမ်း ထိုမမနေရာမှာ ညွှန်သာဆို ကျွေးဆောကားတော့ တုံ့ပြန် နေမည် မဟုတ်။ မျက်စောင်းထိုးပြီး ခပ်တင်းတင်းများ ဆက်လျှောက် သွားမိမလားပဲ။

"တော်သေးတာပေါ့ ဟိုက သဘောကောင်းလို့"

"အဲဒါ နှင့်ကြောင့်"

"ဟင်... ဘာမှလည်း မဆိုင်ဘူး၊ ဟယ်... မိညွှန်၊ ညည်း နားဆွဲတစ်ဖက်ရော"





"အဲ ပြုတ်ကျသွားပြန်ပြီလား"

"ဟိုမှာ ဟိုအမ်မနဲ့ တိုက်မိတဲ့နေရာမှာ"

တော်ပါသေးသည်။ မိုးက မျက်ချွန်သော်တာကမြို့ ရေစုံ မှ မရွှေဝင် ပြန်တွေ့လို့။ သို့မဟုတ်လျှင် တစ်ဖါကလို ပျောက်ရှသွား ဦးမည်။

တစ်ခါကလို

ညွှန်နားဆွဲလေးက သိပ်တန်ဖိုးကြီးသည့် အရာလည်း မဟုတ်၊ ပြီးကျ ကျန်ရစ်သည်က တစ်ဖက်တည်း။ ဘယ်သူမှ ဝင်သောအခါ ကောက်ယူသွားမည် မထင်။ ပြုတ်ကျခဲ့သည်မှာလည်း ရှောပင်းစင်တာထဲမှာ ဖြစ်သည်။

အဖွဲ့က်သိမ်းသည့် အထဲများ ပါသွားခဲ့သလား။

သို့မဟုတ်

"ဟဲ့... ညွှန်၊ ဟိုမှာ ညည်းကို လှမ်းမှတ်ထောက်တာလား"

"ဟင်... ဘာလဲ၊ ခြေ... အေး ဟုတ်တယ်၊ အဲဒါ ကိုချမ်းငြိမ်း ဆိုတာလေ ဒီပွဲရဲ့ ဝန်ဆော"

ခပ်လှမ်းလှမ်းတွင် သတင်းထောက်ဖြစ်ဟန်တူသူ တစ် ယောက်နှင့် ရပ်စကားပြောနေရာမှ ညွှန်းကို လှမ်း၍ လက်ပြနေခြင်း ဖြစ်သည်။ မိုးသတိပေးမှ ခေါင်းညိတ်ပြုံးပြမိ၏။ ကိုချမ်းငြိမ်းက ထောခြွတ်ပြီး ညွှန်းတို့ရှိရာ လျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား"

"ရှင်"

ကိုချမ်းငြိမ်းက ဆိုင်းမဆင့် ဗုံမဆင့် မေးလိုက်သည်မို့ ညွှန်းကြောင်သွား၏။

"ဟင့်အင်း မတွေ့တော့ဘူး"

ညွှန်းတို့ နှစ်ယောက်နောက်မှ ခပ်မောမော ပြန်ဖြေသံကြားမှ ကိုယ့်ကို မေးခြင်း မဟုတ်မှန်း သဘောပေါက်သွား၏။ တော်သေးသည်။

ညွှန်းတအံ့တသြ အာမေဋိတ်ပြုသံကို သူတို့ မကြားလိုက်၍ တော်သေးသည်။

"ကားပါယူပြီး ပြန်သွားပြီ"

"သူက ဘယ်လိုကားမောင်း"

"အာ လေးလေးဆန်း ပါတယ်လေ၊ သူက ဘယ်လိုမောင်းမှာလဲ"

ညွှန်းမှာ ကိုယ့်ကို နှုတ်ဆက်ရန်လာသည့်အထင်နှင့် ငေး နေမိပြီးမှ ဆက်လျှောက်ရခက်သွား၏။

"ဪ... ရတနာကို မိတ်ဆက်ပေးရဦးမယ်"

ကိုချမ်းငြိမ်းက ရတနာဟု ခေါ်လိုက်သည့် အမျိုးသမီး ခုလေးတင် ညွှန်းဝင်တိုက်ခဲ့သော မမဖြစ်နေသည်။





"ရတနာ ဒါက မညွှန်းရည်ရွှယ်တဲ့ ပန်းချီဆရာမပေါ့ ဒီမှာ နှစ်ကားတင်ထားတယ်လေ"

"အို ပန်းချီဆရာမတော့ မဟုတ်ပါဘူးရှင်၊ ဂရပ်ဖစ်ဒီဇိုင်း ဝါသနာရှင်တစ်ယောက်ပါ၊ တွေ့ရတာဝမ်းသာပါတယ် မမ ခုနက ဝင်တိုက်မိတာ ထပ်ပြီး တောင်းပန်ပါတယ်ရှင်"

"ဪ ရပါတယ် ညီမရဲ့၊ မမလည်း ညီမနဲ့ ခင်ရတာ ဝမ်းသာပါတယ်"

"သူ့ကိုယ်သူ နှိမ့်ချနေတာပါ ရတနာ၊ ရှေ့ဆုံးမှာ ကဗျာ လေးတစ်ပုဒ်နဲ့ ရေးထားတဲ့ ဒီဇိုင်းက သူ့လက်ရာပေါ့၊ ဖွင့်ပွဲနေ့က ရတနာတို့ စိတ်ဝင်စားနေတဲ့ ကားလေ"

ညွှန်းနည်းနည်းတော့ နေရခက်သွားသည်။

"မညွှန်းရည်ရွှယ်တေး ဒါကတော့ ကျွန်တော့်ရဲ့ သတို့သမီး လောင်း ရတနာတဲ့၊ အဲ ဒီပြပွဲရဲ့ နာမည်က ရတနာ့မောင်လေးဆီက ရတာလေ"

"ဪ... ဟုတ်လား၊ ကျွန်မလည်း အဲ့ဒီကဗျာလေး ဘယ်သူရေးတာပါလိမ့်လို့ သိချင်နေတာ"

"ကဗျာဆရာက အခုလေးတင်ပဲ ပြန်သွားတာ"

"ဟုတ်တယ် ညီမရဲ့၊ မမလည်း မောင်လေးက မပြောမဆိုနဲ့ သွားဘ၊သာ ပြန်သွားလို့ အပြေးအလွှားလိုက်မိတာ ညီမကိုတောင် ဝင်တိုက်မိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက မမြင်မိတာပါ မမရဲ့"

"သူကလည်း မည္တန်းရည်ရွယ်တေးလိုပဲ , ဆိုင်းထိုးရမှာ နာမည်တစ်ခုတပ်ရမှာ မနှစ်သက်ဘူးလေ၊ အဲဒါကြောင့် ကဗျာမှာ သူ့နာမည်ထည့်မထားတာ"

"မောင်လေးကလည်း ညီမကဗျာလေးကို တွေ့ပြီး ဘယ်သူဆိုတာ သိချင်နေတာ သူသာပြန်မသွားရင် ဒီက ညီမနဲ့ တွေ့နေပြီ"

"မိတ်ဆွေဖြစ်သွားပြီပဲ မမရဲ့၊ နောက် ဆုံကြဦးမှာပါ"

□ □ □

"ညွှန်း ငါ သူတို့နှစ်ယောက်ကို မြင်ဖူးသလိုပဲ"

ဝိတ်ပွဲက နေ့လည် (၁၁)နာရီကျော်မှ ပြီးတော့သည်။ ပြခန်းမှ အလောတကြီး ထွက်ခဲ့မိ၏။ မိပိုးက ဘုမသိ ဘမသိနှင့် စကားတပြောပြော လုပ်နေသေးသည်။ သူပြောသမျှ အင်း အင်းဟု ခေါင်းညိတ်ပြီး အငှားယာဉ်တစ်စီးကို အလျင်စလို ရှာဖွေမိသည်။

တစ်မြို့တည်းနေသူချင်း တွေ့ဖူးချင်လည်း တွေ့ဖူးမှာပေါ့။

အခုချိန်မှာ အရေးကြီးသည်က ရတနာဆိုသော နာမည်ပင် တစ်စုံတစ်ရာကို ဆက်စပ်တွေးမိလိုက်သဖြင့် ညွှန်းအတွက် သေချာမှု တစ်ခု လိုအပ်နေ၏။ သို့သော် အလုပ်များနေသည့် ကိုချမ်းငြိမ်းကို မမေးဖြစ်ခဲ့သလို မရတနာကိုလည်း ရှာမတွေ့တော့သဖြင့် မမေးခဲ့ရ





"မိပိုး နင် ငါ့ဒီဇိုင်းတွေယူပြီး အဆောင်ကိုပြန်နှင့်"

"ညည်းက ဘယ်သွားမလို့လဲ"

"ငါ အင်တာနက်ဆိုင်တစ်ဆိုင် သွားရမယ် အရေးကြီးတယ်"

"ဟဲ့… အဆောင်ကျမှ လုပ်လေ"

"ငါ ဒီထက်စိတ်မရှည်တော့ဘူးဟာ ဒီနားမှာ တွေ့တဲ့ဆိုင်ဝင်ရမှာပဲ၊ နင့်အဆောင်က နာရီဝက်လောက် သွားနေရဦးမှာ တက္ကစီ"

ညွှန်းအသံစူးရှူးကြောင့် အငှားယာဉ်တစ်စီး တုံ့ခနဲ ရပ်လာသည်။

"ဟဲ့… ငါလည်း"

"ရွှေဂုံလမ်းကို ချိုးပြီးရင် ဘယ်ဘက်ပလက်ဖောင်းမှာ ရှိတယ်"

မိပိုးတစ်ယောက် စကားတန်းလန်းနှင့် ဒီဇိုင်းနှစ်ချပ်ကို ကိုင်ပြီး ကျန်ခဲ့ရှာသည်။

ယာဉ်မောင်းဦးလေးကြီးက သူသိသော အနီးဆုံးဆိုင်ကို ထိုက်ပို့ပေး၏။

ဆိုင်ကို လူကူးမျဉ်းကြားထိပ်တည့်တည့်မှာ တွေ့လိုက်ရသည်။

"ဒီဘက်ဘေးပဲ ကပ်ပြီး ရပ်ပေးတော့"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တစ်ခေါက်လောက်မောင်းပြီးမှ ဂယ်ကွေ့ ပြန်ကွေ့လာရမည်ကိုပင် ညွှန်းအဖို့ကနမခံချင်တော့။

"ကော်ကာ တစ်လုံးမှ မအားသေးဘူး၊ အစ်မရဲ့ စောစောင့်ပေးပါလား"

"ကျွန်မ မောင်စစ်ရုံပါပဲ၊ တစ်မိနစ်တောင် မကြာပါဘူး"

"ဟုတ်ကဲ့ အခု ဒီမှာ ကျွန်နော်ရှင်တွေ ပေါ်နေတော့လေ အစ်မအကောင့်ထဲကို ဝင်နိုက်က တော်တော်ကြာဦးမှာ"

"ဟိုတစ်ယောက်ကို ပြောပေးလို့ မရဘူးလား။ ကျွန်မ အရေးကြီးနေလို့ပါ၊ ဒီနားတစ်ဝိုက်မှာလည်း ဒီတစ်ဆိုင်ပဲ တွေ့တာမို့"

"အင်း... ဒါဆို ကျွန်မမေးကြည့်ဦးမယ်လေ စောင့်"

"အင်း... အင်း"

သူမ အမှုအရာကပဲ သဘောရှောင်ရေးပုံ ပေါက်နေလို့လား မသိ၊ ဆိုင်ဝန်ထမ်းကောင်မလေးက ထောင့်စွန်းစက်တစ်လုံးတွင် သုံးနေသူကို သွားပြောပေးရှာသည်။

"ရပြီ အစ်မ"

"ကျေးဇူးပဲနော်၊ ကျွန်မ သိပ်မကြာပါဘူး"

ညွှန်းကို သုံးခွင့်ပေးသော ကောင်လေးအား ကျေးဇူးတင်ကြောင်း ပြောပြီး၊ သူဖယ်ပေးသည့် နေရာတွင် ဝင်ထိုင်လိုက်သည်။

"ဟင်"





ကွန်ပျူတာစကရင်ပေါ်၌ ထိုကောင်မလေး၏ မှတ်စ်ကို မြင်လိုက်ရသည်နှင့် ညွှန်း ဟင်ခနဲ ဖြစ်သွားရသည်။ ကြည့်စမ်း...

သင်း အကောင့်ထဲမှာ ချတ်တင်မိတ်ဆွေတွေ အများကြီး။ ပြောလက်စ စာသားများကိုလည်း မစင်ရှင်ဘဲ မြင်လိုက်ရသည်။ အားလုံးမှာ မိန်းကလေးဖြစ်နိုင်သော နာမည်များချည်း ဖြစ်သည်။ ပြောသမျှ လူတိုင်းကိုလည်း မမ... မမနှင့် တစ်မတည်း မနေတော့ဘူး။

သူ့စာရင်းထဲတွင် ညွှန်းနာမည် ရှေ့မီးစက်မှာ မိုနိုလွှက်။

ကိုယ်က အဝေးရာ (aweyyar)ဆိုသော အကောင့်ဘက်ကို ပြန်ကြည့်ရမည်မို့ တော်သေးသည်။ ညွှန်းကို ရှေ့မီးစက်မှန်သော သင်းသိသွားလျှင် မလွယ်။

"မမအကောင့်က အဝေးရာတဲ့လား"

ဟော... သင်းက လှုပ်လာပြီ။

"ဟင်... သူငယ်ချင်းကလည်း၊ နည်းလိုက်တာ တစ်ကောက်တည်း"

နောက်မှ ဝင်ဝင်ရုရ လိုက်ကြည့်ပြီး ပြောနေသည်ကို ညွှန်းစိတ်တိုလာသည်။ သူ့နေရာ စေတယ်ပေးထားရသည်မို့ အခွင့်အရေးယူနေခြင်းပေ။ လောလောဆယ်တော့ နှုတ်ခမ်းကို ကိုက်ပြီး သည်းထားရသော တတ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အင်ဗိုက်တ် လုမ်းလုပ်လိုက်မယ်နော်၊ မမ လက်ခံမှာလား"

"ကျွန်မ ချတ်တင်ထိုင်တာ ဝါသနာမပါဘူး။ ဒါက ကျွန်မ ချစ်သူနဲ့ ကျွန်မ နှစ်ယောက်တည်းအတွက် ဖွင့်ထားတာ ဝမ်းနည်းပါ တယ်ရှင့်"

ညွှန်းအသံက ခပ်ထန်ထန် ခပ်မာမာမို့ သင်းလန့်သွား ရသည်။ သူ့အကြောင်း ညွှန်းသိသည်လေ။ သူစိမ်းတွေမှ မဟုတ်ဘဲ အပျော့ဆွဲ ဆွဲမည်။

ငေါက်လျှင် ကြောက်သည်။

ဆိုင်ဝန်ထမ်းကောင်မလေး ပြောသည်မှာ အမှန်ပင်။ ကိုယ် ကိစ္စက မကြာသော်လည်း ဖွင့်လာဖို့ စောင့်နေရသည်က တစ်ကျ

အဝေရာ၏ နောက်ဆုံးမေးလ်ထဲမှ လိုချင်သည့်နေရာ တစ်ချက်ပဲ ကွက်ကြည့်ပြီး ချက်ချင်းပိတ်ပစ်လိုက်သည်။ ညွှန်းချ ချင်း ပိတ်လိုက်သည့်တိုင် သကောင့်သားက မြင်ဖြစ်အောင် မြင်သွ သေးသည်။

"ရှည်လိုက်တဲ့ အီးမေးလ် ဝတ္ထုရေးပြီးများ ပို့ထားသလား စကားပြောခန်းတွေ ဘာတွေတောင် မေးလ်ထဲမှာ ပါလာသေးတယ်"

"ကျွစ်"

ကျေးဇူးတင်စကားတော့ပြောလိုက်ပါဦးမည်လေဟု စိတ်က





ထားသည်ကို သင်းစကားကြောင့် ဖျက်ပစ်လိုက်သည်။ ဝန်ထမ်း ကောင်မလေးကိုပဲ ကျေးဇူးတင်စကားပြောခဲ့လိုက်၏။

"ဘယ်လို ယူရမှန်းတောင် မသိဘူး အစ်မရယ်"

ကိုယ်သိချင်နေသည့် အချက်အပြင် သင်းအကြောင်းပါ သိလိုက်ရသဖြင့် ပိုပြီး ကျေးဇူးတင်မိ၏။

ထို့ကြောင့် ငါးမိနစ်၊ ခြောက်မိနစ်သာကြာသည်ကို နာရီ ဝက်စာပေးပြီး ထွက်ခဲ့လိုက်သည်။

"တွေ့ကြသေးတာပေါ့ ကြယ်စင်ရယ်"

ညွှန်းစိတ်ထဲမှာ ကြိမ်းဝါးလိုက်သည်။

ညွှန်းကို ပြောထားသည်က ဆေးကျောင်းသားတဲ့၊ ဒုတိယ နှစ်တဲ့။ ခုတော့ ဒေါက်ပါသည့် အဖြူရောင်ရှပ်အင်္ကျီနှင့် အပြာရင့် ဘောင်းဘီ။

မမလို့ ညွှန်းတစ်ယောက်ကို ခေါ်ပါသည်ဆိုပြီး တွေ့သမျှ မိန်းကလေးနာမည်တွေ မမလိုက်ခေါ်နေသည့် မောင်မင်းကြီးသား။

"ဟင်း . . . ဟင်း တွေ့ကြသေးတာပေါ့"

ပြောတော့ဖြင့် ကျွန်တော်က အပြင်ဆိုင်မှာ မထိုင်တတ်ပါ။ အိမ်မှာပဲ သုံးပါသည်တဲ့၊ ကြီးကျယ်ချင်သေးသည်။ ရုပ်ရည်ကလေး သနားကမားနှင့် တော်တော်ဉာဏ်များသည့် ငနဲကလေး။

တစ်ခါတလေ ချတ်နေရင်းက အမေက စာကျက်ခိုင်းနေပြီတို့ အခင်းစားခေါ်နေပြီတို့ လုပ်တတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ ကိုယ့်အိမ်မှာကိုယ် သုံးနေသည့် အချိုးမျိုး ချိုး
တတ်သေး၏။

"ကဲ… မိရွှေညွန့် ကျုပ် ညည်းကို ဒေါသထွက်နေတယ်"

အခန်းထဲ ဝင်ဝင်ချင်း မျက်နှာထားတင်းတင်းနှင့် ခါးထောက်
ရင်း ကြိမ်းဆိုနေသည်က မိပိုးပိုး။

"ကျွန်တော်မျိုးမကို ရွှေစိတ်တော် ငြိုငြင်နေမှန်းသိ
ဟောဒီမှာ မြေအိုးမီးရှည်တော် ဝယ်တော်မူလာပါတယ် သခင်မ"

ညွန့်ကလည်း နောက်ပစ်ထားသည့်လက်ကို ထုတ်ပြ
ပြောင်ချော်ချော်အမူအရာလေး လုပ်ပြရသည်။ ညွန့်လက်ထဲမှ အ
ရောင် ဖော့ဘူးနှစ်ဘူးကို ကြည့်ရင်း မိပိုးလည်း ဆက်တည်မထ
နိုင်တော့။

"ညည်း တော်တော်တတ်နိုင်တယ်၊ သွား ငါထမင်းစာ
သွားပြီ"

မိပိုးမျက်နှာ ပြုံးစစ ဖြစ်လာသည်။

"အဲဒီလောက် အသည်းအသန်ကြီး ဖြစ်ရအောင် ဘာ
မို့လို့လဲ"

"အသည်းအသန် ဟုတ်လား"

မိပိုး၏ မေးခွန်းက ညွန့်မျက်နှာကို ဆတ်ခနဲ တည်
သွားစေသည်။ အသည်းအသန် ညွန့် ကိုယ့်ကိုကိုယ် သတိထာ
သော်လည်း သည်မေးခွန်းမျိုး ကိုယ့်ကိုကိုယ် မမေးမိခဲ့။





"ဘာကိစ္စမို့လို့လဲ"

ညွန့် သတိလက်လွတ် တုန်လှုပ်သွားရသည်။

"ဟဲ့… မေးနေတယ်လေ"

"ဟိုဟို… ငါ… ငါ"

❐ ❐ ❐



www.burmeseclassic.com

## အခန်း(၁၀)

"မဟုတ်ဘူး ဓေ၊ အဲဒီ အိပ်မက်တွေ မက်ရမှ မဟုတ်ဘူး အိပ်မက်ဆိုးတွေက ငါ့ဘဝရဲ့ အလှည့်အပြောင်းတွေကို သတိပေး ရောက်လာတာ အိပ်မက်ဆိုးမက်တိုင်း အဖြစ်ဆိုးနဲ့ ကြုံရတာချည်း မဟုတ်ဘူး။ ဘယ်လို ပြောရမလဲ သာမန်မဟုတ်တဲ့ အပြောင်းအလဲ တစ်ခုခုပေါ့၊ အဲဒီလို ကြုံရတာ"

"ဒါဆို ရှင်က သူ့တစ်ပါးပေါ့ရှည်းတွေနဲ့ ထိတွေ့ရတိုင်း ပိုင်ရှင်ရဲ့ အကြောင်းကို သိနေတာပေါ့"

"ယေဝယေကပေါ့ ကိုယ့်ကိုကိုယ် မထိန်းချုပ်နိုင်ခင်က မသိချင်တာတွေရော ငါသိချင်တာတွေရော တစ်ခါတလေ ရှေ ပိုင်ရှင်က လျှို့ဝှက်ထားချင်တဲ့ မသိသင့်တဲ့ ကိစ္စတွေကိုပါ ငါမြင်ယော ခဲ့ရတယ်"

"ယေဝယေကဆိုတော့"





"ဟုတ်တယ် အထက်တန်းကျောင်းကို မပြောင်းရသေးခင် အထိပေါ့၊ မမက ပြဿနာတွေ ရှုပ်ထွေးကုန်မှာ စိုးရိမ်ပြီး ငါ့ကို အမြဲတမ်း စွတ်စိတ်ထားတော့ မကြာခဏ သတိပေးတတ်တယ်။ အဲဒီ လိုနဲ့ ငါ စကားနည်းခဲ့ရတာ။ အဲဒီလိုနဲ့ ငါမပြောဖြစ်ခဲ့တဲ့ စကားတွေ များလာတော့ ဒါနဲ့ပဲ ဒိုင်ယာရီထဲမှာပဲ ရေးရပြီး စိတ်ဖြေတတ်လာခဲ့တာ"

"အထက်တန်းကျောင်းရောက်တော့ ဘယ်လိုဖြစ်သွားလဲ"

"မဟုတ်ဘူး ဓေ၊ ငါ ရှစ်တန်းစာမေးပွဲပြီးတဲ့နှစ် ဇွန် ရာသီကျောင်းပိတ်ရက်မှာ မမက ငါ့ကို သက်နှစ်ညည်းပေးခဲ့တယ်။ အဲဒီမှာ ကမ္မဋ္ဌာန်းထိုင်တာ သမာဓိထူထောင်တာတွေနဲ့ ငါ ရင်းနှီးသွား တယ်။ လုပ်သလောက်လည်း အကျိုးရှိလာတယ်။ ငါ့ကိုယ်ငါ ထိန်းချုပ် တတ်လာတယ်"

"ဘယ်လို ထိန်းချုပ်တာလဲ ရှင်သိချင်သလောက် အတိုင်း အတာပဲ ရှုမြင်ယောင်ကြည့်လို့ ရတာမျိုးလား"

"အင်း တဖြည်းဖြည်းချင်း အဲဒီလို ဖြစ်လာခဲ့ရတာပေါ့ နောက်တော့ အိပ်မက်ဆိုးတွေ မက်ပြီးတဲ့ အချိန်ကာလတွေမှာ ဘာကိုမဆို ထိတွေ့ရဲလာတယ်လေ"

သည်လိုဆို ပြဿနာ ညွှန်းဝါ စီနိုင်းထဲက ကာလျှာ့ စိတ်ဝင်စားခဲ့သည့် သူသည် စီနိုင်းသဘောက ညွှန်းဖြစ်သည်ကို သိ ပြီးလောက်ပြီ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမုန်း ရှင်သိပြီးပြီပေါ့"

"ဘာကိုလဲ မေ"

သူ မသိသေး၊ ညွှန်မေးခွန်းကို သူ့စွာမလည်ခြင်းမှာ သူ မသိသေး၍ ဖြစ်မည်။

"ထားပါတော့"

"ဘာကို သိပြီးပြီပေါ့လို့ မေးတာလဲ"

"ဘာမှ မဟုတ်တော့ဘူး"

တောင်းကျွဲတော့မလို ဖြစ်သွားရသည်ကို ညွှန်မြန်မြန်ထိန်းနေရသည်။ သူက ထူးခြားသည့် အာရုံမျိုး ပိုင်ဆိုင်ထားသလို ပါးနပ်မှုလည်း ရှိသည်။ သူ မသိသေးသည့်အရာကို ကိုယ့်စကားက ဖော် ညွှန်းသလိုဖြစ်သွားမည်ကို စိုးရိမ်၏။

"ကိုယ် သိပြီးပါပြီ"

"ရှင် ဘာကိုလဲ"

"ကမ္ဘာတွေ အကြောင်းလေ"

"ဘယ်ကမ္ဘာတွေလဲ"

"နင်ရဲ့ ဒီနိုင်းကို ငါလက်နဲ့ မထိဖြစ်ခဲ့ပါဘူး၊ နေ့မင်းက မဖော်နိုင်မြန်ရောက်တော့မှ ဘာလို့ မပြောမဆိုနဲ့ ပြန်သွားတာလဲလို့ မေးရင်က ပါသာပြန်နေတဲ့ ထွက်မသွားခဲ့ရင် နင်နဲ့ တွေ့လိုက်ရမယ့် အကြောင်းပေါ် ပြောပြတယ်၊ ငါ တကယ် ထင်မှတ်မထားဘူး"





"ဘာကိုလဲ နင်က ဘာကို မထင်တာလဲ"

"အဲဒီ ပေဖါပင် အဲဒီကမ္ဘာအကြောင်း အဲဒီနိုင်းက နင်ဖန်တီးထားတဲ့ နင်ရဲ့ လက်ရာဆိုတာလေ နင့်ကို ငါမေးသွားမယ် ဝတယ် ညွှန်း"

"အဲဒီတုန်းက ရှင် ဖြန်းစားကြီး ပြေးထွက်သွားပြီး အိမ်ကို ပြန်သွားခဲ့တာဆို"

"ဟုတ်တယ် ပြခန်းအဝက နင့်ကို လှမ်းတွေ့လိုက်ရလို့လေ ငါညာဘက်လမ်းကနေ ထွက်သွားတာ"

"ငါ့ကို မတွေ့ချင်လို့ပေါ့"

"အင်း"

"ဒါနဲ့များ အခု ရှင်ဘာလို့ အွန်လိုင်းမှာ အသင့်ရှိနေရတာ လဲ"

"ဒါက မတူဘူးလေ၊ ပြခန်းမှာ ဆုံဖြစ်ခဲ့ရင် နင်က တွေ့ချင်လို့ မဟုတ်ဘဲ မတွေ့သာ မရှောင်သာ ဖြစ်သွားတာမျိုး၊ ဒီမှာက နင်ကိုယ်တိုင် လိုလိုလားလားနဲ့ တက်လာမှ တွေ့ခွင့်ရမှာ ငြီးတော့ ငါ နင့်ကို ညတိုင်းမျှော်နေမိတာပါ"

အနက်ရောင်စာလုံးများက မြင်နေကျအတိုင်း ရွှေ့တောက်သွားသည်။

ထိုဝါကျအဆုံးတွင် တမေ့တလျှလျှိုးနိုင်စေသော သူ့အသံကို



www.burmeseclassic.com

www.burmeseclassic.com



ညွှန်းကြားယောင်မိသည်။ အသံ၊ သူ့အသံဟု တွေးမိမှ ညွှန်းတစ်ခါမှ မကြားခဲ့ဘူးသည်ကို ပြန်သတိရ၏။

"ငါပို့တဲ့ မေးလ်တွေရော နင်ဖတ်ရဲ့လား ညွှန်း"

"ဖတ်တယ် ဖတ်လို့ပဲ မရတနာဆိုတာနဲ့ နင့်အစ်မမှန်း တန်းသိတာပေါ့"

"နင် လိမ်တာပါ၊ ရတနာလို့ သိသိချင်း နင် မဆက်စပ်မိသေး ပါဘူး၊ နောက်မှ အနီးဆုံးက အင်တာနက်ဆိုင်မှာ မရမက ပြောပြီး ငါ့နောက်ဆုံးမေးလ်ကို ပြန်ဖွင့်ကြည့်ခဲ့တာ မဟုတ်လား။ အဲဒီတော့မှ ရတနာဆိုတာ ငါ့အစ်မမှန်း သေချာသွားတာလေ၊ အင်တာနက်ကဖေးမှာတောင် နင့်ချတ်တင်မိတ်တစ်ယောက်နဲ့ မထင် မှတ်တဲ့ ဆုံကြသေးတယ်။ သူ့နာမည်ဝှက်က ကြယ်စင်တဲ့ ဟုတ်လား"

သိပြီးသားပေမယ့် ညွှန်းတုန်လှုပ်သွားသည်။

သူက ဘာမဆို သိနေနိုင်သူမှန်း ညွှန်းသိပြီး ဖြစ်သည်။ သို့သော် နည်းနည်းတော့ ကျောချမ်းသွား၏။ ကိုယ့်နံဘေးမှာ သူ လာရပ်ကြည့်နေသလို မလုံမလဲ ခံစားနေရသည်၊ မဟုတ်မှန်းသိလျက် အခန်းထဲကို ဝေ့ဝဲကြည့်လိုက်မိသေး၏။

"နင့် မေးလ်တွေက ရှည်လျားတွေပြားလိုက်တာ အဝေရာ"

"အဲဒါ နင့်ကို ကြယ်စင်ဆိုတဲ့ကောင် ပြောသွားတဲ့ စကား မဟုတ်လား"





တဆိတ်လွှန်လွန်းပြီ ထင်သည်။

"နင် ငါ့ကို အမြဲတမ်း အဲဒီနည်းနဲ့ စိတ်အနှောင့်အယှက် ပေးနေမှာပဲလား"

"ဆောရီး ညွှန်း၊ ငါ ငါက နင့်ကို အလေးအနက်ထားတယ် ဂရုစိုက်တယ် ဆိုတာလေး သိစေချင်တာပါ၊ ငါ နင့်ကို အရမ်းသတိရ နေခဲ့ပေမယ့် ဒီနေ့ကျမှ နင် ဘယ်တွေမှားသွားနေမလဲ၊ ဘာတွေများ လုပ်နေမလဲလို့ သိချင်စိတ်ပြင်းပြလာခဲ့တာပါ။ အရင်ရက်တွေမှာ ငါ နင့်ကို သတိရရုံလေးပဲ သတိရနေခဲ့တာ ငါ့ကို ယုံပါ"

"ငါ နင့်ကို ကြောက်တယ် အဝေရာ"

လူတစ်ယောက်ကို လွယ်လွယ်နှင့် မကြောက်တတ်သလို ကြောက်ပါသည်ဟုလည်း ညွှန်း ဘယ်သူ့ကိုမှ ဝန်မခံခဲ့ဘူးပါ။

"နင် ငါ့လိုပဲ အင်တာနက်ထဲကနေ လူဘယ်နှစ်ယောက်ကို ခြောက်လှန့်ခဲ့ပြီးပြီလဲ"

"အို"

ကိုယ့်ကိုကိုယ် သားကောင်လို ညွှန်းမြင်လာသည်။

"ငါ အင်တာနက်သုံးတတ်တာ နှစ်လမပြည့်သေးပါဘူးဟာ၊ အမ ငါ့ကိုစသင်ပေးတာ လွန်ခဲ့တဲ့နှစ်လကမှပါ။ ငါ စပြီးသုံးတတ်ကာစ မှာ ပထမဆုံးဝင်ဖြစ်တဲ့ ဝက်ဘ်ဆိုက်က အမေးအဖြေကဏ္ဍ၊ ပထမ ဆုံးခင်မင်ခဲ့ရတဲ့ နာမည်က အဝေရာ ငါနဲ့တူလွန်းလို့ ငါစိတ်ဝင်စားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခိတာ။ ငါသံယောဇဉ်ဖြစ်လာတယ်။ ငါ ငါ နင့်တစ်ယောက်တည်းနဲ့ ပဲ''

ထိုဝါကျကို သူဆုံးအောင် မရိုက်။ တော်တော်ကြာကြာ ညွှန်းစောင့်ကြည့်နေသေးသည်။ သူစကားမဆက်တော့။

''ငါ့မှာ တစ်နေ့ တစ်နေ့ ဘာအလုပ်မှ လုပ်စရာမရှိဘူး။ အရင်ကတော့ အိမ်နားဝန်းကျင်က ကလေးတွေကို စာသင်ပေးတယ်၊ ဒါပေမဲ့ မအောင်မြင်ပါဘူး။ အလကားသင်ပေးတာတောင် လာသင်မယ့် ကလေးမရှိတော့ဘူး''

သူ့စာသားတွေထဲမှာ ဝမ်းနည်းရိပ် အချို့ပါလာသည်။

''မမက ငါ့ကို သာမန်လူလို ငါ့ကို ရှင်သန်တတ်ဖို့ လမ်းကြောင်းပေးနေပေမယ့် ငါကိုယ်တိုင်က လူတောတိုးရမှာ လန့်နေတာ တစ်ပတ်ကို တစ်ခါပဲ အပြင်ထွက်တယ်။ ကျန်တဲ့အချိန်တွေမှာ စန္ဒရားနဲ့ ကွန်ပျူတာကိုပဲ ငါဆက်ဆံတယ်''

အထီးကျန်သူတစ်ယောက်၏ ကြေကွဲဝမ်းနည်းမှုလား။

''နင်နဲ့ ခင်မင်ခွင့်ရလာတော့ ငါ့အတွက် ညတွေဟာ ပျော်စရာကောင်းလာတယ်၊ နင် ငါ့ကို အဆက်အသွယ်ဖြတ်သွားတော့ ငါ့မှာ လုပ်စရာတစ်ခုပဲ ရှိတော့တယ်''

''ဒါကြောင့် ငါ့ဆီကိုပို့တဲ့ မေးလ်တွေက ရှည်လျားနေတာပေါ့ လေ''





''ဟုတ်တယ် ညွှန်း။ နင် ငါ့ဆီပြန်လာတာကို ငါလှိုက်လှိုက်လှဲလှဲ ဝမ်းသာကြည်နူးမိပါတယ်၊ ကျေးဇူးပါပဲ ညွှန်းရယ်''

''ငါ နင့်ကို ပြန်ပြီး ဆက်သွယ်ချင်လွန်းလို့ မဟုတ်ဘူး။ ငါ့မှာ နင့်ကို မေးစရာတွေ ရှိလာလို့ ငါ့ဘာသာ မေးခွန်းထုတ်ပြီး ငါကိုယ်တိုင် မဖြေတတ်တဲ့ မေးခွန်းတွေပေါ့၊ ဒါပေမဲ့ နောက်ညတွေမှာပဲ မေးတော့မယ် ဘိုင် အိပ်မက်လှလှမက်ပါစေ''

❐ ❐ ❐

သည်တစ်ခါလည်း အင်တာနက်ကဖေးကို ဦးဆောင်ခေါ်ခဲ့သူက ပိုးပိုးပင်။ ညွှန်းကိုတော့ မိမိနှင့် ချိန်းထား၍ဟု အကြောင်းပြခဲ့။ သိပ်တော့မယုံမိ။ သင်တန်းချိန် မပြီးခင်ကတည်းက တက်တက်ကြွကြွ ဖြစ်နေပုံအရ မိမိသည် နိုင်လုံသော အကြောင်းပြချက် မပြနိုင်ပေ။

တကယ်သာ မိမိနှင့် စကားပြောချင်လျှင် အရင်က ညွှန်းနှင့်တာ တွဲခေါ်ခဲ့ခြင်းများကို သူ ဘယ်လိုရှင်းမည်လဲ၊ ထိုစဉ်ကလည်း မိမိနှင့် ပြောပါ။

တခြားသူတွေနှင့် မပြောချင်နေပါဟု ညွှန်း သူ့ကို ခေါ်ခဲ့သည်။ ချတ်တင်ကို သူစိတ်မဝင်စား။ မိမိနှင့်လည်း ညွှန်းပဲ ပြောပါဟု



www.burmeseclassic.com

www.burmeseclassic.com



အဖော်လိုက်သည်ဆိုရုံ လိုက်ပေးခဲ့သည့် မိပိုး။ ညွှန်းသုံးနေချိန်တွင် နံဘေးမှာ ငုတ်တုပ်ထိုင်ကာ စောင့်ပေးတတ်ပြီး တစ်နာရီမပြည့်ခင်မှာပင် ပြန်ချင်သည်ဟု တတွတ်တွတ် နားပူခဲ့သည့် မိပိုး။

"ဟင်း ဟင်း နင် ရိုးတော့ မရိုးဘူး မိပိုး၊ ငါ့ကို မှန်မှန် ပြောစမ်း"

ညွှန်းတည့်မေးတော့ မိပိုးက ဟိုလိုလို သည်လိုလို လုပ်နေသေးသည်။

"ကောင်းပြီလေ ငါ့အပေါ်မှာတောင် ပွင့်ပွင့်လင်းလင်းမရှိတဲ့သူနောက် ငါက ဘာလိုက်လုပ်ရမှာလဲ နင်သွားချင် နင့်ဘာသာ သွား"

"ညွှန်းကလည်းဟာ"

လမ်းလယ်မှာ ညွှန်း ပေကပ်ကပ် ရပ်ကျန်ခဲ့တော့မှ မယ်မင်းကြီးမက မချိုမချဉ်ပြုံး၍ ဝန်ခံတော့သည်။

"ဟိုလေ ငါ ငါတို့က ဖန်ဖဝါရီတုန်းက တက်တဲ့သင်တန်းလေ၊ အဲဒီတုန်းက စာမေးပွဲတွေ ဖြေခါနီးတော့ အမှတ်တရစာအုပ်ကလေး လုပ်တာလေ ညည်းမှတ်မိလား"

"ငါ့မှတ်ဉာဏ် အဲဒီလောက် မပါးဘူး၊ ပြောစရာရှိတာပြော မိပိုး"

"အဲဒီတုန်းကဟာ တို့နာမည်တွေ လိပ်စာတွေ အပြင်လေ





ကိုမေးလ်အကောင့်ရှိရင်လည်း ထည့်ပါဆိုတော့ ငါတို့ ထည့်လိုက်ကြတယ်လေ"

"အင်း"

ညွှန်းက ခပ်တင်းတင်း အင်းလိုက်သည်။ နေရာမှရွှေ့တော့ ရွှေ့သေး။

"အဲဒါ ဟို… ကို… ကိုမင်းကိုဦးဆိုတာ ညည်းမှတ်မိလား သိဘူး"

"ဘယ်သူ ကိုမင်းနဲ့ ကိုဦး ဟုတ်လား"

"အာ… မနောက်နဲ့ဟာ၊ မင်းကိုဦးကိုပြောတာ အီးစီလေ အဟဲ သူက ငါ့ကိုမေးတယ်"

ညွှန်း ခြေလှမ်းကို ပြန်စပေးလိုက်သည်။

"ဘာမေးတာလဲ"

"ညီမလေးရဲ့ အကောင့်ထဲကိုတဲ့ ကိုယ်အင်ဗိုက်လုပ်လို့ ရမလားတဲ့"

"ဟင်… ဘယ်က ညီမလဲ၊ နင့်မှာ ညီမမှ မရှိတာ"

"အဲဒါတွေကြောင့် ငါ ညည်းကို မပြောရဲတာ မိညွှန်း၊ ညည်း အရမ်းမနောက်နဲ့ဟာ ငါရှက်တယ်"

"အဲ ရှက်တဲ့ရုပ်ကလေးကလည်း ဒါနဲ့ပဲ ရှက်ရှက်နဲ့ ဟုတ်ကဲ့ သို့ခေါင်းညိတ်ပြီး ရှက်ရှက်နဲ့ အင်တာနက်ဆိုင် ခဏခဏသွား



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရှက်နဲ့ပဲ စကားတွေပြောနေကြတာပေါ့ ဟုတ်လား အပျိုကြီး''

''ကဲဟာ... ကဲဟာ ငါ့ကို နောက်ချင်ဦး''

မိပိုးက ရှက်ရှက်နှင့် သူ့လက်ထဲမှ ပလတ်စတစ်ဖိုင်လေးကို လွှဲကာ လွှဲကာ ညွန်းကို ရိုက်တော့သည်။ ပြီး သူက တစ်လှည့် စိတ်ကောင်ပြုပြန်၏။

''ငါကတော့ ပွင့်ပွင့်လင်းလင်း ဝန်ခံပြီးပြီ၊ ညည်းအလှည့် ညည်းမှာ ငါ့ကို မပြောဘဲ ဖုံးထားတာတွေ ရှိနေပြီ မိညွန်း''

''ဟဲ့... ပြောသင့်တဲ့အချိန်ကျ ပြောမှာပေါ့၊ ငါဘာမှ မထားဘူး''

မိပိုးက နှုတ်ခမ်းကို တမင်တကာ မဲ့လွဲပြီး လမ်းလယ်ခေါင်မှာ ခြေစုံရပ်လိုက်၏။ ညွန်းအကွက်နှင့် ညွန်းကို ပြန်ဖမ်းလိုက်မလား

''ဟာဟ... စိတ်လည်းမကောက်တတ်ဘဲနဲ့ဟာ ကဲ မြန်မြန်သွားရအောင် ဟိုမှာ မီမီစောင့်နေဦးမယ် လာ လာ''

''ညွန်း ညည်းတအားတတ်တယ် ငါ့ဆို ငယ်နိုင်ပဲ''

တကယ်တမ်း ထိုင်ဖြစ်တော့ အွန်လိုင်းမှာ မီမီရှိမနေပါ။ မီမီရှိမနေကြောင်းကို မိပိုးစက်မှာ လှမ်းကြည့်ပြီး သိခြင်းဖြစ်သည်။ ညွန်းက မီမီနှင့် ချိန်းမထားမှန်းသိ၍ ရွှေမိုးစက်ကို ဖွင့်ပင်မဖွင့်ရသေး။

ညွန်းလက်တွေက နာမည်ဖြည့်ရန်နေရာတွင် away ကိုသာ အရင်ရိုက်ထည့်နေမိသည်။





သို့သော် သူ့နာမည် avera မှာ မှိန်ဖျော့လျက်။

ရွှေမိုးစက်ကို ဖွင့်ကြည့်တော့ ကျောင်းဖွင့်ရက်ပြီးနောက် ဟိုသကောင့်သားကို တွေ့ရသည်။ ကြယ်စင်။

''ဟိုင်း မမ''

ညွန်း ဘာမှပြန်မပြောသေး။

''မမကို မတွေ့ရတာကြာပြီ၊ လွမ်းနေတာ သိရဲ့လား''

''မင်း ကျောင်းမသွားဘူးလား''

''ဟုတ် မမ၊ ဖျားနေတာ ဆရာဝန်ကတော့ လွမ်းဖျားလို့ ပြောတယ်''

''မင်းပြောတော့ မင်းအမေက ဆရာဝန်ဆို မင်းအမေက ပြောတာလား လွမ်းဖျားလို့''

''ဟုတ်တယ် မေမေတောင် သိနေပြီ''

''ဘာသိတာလဲ၊ သူ့သားက ဆေးကျောင်း ဆေးသောက်နဲ့ ထွက်သွားပြီး ကျိတ်စီ ရောက်နေတာကို သိသွားတာလား''

''ဗျာ''

''ဒါမှမဟုတ် တွေ့တွေ့သမျှ မိန်းကလေးတွေကို မမ မမနဲ့ အစ်မတည်းမနေတာကို သိသွားတာလား''

''မမ လူမှားနေပြီ''

''ဟာဟ လူမှားနေပြီ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"လူများရအောင်ကွယ်၊ နာမည်တူနှစ်ယောက် လက်ခံပြီလို့လည်း မကြားမိပါလား။ ကြယ်စင်ဆိုတဲ့ အကောင့်မှာ ဘယ်နှစ်ယောက်များ သုံးနေလဲ၊ မင်းပြန်စစ်ကြည့်ဦး"

"မမ ဘာတွေပြောနေတာလဲ"

တစ်နေ့က ညွှန်းကို ကူညီထားသော ကောင်မလေးဇော်ရင်ထိုးတံဆိပ်ပေါ်မှ နာမည်ကို ပြန်စဉ်းစားကြည့်လိုက်သည်။

"မင်း Member ဝင်ထားတဲ့ Black Space Internet Cafe က မစောယုစ်ဆိုတဲ့ မိန်းကလေးကို ကျေးဇူးတင်ကြောင်း ကိုယ်စားပြောပေးစမ်းပါဦး ဒါပဲနော်"

ရှေ့ဖုန်းစက်ကို Sign Out လုပ်ကိုင်ချိန်တွင် နံဘေးက မိုးပိုးက ညွှန်းကို အကဲခတ်သလို ကြည့်နေသည်ကို တွေ့လိုက်ရသည်။

"ဘာလဲ"

"ညည်းဘာတွေ အူမြူးနေတာလဲ မိပိုး၊ ပြုံးနေလိုက်တာ အသံထွက်မတတ်ပဲ"

"ပြုံးတာ အသံထွက်မလားဟဲ့၊ ဒီမှာ အီစီကလီမင်းသားတစ်ယောက်ကို နှိပ်ကွပ်နေတာ ဟိုကောင်လေ ကြယ်စင်ဆိုတာ ငါပြောဖူးပါတယ်"

"သြော်... ညည်းကလည်း ဒီလိုပဲပေါ့ဟာ၊ လူချင်းတွေ့





ဖူးတာမှ မဟုတ်တဲ၊ တစ်ယောက်ကို တစ်ယောက် အနည်းနဲ့အများတော့ လှည့်စားနေကြမှာပဲပေါ့၊ လူချင်းတွေ့ဖူးတာမှ မဟုတ်တဲ"

စကားတစ်ခွန်းကို နှစ်ခါထပ်ပြောနေသည့် မိပိုးအား ညွှန်းပြန်အကဲခတ်ကြည့်သည်။ လူချင်းတွေ့ဖူးတာမှ မဟုတ်တဲ။

"သြော်... ဟော်... ဟော် နင်က လူချင်းတွေ့ဖူးပြီးသားကိုကိုနဲ့ပဲ ယုံကြည်စိတ်ချစွာ ပြောဆိုနေတာပေါ့လေ၊ မိပိုး နင့်ဟာက ပြောင်းပြန် ဖြစ်နေပါလား"

"ဘာပြောင်းပြန်ဖြစ်လို့လဲ"

မိပိုးက ညွှန်းကို လှည့်မကြည့်ဘဲ တချောက်ချောက်ရိုက်နေရင်းက ပြောသည်။ မိပိုးတောင် လက်တော်တော်သွက်နေပြီပဲ။

"သူများတကာ အင်တာနက်ထဲမှာခင်ပြီး အပြင်မှာတွေ့နောက်တော့ ချစ်သွားကြတာ နင့်ကျမှ အပြင်မှာ ခင်ပြီးသားကိုအင်တာနက်ထဲမှာ ချိန်းတွေ့ပြီး နောက်တော့ ဘာဖြစ်မလဲ မသိဘူးပေါ့လေ"

"သူက အခု တခြားနိုင်ငံမှာဟာ့ အဲဒီသင်တန်းကိုလည်း အပြင်ထွက်ဖို့ တက်သွားတာ အဲဒါကြောင့် ငါ့ကိုမေးလ်ကို တောင်းသွားတာပေါ့"

"သြော်... သြော်... သြော် မိန်းမတို့ ကုသိုလ်ကြောင့် ဖိုးမေးလ်တော့ ပေးလို့ရတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မယ် ဝါက ဘာများတွေးမြွေမျက်နေလို့လဲ။ ဒီမှာ ငါတို့ ချင်းပြောနေတာတွေလည်း လာကြည့်ဦး။ သိပ္ပာရှိရှိ ပညာရပ်တွေ အကြောင်း ဆွေးနွေးနေတာ ဖလှယ်နေတာ လာတော်ကြည့် ဗဟု သုတလည်း ရတာပေါ့"

မိုးတောင် စကားတော်တော်တတ်နေပြီ ဖြစ်သည်။ ညွှန်း မှာပဲနေတွေနှိုက်ပြုံနေသာ တို့ပြန်နှိပ်ခဲ့။ မိုးကို ဘယ်သူကများ သင်ပေးနေ ပါလိမ့်။

"ညည်းသာလေ အကောင်နှစ်ခုမွေးပြီး နာမည်နှစ်မျိုးနဲ့ လုပ်စားနေတာ"

"ဘာ ငါက ဘာလုပ်စားလို့လဲ နင်နော် အေးပေါ့ ခုက်စပြီး ငါလည်း နာမည်တစ်ခုပဲ သုံးတော့မှာပဲ။ သူကိုခွင့်တောင်းပြီး နင့် မီးကိုပဲ ငါ့စာရင်းထဲမှာ ထားတော့မှာ"

မိုးတစ်ယောက် ညွှန်းကို ဆတ်ခနဲ လှည့်ကြည့်လာ သည်။

"ဘယ်သူကို ခွင့်တောင်းမှာလဲ ညည်းနာမည်နဲ့ ညည်း ငါတို့ကို လက်ခံတာ ဘယ်သူကို ခွင့်တောင်းမှာလဲ"

ညွှန်း ထိတ်ခနဲ ဖြစ်သွားရသည်။ လူက ငြိမ်ငြိမ်ကလေး ထိုင်နေဆဲဖြစ်သော်လည်း ဦးနှောက်ထဲ၌ အစနီးကိုင်းလိုက်လို့ ရင်ဘတ်ထဲ ပွဲကြည့်ကာ ပျာယာခတ်နေပြီ ဖြစ်သည်။





"ဟဲ့... ပြောလေ ဒီအချစ်ဆုံး သူငယ်ချင်းလေးကိုမှ သိမ်ထောင်ကိုတောင် ညည်းက ဘယ်သူ့ခွင့်ပြုချက်ရမှ ဆက်ဆံမှာလဲ"

ကိုယ့်ကိုကိုယ် အံ့ဩမြင်သက်ကာ ညွှန်း ကြက်သေသေသွား ရသည်။ သူ သူက။

သူ ညွှန်းကို ဘယ်လိုစိုးမိုးလိုက်သလဲ။ ဘယ်အချိန်က ညှိပေါက်နေရာယူသွားခဲ့သလဲ။

"အမေလေး မီမီရေ ညည်းသူငယ်ချင်း မိညွှန်းက ငါတို့ကို ဆက်ပြီး ခုငံ့ မခင်ချိတောင် ဘယ်သူစိမ်းဆီက ခွင့်ပြုချက်တောင်း နေဦးမှာလဲ မသိဘူးဟေ့"

မိုးက တိုးတိုးလေး ညည်းလိုက်သော်လည်း ညွှန်းရင်ထဲ မြားနဲ့ ပစ်လာသည်။

သူစိမ်း။ သူက သူစိမ်းလား။ ညွှန်းစိတ်ထဲ သူ့ဆီက အခုမှ ခွင့်ပြုချက်တောင်းဖို့ စဉ်းစားမိသတဲ့လား။

ညွှန်း ဘယ်တုန်းက ပျော့ညံ့သွားတာလဲ။

ရွှေမိုးလက်နှင့် ယှဉ်လျက်ရှိနေသော အဝေရာ (awayyar) ဆိုမှ အဝေရာ (avera)ဆိုသော နာမည်ကလေး ပေါ်လာသည်။ ရွှေမိုးလက်ဆိုသော နာမည်နှင့်အတူ အရင်က စကားပြောညှိမ်ခဲ့သူ ... ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်၏။

ကံဘုတ်လေတွေ...။ ညွှန်းလက်တို့ ဖြည်းညှင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားသည်။ ထို့နောက် ညင်သာသော ရွေ့လျားမှုဖြင့် ဝါကျ
တစ်ခုတည်ဆောက်မိ၏။

"အဝေရာ ကျွန်မ ရှင့်ကို ခွင့်တောင်းစရာတစ်ခု ရှိတယ်"

□ □ □

"အင်းပါ ဖေဖေရဲ့ ဖေဖေလည်း ကျန်းမာရေးကို ဂရုစိုက်
နော်"

ကွန်ပျူတာ စကရင်ပေါ်မှ ဖေဖေ့ပုံရိပ်ကို အားမလို အားမ
ကြည့်ရင်း ညွှန်းနှုတ်ဆက်လိုက်သည်။ ညွှန်းပြောပြီး နည်းနည်းကြာ
ဖေဖေ့အသံက ညွှန်းထံရောက်လာ၏။

"ကောင်းပါပြီဗျာ၊ ကဲ... ဝွတ်ဒ်နိုက်တ် သမီး၊ သမီး
မွေးနေ့ကျမှ ပြန်တွေ့ကြတာပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

သေချာပါသည် ညွှန်းအသံကလည်း ဖေဖေ့ဆီ နည်းနည်း
ကြာပြီးမှ ရောက်လိမ့်မည်။ သည်တော့မှ ဖေဖေက နှုတ်ဆက်အ
နှင့် ပျောက်ကွယ်သွား၏။ ညွှန်းလည်း နားကြပ်နှင့် ကင်မရာ
ဖြုတ်၍ နေသားတကျ ပြန်ထားလိုက်သည်။

"ဟင်း"

တိုးတက်လွန်းသည့် နည်းပညာပေမယ့် ခပ်ဝါးဝါးပုံရိပ်





ပြတ်တောင်းတောင်းအသံတို့ကို ညွှန်းစိတ်မရှည်ချင်။ ဖေဖေ့ရင်ခွင်
ထဲမှာ ခေါင်းမှီပြီး တီတီတာတာ ချွဲချင်ပေမယ့် ခုံပေါ်တော်တော်ထိုင်
ပြီး တစ်ခွန်းချင်း ပြောနေရသည်က အားမရချင်စရာ။

"အန်ကယ်လ်က ဘာတဲ့လဲ"

"နောက်လလည်း ပြန်လာဖြစ်ဦးမယ် မထင်ဘူးတဲ့"

ဖြေရင်း မိပိုးဘေးမှာ ဝင်ထိုင်လိုက်သည်။ မိပိုးက ညဝတ်
အင်္ကျီပင် လဲပြီးနေပြီ ဖြစ်၏။ ညွှန်းကတော့ အိပ်ဖြစ်ဦးမည် မဟုတ်။
ဝတ္တရားတစ်ခု ကျန်သေးသည်လေ။

"ညည်း ရေချိုးတာစောင့်ရင်းနဲ့ ငါတောင် အန်ကယ်လ်နဲ့
တော်တော်ပြောလိုက်ရသေးတယ်"

"နင် ဘာတွေချွန်လိုက်သေးလဲ"

"မချွန်ပါဘူး ကြွားလိုက်တာ"

"ကြွားလိုက်တာ"

"အေးလေ အန်ကယ့်လ်သမီးကလို ပန်းချီဆရာမကြီး ဖြစ်
နေပြီလို့ ပွဲဦးထွက်တင်တဲ့ ဒီဇိုင်းနှစ်ခုလုံး အောင်မြင်နေတာလို့
ဂျာနယ်တစ်စောင်မှာတောင် သူ့ရဲ့ ဒီဇိုင်းအကြောင်း ရေးထားတာ
ပါလာတယ်လို့"

"နင် စိတ်ကောင်းဝင်နေပါလား"

"ဩော်... ငါလည်း ညည်းကိုယ်စား အန်ကယ်လ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာချင်အောင် စကားဆွယ်ရတာပေါ့၊ ဟိုကဗျာနဲ့ နာမည်မပါတဲ့ ကားအကြောင်း သိပ်မပြောတဲ့ အဖေလို့ နာမည်ပေးထားတဲ့ ဒီဖိုင်း အကြောင်း၊ ပိုပိုသာသာ ပြောပြလိုက်တာပေါ့''

မိပိုးစကားတွေ နားထောင်ရင်း အကြည့်က နံရံတစ်ဘက်သို့ ရောက်ဖြစ်သည်။ နံရံပေါ်တွင် ယှဉ်လျက်ချိတ်ထားသော ဒီဖိုင်းကား နှစ်ကား။ ဗေဒါပင်လေးက မီးရောင်အောက်မှ ပို၍ မှိန်ဖျော့နေသည်။

အဖေ

တိမ်တိုက်တွေကြား ဦးမော့တက်သွားကာစ လေယာဉ်တစ်စီးကို မျက်ရည်ဝဲ့ဝဲ့နှင့် မော့ငေးကြည့်နေရှာသော ကလေးမလေး၏ မျက်နှာ။

''ဩော်''

မိပိုးက တစ်စုံတစ်ရာကို သတိရသွားဟန်နှင့် ရှေ့ရွှတ်လိုက်သဖြင့် လေယာဉ်ဆီ မော့ကြည့်နေရာမှ သူ့ကို လှည့်ကြည့်လိုက်မိသည်။

''ဒီဖိုင်းဆိုမှ ဟိုစုံတွဲအကြောင်း သတိရတယ်''

''ဘယ်စုံတွဲလဲ''

''ညည်းတို့ ပြပွဲရဲ့ စပွန်ဆာလေး ကိုချမ်းငြိမ်းတို့အတွဲ''

''ဘာဖြစ်လဲ သူတို့''

''ဩော် ဟိုနေ့က ငါ သူတို့ကို မြင်ဖူးသလိုပဲလို့ စဉ်းစား





နေတာလေ၊ အခုမှ သတိရတယ်၊ ငါတို့နဲ့ နှစ်ခါလောက်ဆုံဖူးတာပဲ''

''ဟုတ်လား''

''အေးလေ ညည်းမမှတ်မိဘူးလား။ ငါတို့ ဈေးဝယ်ထွက်တာလေဟာ''

''ဟုတ်မှာပေါ့ ငါ သတိမထားမိတာ ဖြစ်မယ်''

''အား ညည်းကလည်း ဘာလို့သတိမထားမိရမှာလဲ စင်တာအဝမှာ သူတို့ရဲ့ ကားပိတ်နေလို့တောင် လမ်းဆင်းလျှောက်ခဲ့ရသေးတယ်''

''ဘာရယ်''

မှတ်ဉာဏ်ထဲမှာ လင်းခနဲ ဖြစ်သွားသည်။

''သေချာလို့လား''

''သေချာပါတယ် ဟာ၊ ဒီလောက် လိုက်တဲ့အတွဲကို မမှတ်မိပဲနေမလား''

''ဒါဆို သူ သူ သူ''

အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်က ကားနောက်ခန်းမှ တစ်စုံတစ်ဦးကို ပွေ့၍ တွဲ၍ ချပေးနေသည့် ပုံရိပ်ကို ညှန်း မှတ်မှတ်ထင်ထင် ဖြစ်သွားသည်။ ပြီး ခေါင်းတညိတ်ညိတ်နှင့် ချတ်စိစုံမှိတ်၍ သီချင်းနားထောင်နေသော ဘီးတပ်ကုလားထိုင်ပေါ်မှ ...



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်စာတန်းထိုးသလို ဥုန်းအာရုံထဲက ကွန်ပျူတာစာ ရင်ပေါ်မှာ စာသားအချို့ပေါ်လာသည်။

"တစ်ပတ်ကို တစ်ခါပဲ အပြင်ထွက်တယ်"

"အင်း ဝါသနာရယ်လို့ မဟုတ်ပေမယ့် သီချင်းနားထောင် တာ ပြီးတော့ စာအုပ်ဖတ်တာ ဒီလောက်ပါပဲဟာ ငါလုပ်နိုင်တာ ဒါပဲ ရှိတာကိုး"

ဥုန်း ပြုံးများပြုံးလိုက်မိသလား။ ကိုယ့်ကိုကိုယ် သတိမ ထားလိုက်မိ။ သူ့ကို ဥုန်း မြင်ဖူးနေသည်ပဲ။

"သူ သူ နဲ့ ဘာဖြစ်နေတာလဲ ညည်းက"

"ဟဲ့… ငါပြောတဲ့ အဝေရာဆိုတာ သူပဲ"

"ဘာလဲ ဟိုပုံပြင်တွေပြောတဲ့ တစ်ယောက်လား"

"အေးလေဟာ အဲဒီအဝေရာဆိုတာ နှင် ဟိုတစ်နေ့က ပြောတာတွေ မကြားဘူးလား ထားပါတော့ ငါ ငါသိသွားပြီ"

"ညည်း ဘာတွေပြောနေတာလဲ မိဥုန်း"

"ငါပြောပြမယ် ငါ နှင့်ကို ပြောပြမှဖြစ်တော့မယ်၊ အဝေရာ ဆိုတာလေ အဲဒီ ဘီးတပ်ကုလားထိုင်ပေါ်က တစ်ယောက်ပေါ့ ကဗျာရေးတာသူပဲလေ၊ ပန်းဖြစ်ရပ်ကြွင်းလေဟာ"

စိတ်လှုပ်ရှားစွာ အဆီအငေါ်မတည့်သော စကားတွေဆိုနေ သည့် ဥုန်းကို မိပိုးက နားမလည်စွာ ငေးကြည့်နေ၏။





သူ့အကြောင်းကို ဥုန်း ပြောတတ်သလို ပြောပြလိုက်သည်။ အမေရင်းက မီးတွင်းထဲမှာ ဆုံးသွားခဲ့ပြီး မြေမြှုပ်သင်္ဂြိုဟ်ပြီးမှ မိခင်ဝမ်းမှ ကျွတ်ခဲ့သည့်အကြောင်း ကံကောင်းပြီး ခင်ဆန့်သောင်း အလောင်းအစားလုပ်သူများကြောင့် မွေးစားအမေနှစ်ယောက် ယတ်ထဲ ရောက်ခဲ့ရသည့်အကြောင်း။

"ဟာ… ဒါဆို ညည်းလူက အဆန်းမလား"

အိပ်မက်ဆိုးများ ကံကြမ္မာအလှည့်အပြောင်းများ ဝမ်းနည်းရ ပျော်ရွှင်ရ၊ လောကဓံကို ကြုံတင်ရိပ်မြွက်သည့် အာရုံများ။

"သြော်… ဒါကြောင့် ညည်းလုပ်သမျှ သူသိနေတာကိုး ဒီနေ့ နေ့လယ်ကလည်း ညည်းအွန်လိုင်းပေါ် ရောက်နေမှန်းသိလို့ သူတက်လာတာဖြစ်မယ်"

."နှင် အဲဒါတွေ ယုံလား မိပိုး"

"ညည်းပဲ အတည်ပေါက်နဲ့ လာပြောနေပြီးတော့ ဒါလည်း ဖြစ်နိုင်လောက်မယ် ထင်တာပေါ့ နို့မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ငါလည်း မယုံလို့မရတော့ဘူး သူ တကယ် သိနေတာ"

မအိပ်သေးပေမဲ့ မိပိုးဘေးမှာ လှဲနေလိုက်မိသည်။

"ဥုန်း"

"ဘာလဲ နှင်ကလည်း အလန့်တကြားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိပိုးက အတူတူလုံလျှောင်းနေရာက ရုတ်တရက် ဆတ်ခနဲ ထထိုင်ပြီး ခေါ်လိုက်သဖြင့် ညွန်းတွေးလက်စကလေး ပျက်သွားရ သည်။

"သူ့ဆီမှာ နင့်ပစ္စည်းတစ်ခုခုများ ရှိနေလို့လား မသိဘူး"

"ဟင်"

ထိုအတွေးကို ညွန်းလုံးဝမတွေးမိခဲ့။

"ရှိနေလို့လား မဟုတ်ဘူး မိပိုး၊ ရှိကို ရှိနေရမယ်"

"ဒါဆို"

❐ ❐ ❐



## အခန်း(၁၁)

"တစ် ရှင်ဘယ်သူလဲ"

"ငါ့နာမည် အဝေရာ"

"နှစ် ရှင့်ဘဝမှာ အိပ်မက်ဆိုးတွေ ဘယ်နှစ်ကြိမ် မက်ခဲ့ဖူး လဲ"

"သုံးရာသီမှာ တစ်ခါမက်တယ် အခု ငါ့အသက်နှစ်ဆယ့် ငါးနှစ်ထဲမှာ"

"သုံး ဘယ်အိပ်မက်က အဆိုးဆုံးလဲ"

"ပထမဆုံးအိပ်မက်"

"လေး ဘယ်အိပ်မက်က အကောင်းဆုံးလဲ"

"နောက်ဆုံး အိပ်မက် ဟိုး ဟိုး နေပါဦး နင်ပြောတော့ နင့်စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေတာတွေ ငါ့ကို မေးချင်လို့ဆို၊ အခု ဒီမေးခွန်းတွေက နင်မေးချင်တာတွေ မဟုတ်သောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်တယ်၊ ငါ တကယ်မေးချင်တဲ့ မေးခွန်းတွေက အခု မေးဖို့မလိုတော့ဘူးလေ"

"ဒါဆို ခွင့်တောင်းမယ်ဆိုတာက"

"ငါ့မှာ အကောင့်နှစ်ခုရှိတယ် အဝေရာ နင်သိပြီးသား ဖြစ်ချင်ဖြစ်မှာပါ၊ အဲဒီ နှစ်ခုထဲက တစ်ခုကို ငါဖွင့်လှစ်တော့မယ် အဲဒီအတွက် ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်း နှစ်ယောက်ကိုပဲ ငါဆက်သွယ်မယ့် အကောင့်မှာမည်ကို ပြောပြမှာ"

"အဲဒီတော့"

"ပြော်... နင်က ဒီအကောင့်ကို နင်တစ်ယောက်တည်း အပိုင်စီးထားချင်တာလေ အဲဒါကြောင့် ခွင့်တောင်းနေတာ"

"နင် ခုနကပြောတာ နင့်ရဲ့ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ကိုပဲ လက်ခံမှာဆိုတဲ့ သဘောလား ညွှန်း"

"အင်း... နင်သဘောတူလား"

"နေပါဦး ဒီအကောင့်ထဲမှာ ငါရှိနေပြီသားလေ၊ နှစ်ယောက်ပဲလက်ခံမှာဆိုတော့ ငါအပါအဝင်လား နောက်ထပ်နှစ်ယောက်လား"

"အဲ ဟို နောက်ထပ်"

"ဒါဆို ငါက နင့်ရဲ့ အချစ်ဆုံးသူငယ်ချင်းစာရင်းထဲမှာ မပါဘဲ ဒီထဲမှာရှိနေပြီးသားမို့ မကောင်းတတ်လို့ ဆက်ပြီး လက်ခံထားတဲ့ သဘောလား ညွှန်းရယ်"





"ငါ့ကို စကားလာနိုက်မနေနဲ့"

"အဲဒီလို မဟုတ်ပါဘူး"

"ဒါဆို စကားကို ကပ်ပြီး ပြောနေတာလား၊ အကျွမ်းတဝင် နေတာလား"

"မဟုတ်ပါဘူးဟာ"

"ကဲပါ ငါပဲ စကားပြန်ပြင်ပါ့မယ်၊ မကောင်းတတ်လို့ မဟုတ်ဘူးဆိုရင်၊ ငါ့သူငယ်ချင်းသုံးယောက်ပဲ လက်ခံမှာဟာ ဖြစ်ပြီလား"

"ပထမပြောသလို အချစ်ဆုံးဆိုတာ မပါတော့ဘူးနော် ညွှန်း"

"နင် တော်တော်ကြီးတဲ့ပြည့်လား အဝေရာ ဟမ်"

"အိုက... အိုက ငါသဘောတူတယ်"

"ငါ့အကောင့်ထဲမှာ ငါ့သူငယ်ချင်းတွေ ဝင်လာမှာကို နင့်ကို ခွင့်တောင်းနေရလား၊ တကယ်ဆို သူတို့ကတောင် ငါ့ကို စကားများ အုံးမယ်၊ နင်က စကားနာထိုးနေတယ်၊ ဒီမယ် သူတို့နဲ့ ငါ့ကြင်း သဘောကြောလို့ပြီ ပြီးတော့ မိန်းကလေးချင်း ညီအစ်မတော်ချင်းတွေလိုပဲ ဆိုတာ သိရဲ့လား"

"ညွှန်း နင်တစ်ခါမှ ဒီလောက်စကားရှည်ရှည် မပြောဖူးတော့ နောက်ပြီး ရှင်တွေ ကျွန်မတွေ မသုံးတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သုံးရမှာလား"

"မဟုတ်ဘူး မဟုတ်ဘူး မလုပ်ပါနဲ့ အဲဒီ အသုံးအနှုန်းတွေ မြင်ရရင် ဖိုမှာ တဆိတ်ဆိတ်နဲ့ ဖြစ်ရတယ်"

"လာသေးတယ် ဒီမယ် ငါ နင့်ကို မေးရောတစ်ခုတော့ ရှိတယ်"

"အင်း… မေးလေ"

"နင်တို့ ခက်ဒီဆုံးသွားတော့ နင့်မဂ ငယ်ငယ်လေး ရှိသေးတာ၊ နင်တို့ကို ဘယ်သူစောင့်ရှောက်ပေးလာတာလဲ၊ ငါ တွေးလို့မရလို့နော်"

"ဪ… ဒါလား၊ ခက်ဒီဆုံးတော့ လုပ်ငန်းတချို့ ရှုပ်ယှက်တွေ ကျန်ခဲ့တယ်လေ၊ တော်တော်များများကတော့ ဖုံး ရောင်းပစ်လိုက်တာပေါ့လေ၊ ကျန်တာတော့ ဖိုကိုလာခေါ်တုန်း ပါလာတဲ့ ခက်ဒီရဲ့ဖေ ဦးလေးကောင်းက အစစအရာရာ တာဝန် ပေးတယ်၊ လေးလေးဆန်းလည်းရှိနေတာကိုး၊ အဟင်း အနက်ကယ် ထွက်တို့ လင်မယားကတော့ တစ်ခါနှစ်ခါ လာသေးတယ်၊ သဘော ရိုးနဲ့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မဂ သိတဲ့အတိုင်းပဲ အရင်းအနှီး တွေပြစ်ပြီး ဖိုကို ပစ်ထားကြလို့ စိတ်နာနေတော့ ဦးလေးကောင်း ပြတ်ပြတ်သားသား ပြောနိုင်လိုက်တယ်၊ နောက် မပေါ်လာတော့ ဘူး"





"မေ့ထားအခေပနိုရော ပြန်တွေ့သေးလား"

"ငါ အဲဒါပြောပြမလို့ မေ့နေတာ၊ ခုတော့ သတင်းတစ်ခု ရထားတယ်၊ သူတို့ ဘယ်မှာရှိတယ်ဆိုတာလေ လောလောဆယ် မမှာ ခရီးထွက်ဖို့ အခြေအနေမပြေသေးတာနဲ့"

"ဟုတ်သား နင့်အတွက် ငါဝမ်းသာပါတယ် အခေရာ"

"မဂ အမြန်ဆုံးတော့ ကြိုးစားပေးနေတယ် မကြာခင် ပြန်တွေ့ရတော့မှာပါ"

"နင့်မဂ တကယ်တော်ပါတယ်ဟာ၊ အတူယှဉ်ရာကောင်း တဲ့ မိန်းမတစ်ယောက်ပဲ၊ နင့်အပေါ် အစ်တစ်ယောက်ထက်ကို ပိုပါတယ် အခေလိုပဲ"

"အင်း… ဟုတ်တယ် ညွှန်း၊ ငါလေ မနက်တိုင်း ဘုရား ထိုင်ပြီးရင် ခက်ဒီနဲ့ ဟာဗီကို ရှိခိုးတိုင်း ဖိုရဲ့ မေ့ထားအခေနှစ်ယောက် နဲ့အတူ မဂကိုလည်း ရှိခိုးတယ်"

"ငါ မသိလို့မေးတာနော် နင် ဘုရားရှိခိုးတော့ ဘယ်လို ရှိခိုးလဲ အခေရာ"

"အိပ်ရာပေါ်မှာပဲပေါ့ဟာ၊ ပက်လက်အနေအထားနဲ့ပေါ့၊ လက်အုပ်ချီပြီး အာရုံပြုရတာပေါ့၊ တစ်ခါတလေ မှဲ့ပေါ်ကနေ ရှိခိုး တယ်၊ ထိုင်လျက်သားပေါ့၊ တစ်ခါတလေတော့ လေးလေးဆန်းနဲ့ ဆလိုက တွဲပြီး နင်တို့လို ရှိခိုးနိုင်အောင် ထိန်းပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်မှာ မမရတာရှာလို့ အဝင်မဖြစ်ဖို့နေတာ အရမ်းကံကောင်း ပါတယ်ဟာ"

"ပြီးတော့ ငါ့ပြန်ဝင်တွေကြည့်တိုင်း အဲဒီလို ခံစားရတယ် အသက်နဲ့ငါ့ဦး ဖျောက်သွားတဲ့ အမေမှီဖို့ခဲ့တာလည်း ကံကောင်း တာပဲ၊ အဖေမှာရဲ့ အဲမင်္ဂလာတိုင်လို အမေမျိုးနဲ့ တွေ့ခဲ့ရတာလည်း ကံကောင်းလို့ပဲ ပြီးတော့ ကိုကြီးနိုးတို့ လေးလေးဆန်းတို့ ဦးလေး ကောင်းတို့ ကိုချမ်းငြိမ်းတို့"

"ဟုတ်တယ်နော်"

"ပြီးတော့ နှင်"

"ငါ ငါက ဘာဖြစ်လဲ"

"နှင်ရှိနေတာလည်း ကံကောင်းတာပဲပေါ့"

"ဟာဟ ဆောင်းဆိုက်တက်တယ်"

"ညွှန်း လာမယ့်တနင်္ဂနွေနေ့က နှင့်ရဲ့ မွေးနေ့ပဲနော်ဖြည့် မေ့နေမယ်ဟုတ်လား"

"ဟဲ့... လျှောက် လျှောက်မပြောနဲ့ ငါက သူများတွေရဲ့ ဆယ့်ကိုးနှစ်လို့ လိမ်ထားတာ နှင်နဲ့ကျမှ ပေါ်တော့တာပဲ"

"ငါ နှင့်ကို လက်ဆောင်ပေးလို့ ရမလား"

"ဟာ့ လက်ဆောင်ပေးတာပဲ၊ ဆောင်းတာမှ မဟုတ်တာ ရတာပေါ့"





"အဲဒီ ငါတို့ဆုံနေကျစနေရာမှာ ဆုံကြမယ်"

"ဟင်... နှင်နဲ့ငါ ဆုံမှမဆုံဘူးတော"

"သော်ရှာပြန်ဝဥ်းတော်ကြည့်ပါဦး"

"အဲဒါဟာ မဟော့ဦး သာရက်နေပြီနော်"

"တနင်္ဂနွေနေ့ မနက်ဆယ်နာရီနော်၊ ငါ့ကို နှင်သိမ်မနောရ ပါဘူး၊ ဒီးလေဝင်ကုလားထိုင်နဲ့ လူတစ်ယောက်ကို နှင်အဝေးကမြင်ရင် တွေ့မှာပဲ၊ ငါ နှင်အလိုချင်ဆုံးလက်ဆောင်ကို ပေးမယ်၊ ဆက်ဆက် လာခဲ့နော်"

"အေးပါဟာ ငါ့ကို ခေါ်စားအောင် ဆက်ဆက်လုပ်တယ် ပေါ့... ဒါနဲ့ နှင် ငါ့ကို နှင့်ရဲ့ နောက်ဆုံးအိမ်မက်အကြောင်း မပြောရသေးဘူးနော်"

"ငါ မေတ္တာနဲ့ ပို့ထားတာ ကြာလှပြီ ဖြစ်လည်း စစ်ကြည့်ဦး"

"အဟဲ ဟုတ်လား"

"ကဲ နှင်အိမ်တော့ မေတ္တာကို မနက်ဖြန်မှတင် အိပ်မက်လေ့ရ တော်ပါစေ"

"Ok see you coming sunday"

□ □ □



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက

ငါတို့ အတွေ့မတော်နီး(က)မှာ ရည်ရူးနဲ့ ကြည်နူးဆိုတဲ့ အမြွှာညီအစ်မနှစ်ယောက် ရှိတယ်။ ဘယ်သူက အကြီး ဘယ်သူက အငယ်မှန်း ငါလည်း မသိဘူး။ တစ်တန်းတည်းသားတွေမို့ မြင်ဖူးရုံ မြင်ဖူးတာမျိုး သိပ်မခင်ဘူးလေ။

ငါ အိပ်မက်ဆိုးတွေ မက်ပြီးတဲ့ တစ်နေ့မှာပေါ့။ မှတ်မှတ်ရရ ငိုသဝရဲ့ နောမပြောက် အိပ်မက်ဆိုးပေါ့။ ငါပုံမှန်အတိုင်း ကျောင်း… သွားခဲ့တယ်။ မမက ငါ့ကို အတန်းထဲအထိ လိုက်ပို့ပြီး ကျောင်း… တက်ခေါင်းလောင်းထိုးတဲ့အထိ ငါ့အနားမှာ စောင့်ပြီးမှ သူ့အလုပ်… သူသွားတာ။

ငါလည်း သတိတော့ထားပြီး နေပါတယ်။ ဘယ်အရာမှ… ကိုမှ မထိမကိုင်မိအောင်လေ။ မတန်းအကြိုပြောက်တွေမှာ… ကောင်းမှုပွားမှန်း ငါ့အတွေ့အကြုံအရ သိနေပြီ။ ပေါ်ချွင်ရောက်ရှိ… ရင်ခေါင် ညီမျှတဲ့ ဝမ်းနည်းကြေကွဲမှုတွေက ဖါလာတတ်…

ဒါပေမဲ့ဟာ ဖြစ်ချင်တော့ အဲဒီ အမြွှာညီအစ်မက… မွေးနေ့ဆိုပြီး တစ်တန်းလုံးကို သကြားလုံးတွေ လိုက်ဝေတယ်…

အစကတည်းက အတန်းဖော်တွေနဲ့ ခင်ကင်းကင်းနေ… လွန်းလို့ အမြင်ကောင်းနေတဲ့ ကြားထဲ အတန်းသားချင်း… မုန့်ကျွေးတာကို ငြင်းမိရင် ပိုပြီးမုန်းသွားကြမှာ စိုးရိမ်တာနဲ့ ငါလ…





နဲ့ရတယ်။ သူတို့အပိုင်ပစ္စည်းမှ မဟုတ်တာ။ ဘာမှ မဖြစ်လောက်ပါဘူးလို့လည်း ထင်မိတာပေါ့။

ဒါပေမဲ့ ရည်ရူးလား။ ကြည်နူးလား မသိတဲ့ တစ်ယောက်က ငါ့ကို သကြားလုံးလေး လှမ်းပေး ငါက လက်ဖြန့်ပြီး အယူမှာ…

ငါ မဖြစ်ချင်တာက ဖြစ်လာပါလေရော။

စာသင်ခန်းကြီးက ငါ့မြင်ကွင်းထဲကနေ ရုတ်တရက် ပျောက်ကွယ်သွားတယ်။ အာရုံထဲမှာ လှေကားတစ်စင်းရဲ့ အောက်ဆုံးအထစ်ကို မြင်လိုက်ရတယ်။ လှေကားထစ်ပေါ်မှာ ခွေခွေလေး လဲကျနေတဲ့ ကောင်မလေးတစ်ယောက်။ သူ့ရဲ့ ကျစ်ဆံမြီးကျစ်ထားတဲ့ ဆံပင်ရှည်ရှည်ဟာ သွေးတွေ နှံ့ပေကျံလို့ အောက်က ကြမ်းပြင်ကလည်း နီရဲနေတယ်။ သူ့ရဲ့ တိုင်နေတယ်။ ရေထဲမှာ ဝေ့ဝဲနေတဲ့ နီညိုရောင်ကို ထင်းခနဲ မြင်လိုက်ရတယ်။

အဲဒီကတည်းက ငါ့မှာတစ်နေ့ကုန် ပျောက်ရှားနေတော့တယ်. သွန်းရယ်။

ကျောင်းဆင်းချိန် တစ်ခက်ဆင်းတဲ့ အထိတော့ ဘာမှမဖြစ်သေးဘူး။ ငါလည်း သတိပေးရကောင်းမလား။ မပေးရဘူးလား။ ဝေခွဲမရ ဖြစ်နေတယ်။ ငါ ပြောလိုက်လို့ ဖြစ်သွားတာဆိုရင်လည်း မကောင်းဘူး။ မမကလည်း နှုတ်ပိတ်နေဖို့ အမြဲမှာထားတော့…



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့မှာတော့ ဘာမှမဖြစ်သေးဘူး။

နောက်တစ်နေ့လည်း ရောက်ရော သူတို့နှစ်ယောက်ထဲက တစ်ယောက်ပဲ ကျောင်းလာတာတွေ့ရတယ်။ ငါထင်တာတော့ သူ့ရဲ့ ပေါ့။ ဒါနဲ့ ကျောင်းလာတက်တဲ့ အဲဒီတစ်ယောက်ကိုပဲ အရဲစွန့်ပြီး မေးကြည့်မိတယ်။

နိုင်နိုင်ရှားလာပါတဲ့။ အငယ်မက အဲဒီလိုပဲ ဖျားရတယ်တဲ့။

အငယ်မဆိုတော့ ကြည့်ရမှာပေါ့။ ငါမြင်တိုင်းလည်း ဖြစ်ချင်မှ ဖြစ်မှာပါလို့ တွေးမိတယ်။ မြင်တဲ့အတိုင်း မဟုတ်ဘဲ တခြားတစ်ခုခုလည်း ဖြစ်နိုင်တာပဲလေ။

နိုင်နိုင်ရှားတာလောက်ဆို တော်သေးတာပေါ့လို့ တွေးပြီး ငါစိတ်ပူတာ နည်းနည်းလျော့သွားတယ်။ ငါလည်း မနေ့က ငါ့ကို [illegible] မရှိတော့ဘူး။ ကျောင်းလာတာ မမြင်လို့ သတင်းမေးမိတဲ့နောက် အဲဒီတစ်ယောက်က ပြုံးစိစိလုပ်နေသေးတာ။

ဒီလောက်နဲ့ ပြီးသွားလိမ့်မယ်လို့ ထင်ထားခဲ့တာ။

ငါတို့ကျောင်းမှာ ပျိုးဥယျာဉ်လေးတစ်ခုရှိတယ်။ ကျောင်းသားတွေ အသင်းလိုက် အလှည့်ကျရေလောင်းရတယ်။ အဲဒီနေ့က ငါ့အသင်းရဲ့အလှည့် ငါဝင်မကျနိုင်ပေမယ့် သူတို့ရေလောင်းတဲ့ အနားတော့ အမြဲတမ်းလိုက်သွားနေတယ်။





ငါဝင်မကျနိုင်တာက ပျိုးဥယျာဉ်ရဲ့ ရေခပ်ရတဲ့နေရာက အနိမ့်ပိုင်းမှာ ရှိနေတာမို့လေ။ ငါတို့ ကျောင်းဆောင်တွေရဲ့ အနောက်မှာ လှေကားလေးငါးထစ်ဆင်းပြီးမှ အဲဒီနေရာကို ရောက်တာ။ ငါ့မှာက အဆင်းအတက်လုပ်ဖို့ အရည်အချင်းမပြည့်မီလို့ကို မြေညီထပ်မှာရှိတဲ့ တန်းခွဲတွေမှာပဲ အမြဲတမ်းရအောင် ကျောင်းတက်နေရတာ။

ဒါနဲ့ သူတို့ဆင်းသွားတဲ့ အုတ်လှေကားထိပ်က ကျောင်းဆောင်ရဲ့ မြေညီထပ်ကော်ရစ်ဒါလေးကို မှီပြီး ချိုင်းထောက်အားကိုးနဲ့ ရပ်ကြည့်နေရတယ်။ ငါရဲ့တဲ့အသင်းမှာ ငါ့အတွက် တစ်ယောက်စာ ဝိုင်းလုပ်နေတာကို ကြည့်ပြီး အားနာနေရတာပေါ့။

ကော်ရစ်ဒါလက်ရန်းကို အားပြုထောက်ထားလို့ ရတာနဲ့ ငါ့ဘေးကတိုင်မှာ မှီနေတဲ့ ချိုင်းထောက်ကို ထောင်ထားမိသည်။

အတန်းထဲကနေ ထွက်လာတဲ့ ရည်မွန်ကို သတိမထားမိလိုက်ဘူး။

သတိထားမိလည်း သူ့အသင်းမဟုတ်ဘဲ ပျိုးဥယျာဉ်ဘက် ဆင်းမယ်လို့ မထင်မိဘူးလေ။ သူဆင်းချင်လို့ ဆင်းရအောင် ထောင်ထားတဲ့ ငါ့ချိုင်းထောက်ကို ဖြန့်ကိုင်ထားမိမှာ မဟုတ်ဘူး။ ငါ့ဝဲ သွားတာပါ။

သတိထားဆင့်လျက်နဲ့ ပေါ်သွားတာ။

ရည်မွန်း အတန်းထဲက ထွက်လာပြီး ပျိုးဥယျာဉ်ဆီ ဆင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာ ကော်ရစ်ဒါကို မှီထားရာကနေ ငါနည်းနည်းယိုင်သွားတယ်။ မသိစလောက်ကလေးပေမယ့် တိုင်မှာထောင်ထားတဲ့ ချိုင်းထောက်ကို ငါ့တံတောင်က တိုက်မိသွားပြီး…

သူ သူ ရည်ရှူးသွားမယ့်လမ်းပေါ် ကန့်လန့်ပြတ်လဲကျသွားခဲ့တယ်။

ရည်ရှူးကလည်း အမှတ်တမဲ့ ဖြစ်သွားတာမို့ လှမ်းလက်စ ခြေထောက်ကို မရုတ်မိဘူး။ ခပ်သုတ်သုတ်လျှောက်လာတဲ့ သူ့ကို ခြေထိုးခံသလို ဖြစ်သွားပြီး ငါ့ချိုင်းထောက်ကို ခလုတ်တိုက်သွားတယ်။

အရှိန်က ပစ်လဲသွားလောက်အောင် မပြင်းပေမယ့် လန့်သွားတဲ့ ရည်ရှူးက ခုန်လိုက်သလားပဲ။ အုတ်လှေကားရဲ့ ပထမထစ်ကိုကျော်ပြီး ရှေ့ခြေထောက်ကို ကျသွားတယ်။ လှေကားပေါ်လဲမှတော့ ဒလိမ့်ခေါက်ကွေးပေါ့။

ဟာခနဲ ငါထူပူသွားတော့တယ်။

မြင်ယောင်ထားတဲ့ အာရုံရိပ်။ လှေကား။ ငါ့ချိုင်းထောက်ကြောင့် ငါ့ကြောင့် အကြောင်းတွေစုံနေတော့ သတိလက်လွတ်နဲ့ ငါပြေးပြီး လှမ်းဆွဲမိတယ်။

ဒါပေမဲ့ သူက လူကောင်း။ ငါက အကျိုး။

ရည်ရှူးက နှစ်ထစ်ပဲ ပြုတ်ကျပြီး ပွန်းရုံ နာရုံနဲ့ ချက်ချင်း ပြန်ထလာတယ်တဲ့။ ရှက်လည်းရှက်တော့ ချက်ချင်းထလာမှာပေါ့။





ငါကတော့ ခြေထောက်မပါဘဲ လှေကားပေါ် ပြေးဆင်းမိသလို ဖြစ်ပြီး ငါးထစ်လုံးကို ခေါင်း၊ ခါး၊ ခြေလက်နဲ့ ဘုန်းဘုန်း ဖြတ်သန်းလိုက်ရတယ်။

ငါ အချက်တစ်ချက်ကို သတိလွတ်သွားလို့ပါ။ တကယ်ဆို အဲဒီနေ့က ကျောင်းတက်တဲ့ ရည်ရှူးဟာ ဆံပင်ကို ကျစ်ဆံမြီး ကျစ်မထားဘူး။ ငါ့ကို သကြားလုံးလှမ်းပေးခဲ့တာ ကျစ်ဆံမြီးနဲ့ အငယ်မ။ အဲဒီနေ့က ကျောင်းပျက်တဲ့ အငယ်မလေး။

ငါ့အသင်းတူတွေ ငါ့အတန်းသားတွေက ငါ့ကို ဝိုင်းပြီး အပြစ်ပြောတော့တာပဲ။ ကိုယ်တိုင်လည်း ဝင်မလုပ်နိုင် မဆီမဆိုင် ကူညီနေကျလူ့ကိုလည်း ဒုက္ခပေးသေးတယ်။ တကယ့် အနှောင့်အယှက်ကောင်ပဲတဲ့။ ရည်ရှူးက ပျိုးခင်းဆို ဘယ်အသင်းဖြစ်ဖြစ် ဝင်ကူနေကျတဲ့။

ငါဘယ်လိုလုပ်သိမလဲ။ အဲဒီညီအစ်မကိုလည်း အဲဒီတုန်း ကျမှ အရေးစိုက်မိတာလေ။ အရင်က ရှိမှန်းသိရုံလောက်ပဲ စိတ်ထဲမှာ ထားတာ။

နောက်တစ်နေ့မှာ ကြားရတဲ့သတင်းကြောင့် ငါအရမ်းတုန် လှုပ်သွားရတယ်။

ကျစ်ဆံမြီးလေးကို ဆေးရုံတင်လိုက်ရပြီတဲ့လေ။ ဘာဖြစ်လို့လဲမေးတော့ လှေကားပေါ်က ပြုတ်ကျတာပဲ။ အဲဒီ ကြည်နူးလို့တဲ့ အငယ်မက ကျန်းမာရေးသာ ချူချာတာ ဂျစ်တူးလေးတဲ့။ အဲဒီနေ့က



www.burmeseclassic.com

www.burmeseclassic.com



ရှာနေလို့ ကျောင်းတောင်မလွှတ်ဘဲ အိမ်မှာထားတာကို မိုးရေရွက်ချ ချင်တယ်ဆိုပြီး လူကြီးတွေအလယ်မှာ အိမ်အပြင်ထွက် မိုးရေချိုး တယ်တဲ့။

ကျောင်းမှာလည်း မိုးရွာပါတယ်။ ရည်နှုန်းဖြတ်ကျပြီး ထမ်းရာ နီလောက်ကြာတော့မှ ရှာတာ။ ငါက အဲဒီအချိန် ဆေးခန်းရောက်နေ ပြီလေ။ ခြေထောက်မကောင်းပါဘူးဆို လက်ပါ ပတ်တီးစည်းထား ဖြစ်သွားတယ်။

ကြည့်ရှုအကြောင်းကို နောက်တစ်နေ့ ကျောင်းရောက်တော့ မှ ကြားတယ်။

မိုးရေချိုးတာ မိသွားလို့ အိမ်ပေါ်ပြေးတက်မှာ လှေကား ထစ်ပဲ ပြုတ်ကျတဲ့လှေကားပေါ်ကနေ မိုက်ခနဲ ဖြစ်ပြီး ပြုတ်ကျသွားတာတဲ့။ လေးငါးထစ်ရှည်း တူပေမယ့် ငါကျတာက မြေသားပေါ်။ သူကျတာက အုတ်သားခင်း အင်္ဂတေကိုင်ထားတဲ့ ကမြင်းပေါ်။ အကျလည်း မတော် ဘူး။ မူးပြီး ပစ်ကျသွားတာကိုး။

ငါလိုပဲ လက်မှာပတ်တီးစည်းထား ဖြစ်သွားတဲ့အပြင် ခေါင်း မှာလည်း သုံးချက်လောက်ချုပ်လိုက်ရတယ် ပြောတယ်။

တချို့ကတော့ ငါကြောင့် ရည်နှုန်းဖြတ်ကျရသလို အမှုချင်း တတ်ကျပြီး ကြည့်ရှုပါခံလိုက်ရတာတဲ့။

တချို့ကလည်း တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ သင့်သင့်





မြတ်မြတ် မရှိတဲ့ အမှာညီအစ်မတဲ့။ တစ်ခါမှလည်း အစ်မလောက် ဖြစ်လို့ လိုက်ဖြစ်ဖူးတာ မဟုတ်ဘူးတဲ့။ တစ်ယောက်ရှိရင်တောင် တစ်ယောက်က ဝမ်းသာနေတာတဲ့။

ပတ်ဝန်းကျင်ကို လျစ်လျူရှုပြီး

ပတ်ဝန်းကျင်က လျစ်လျူရှုတာလည်းခံရင်တဲ့ ငို့မှာ အမှာ ညီအစ်မနဲ့ကျမှ နာမည်ပါကြီးသွားတော့တယ်။ တော်သေးတယ် ဒီသတိမပေးခဲ့မိတာ။ ငါကြိုပြောပြီးမှဖြစ်ရင် ကြိုတင်ကြံစည်မှုလို့ အစွပ်စွဲခံရနိုင်တယ်။

ငါပြောချင်တာက အဲဒီကာတည်းက လှေကားတွေကို ငါ ကြောက်ခဲ့တဲ့ အကြောင်းပါ။ ငါမပြုတ်ကျနိုင်တဲ့အရာလေး ငို့ အတွက် တစ်ထစ်တည်းရှိတဲ့ လှေကားဆိုရင်တောင် အကြီးမားဆုံး အန္တရာယ်။

အခုကတော့ သာမန်ပဲ သဘောထားတော့ပါ။ လှေကားတွေ မြင်ရင် ငါမတက်နိုင် မဆင်းနိုင်ပါလားလို့ ရှေ့ကတည်းက စိတ်ဆို့ နေပြီး ခမ်းနည်းမနေပါဘူး။

ဒါပေမဲ့ အဲဒီအဖြစ်အပျက်နောက်ပိုင်းမှာ လှေကားဆို မိုက်း သွားတယ်။

လှေကားကို ရင်ဆိုင်ရတဲ့ နောက်တစ်ကြိမ်က [illegible] [illegible] မတက်ခင်ကပေါ့။ အဲဒီတုန်းက မေက ငါ့အတွက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆရာတစ်ယောက် အိမ်ခေါ်ပြီး သင်ပေးတယ်။ သိပ်မဖြစ်ခြောက် ပေးမယ့် စိတ်မြဲရာပေါ့ဟာ...

မမက ဗိုင်နယ်ရောက်နေတော့ တကျော့ပြီး ငါ့အနားအမြဲ ငြိမ် မနေနိုင်ဘူး။ အဲဒါကြောင့် ဖိုက် ချေရာနဲ့ မိတ်ဆွေဖွဲ့ပေး တယ်။

ချေရားဆရာကို လေးလေးဆန်းကပဲ အကြံအဖိုလုပ်ပေးခဲ့ တယ်။

တစ်နေ့...

လေးလေးဆန်းက ဆရာကို လိုက်ပို့ပေးနေတဲ့ ညနေခင်း တစ်ခုမှာပေါ့။ လေးလေးဆန်းကလည်း ပုံမှန်ပြန်တော့ချိန်ထက် နောက် ကျနေခဲ့တယ်။ အိမ်မှာ မမနဲ့ ငါပဲကျန်ခဲ့တာ။ အိမ်မှာ ထမင်းဟင်း လာချက်ပေးနေကျ ဒေါ်ကြိုင်တို့ သားအမိနှစ်ယောက်ကလည်း ပြန် သွားခဲ့ပြီ။ သူတို့က မမဝယ်ပေးတဲ့ ဟင်းလျာတွေကို နေ့ခင်းမှာတစ်ခါ ညနေမှာတစ်ခါ လာချက်ပေးရတာ။ အိမ်မှာမနေဘူး။ အလုပ်ပြီးတာနဲ့ နေ့တွက်တောင်းပြီး ပြန်တယ်။

နေဝင်သွားခဲ့ပြီ။ မှောင်ရီပျိုးမှုမှာ ငါတို့ တစ်အိမ်လုံး လင်း ချင်းနေရာက ရုတ်တရက် အမှောင်ကျသွားတယ်။ လမ်းမီးနဲ့ တော အိမ်တွေမှာက လင်းချင်းနေတုန်းပဲ။

"ရှော့မှာဖြစ်သလား မသိဘူး"





"မမက လုပ်တတ်လို့လား"

မမက ဖြစ်တဲ့နေရာကို စမ်းတဝါးဝါးလိုက်ရှာတယ်။ ငါက တော့ ဘာလုပ်နိုင်မှာလဲ။ ထိုင်နေရုံပဲပေါ့။ မမကတော့ အောက်ထပ် တစ်ထပ်လုံးက လျှပ်စစ်ဝါယာလိုင်းတွေကို လိုက်ကြည့်နေ တယ်။ မီးဖို၊ ရေချိုးခန်း၊ ဧည့်ခန်း၊ ပြီးတော့ ဂိုဒေါင်ခန်း။

"အပေါ်ထပ်ကလား မသိဘူး"

အောက်ထပ်မှာ မီးအိမ်တစ်ခုပဲ ထားခဲ့ပြီး မမအပေါ်တက် သွားတယ်။ သူလက်ထဲက မီးအိမ်တစ်ခုကို လှေကားထိပ်မှာ ချိတ် ခဲ့ပြီး နောက်ဆုံးတစ်ခုပဲ သူယူသွားတယ်။

"မမ"

"ဘာလဲ ကြောက်လို့လား အငယ်။ တော်နေ ပြန်လင်းသွား မှာပါ။ ခဏပဲ စောင့်ကြည့်လိုက်မယ်"

"လေးလေးဆန်း လာမှ ပြင်နိုင်မယ် မမရယ်"

"မကြောက်ပါနဲ့ မောင်လေးကလည်း"

"မဟုတ်ဘူး၊ ကျွန်တော်မကြောက်ပါဘူး။ မမ မကိုင်တတ် တဲ့ လျှပ်စစ်မကိုင်ပါနဲ့၊ လေးလေးလာမှ လုပ်လိုက်မယ်လေနော်"

"ကြည့်... လေးလေးတစ်ယောက်တည်း ရှိတာမှ အကုန် လုပ်နေရတာကြည့် ရတယ် မကြည့်တတ်ဘူးထင်တယ် ဘာမှ မဖြစ်ဘူး စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်မှုန်ဝါးဝါးမှာ မမရဲ့ ပစ္စည်းတစ်ခုခုကို ငါအမြန်ရှာလိုက်တယ်။ ညှော်ခန်းထဲက စားပွဲပေါ်မှာ မမရဲ့ လက်ကိုင်ဖုန်းလေးကို သွားတွေ့တယ်။ ဒါပေမဲ့ စိတ်ပူနေလို့လား မသိဘူး။ ငါဘာမှ မမြင်ရဘူး။ မမြင်ရလေ စိတ်ကပိုပူလေ။ စိတ်ပူလေလေ အာရုံစိုက်လိုက်တိုင်း အမှောင်ကို မြင်လေလေပဲ။

ချိုင်းထောက်နှစ်ဖက်ကို အားပြုပြီး လှေကားရင်းမှာ သွားစောင့်နေမိတယ်။ လေးလေးဆန်းကလည်း မလာနိုင်သေးဘူး။ ဘာမှအသုံးမကျတဲ့ ကိုယ့်ကိုကိုယ် ဒေါသဖြစ်လာတာ။ အခြားအိမ်တွေ တခြားမိသားစုတွေမှာဆို ငါ့အရွယ် ယောကျ်ားတစ်ယောက်ဟာ အနည်းနဲ့ အများတော့ အားကိုးနေရပြီ။ ငါ့မှာသာ…

"အား"

"ဟင်… မမ"

"အမလေး အမေ အမေ မောင်လေး…"

စိတ်ထဲမှာ ပူထူသွားပြီး လှေကားပေါ်ပြေးတက်မိတယ်။ ချိုင်းထောက်တွေနဲ့မို့ မလွယ်ပါဘူး။ လေးငါးထစ်ပဲ တက်ရသေးတယ်။ အလောတကြီးနဲ့ ခြေလှမ်းမှားပြီး ချိုင်းထောက်တစ်ဖက် ပြုတ်ကျသွားတယ်။ တစ်ဖက်တည်းနဲ့ လက်ရန်းကို အားကိုးပြီး ငါဆက်တက်တယ်။ နောက်သုံးထစ် လေးထစ်။ ကျန်နေတဲ့ ချိုင်းထောက်တစ်ဖက်မှာ ပြုတ်ကျကျန်ရစ်တယ်။





"မမ"

ငါ ဘာမှမတွေးမိတော့ဘူး။ ချိုင်းထောက်နှစ်ဖက်စလုံး မပါဘဲ လက်ရန်းကိုချည်းဆွဲပြီး တက်မိတယ်။ တစ်ထစ်… နှစ်ထစ်

"အင့်"

"ဒုန်း"

"အား… မမ မမ"

ဆယ်တစ်လောက်ရောက်ပြီးမှ ငါတဒုန်းဒုန်းနဲ့ ပြုတ်ကျသွားတော့တာပဲ။

မမလည်း အဲဒီတော့မှ ပုန်းနေရာက ထွက်လာတယ်တဲ့။ လေးလေးဆန်းကလည်း အကွယ်တစ်ခုကနေ အပြေးထွက်လာတယ်တဲ့။ နောက်မှ ပြန်ပြောပြလို့ သိတာ။ ဖြစ်ဖြစ်ချင်းတုန်းက ငါလှေကားရင်းမှာ သတိလစ်သွားခဲ့တာလေ။

ငါ့ခြေထောက်တွေကို ကုစားကြည့်ဖို့ အကွက်ချပြီး ကြံစားကြည့်ကြတာ။ လှေကားထိပ်မှာ မီးအိမ်တစ်ခုကို တမင်တကာထားရစ်ခဲ့တယ်။ နောက်ပြီး ငါစိတ်ပူလို့မှ ယူကြည့်စရာ ပစ္စည်းတစ်ခုခု ငါ့အနားမှာ ရှိမနေအောင် မမ အသေအချာ သိမ်းထားသေးတာ။ သူတို့ညာတာ ငါသိသွားမှာစိုးလို့လေ။ ဖုန်းကိုတောင် မေ့ပြီးတင်ခဲ့မိတာတဲ့။

အဲဒီနောက်တစ်နေ့က စပြီး စန္ဒရားဆရာကိုလည်း လာစ်လ

www.burmeseclassic.com



တိတိ အနားပေးလိုက်ရတယ်။ ငါလည်း ချိုင်းထောက်နှစ်ချောင်းကြား ကနေ ဘီးတပ်ကုလားထိုင်ပေါ် ရောက်သွားတယ်။

မမက အဲဒီ လေ့ကျင့်ခန်းကိုမြင်တိုင်း မျက်ရည်ကျမိတယ်တဲ့။ ငါကတော့ အဲဒီ လေ့ကျင့်ခန်းကိုမြင်ရင် လက်ဖျားတွေ အေးစက်ပြီး ရင်အခုန်ပါ ရပ်ရပ်သွားတယ်။ ဒီလိုနဲ့ ငါ့ဘဝမှာ အိပ်မက်ဆိုးတစ်ခု တိုးလာတော့တာပဲ။

အိပ်မက်ထဲမှာ လေ့ကျင့်ခန်းတစ်စင်းပါလာရင် ငါ့မျက်နှာမှာ သွေးဆုတ်ဖြူလျော်သွားပြီး ချွေးစေးတွေ ပြန်လာတတ်တယ်။

ဒီလောကမှာ ငါအမုန်းဆုံး အရာက လေ့ကျင့်ခန်းပဲ ညွှန်း။

ဒါပေမဲ့...

ငါ အခု နောက်ဆုံးအိပ်မက်ကို သိပ်မကြာသေးခင်က မက်ခဲ့ရတယ်။ လေ့ကျင့်ခန်းအကြောင်း မဟုတ်ဘူး။ အနက်ရောင် တမန်တော်တွေ။ မရဏမြစ်ကမ်းပါးက လှိုင်းခွပ်သံတွေ၊ ကူးတို့လှေနဲ့ တစ္ဆေဖြူတွေရဲ့ ခြေသံ၊ ငါ့ဘဝကို လှန့်နိုးချိုးကွေ့နေကျ အိပ်မက်ဆိုး ပြီးတော့ ငါအကြောက်ဆုံး မဂဏန်း။

၂၃–ကြိမ်မြောက် မက်ခြင်းလေ။ ဒါကြောင့်လည်း ငါပြပွဲနေ့ က နင့်ပန်းချီကားကို မထိဖြစ်ခဲ့တာ။ နင့်လက်ရာမှန်း သိပေမယ့် ငါထိလိုက်လို့ တစ်ခုခုမြင်ရမှာကို ငါလန့်နေတယ်။ မဂဏန်းအကြိမ် မြောက်လေ။





ငါ ဘယ်သူ့ကိုမှ မထိတွေ့ဘူး။ ဘယ်ပစ္စည်းကိုမှ ဆော့ကိုင် ဘူး။

ဒါပေမဲ့ ငါ့ကို ခွင့်လွှတ်ပါ ညွှန်းရယ်။ ငါ ငါ့စိတ်ကို တင်းမထားနိုင်ခဲ့ဘူး။ နင်က အဆက်အသွယ်ဖြတ်ထားတော့ ပိုဆိုး တာပေါ့။ ငါ နင့်ကို အရမ်းသတိရနေတာ နင်မှမသိဘဲ။

သတိရတယ်ဆိုတာထက် ပိုတဲ့ခံစားချက်ကို ငါမှန်အောင် စာလုံးမပေါင်းတတ်ဘူး။

ငါ့ကိုယ်ငါ ဖြားယောင်းသွေးဆောင်ပြီး စန္ဒရားရှေ့တွန်း ပို့တယ်။ သီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ်နားထောင်တယ်။ ဘယ်သီ ချင်းမှ မဆုံးဘူး။ စာအုပ်စင်တစ်စင်လုံးကို မွှေတယ်။ ဘာမှ မဖတ် ဖြစ်ဘူး။ ငါ့ကိုငါ တားမရတော့မှန်းသိလို့ တစ်ခုခု လုပ်ပစ်ဖို့တောင် စိတ်ကူးမိတယ်။

ဒါပေမဲ့ ငါ့ကို ခွင့်လွှတ်ပါ ညွှန်းရယ်။

ငါ့အခန်းထဲ ဗီရိုပုလေးကိုပဲ ငါတစ်ချိန်လုံး စိုက်ကြည့်နေမိ တယ်။ ငါမသွားဘူးလို့ ဆုံးဖြတ်ထားတဲ့ကြားက ငါ့ကိုယ်ငါ ဒီဆန္ဒပြီး ဘီးကို လှိမ့်လိုက်မိသလား။ ငါ့ကိုယ်ငါ သတိမထားနိုင်ခင်မှာပဲ ငါ့ လက်တွေက ဗီရိုတံခါးကို ဆွဲဖွင့်ပြီးနေပြီ။

ငါသတိပြန်ဝင်လာတော့ ငါ့ရဲ့ ခံစားချက်မရှိတဲ့ ပေါင်နှစ်ဖက် ပေါ်မှာ အညိုရောင်စက္ကူဘူးလေး ရောက်နေပြီလေ။

www.burmeseclassic.com



အထဲမှာ ပစ္စည်းသေးသေးမွှားမွှားတွေ အများကြီးပဲ။

ဆင်စွယ်ရောင်ဘီး စတီးလ်တာလီမှတ်စက်၊ ဘဲဥပုံဆွဲသီး နောက် ခဲချွန်တံ၊ ပဝါ၊ ဓာတ်ပုံနှစ်ပုံ၊ ပို့စကတ်၊ သကြားလုံးတစ်လုံး။ အားလုံးက သူ့အကန့်လေးထဲမှာသူ နေသားတကျ။ ကတ်ထူစက္ကူ လေးတွေနဲ့ ငါတည်ဆောက်ထားတဲ့ အကန့်၊ အကန့်တွေလေ။

အဲဒီ ဘူးခွံလေးကို ငါတဖြည်းဖြည်းချင်း ဆွဲချွတ်လိုက်တဲ့ အခါမှ အနှစ်နှစ်ဆယ်ကျော် ကာလရှည်ကြီးတစ်ခု လျှောတိုက်ပြီး ထွက်ကျလာတယ်။ နောက်ဆုံးအကန့်လေးထဲမှာ လေ့ကားတစ်စင်း။

အထစ်ပေါင်းများစွာရှိတဲ့ လှေကား။ တစ်ယောက်သွားစာ ရုံအနံ၊ ခြေတစ်ဖဝါးစာ အဆင့်အဆင့်တွေ။ ပြီးတော့ ဘေးနှစ်ဖက်မှာ လက်ရန်းမပါဘူး။

ငါ့ရဲ့ နောက်ဆုံးအိပ်မက်အတွက် ငါမြင်လိုက်ရတဲ့ နိမိတ် ပုံလား။ အဲဒီလှေကားကို ငါရင်ဆိုင်ရမှာလား။ ငါ့ကို အေးစက်စက် စိန်ခေါ်သွားသံ ကြားရတယ်။ ငါကိုယ်တိုင်လည်း အေးစက်မာကျော သွားတယ်။ နောက်ပြီး နွေးမြပျော့ပျောင်းသွားတယ်။

ငါက လှေကားတွေကို မုန်းခဲ့တာမှ မဟုတ်ဘဲ။ ရင်မဆိုင်ခဲ့ တဲ့စိတ်နဲ့ သားရဲတိရစ္ဆာန်တစ်ကောင်ကို ကြောက်သလို ငါကြောက် နေခဲ့တာ တကယ်တမ်းတွေးကြည့်ရင် လှေကားတွေဟာ ငါ့ကို သတ်ပုတ်တိုက်ခိုက်ဖို့ ချောင်းမြောင်းနေတဲ့ ကျားရဲတစ်ကောင်





မဟုတ်တာ။ ငါ မသိမ်းပိုက်ရသေးတဲ့ နယ်မြေတစ်ခုပဲ မဟုတ်လား။

ငါ့ဝင်သက်ထွက်သက်ကို ငါချုပ်ကိုင်ပြီး သွေးအေးအေးနဲ့ ရင်ဆိုင်မယ်။

ငါ ရင်ဆိုင်မယ်။

ငါ သိမ်းပိုက်မယ်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

လေ့ကားကို သူမော့ကြည့်လိုက်သည်။

ဝင်သက်၏ အလျားအတိုင်း ထွက်သက်သည်လည်း ရှည်လျားစွာ။ နှလုံးခုန်သံက တဒိတ်ဒိတ်နှင့် မြန်ဆန်လာ၏။

သည်လေ့ကားကို သည်မျှအထိ စိုက်ကြည့်ရဲရုံနှင့် သူတော်တော်အောင်မြင်လာပြီဟု ဆိုနိုင်၏။ အရင်က ညည့်ခန်းထဲရောက်တိုင်း မျက်နှာတစ်ခြမ်းလွှဲခဲ့ရသည့်နေရာ။

ထိုင်ခုံလက်တင်ပေါ်မှ လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ အားတင်းလိုက်သည်။ အသက်ရှူသံကို သိမှတ်စိတ်ဖြင့် လျှော့ချလိုက်၏။ နားသီးဖျားတွင် အေးတစ်လှည့် နွေးတစ်လှည့် အိပ်ရာထဲ သက်တောင့်သက်သာ လှဲနေစဉ်ကလို ဝင်သက်ထွက်သက်တို့ ပြေပြစ်လာသည်။ နှလုံးခုန်သံသည်လည်း သိသိသာသာတိုးတိတ်သွား၏။

ရုတ်တရက်

သူ့မျက်လုံးအစုံမှာ အဝိုင်းသား ဖြစ်သွားရသည်။ လေ့ကားသည် လေ့ကားမဟုတ်တော့။ အထစ်ထစ်တိုင်းသည် အဝါရောင်





အစင်းကြားများ ဖြစ်သွားသည်။ လေ့ကားရင်းတွင် ကျားတစ်ကောင်၏ ဦးခေါင်းကို တွေ့လိုက်ရ၏။ လေ့ကားမဟုတ်။

ရှည်လျားသော ခန္ဓာကိုယ်ကြီးကို ကွေးညွတ်ထားသည့် ကျားတစ်ကောင်။

လက်ရန်းပွတ်လုံးများနေရာတွင် အားယူဆုတ်ကန်ထားသည့် ခြေထောက်များ။ ချွန်မြရှည်သော ခြေသည်းများက ကွေးချည်ဆန့်ချည် လုပ်နေသည်။

သူ့မျက်နှာရှေ့တည့်တည့်တွင် ရဲရဲနီနေသည့် အာခံတွင်းကြီးက ဖြဲတလျက်။ သွေးညှိတက်နေသော သွားစွယ်များက သူ့အား ကိုက်ဖြတ်ဝါးမြိုတော့မည့် အတိုင်းပင်။ ချောက်ချားစွာဖြင့် မျက်လုံးများကို ဖိမှိတ်ပစ်လိုက်မိသည်။

အမြင်အာရုံထဲတွင်.မှောင်ခနဲ ဖြစ်သွားသေး၏။ သို့သော် တစစ အလင်းဖြူတို့ ဝင်ရောက်လာသည်။ လေ့ကား။ သူ့အာရုံထဲမှ လေ့ကား။ ရှည်လျားလှပစွာ အထစ်ပေါင်းရာချီလျက်၊ ခြေတစ်ဖဝါးစာ အခင်း။ မတ်စောက်သည့် ဒီဂရီ။

ဟိုးလေ့ကားထိပ်ဆီမှာ အရိပ်ကလေးတစ်ခု ရှိနေသည်။ အဖြူရောင်တိမ်မျှင်စများကို ဝတ်ဆင်ထားသည့် နတ်သမီးတစ်ပါးလို၊ ကောင်းကင်လေက သူမဝတ်ရုံကို ညင်ညင်သာသာ လွင့်ဝဲလှုပ်ခါနေစေသည်။ သူ့ကို ပြုံး၍ ကြိုနေမှာလား။ လှပသော လက်များက သူ့ရှိရာ ဆန့်တန်းလျက် ဖိတ်ခေါ်ဟန် ကကြိုးကို ကနေသည့်နှယ်။

သူ့နှလုံးအိမ်သည်လည်း သက်ငြိမ်းအေးမြသွား၏။

အသက်ရှူသံတို့လည်း ဝယ်ဆင်းပျော့ပျောင်းသွား၏။ မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးများကို ပြန်ဖွင့်ရင်း ခုံပေါ်မှ လျှောတိုက်၍ ဆင်းလိုက်သည်။ သူ့ခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ် အပုံသားကျသွားခဲ့သည်။ လက်တစ်ဖက်က လှေကား၏ ပထမထစ်ကို ထောက်မိလျက်သား။ တစ်ဖက်က လက်ရန်းအခြေ ပွတ်လုံးကို ကိုင်မိလျက်သား။

သူ့ကိုသူ ပြုံးပြ၍ အားပေးလိုက်၏။

သို့မဟုတ် မထိတရီ လှောင်ပြုံးနှင့် လှေကားကို မော့ကြည့်လိုက်သည်။

အိုး… အဆုံးမရသော အဝါရောင်အစင်းများ သူဆုပ်ကိုင်ထားသည်က သွေးညှိတက်သွားစွယ်။ သူထောက်မတ်ထားသည်မှာ ကြမ်းရှသော လျှာကြီး။

မာန်ဖီဟိန်းဟောက်လိုက်သည့် ကျားတစ်ကောင်၏ အော်သံက သူနားတစ်စုံလုံးကို ဝုန်းခနဲ ရိုက်ခတ်သွားသည်။

နှလုံးခုန်သံတို့ မဖောက်ပြန်မီ မျက်စိစုံမှိတ်၍ အံကြိတ်လိုက်၏။ အာရုံရိပ်မှာ အတိတ်ဝတ်ရုံကို ပြန်တွေ့လိုက်ရသည်။ ကောင်းကင်ဆန်သည့်မန္တရား။ နတ်သမီး၏ နှုတ်ခမ်းများမှ ဂီတကို သူကြားသည်။

တတိယအဆင့်ဆီ လက်ထောက်၍ လက်ရန်းကို မိမိရရဆုပ်ကိုင်ထားနိုင်ခဲ့ပြီပဲ။ ခြေထောက်များက ကြမ်းပြင်ပေါ် ကျန်ရစ်နေခဲ့သေးသည်။

လှေကားဦးဆီ မော့ကြည့်မိ၏။ တိမ်ခိုးတွေ လွှင့်နေမည်လား။ ကျားရဲ၏ အမြီးများကို မြင်ရမည်လား။ အောက်နှုတ်ခမ်းသားတို့ ပြတ်လုမတတ် ကိုက်ထားမိခြင်းကို နာကျင်စွာ သတိထားလိုက်မိသည်။





ကျစ်ဆံပြီး၊ ချိုင်းထောက်လဲကျသွားသည့်အသံ၊ သကြားလုံး။ အမှောင်၊ မမ၏ အော်သံစူးစူးနှင့် မိုးရေထဲမှ နီညိုရောင်များ။

အာခေါင်တွင် ခြောက်သွေ့ခါးသက်လာသည်။ ဘွားရွှင်နံ့ကို ခြောက်လှန့်ဖို့ အတိတ်တို့က ခြေသံပြင်းပြင်း နင်းလျှောက်လာကြ[illegible] အာရုံသည် ရှုပ်ထွေးလွန်းသော စနစ်တစ်ခု ဖြစ်နေလေပြီ။

ကျားဟိန်းသံ၊ မိုးသံလေသံ၊ အော်သံ၊ ချိုင်းထောက်လဲကျသံ၊ ဂီတသံတို့ဖြင့် ရှုပ်ထွေးဆူညံစွာ။ အမြင်အာရုံမှာ အဖြူရောင်အလင်းမျှင်ကိုသာ တောင့်တနေမိ၏။ အမှောင်ထုအောက်က လူလိုအလင်းကို ဆာလောင်နေသည်။

အို သူ့ဝဲဘက်လက်ဖဝါးက ဆဋ္ဌမမြောက်လှေကားထစ်ကို ထောက်မိလျက်သား ဖြစ်နေပါရော့လား။ သူ့ခြေထောက်တွေ ကျန်ရစ်နေခဲ့ပြီလား။ အံ့အားသင့်စွာ ငုံ့ကြည့်လိုက်မိ၏။ သုံးထစ်တိတိ သူတက်ခဲ့ပြီးပြီပဲ။

"ဟေး… …"

နှုတ်ပိတ်တိတ်ဆိတ်မနေတော့ပဲ အာရုံထဲမှ အသံဗလံများကို အော်ဟစ်နှင်ထုတ်လိုက်သည်။ ကျားရဲကြီးက နတ်သမီးကို ခုန်အုပ်လိုက်၏။ တိမ်လွှာ၏ အနားစတို့ စုတ်ပြဲသွားသည်။ နတ်သမီး၏ ကကြိုးသည်လည်း သိမ်မွေ့မှုမှ ရုတ်ချည်းပြောင်းလဲသွား၏။

နောက်တစ်ထစ်ဆီ သူရောက်ရှိခဲ့လေပြီ။

သူ့နောက်တွင် အထစ်ပေါင်းရာချီ၍ ကျန်ရစ်ခဲ့ပြီး [illegible]ရှေ့တွင်လည်း ရာပေါင်းများစွာ ကျန်နေသေးသလို ခံစားရသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် ငုံ၍ မကြည့်မိအောင် စိတ်တင်းထားနိုင်သလို မော့မကြည့်ဖြစ်ဖို့လည်း သတိထားနေရ၏။

နောက်တစ်ထစ်။

ဝေရတ်တောင်ခါးပန်းသို့ ပြေးတက်ခဲ့ရသလား ထင်မိ၏။ တစ်ကိုယ်လုံး အေးစက်စက်ထုံဖျဉ်းလေးတွဲကာ အဆမတန် မောဟိုက်လာသည်။ နားထင်စပ်တွင် သွေးက တဒုတ်ဒုတ်လာတိုးနေ၏။ ကျောရိုးတစ်ခုလုံးလည်း ခြေမွထားရသလို ကိုက်ခဲနေရသည်။

နောက်တစ်ထစ်၊ နောက်တစ်ထစ်၊ လက်နှစ်ဖက်လုံး ဘုတ်ခနဲ ပြုတ်ကျလာ၏။ မျက်လုံးက မဖွင့်နိုင်တော့။ ခေါင်းတစ်ခုလုံး ချာချာလည်ကာ အာရုံမှာ မှောင်တစ်လှည့် လင်းတစ်လှည့် ဖြစ်နေသည်။

ကျားဟိန်းသံနှင့်အတူ နတ်သမီး၏ လေးညို့တင်ဟန် ကဗွက်ကိုပါ ကြားမြင်လိုက်ရသည်။ အနားစတို့ လွင့်ဖွာနေသည့် ဝတ်ရုံဖြူ၊ ဒဏ်ရာအနာတရများနှင့် ညည်းညူနေသော ကျားနှာ လက်အစုံကို မြှောက်၍ ခေါင်းကို မော့ပစ်လိုက်၏။

အိုး သူ့အပေါ်မှာ သုံးထစ်သော နောက်ဆုံးအဆင့်များ။ ကျားရဲလိုမာန်ဖီ၍ နတ်သမီးကကြိုးနှင့် ကိုယ့်ကိုကိုယ် လှုပ်နှိုးလိုက်၏။

ဝေါင်းခနဲ မာန်ကုန်ဟစ်၍ လှစ်ခနဲ ခုန်ပျံလိုက်သော အဝါရောင် အရိပ်တစ်ရိပ်။ လေးညို့ကို တဆတ်ဆတ် တုန်ခါလာသည် အထိ အားကုန်ဆွဲလိုက်သည့်အသံ လေးတင်ထားသည့်ဟန်အတိုင်း မလှုပ်မယှက် ရပ်တန့်နေသည့် အဖြူရောင်အရိပ်တစ်ရိပ်။

သူတို့ ဘယ်လို အဆုံးသတ်သွားသည်ကိုမူ သူ မသိနိုင်





တော့ပေ။ မပီမသရေရွတ်လိုက်သည့် ကိုယ့်အသံကိုယ် ကြားလိုက်ရပြီးနောက် အာရုံသည် မှောင်အတိပြီးသွားတော့၏။

❑ ❑ ❑

“မမကို စိတ်မချအောင် လုပ်နေတာပဲ၊ နောက်ဆို မောင်လေးကို အိမ်မှာ တစ်ယောက်တည်း မထားခဲ့ရဲတော့ဘူး”

သူ့မျက်နှာပေါ် ငုံ့မိုး၍ ပြောနေသော မမကို ပြုံးရုံသာ ပြုံးပြနိုင်သည်။

“မမ အဲဒီကျားရဲကြီးနဲ့ အဲဒီနတ်သမီး ဘယ်သူနိုင်သွားသလဲဟင်”

“ဘယ်က ကျားနဲ့ နတ်သမီးလဲ၊ အဝေ မမကို ပုံပြင်ပြောဦးမလို့လား”

“မဟုတ်ပါဘူး မမရဲ့”

လှဲနေရာက ထထိုင်ဖို့ သူကြိုးစားလိုက်သည်။ မမက အရင်ကလိုပင် သူ့ခေါင်းကို ပွေ့မ၍ နံရံမှ ခေါင်းအုံးကို မှီထောင်ပေး၏။

“ထိုင်ချင်ရင်လည်း ပြောလေ မမရှိနေတာကို”

မမက သူ့ဘေးမှာ တင်ပါးလွှဲ ဝင်ထိုင်ရင်း စွပ်ပြုတ်ပူပူကို ခွံ့ဖို့ပြင်သည်။

“လှဲနေရတာ ကျောပူလို့ မမရဲ့၊ အဲဒါသောက်ချင်လို့ မဟုတ်ဘူး။ ကျွန်တော် လူမမာမဟုတ်ပါဘူး မမရယ်၊ စွပ်ပြုတ်တော့ သောက်ပါရစေနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ကိုယ်တွေ မြန်မြန်တောက်ပြီး ပျားနေတာကို လူမမှာ မဟုတ်ဘူးတဲ့လား။ နေပါဦး၊ မောင်လေးက အပေါ်ထပ်ကို ဘာတွေ အရေးတကြီးယူစရာရှိလို့ မမတို့ကို မစောင့်ဘဲ တက်သွားရတာလဲ"

သူခေါင်းခါပြလိုက်သည်။

"မဖြစ်ပါဘူး။ မောင်လေးအတွက် နာနိုတစ်ယောက် ငှားဦးမယ်"

"အဲဒီလိုတော့ မလုပ်ပါနဲ့ မမရယ်၊ ကျွန်တော့်ကို ကျွန်တော် ရှာတာရှည်လှမမှာကြီးလို့ မဖြစ်ချင်ပါဘူး"

"ကဲ... ဒါဆို အပေါ်ထပ်ကို ဘာလုပ်ဖို့တက်တာလဲ မောင်။ အမှန်အတိုင်းပြော"

အမေနှင့် တဖြည်းဖြည်း ပိုတူလာသည့် မမျက်နှာကို သူစေ့ကြည့်လိုက်သည်။ သူမှာ သည်အစ်မတစ်ယောက်သဲ တိုင်ပင်ရင်ဖွင့်ဖို့ ရှိသည်လေ။ ဘယ်မပြောဘဲ နေနိုင်ပြီး မဟုတ်ပါ။ သူကိုယ်သူ သေရာကို အချိန်ယူခဲ့ခြင်းသာ ဖြစ်၏။

"မောနေတာယ်လေ၊ ဘာကြောင့် လှေကားပေါ်တက်သွားတာလဲ"

"တစ်ခုခု ယူမလို့ပါ မမရဲ့"

"ဘာတစ်ခုခုလဲ ခုနကပြောတော့ အပေါ်ထပ်မှာ ဘာအရေးတကြီး ယူစရာရှိလို့လဲ ဆိုတာကို ခေါင်းခါပြီးတော့မှ အခုကျ တစ်ခုခုယူဖို့တဲ့ အဓိ မလိမ်တတ်ဘဲ မလိမ်နဲ့"





"မလိမ်ပါဘူး မမရယ်၊ အထူးသဖြင့် မမကို ကျွန်တော် ဘယ်တော့မှ မလိမ်ဘူး"

"တောင်းစုတ်ကလေး လာချွဲမနေနဲ့ အခုမှ"

မမက သဘောကျပြီး ပြုံးသည်။ တက်ပုံထဲမှာ မြင်ရသည့် အမေကလည်း သည်လို အပြုံးမျိုးကိုပဲ ပြုံးလေ့ရှိမည် ထင်သည်။

"တစ်ခုခုယူဖို့ဆိုတာ အပေါ်ထပ်မှာရှိတဲ့ ပစ္စည်းကို ပြောတာ မဟုတ်ဘူး။ မမပဲ ကျွန်တော့်အတွက် လိုအပ်မယ်ထင်တာ မှန်သမျှကို အောက်ထပ်မှာပဲ ထားပေးထားပြီးတော့"

"အေးလေ ဟင် နေပါဦး၊ အဓိပ္ပာယ်က ဘာလဲ အဲဒီ ဆိုတာက တက်ပြီး ယူချင်တဲ့ ပစ္စည်းက အပေါ်ထပ်မှာ မရှိဘူး ဆိုတော့"

"ကျွန်တော် ပစ္စည်းလို့ မပြောဘူးနော်၊ ယူချင်တဲ့ပစ္စည်းလို့ မမကို မပြောခဲ့ပါဘူး။ တစ်ခုခုပါဆို"

"ကဲပါ ပဟေဠိ လုပ်မနေနဲ့ ဘာတစ်ခုခုလဲ ပြော"

"ပြောရမှာတော့ နည်းနည်းရှည်တယ်"

"ကဲ ပြောပြပါဆို အဝေနော် မမကို ဇာတ်လည်ကြောင်းပတ် လုပ်မနေနဲ့"

"ဘယ်က စပြောရမလဲဆိုတော့"

□ □ □



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းဆင်းလေ အဝေရဲ့"

သူကြောင့် နောက်ကားတွေ တသီတတန်းကြီး ပိတ်ဆို့သွား သည်ကို အားနာပြီး အလောတကြီး ဆင်းလိုက်မိခြင်း ဖြစ်သည် အခြားနေရာများတွင် ကားရပ်ပြီး သူအဆင်းအတက်လုပ်ရသည် အခါများတွင်တော့ အေးအေးသက်သာ ဆင်းလေ့တက်လေ့ ရှိသည်

သည်မှာက ကားတစ်စင်းစာ အဝင်လမ်းတွင် ပိတ်ရပ်ထား ရခြင်း ဖြစ်သည်။

သူကားပေါ်မှ ဆင်းနေစဉ်မှာပင် လေးလေးဆန်းက ဘီးတပ် ကုလားထိုင်ကို ဖြန့်ခင်း၍ ဒေါက်များကို ချိတ်ပြီး ဖြစ်နေ၏။ ထို့နောက် အလူမီနီယံကြက်ခြေခတ်များပေါ်တွင် သူထိုင်ဖို့ အခင်းခင်းပေး

မမနှင့် ချမ်းငြိမ်းတို့က သူ့ကို ခုံပေါ်နေသားတကျထိုင်နိုင် ဖို့ ဝိုင်းလုပ်ပေးနေချိန်၌ လေးလေးဆန်းက ကားကို ပါကင်သွားထိုး

စင်တာအဝင်ဘက်တွင် အမျိုးသားနှင့် အမျိုးသမီး ဂိတ်စောင့် ထားသဖြင့် သည်ကိုလာတိုင်း ကိုချမ်းငြိမ်းက သူ့ခုံကို တွန်းပေးရင်း လုံခြုံရေးအစောင့်ကလည်း ထူးထူးခြားခြားဖြစ်နေသော သူ့ကို မျက် မှန်းတန်းမိပြီး ဖြစ်နေသည်မို့ ပြုံး၍ နှုတ်ဆက်သည်။ တစ်ပတ် တစ်ခါလို လာနေကျဖြစ်၍ သူတို့လည်း မှတ်မိနေပြီ ဖြစ်၏။

"ရတယ် အစ်ကို၊ ကျွန်တော့်ဘာသာ သွားတော့မယ်"

"ရပါတယ်ကွာ မင်းကလည်း"

"နေပါစေ မောင်လေးက သူတစ်ယောက်တည်း အေးအေး ဆေးဆေး ပတ်ချင်တာ သွားမရှုပ်ပါနဲ့၊ ဩော် အဝေ မမပြောတဲ့ စာအုပ်ကလေးတွေ့ရင် ယူထားလိုက်ဦး"





"မမစာအုပ်က အန်းတစ်ခ်လေ မမရဲ့၊ ဒီမှာ ဘယ်လိုလုပ် ရှိမှာလဲ"

ပြောပြောဆိုဆို သူကိုယ်သူ လှိမ့်ထွက်လာခဲ့လိုက်သည်။ စီဒီကောင်တာမှ ကက်ရှာမလေးများကလည်း ဝတ္တရားမပျက် တရင်း တနှီး ပြုံးပြသည်။ ဝတ္တရားမဟုတ်သော ကြိုဆိုမှုမျိုးနှင့် အသစ်ထွက် အယ်လ်ဘမ်များကို လိုက်ပြ၏။ စီဒီစင်တိုင်း၏ ဘေးတွင် ထားရှိသော စင်များတွင် တစ်ခွေချင်း စိတ်ရှည်လက်ရှည် လိုက်ထည့်ပေးပြီး သူလက်လှမ်းမမီသော အမြင့်လောက်မှာ ချိတ်ထားတတ်သည့် နား ကြပ်ကိုပါ ယူပေးသည်။ များများစားစား ဝယ်တတ်သူ မဟုတ်ဘဲ အပိုဝန်ဆောင်မှုပေးခြင်းပင်။

သီချင်းတချို့ကို မြည်းစမ်းပြီးသည်တွင် စာအုပ်စင်ဘက် ဘီးကို လှည့်လိုက်သည်။ စီဒီစင်များကြားမှ စာအုပ်စင်ဘက်ကူးသော လမ်းကျဉ်းကလေးက မမတို့တက်သွားသည့် စက်လှေကားနှင့် တည့် တည့်တွင် ရှိ၏။ အဆက်မပြတ် ရွေ့လျားလည်ပတ်နေသည့် စက်လှေ ကားကိုတော့ သူကြည့်ရဲသည်။ ရပ်လျက်သား မြင့်တက်လိုက်ပါသွား သူများ နိမ့်ဆင်း၍ ပါလာသူများကို ကြည့်၍ သဘောကျမိ၏။

အတက်အဆင်း စက်လှေကားနှစ်ခု၏ ကြားကိုတော့ သူ မကြည့်ရဲ။

ထိုနေရာတွင် စက်လှေကားနှစ်စင်းပျက်သည့်အခါ အသုံးပြု ရန်အတွက် ရိုးရိုးလှေကားခပ်ကျဉ်းကျဉ်းတစ်ခု ရှိနေ၏။

အမှတ်တမဲ့ အကြည့်ရောက်သွားမည်စိုး၍ သူမျက်နှာလွှဲ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်စင်များဆီ ဆက်လှမ်းဖို့ ပြင်ဆင်လိုက်သည်။ သို့သော် ဘီးနှစ်ဖက်ကို အုပ်ကိုင်မိပြီးသားလက်တို့ တုံ့ခနဲ ရပ်သွား၏။ သူ့ပကတိနားအစုံမှ အသံတစ်သံကို ကြားလိုက်ရသည်။

ဝန်းကျင်ရှိ ဝယ်သံ၊ ရောင်းသံ၊ လမ်းလျှောက်သံများကို ခွင်းဖောက်၍ သူ့နားစည်သို့ တည့်တည့်မတ်မတ် လာရောက်ထိမှန်သွားသည့်အသံ။

'ချွင်'ခနဲ သူကြားလိုက်ရခြင်း ဖြစ်သည်။

ထိုစဉ်ကတော့ သူ့ဘဝထဲသို့ ကြယ်တစ်စင်း ကြွေကျလာသည့် အသံမှန်း သူမတွေးမိသေး။ ကြယ်ကြွေသံသည်လည်း 'ချွင်'ခနဲ မြည်လိမ့်မည်ဟု မထင်ခဲ့။ ဆိုက်ဆိုက်မြိုက်မြိုက်တော့ သူကြားလိုက်ရသည်။ အသံကြားရာသို့ အကြည့်ကို အမှတ်တမဲ့ ပို့လိုက်မိ၏။

သူနှင့် တည့်တည့်တွင်ရှိသော ရိုးရိုးလှေကားပေါ် တချွင်ချွင်နှင့် တစ်ဆင့်ချင်း လှမ်းဆင်းလာသည့် အနက်ရောင်အရာကလေးကို မြင်လိုက်ရသည်။

သူ့အမှန်းဆုံးလှေကားပေါ်မှ သူ့အမှန်းဆုံးအရောင်တစ်ခု ကျလာသည်ကို ဘယ်နတ်ဆိုးက အသံပေးလာသလဲဟုပင် တွေးလိုက်မိသေးသည်။ ထိုအရာကလေးက တချွင်ချွင်နှင့် ကျလာနေဆဲ...

သူဆတ်ခနဲ မျက်နှာလွှဲလိုက်၏။ 'ချွင်'ခနဲ လှမ်းထွက်လာသည့် အသံကိုလည်း မကြားသလိုနေလိုက်သည်။ ထိုအရာလေး သူ့တော်တော်မုန်းသွား၏။

"ချွင်"

"ဟာ"





မမြင်ယောင် မကြားယောင်ပြုနေကာမှ ပိုဆိုးသည်။ လှေကားခြေရင်းတွင် ရပ်သွားရမည့် လှမ်းစင်မှုကို ဘယ်ခြေထောက်ကများ အမှတ်တမဲ့ ကန်လွှတ်လိုက်သည် မသိ။

နောက်ဆုံး 'ချွင်'သံက သူ့အောက်တည့်တည့်မှ ထွက်ပေါ်လာ၏။ ငုံ့လိုက်မိသည့် ခဏတွင်မှ သူ့မျက်စိအောက်မှာ ရောက်လာသည့်လို့၊ ဘာရယ်မဟုတ် သူစိတ်တိုသွားမိသည်။ မုန်းပါသည်ဆိုကာမှ...

"လာစမ်း"

နံပေါ်မှ ငုံ့ကိုင်း၍ ဖျတ်ခနဲ ကောက်ယူလိုက်သည်။ သူနှင့် နီးမဝေးတွင်ရှိနေသော အမှိုက်ပုံးဆီပစ်ပေါက်ထည့်ရန် ချိန်ရွယ်လိုက်သည်။

ထိုခဏ၌ သူကျောက်ရုပ်ဖြစ်သွား၏။ နုတ်ခမ်းကို လက်ဖဝါးကလေးနှင့် အုပ်ကွယ်၍ လှပစွာ ရယ်မောလိုက်သော အမူအရာလေးကို သူမြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

သူမျက်စိရှေ့မှ စာအုပ်စင်၏ နေရာတွင် အပြာရောင်ကွက်သပ်တစ်ခု ဖြစ်နေသည်။ မြင်ကွင်းက အာရုံထဲမှာ ဖြစ်တည်သွားခြင်းမှန်း သူသိလိုက်ရ၏။ တစ်ခါမှ သူမမြင်ဖူးသည့် ထိုမိန်းကလေးက အာရုံထဲ ဘယ်လိုဝင်ရောက်လာသည်လဲ။

ညင်သာစွာ ရယ်မောရင်းက ခေါင်းကလေးကို စောင်းငဲ့ကိုက်ပုံမှာ သူ့ကို တမင်တကာ ညို့ငင်လိုက်သည်လို ထင်မိ၏။ တော်မှောင်သော ဆံနွယ်တို့ ဝဲခနဲ လှုပ်သွားသည်။ ဆံစတွေကြားက ဖြူစင်သော နားရွက်ကလေးတစ်ဖက် လှစ်ခနဲ ထွက်ပြူလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုး သူ့နားမှာ အပေါက်ကလေးနဲ့ပါလား"

ရယ်သံအဆုံးမှာ သူမမျက်နှာကလေး ပြန်လှည့်လာသည်။ သူမမြင်လိုက်ရသည့် တစ်ဖက်ခြမ်းက ဝင်းမွတ်ဖြူနုသော ပါးကလေးပေါ်သို့ အနက်ရောင်နားဆွဲကလေးက လွှဲခါရောက်ရှိလာသည်ကို သူမြင်လိုက်ရပြန်သည်။

"နားဆွဲတစ်ဖက်ပဲ ဆွဲထားတာလား"

သူဖဝေဖဝါ ဖြစ်သွားချိန်တွင် မိန်းကလေးက 'ဟိတ်' ခနဲ အသံပြုလိုက်သည်။ အမှတ်တမဲ့မို့ သူလည်း ဆတ်ခနဲ တွန့်သွားရ၏။

အာရုံမှလည်း လန့်နိုးသွားသည်။ ကယောင်ကတမ်းနှင့် ခေါင်းပေါ်မြှောက်ထားသည့် လက်ကို ကျစ်ခနဲ ဆုပ်ကိုင်လိုက်မိသည်တွင် လက်ဖဝါးကို ဆူးနှင့် အထိုးခံလိုက်ရသည်။

လက်ဖဝါးကို စူးသည့်ဒဏ်က ဝဲဘက်ရင်အုံအောက်မှာ ဆစ်ခနဲ ခံစားလိုက်ရ၏။ သည်တော့မှ လက်ဖဝါးကို ဖြန့်၍ အသေအချာကြည့်မိသည်။ အနက်ရောင် ငါးထောင့်ကြယ်ကလေး ထောင့်ချွန်းတစ်ဖက်မှာ ပုတီးစေ့မှုန်မှုန်လေးများ သီရီထားသော ကြိုးတင်ချောင်းနှင့် ချိတ်ကလေးတစ်ခုပါသည်။

ပါးပြင်ရှေ့သို့ ထွက်ပြူလာသော နားဆွဲလေးကို အမှတ်ရသွား၏။ ပြီး လှစ်ခနဲ မြင်လိုက်ရသော အပေါက်ကလေးနှင့် နားရွက်ဖြူဖြူ။

"ဒါ သူကျကျန်ရစ်ခဲ့တာလား"

ပထမထပ်ဆီ မော့၍ ကြည့်မိ၏။ အဆင်းလှေကားပေါ်





ပြီးတော့ ထွက်ပေါက်။ စွဲစွဲမြဲမြဲ မှတ်မိနေသော မျက်နှာလေးကို မတွေ့ရ။

စာအုပ်စင်ဘက် ဆက်မသွားဖြစ်တော့ပဲ အောက်ထပ်ရှိ အခြားအကြိုအကြားတွေဆီ ဝင်ချည်ထွက်ချည် ရှာမိသည်။

"အဖြူရောင် ဟုတ်တယ်၊ သူ အဖြူရောင်အင်္ကျီလေး ဝတ်ထားတာ"

မှတ်မိသလောက်နှင့် ကျောဘက်မှ အဖြူရောင်အင်္ကျီနှင့် မိန်းကလေးတစ်ယောက်ကို တွေ့တိုင်း မယောင်မလည် ချဉ်းကပ်ကြည့်မိသည်။ သူမှတ်မိသော မျက်နှာကလေးမဟုတ်။

"အဝေ မောင်ဖေ်သး ရှာလိုက်ရတာ ဒီမှာ ဘာဝယ်မလို့ လာကြည့်နေတာလဲ"

"ဗျာ... ဟာ"

သွားပြီ။ မိန်းကလေးတွေနောက် ဟုတ်လိုဟုတ်ငြား လျှောက်လိုက်ရင်းက အမျိုးသမီးအတွင်းခံ အဝတ်အစားများရောင်းသည့် ဆိုင်ရှေ့ သူရောက်နေ၏။ ရုက်ရုက်နှင့် ဘယ်သူ့ကိုမှ ဘာမှုမပြောရဲတဲ့ ပြန်ပြေးခဲ့ရသည်။

မမမျက်နှာမှာလည်း ရုက်ရိပ်သမ်းကာ ခပ်တည်တည်ကြီး ဖြစ်နေ၏။ ကိုချမ်းငြိမ်းကတော့ သူ့ကို နောက်မှတွန်းခေါ်လာရင်း ပြုံးစိစိ ဖြစ်နေမည်ထင်သည်။

ထို့ပြီး ကားပေါ်ဘယ်လိုရောက်လို့ အိမ်ကို ဘယ်လိုပြန်ခဲ့ မှန်းပင် မသိတော့။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



"ဪဟော်... ငါ့မောင်က လက်စသတ်တော့ ဘာဝန်သီ အမျိုးသားကောင်းတစ်ယောက် အနေနဲ့ ကောက်ရတဲ့ ပစ္စည်းကို ပြန်ပေးဖို့ရာ ပိုင်ရှင်လိုက်ရှာနေတာကိုး။ အဲဒီတော့ အခု အဲဒီကောင် မလေးကို တွေ့ပြီလား"

သူတွေ့ပြီး ဖြစ်ရမည်ဟု မမက တစ်ထစ်ချ တွက်ထားပုံပေါ် သည်။ သူပြုံးပြီး ခေါင်းညိတ်ပြလိုက်၏။

"ဘယ်မှာ ဘယ်လိုတွေ့တာလဲ"

"အင်တာနက်ထဲမှာ"

"ဟော... ပေါ်ပြန်ပြီ၊ မမကို အင်တာနက်သင်နိုင်းလိုက် အိမ်မှာဆင်နိုင်းလိုက်နဲ့ ပူဆာခဲ့တာ ဒါကြောင့်ကိုး"

"မဟုတ်ပါဘူး မမကလည်း မထင်မှတ်ဘဲ တွေ့တာပါ။ မေ နဲ့ သူငယ်ချင်းတွေ အပျော်တမ်း စလုပ်ခဲ့တဲ့ ဆိုက်တစ်ခုမှာ သွားတွေ့ တာ ကျွန်တော်က ကိုယ့်မမရဲ့ လက်ရာဆိုပြီး ဝင်ကြည့်မိတာပါ"

"အဲဒါနဲ့"

"ဝင်ကြည့်တော့ ပျင်းစရာကောင်းတဲ့ သမာရိုးကျမေးခွန်း တွေကြားမှာ ဖြေချင်စရာလေးတွေ သွားတွေ့တယ်၊ တိုက်တိုက်ဆိုင် ဆိုင်ပဲ မေးထားတဲ့ သူ့ရဲ့ နာမည်ကလည်း အဝေရာတဲ့ ကျွန်တော့် အဝေရာနဲ့ စာလုံးပေါင်းမတူဘူး"

"ဘာတွေ မေးထားလို့လဲ"

ပထမမေးခွန်းကို မပြောတော့ဘဲ သူသဘောကျမိသည့် ဒုတိယမေးခွန်းကို ပြောပြလိုက်သည်။





"တယ်ဟုတ်ပါလား။ အဲဒါ အဝေက ဘယ်လိုဖြေလိုက် သလဲ"

"ရာဇဝင်ထဲမှာ သင်သာ ပါဝင်ခွင့်ရမယ်ဆိုရင် ဘယ်သူ့နေရာ က ပါချင်သလဲဆိုတာမျိုး အမေးခံချင်တာလို့"

မမက သူ့ဖြေပုံကို နားထောင်ပြီး ခေါင်းတခါခါနှင့် ပြုံး သည်။

"မောင်လေးက ဘယ်သူ့နေရာကများ ပါချင်နေတာလဲ"

"သူလည်း အဲဒီလိုပဲ ပြန်မေးတယ် မမရဲ့၊ ကျွန်တော်က ခုဇဓိရာဇ်လို့ ဖြေလိုက်တယ်၊ အဲဒီတုန်းကတော့ အဝေရာဆိုတဲ့ နာမည်ကြောင့် ယောက်ျားလေးပဲ ထင်မိတာ"

"မဟုတ်ဘူးလား"

"ဟင့်အင်း"

"အင်းလေ နစ်ခ်ကတော့ ဒီလိုပဲ ယူနေကြတာပါ"

"မမ အံဆွဲဖွင့်ပြီး အထဲက ဘူးလေး ကျွန်တော့်ကို ယူပေးပါလား"

"ဘာဘူးလဲ"

မမက စားပွဲခုံရှိရာ ထသွားပြီး အံဆွဲကို ဖွင့်သည်။ အထဲမှာ အညိုရောင်စက္ကူဘူးကို သူထည့်ထား၏။

"အဲဒီဘူးထဲက နောက်ဆုံးအကန့်မှာရှိတယ်"

ဘူးကို ဖွင့်ပြီး သူပြောသည့်အတိုင်း နှုတ်ယူသည်။ မမလက် ထဲ အနက်ရောင်ကြယ်ကလေး တွဲခိုရဲ့ ပါလာ၏။ မမက ဘူးကို ပြန်ပိတ်ပြီး အံဆွဲထဲ ပြန်သိမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်ကျတော့ သူငယ်ချင်းတစ်ယောက်မှမရှိတဲ့ ကျွန်တော့်အကောင့်ထဲကို အဝေရာ ရောက်လာတယ်၊ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ကလည်း အဲဒီ နားဆွဲလေးကို ကိုင်ပြီး စဉ်းစားနေတဲ့ အချိန် ဖြစ်နေတယ်လေ"

မမက သူ့အနားမှာ ပြန်ထိုင်ပြီး နားဆွဲလေးကို သူ့လက်ထဲ ထည့်ပေးသည်။

"ကျွန်တော့်အာရုံထဲက ဒီနားဆွဲရဲ့ ပိုင်ရှင်လေးကလည်း အဲဒီအချိန်မှာ အင်တာနက်သုံးနေတာ တွေ့ရတယ်၊ ကျွန်တော်ပိုပြီး စိတ်ဝင်စားသွားလေလေ၊ အာရုံက ပိုထင်ရှားလာလေလေပဲ၊ သူရိုက်နေတဲ့စာ၊ သူသုံးနေတဲ့ ကွန်ပျူတာကိုပါ ကျွန်တော်သေသေချာချာ မြင်လာရတော့မှ တအံ့တသြ ဖြစ်သွားရတော့တယ်"

"သူက အဝေရာပေါ့"

ကြယ်ကလေးကို ဆုပ်ညှစ်၍ ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။

"အဝေရာဆိုတာ နာမည်ရင်း မဟုတ်လောက်ပါဘူး မောင်လေးရယ်၊ ဟုတ်နေရင်တော့ တိုက်ဆိုင်လွန်းတယ် ပြောရမှာပဲ"

"နာမည်ရင်းက အဝေရာ မဟုတ်ပါဘူး"

"ဘာတဲ့လဲ မောင်လေး သိပြီးပြီလား"

"သူပြောတာတော့ မဟုတ်ဘူးပေါ့၊ သူ့အကြောင်း စဉ်းစားမိတိုင်း နံဘေးက သူ့သူငယ်ချင်း ပိုးပိုးဆိုတဲ့ ကောင်မလေးရဲ့ ခေါ်သံက အမြဲကြားနေရတာလေ"

"ဘယ်သူတဲ့လဲ"





"ပြောရင် မမပါ အံ့သြသွားမှာ"

"အေးပါ ဟုတ်ပါပြီ ပြောမှာပြောပါ တော်တော်စကားများတဲ့ ကောင်လေး"

"ညွှန်းရည်ရွှယ်တေးတဲ့"

"ဟယ်"

အခုချိန်မှာ မင်းဘာလုပ်နေမလဲ ညွှန်းရေ…

"နေပါဦး နေပါဦး၊ အဝေပြောတာတွေ ယောင်တောင်ပေါင်တောင်နဲ့ လိုက်နားထောင်နေတာ မမမေးတာတောင် ဘယ်ရောက်သွားပြီလဲ ကောင်စုတ်ကလေး၊ မမမေးတာ မဖြေဘဲ ဝေ့လည်ကြောင်ပတ်နဲ့ ပြောချင်တာတွေ ပြောနေတယ်"

"ဖြေပြီးပြီလေ မမရဲ့"

"ဘာရယ် အဝေ မောင်လေးနော်၊ ဘာမှလည်း မဖြေရသေးဘူး"

"ဩော်… မမကလည်း အဲဒီ မေးခွန်းကို ခဏထားပါဦး၊ အခု မေးသင့်တာမေးပါလား"

"အံမယ် မမက ဘာမေးရမှာလဲ"

"မောင်လေး အဲဒီကောင်မလေးကို တကယ် ချစ်မိသွားပြီလား ဆိုတာလေ"

"ဒါများ မေးစရာလိုသေးလို့လား မောင်လေးရယ်၊ မမက အဝေရာရဲ့ အစ်မပါကွ၊ ဒီလောက် ညွှန်းနေမှတော့ ညွှန်းမိလို့ ညွှန်းတာပေါ့"

မောင်နှမနှစ်ယောက် ပြုံးတူရယ်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမက သဘောတူတယ်ပေါ့"

"ဟော့… ဟော့ စကားရော ဖောရော မလုပ်နဲ့"

"စကားရော ဖောရော မဟုတ်ပါဘူး မမရယ်၊ စပါးရော ဖွဲရောပါ"

သူစကားဖောက်တော့ မမကြောင်သွားသေးသည်။ ပြီး သဘောပေါက်သွားပြီး လက်ခေါက်ကလေးနှင့် နဖူးကို ရွယ်၏။

"အား"

"ခေါက်တောင် မခေါက်ရသေးဘူး၊ နာတာကအရင် ဘာ ဖြစ်ဖြစ် လာမရောနဲ့ မမပါးစပ်က သဘောတူတာ မတူတာ ဘာ မဟာရသေးဘူး ဟင်း"

"မမကလည်း အဝေရာလေ မမရဲ့ မပြောလည်း သိ တယ်"

"ကဲ… နေဦး၊ အဲဒါတွေ ခဏထား အဝေနော်၊ စကား လွှဲလွှဲသွားတယ်၊ အပေါ်ထပ်ကို ဘာတက်လုပ်တာလဲဆို ဘယ်တ ခုကို တက်ယူတာလဲ"

"သြော်… ဝါ့မမကလည်း၊ ချစ်သူတစ်ယောက် ငုတ်တုပ် ရှိနေတာတောင် အချစ်အကြောင်းကို ဘာမှ မသိပါလား၊ ကျွန်တော် ဖတ်ဖူးတာ တစ်ခုပြောပြမယ် အချစ်သည်တဲ့"

"အင်း… လုပ်ပါဦး၊ ဝေ့လည်ကြောင်ပတ်ကလေး"

"အချစ်သည်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက် အဟောင်းများ ပြောင်းလဲဆန်းသစ်ပေးတတ်သည်တဲ့၊ ဥပမာ– အစားအစာ ဆို ဟားဘတ်ကတ်စ်ဆန်ဆိုတဲ့ ပုဂ္ဂိုလ်က သူ့ရဲ့ လူ့သဘာဝကို ဘယ်





နားလည်မလဲဆိုတဲ့ စာအုပ်ထဲမှာ အစားအစာကို ဒီလို အဓိပ္ပာယ် သတ်မှတ်ထားတယ်"

"ဟုတ်ကဲ့ရှင့်"

မမက လက်ကလေးပိုက်၍ အမူအရာပါ လုပ်ပြသည်။

"အစားအစာဆိုတာ ကိုယ့်ဝမ်းထဲ မရောက်သေးသမျှ ကာ လပတ်လုံး ကိုယ့်အတွက် ကမ္ဘာပေါ်မှာ အရေးကြီးဆုံးပဲတဲ့၊ ဒီစကားက သာမန်အားဖြင့်တော့ မှန်နေတာပဲ၊ ဒါပေမဲ့ အချစ်နဲ့တွေ့တော့ မပြည့်စုံတော့ဘူး"

"ဟိုကလေးမက တော်တော်လေကြောရှည်တဲ့ လူပဲလို့ မှတ်ချက်မချဘူးလား အဝေ"

"နားထောင်ပါ မမကလည်း ကိုယ့်ဝမ်းထဲ ရောက်ရောက် မရောက်ရောက် ကိုယ့်ချစ်သူဝမ်းထဲ မရောက်သမျှ ကာလပတ်လုံး အစားအစာဟာ အရေးကြီးနေဦးမှာပဲ၊ နောက်ပြီး အချစ်က ပကတိ တန်ဖိုးတွေကိုလည်း ပြောင်းလဲပစ်တတ်သေးတယ်"

"ကဲ… တော်ပြီ၊ မမနားလည်သွားပြီ၊ သဘောပေါက်သွား ပြီ ဟုတ်လား၊ ဒါပေမဲ့ ကိုယ့်ကိုကိုယ် ထိခိုက်လောက်အောင်တော့ အရမ်းမလုပ်နဲ့၊ မမမှာ ဒီမောင်လေးတစ်ယောက်ပဲ ချစ်နေရတော့ မရင်ကျိုးအောင် မလုပ်ပါနဲ့ အဝေရယ်"

"ဟုတ်"

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com



"Furunaraba ichinichi muda ni shiyozoe"

တစ်လုံးချင်းရိုက်ထည့်ပြီး မှန်မမှန် ပြန်စစ်ရသေးသည်။ မိမိနှင့် ဖုန်းပြောတုန်းက မေးထားသည့် ကဗျာလေးတွေ ညွှန်းစာအုပ်ထဲမှာ ချရေးထားပြီး တစ်လုံးကြည့်လိုက် ရိုက်လိုက် လုပ်နေခြင်းဖြစ်သည်။

အားလုံးမှန်တော့မှ Enter ခေါက်ချလိုက်၏။

"ဘာတဲ့လဲ"

"If it rains, let's waste, the whole day!"

"ဪ… နှင်က အခု မိုးရွာနေလို့ တစ်နေကုန် အပျင်းထူနေတယ်ပေါ့လေ တယ်ဟုတ်ပါလား"

"ဟုတ်ရမယ်လေ ညွှန်းရည်ရွယ်တေးပဲဟာ"

"ငါက နှင့်သူငယ်ချင်း မိမို့ကို ချီးကျူးနေတာ၊ နှင့်ကို ပြောတာမှ မဟုတ်ဘဲ"

ကြည့် သူအကုန်သိနေတာချည်းပဲ။ ညွှန်းနည်းနည်းတော့ ခံပြင်းသွားသည်။ ခုတော့ တေးရုံပဲ တေးထားနိုင်သေး၏။

"ဒါဆို နှင်ကရော ဒီနေ့ ဘာတွေလုပ်နေလဲ"

"မနက်ဖြန်အတွက် ပြင်ဆင်နေတယ်လေ"

"ဟဲ… ဟဲ… ငါ့ကို ပေးမယ့် လက်ဆောင်ကို လှလှပထုပ်ပိုးနေတာပေါ့လေ"

"မဟုတ်ပါဘူး၊ ငါ့မွေးနေ့အတွက် ပြင်ဆင်နေတာပါ"

သူ့မွေးနေ့။ ပထမတော့ တိုက်ဆိုင်မှုကို ညွှန်းအံ့ဩသွားသည်။ နောက်မှ သူ့ကို မယုံသင်္ကာဖြစ်လာ၏။





"ဟေ့… နှင်မညစ်နဲ့နော်၊ မနက်ဖြန် ငါ့မွေးနေ့ နှင့်မွေးနေ့မှ မဟုတ်တာ"

"တစ်နေ့ကို တစ်ယောက်သာ မွေးခွင့်ရှိတယ်လို့ ဘယ်သူက ပညတ်ထားလဲ"

"နှင်ညစ်တာ အဝေးရော နှင်တမင်ညစ်တာ၊ လက်ဆောင်ကို ငါတောင်းတာ မဟုတ်ဘူးနော်၊ မပေးချင်မပေးနဲ့ နှင့်ဘာသာ ပေးချင်တယ် ပေးပါရစေလို့ လာပြောတာ ငါ့ကို လက်ဆောင်ပေးရမှာဆိုပြီး နှင်လည်း ပြန်ရချင်လို့ မဟုတ်လား အဝေးရော"

"နှင်ကလည်းဟာ ငါ့ကို ဘယ်လိုများ စွပ်စွဲလိုက်တာလဲ၊ အေးလေ ထားပါတော့ နှင်မယုံလည်း ရှိပါစေတော့ ငါက လက်ဆောင်ပြန်လိုချင်လို့ မဟုတ်ပါဘူး။ တကယ်လို့ တောင်းခွင့်ရမယ်ဆိုရင်တောင်မှ နှင့်အတွက် ဘာမှ အပန်းမကြီးတာမျိုးပဲ တောင်းဆိုမှာပါ။ ငါက နှင့်ကို မနက်ဖြန်မှာ အဖြူရောင်ဝတ်စုံလေး ဝတ်လာစေချင်တာ တစ်ခုပါပဲ။ အဲဒါကို ငါ့မွေးနေ့ လက်ဆောင်အဖြစ် တောင်းချင်တာပါ။ ဒါပေမဲ့ နှင်မယုံလည်း နေပါစေတော့"

"ဟွန်း"

ညွှန်းရိုပ်မိသွားမှ စကားကို လျှောချသွားခြင်း ဖြစ်မည်။ သူ တဖွဲတနွဲ ရှင်းပြလာပေမယ့် ညွှန်းယုံကို မယုံကြည်မိ။

"ဒီညတော့ ညဉ့်နက်တဲ့အထိ မနေနဲ့တော့နော် ညွှန်း"

"အင်းပါ၊ ဟေ့… မနက်ဖြန် နှင့်မွေးနေ့ဆိုတာ တကယ်ပြောတာလား အဝေးရော"

"မဟုတ်ဘူး။ မဟုတ်ပါဘူး ငါညာပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟော… ညွန့်းကို သူညာလို့ရမလား။ ညွန့်းတစ်ချက်ပြော လိုက်သည်နှင့် သူဝန်ခံသွားရသည်။

"နင် မွေးစားအမေဆီ သွားဖို့ဆိုတာ သွားဖြစ်ပြီလား"

"အေး… ဗုဒ္ဓဟူးနေ့ သွားမယ်တဲ့၊ မမပြောတယ် ဘာဖြစ်လို့လဲ"

"ငါစဉ်းစားမိတာ တစ်ခုရှိလို့ပါ၊ နင် အဲဒီအမေ ကိုယ်ဝန်ရှိတုန်းက သူ့ဗိုက်ကို ပွတ်သပ်ကြည့်ဖူးတယ်ဆို အဲဒီတုန်းက နင် ဘာမြင်ခဲ့ရလဲ မှတ်မိလား"

"မှတ်မိတာပေါ့၊ အဲဒီတုန်းက ငါက ငါးနှစ်တောင် မပြည့်သေးဘူး။ ငါ့အာရုံထဲမှာ မြင်တဲ့ကောင်က ငါ့အသက်ရဲ့ လေးဆလောက် ရှိမယ်ထင်တယ်၊ ငါ့အမြင်တွေလည်း အဲဒီတစ်ခါပဲ လွဲဖူးတယ်"

"နင်မလွဲဘူးဟ… သေသေချာချာ စဉ်းစားကြည့်ပါလား နင်မြင်ခဲ့တာ အသက်နှစ်ဆယ်နီးပါးရှိတဲ့ ယောကျ်ားတစ်ယောက် မဟုတ်လား။ နင့်အသက် အခု နှစ်ဆယ့်ငါးထဲမှာဆို အခုချိန်ကျမှ ပြန်တွေ့ရမယ့် နင့်ရဲ့ မွေးစားအမေဆီမှာ နင့်ထက် ငါးနှစ်လောက် ငယ်မယ့် သားသမီးတော့ ရှိနေမှာပဲ သူ့ကိုယ်ဝန်က နင် ငါးနှစ်သားတုန်းကလေ"

"အဲဒီတော့"

"နင်က လည်မလိုလို့နဲ့ တော်တော်ဝေးတာပဲ၊ ဒီမယ် နင် အခုသွားတော့ သူရဲ့ သားသမီးတွေ နင်တွေ့ရမှာပဲ၊ အဲဒီ အသက် နှစ်ဆယ်အရွယ် ကောင်လေးက သူ့ဗိုက်ကို နင်ပွတ်သပ်တုန်းက





မြင်ခဲ့ရတဲ့ ကောင်လေးပဲပေါ့။ နင်မှ သူ့ငယ်ရုပ်ကို မြင်ဖူးခဲ့တာမှ မဟုတ်တာ။ နင်မမြင်ဘူးတဲ့ မမြင်ဘူးမယ့် ကလေးကို နင့်အာရုံက ဘယ်လိုပုံဖော်ပေးနိုင်မလဲ၊ နင်မြင်ဖူးမယ့် အရွယ်ကို အဲဒီကတည်းက တန်းမြင်ခဲ့ရတာ၊ အာ ငါတောင်ပြောရင်း လည်ထွက်လာပြီ မပြောတတ်တော့ဘူး"

"အား… ငါသဘောပေါက်ပြီ ညွန့်။ ကျေးဇူးပဲဟာ"

"မလိုပါဘူး။ ညွန့်းရည်ရွယ်တေးက အပျင်းပြေရှုံလောက် စဉ်းစားကြည့်တာပါ"

ကိုယ့်အလှည့်ရောက်ပြီလေ၊ သာသာ နာနာကလေး တွယ်ပေးလိုက်သည်။ မောင်မင်းကြီးသား အောင့်သက်သက်တော့ ဖြစ်သွားမည်ပင်။

"အေးပါဟာ၊ ညွန့်း မနက်ဖြန် မနက် ဆယ်နာရီနော်"

"ငါမှတ်မိပါတယ်ဟာ့"

"အိုကေ ငါ နင်အပျင်းပြေ စဉ်းစားဖို့တစ်ခု မေးလ်နဲ့ ပို့ပေးလိုက်မယ်၊ မနက်ကျမှ စဉ်းစားပေါ့ အိပ်မက်လှလှမက်ပါစေ"

"ဘိုင် ဆီးယူတူမောရိုး"

❒ ❒ ❒

ညွန့်းကို နှုတ်ဆက်ပြီးသည်နှင့် မေးလ်ထဲသို့ ဝင်လိုက်သည်၊ ဝါကျတစ်ကြောင်းကို ရိုက်ပြီး ပို့ရန်ပြင်လိုက်သည်။ ချိတုံချတုံနှင့် သက်ကို ပြန်ရုတ်မိ၏။ အပျင်းပြေစဉ်းစားရမည့် စကားထာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ၊ သည့်လိုနှင့် အကြမ်းဖိုင်ထဲသို့ ပထမဆုံးမပို့ဖြစ်သော မေးလ်အဖြစ် ရောက်ရှိသွားခဲ့သည်။ ကိုယ့်ဝါကျကိုယ် တစ်လုံးချင်း ပြန်ဖတ်ကြည့်ရင်း တစ်ရစ်ချင်း ပြုံးလိုက်မိ၏။

"ငါ့အထုပ္ပတ္တိမှာ နင်မင်းသမီးလေး လုပ်ပါလား ညွှန်းရယ်"

လက်ထဲမှာ နားဆွဲကလေးကို အနီရောင်ကတ္တီပါဘူးထဲသို့ ပြောင်းထည့်ပြီး အံဆွဲတွင် သိမ်းဆည်းလိုက်၏။

မနက်ထိ မစောင့်တော့ဘဲ ညွှန်းမေးလ်ကို ဝင်ကြည့်မိသည်။ သူ့ထံမှ ရောက်မလာသေး။ လေး ငါးမိနစ်ကြာအောင် သည်အတိုင်း ကိုင်စောင့်နေခဲ့ပြီးမှ စိတ်မရှည်စွာနှင့် ပိတ်ပစ်လိုက်ဖို့ လက်ရွယ်မိသည်။ ပြီးမှ ညွှန်းလည်း သူ့ထံမေးလ်တစ်စောင်ပို့ရန် စိတ်ကူးရလာ၏။ အကြောင်းအရာဆိုသော နေရာတွင် 'ကဗျာ'ဟု ဖြည့်လိုက်သည်။

–တကယ်တော့ ကဗျာဆိုတာ

–နေရောင်စိုစို လရောင်ရွှဲရွှဲ

နက္ခတ်လွဲနေတဲ့ လမ်းက

ပန်းဖြစ်ရုပ်ကြွင်း မဟုတ်ရပါဘူး

–နေရောင်ချိုချို လရောင်ရင့်ရင့်မှာ

နက္ခတ်သင့်ရင် ပွင့်လာမယ့် ပုရစ်ဖူးလေးပဲ ဖြစ်ရမယ်။

ကိုယ့်ကဗျာကိုယ် အပြုံးတစ်ခု ရှိုးမြှင့်၍ ပို့ရန်ပြင်လိုက်သည်။ တွေဝေမှုက ညွှန်းလက်ကို တွန့်ဆိုင်းသွားစေ၏။ သက်ပြင်းတစ်ချက် ခေါင်းခါရင်းချမိသည်။ အကြမ်းဆိုသော ဖိုင်ကိုဖွင့်၍ မေးလ်ကို သိမ်းထားလိုက်သည်။ နက္ခတ်သင့်တော့ ပွင့်ပါလိမ့်မည်။

□ □ □





"အဝေ... ဟေး... အဝေ"

အခန်းတံခါးကို ပုတ်လိုက်သည့် အသံကြောင့် သူနိုးလာရသည်။

"မောင်လေးကလည်း ထတော့လေကွာ"

သူ သမ်းဝေရင်းက ခေါင်းငဲ့ကြည့်တော့ မှန်ပြတင်းမှာ နေရောင်ရောက်မလာသေး။

"မမ နေတောင်မထွက်သေးဘူး"

"ထပါ မောင်လေးရဲ့၊ ဒီနေ့ မောင်လေး မွေးနေ့လေကွာ စောစောထ ဘုရားဝတ်တက်ရအောင် လာ ဒီမှာ မင်းကို ရေချိုးပေးဖို့ လေးလေးဆန်းကိုတောင် မမနှိုးပြီးနေပြီ"

"ဟုတ်... ဟုတ် ထပြီ မမ"

"ပြန်မမှေးနဲ့နော် ဒီမှာ မမ အားလုံးပြင်ဆင်ပြီးနေပြီ၊ လေးဆန်း မောင်လေးကို ဝင်ခေါ်လိုက် အဲဒီ အိပ်ပုတ်လေးက မှေးခနဲဆို ပြန်အိပ်ပျော်တော့မှာ"

"အေး... အေး"

လေးလေးဆန်းက တံခါးဖွင့်၍ ဝင်လာသည်။

"မောင်လေး ရေမြန်မြန်ချိုးနော်၊ ပြီးရင် မမနဲ့ လေးလေးဆန်းက ဘုရားခန်းကို တွဲပြီး ပို့ပေးမယ်၊ အခု မမအပေါ်မှာ မောင်လေး ဘုရားဝတ်ပြုဖို့ ပြင်ဆင်လိုက်ဦးမယ်၊ ကဲ အသံလေး ဘာလေး ပေးပါဦး"

"ဟုတ်ကဲ့ပါ မမရဲ့ တကယ်နိုးနေပါပြီ"

မမက ဘုရားခန်းမှာဟွင်မကာ သူရေချိုးပြီး ဝတ်ကိုအစ



www.burmeseclassic.com

www.burmeseclassic.com



အသင့်ထုတ်ပေးပြီးသား အင်္ကျီရော ပုဆိုးပါ အသစ်များဖြစ်သည်။ မွေးနေ့အတွက် ဝယ်ပေးထားခြင်း ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း မရိုးနိုင်သော မမ၏ အစဉ်အလာကလေးတစ်ခု၊ သူ့မွေးနေ့ရောက်လျှင် နေမထွက်ခင် အရုဏ်ဦးတွင် အိပ်ရာထ၍ ဘုရားဝတ်ပြုစေသည်။ နှစ်တိုင်းလည်း အဝတ်အစား အသစ်တစ်စုံ ဝယ်ပေးသည်။

မမဆင်သည့်အတိုင်း လေးလေးဆန်းက ကူ၍ ဝတ်ပေး၏။ သည့်နောက် တစ်နှစ်တစ်ခါ ရောက်ခဲ့ဖူးသည့် အပေါ်ထပ်ဆီ သူမော့ကြည့်လိုက်သည်။ မမက ဘုရားခန်းတွင် ပြင်ဆင်နေတုန်းထင်သည်။ နံဘေးက တွဲကူဖေးမပေးထားသည့် လေးလေးဆန်းကို လှည့်ကြည့်ပြီး ပြုံးပြခေါင်းညိတ်လိုက်သည်။

"ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ် ဖလေးလေးရဲ့၊ ကျွန်တော်တို့ မနေ့ကပဲ နောက်ဆုံးစမ်းကြည့်ပြီးပြီလေ"

"မင်း မမ ငါ့ကို ဆူနေဦးမယ် အဝေရာ"

"လေးလေးကလည်းဗျာ၊ ကိုယ့်တူမကိုယ် ကြောက်စရာလား၊ လာ… နည်းနည်းပဲထိန်း"

တစ်လှမ်း လက်ရန်းက တစ်ဖက်၊ လေးလေးဆန်းက တစ်ဖက်၊ အနည်းငယ်တော့ ယိုင်ချင်နေသေးသည်။ နောက်တစ်လှမ်း။

အရင်နေ့တွေက မမ မရှိချိန်များတွင် လေးလေးဆန်းကို ဘေးမှာထားပြီး မြေညီမှာ သူလျှောက်ကြည့်၏။ သည်လှေကားကိုလည်း နား၍ နား၍ တက်ဖူးသည်။ တစ်နေ့ကလို သူတစ်ယောက်





တည်း ထင်ရာစိုင်းမှာ စိုးရိမ်ပြီး လေးလေးဆန်းကို အိမ်မှာ အမြဲထားရစ်ခဲ့သည်။ သူကလည်း လေးလေးဆန်းကို ချွဲပြီး မရမက ကျင့်ယူသည်။

လေးလေးဆန်းမှာ စိုးရိမ်စိတ်တစ်ဖက်နှင့် ကူညီရှာ၏။

"နားလိုက်ဦး အဝေရာ၊ တစ်ဝက်ကျိုးနေပြီ"

"လာပါ လေးလေးရဲ့၊ မမ အံ့သြသွားအောင်"

"မင်း၊ မမရတနာက အံ့သြမှာထက် ဝမ်းနည်းဝမ်းသာ ပိုဖြစ်မှာ"

"ဝမ်းသာစရာကို ဘာလို့ ဝမ်းနည်းတာကြီးက ပါနေရတာလဲ၊ လေးလေးကလည်း လုပ်ပြီ"

"အေး မင်းကို ဒီလို လေ့ကျင့်ပေးရင် ဖြစ်နိုင်မှန်း ရတနာသိတယ်ကွ၊ ဒါပေမဲ့ ဆရာဝန်တိုင်းက အာမမခံဘူး၊ ကောင်းချင်ကောင်းသွားနိုင်သလို ပိုဆိုးချင်လည်း ဆိုးမှာလို့ ပြောနေကြတာ ကျောရိုးကိုပါ ထိသွားရင် ထိုင်တောင်ထိုင်နိုင်မှာ မဟုတ်တော့ဘူးတဲ့ အဲဒါနဲ့ပဲ သူမှာ မင်းကို ပိုပြီး ဂရုစိုက်နေတာ ရတနာ ငါ့ကို ပြောဖူးတယ်"

စကားနည်းသော လေးလေးဆန်းဆီမှ သည်လို စိတ်ရှည်လက်ရှည်ပြောပြခြင်းမျိုး နားထောင်ရလိမ့်မည်ဟု သူမထင်ခဲ့။

"ပိုဆိုးမသွားရင် ပြီးတာပါပဲတဲ့၊ မင်း အခုလို တစ်သက်လုံးနေရရင် သူလည်း မင်းကို တစ်သက်လုံး ပြုစုနိုင်တာပေါ့တဲ့၊ ရတနာက မင်းအနားမှာပဲ နေချင်ရှာတာ ချမ်းငြိမ်းက ခဏခဏ နားပူနားဆာလုပ်တာတောင် မင်းကို အချိန်မပေးနိုင်တော့မှာ ကြောက်ပြီး ခုထိ မယူကြသေးတာပဲကြည့်"

www.burmeseclassic.com



"ကျွန်တော့်ကို တစ်သက်လုံး ပြုစုချင်တာ"

"တစ်မျိုးမထင်ပါနဲ့ကွာ၊ အဲဒါ မင်းကို မကောင်းစေချင်လို့ မဟုတ်ပါဘူး၊ မင်း သူ့ကိုပဲ ချစ်နေတာ သူ့ကိုပဲ အားကိုးနေတာ လိုချင်လို့ အမေတစ်ယောက်လို အတွေးမျိုးပေါ့"

"ကျွန်တော် နားလည်ပါတယ်၊ မမကို ဘယ်လိုမြင်မြင် မပြင်မပြင်ရက်ပါဘူး၊ မမက ကျွန်တော့်ကို မချစ်တော့ရင်တောင် ကျွန်တော်က ချစ်မှာပါ"

"ဆက်တက်မလား"

"ဟုတ်"

သာမန်လူအတွက် တစ်မိနစ်မကြာသည့် အကွာအဝေး သူ့မှာ သုံးမိနစ်ကျော် မောဟိုက်ပင်ပန်းစွာ တက်လာခဲ့ရသည်။

"ဟင်... မောင်လေး"

"မမ"

အရင်က လေးလေးဆေးနှင့်အတူ မမက တစ်ခေါက်မှမ မနိုင်မနင်းမှုနှိုက တက်ခဲ့ရသည့်နေရာ ဖြစ်သည်။ လေးလေး တစ်ယောက်တည်းနှင့်လည်း၊ သူ့ကို မမှီမလာနိုင်သည့်မှန်း သိနေ၏။

လေးလေးဆေးပြောသည့် အမှုအရာကို မမျက်နှာ သူတွေ့လိုက်ရသည်။ ဝမ်းနည်းစမ်းသော

□ □ □





"ဟဲ့... အမလေး"

မိဝိုးက နီးနီးရှုင်း ညွှန့်ကို ကြည့်ပြီး လန့်အော်သည်။

"အမလေး၊ ညွှန့်ရယ်၊ ဖိုက်မှုး တယ်မင်းခြောက်လိုက်တာ လား"

"ဘာလဲ"

ညွှန့်။ ကိုယ့်ကိုကိုယ် ငုံကြည့်မိသည်။ ဘာမှ ထိတ်လန့်စရာ မတွေ့ရ။ ညွှန့်ကို ကြည့်ပြီး မိဝိုး ဘာတွေလန့်နေရသည်လဲ။

"ညည်းက မထစ္စ၊ အခေါင်းကြီးလည်း ထနေသေးတယ်"

"ဪ... ဒီ အခေါင်းကြီး၊ နိုးတတ်တာကြာပြီ"

"ပြီးတော့ အဖြူရောင်ဝမ်းဆက်ကြီးနဲ့ ငုံအနားလာရပ်နေ တယ်၊ ရုတ်တရက်ဆိုတော့ လန့်တာပေါ့၊ ညည်းကို ဒီလိုကြီး မြင်ရလိမ့်မယ်လို့ ထင်မှထင်မထားတာ"

"ဟဲ့... ငါ့ဘာသာ ဝတ်ချင်ရာဝတ်တာ လန့်စရာလား"

"လန့်တာ မလန့်တာ အသာထား၊ ညည်းဘယ်အချိန်က တည်းက နိုးနေတာလဲ၊ ရေတွေဘာတွေတောင် ချိုးပြီးနေပြီ မြင် အားလိုက်တာလည်း၊ အလွန်အကျွံ"

"မလွန်ပါဘူး၊ မိဝိုးရယ်၊ ယူစီလေးပဲ ဖါးဖါးလေးတို့ထား တာပါ၊ ဒီမှာ ကြည့်ပါဦး၊ နှုတ်ခမ်းနီတောင် ပန်းဆီရောင်အကြည်လေး ပဲ ဆိုးထားတာ"

မိဝိုးက လှုးလဲ့ထလာပြီး ညွှန့်မသိမ်းခဲ့သည့် အိပ်ရာကိုပဲ ခေါက်သိမ်းပေးနေသည်။ ဖြည်းဖြည်းလေးလေး၊ လှုပ်ရှားမှုများ၊ အရင်

www.burmeseclassic.com



ရက်တွေလိုပါ ပုံမှန်လေးတိလေးကန် လုပ်နေသည်။ ညွှန်းခါးကို ထောက်လိုက်သည်။

"ဟဲ့... မိပိုး မြန်မြန်လုပ်၊ ငါဘုရားသွားမလို့ နှင့်ကို ခုပဲ နိုးတော့မလို့ နှင့်ဘာသာနိုးလာလို့ သွား ရေမြန်မြန်ချိုး လေးတိလေးကန် လုပ်မနေနဲ့ ဒီနေ့ ဘာနေ့လဲ သိလား"

"တနင်္ဂနွေလေ၊ ဝါး... ဘာသင်တန်းမှ မရှိဘူး ပြန်အိပ်လို့တောင် ရသေးတယ်"

"ဘာတနင်္ဂနွေလဲ မွေးနေ့ဟဲ့ မွေးနေ့"

"ဟင်... ဘယ်သူ့မွေးနေ့တုန်း"

"ငါ့မွေးနေ့"

"ဟယ် ဟုတ်လား။ ငါဖြင့် မှတ်တောင်မမှတ်မိဘူး။ ကြည်စမ်း ညည်းတောင် ငါ့မျက်စိအောက်မှာတင် နှစ်ဆယ့်ငါးနှစ်ပြည့်သွားပြီပဲ... အေး... အေး..."

အဖွားအိုပေါက်စ လေသံနှင့် ရေချိုးခန်းမဝင်မီ ပြောထိုသွားသေးသည်။

'မှတ်တောင် မမှတ်မိဘူးတဲ့'။ ညွှန်းစိတ်တိုသွား၏။

"နှစ်တိုင်း စားနေကျလူကများ ဟိုသူစိမ်းကတောင် ကိုယ့်မွေးနေ့ကို အရေးတယူရှိသေးသည်၊ သူက မှတ်မထား..."

သူစိမ်းဟု တွေးမိပြီးမှ အားနာသွား၏။ ပြုံးလည်း ပြုံးသည်။

"ဟော့... မိညွှန်း"

မိပိုးက ရေချိုးခန်းမှ လှမ်းအော်သည်။





"ဘာလဲ"

"မြန်စေချင်ရင် ငါ၀တ်ဖို့ အဝတ်အစားတွေ ဗီရိုထဲက ထုတ်ပေးထား ဘုရားသွားမှာဆိုရင် နင့်ဘာသာ သင့်တော်တာလေး ကြည့်ပြီး စီစဉ်လိုက်"

"ဟွန်း"

လုပ်ထားဦးပေါ့၊ မွေးနေ့ရှင်ကိုများ ညွှန်း သောက်ဆတ်ဆတ်နှင့် မိပိုးက သူ့ဘာသာရွေး၍ ဝတ်တတ်သူမဟုတ်။ ညွှန်းက ချည်၊ အထက်အောက် လိုက်ဖက်အောင် တွဲစပ်ပေးရသည်။

သည်နေ့တော့ မယ်မင်းကြီးမကို ကိုယ်နှင့်ဆင်တူ အဝတ်မခံနိုင်၊ တခြားအရောင်ပဲ ဝတ်စေမည်။ တွေးရင်းဗီရိုကို ဆွဲဖွင့်လိုက်သည်။

"ဟင်"

ဖွင့်ဖွင့်ချင်း ညွှန်းအကြည့်နှင့် တည့်တည့်တွင်ရှိသော အဆင့်မှာ တင်ထားသော အဖြူရောင်ဘူးကလေးကို တွေ့လိုက်ရသည်။

"နှစ်ဆယ့်ငါးနှစ်ပြည့်သွားတဲ့ ငါ့သူငယ်ချင်းအတွက်တဲ့"

ညွှန်း တအံ့တသြနှင့် ဘူးလေးကို ဖွင့်ကြည့်လိုက်မိသည်။ အထဲမှာ သော့ငံလေးတစ်ချောင်းပဲ ပါသည်။ မျက်မှောင်ကျုံ့မိပြီးမှ သူ့ဗီရိုအောက်ခြေရှိ အံဆွဲကိုဖွင့်သော သော့မှန်း မှတ်မိသွား၏။

အံဆွဲကို အသံမပြတ်အောင် ဆွဲဖွင့်လိုက်သည်။

"ဟယ်... လှလိုက်တာ ငါ့ဝတ်စုံနဲ့ ကွက်တိပဲ၊ ငါဒီနေ့ အဖြူရောင်ဝတ်မှာကို သိလို့များ မိပိုးက အဖြူရောင်စလင်းဘတ်တာလေး ဝယ်ပေးထားတာလား မသိဘူး"

ကိုင်းလေးတစ်ဖက်မှာ ညွှန်းရည်ရွယ်တေး အတွက်ဟု



www.burmeseclassic.com

www.burmeseclassic.com



ရေးထားသော ကဒ်တလေးကို တံဆိပ်လို ချိတ်ထွဲထားသေးသည်။

အိတ်ကလေးကို ထုတ်လှယ်၍ မော်တာဝ်ရုပ်လိုက်သည်တွင် မိုးကာ ရေချိုးခန်းအဝမှာ တုတောက်ကလေးခြေ၍ ပြုံးလျက်ကြည့်နေ၏။

"ဟင်း... တော်တော်တတ်နိုင်တဲ့ မိန်းမ"

□ □ □

"မောင်လေး ဘာလယ်ရောရှိလို့လဲ"

သူလည်း ထနိုင်ပြန့်နိုင်ဖြစ်နေပြီမို့ အပြင်ကို လေးလေးဆယ်ႈ နှင့်ပဲ သွားတော့မည်ဟု ခွင့်တောင်းသည်။ မမျက်နှာက မတော်း

"မရှိပါဘူး မမရှေ့မှာဆိုရင်လေ ဟို... ဟို"

"မတွေ့တော့လို့ပေါ့ ဟုတ်လား"

သူ့မျက်နှာထားရောက် ပြောရခက် ဖြစ်နေသည်မို့ မမကား ရှာလည်းမရှိရှာ ပြုံးလာသည်။ ဘယ်တနေ့တီးပေါက်လိုက်သော အပြုံးမှန်း သူသိပါသည်။

"ကဲပါ သွား သွား မမက မောင်လေးကို ဇနာကိုချုပ်လို့ပါ စိတ်နဲ့ မမလည်း သွားစေရာ မရှိပါဘူး လေးဆန်း စိတ်ချမယ်နော်"

"အေးပါ စိတ်ချပါ"

"ဟို... မမ သွားစေရာမရှိရင် လိုက်ခဲ့ပါလား ကျွန်တော် မမရှေ့မှာပဲ သူ့ကို တွေ့ချင်တာပါ၊ မမမျက်စိအောက်မှာပဲ တွေ့ချင်တာ အဲဒီလိုပြောရင် မမ မကြိုက်မှာစိုးလို့"

"ကဲပါ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ် သွားပါ၊ ဒီ အခန်းကိုပဲ အားနာနေသေးတယ်"





"မဟုတ်ဘူး မမ ကျွန်တော်တကယ်ပြောတာ"

"မမရှေ့မှာမှ ဘာလို့ တွေ့ချင်တာလဲ"

"မသိဘူး စိတ်ထဲမှာ ကျွန်တော်ဘာပဲလုပ်လုပ် မမမြင် တွေ့နေစေချင်တာပဲ ရှိတယ်"

"အချွဲလေး ကဲ ဒါဆိုလည်း မမလိုက်ခဲ့မယ် ဟုတ်ပြီလား"

"ဟုတ်"

သူဝမ်းသာရသည်။ ဘာပဲဖြစ်ဖြစ် သူ့အနားမှာ မမရှိနေမှ ပြည့်စုံသလို ခံစားရသည်။ ထိုခံစားချက်အတွက် မမ မဟုတ်သည့် ဘယ်သူ့ကမှ အစားဝင်ဖြည့်ဆည်းပေးလို့ ရမည်မဟုတ်။ လေးလေး ဆန်းကို တွဲ၍ ကားပေါ်သို့ တက်နှင့်လိုက်သည်။

ကချောကယောပြင်ဆင်ပြီး ထွက်လာသည့် အလှမှာပင် မမ သည် ချွဲဆောင်မှုရှိနေသည်။ တစ်ချိန်တစ်ခါတော့ သည္တြီဖျိုလှကြောင့် မောကို စိတ်မချနိုင်၊ မောင်တစ်ယောက်ရှိနေသည့် အတွက် မမ၏ အလှတရားကို အကာအကွယ်ရှိသော လုံခြုံသော အလှတရားဖြစ်စေ ချင်သည်။

"မမ ကိုချမ်းငြိမ်းကိုလည်း ဖုန်းဆက်လိုက်ပါလား နေလည် စာကို ကျွန်တော်တို့ ခြောက်ယောက် အပြင်မှာ စားရအောင်လေနော်"

"ခြောက်ယောက်ဟုတ်လား"

"အင်းလေ မမရယ် မောင်လေးရယ် ကိုချမ်းငြိမ်းရယ် လေးလေးဆန်းရယ် ပြီးတော့ ညွှန့်ရည်ရွှယ်တေးနဲ့ သူ့သူငယ်ချင်း ရယ်"

"ဘယ်သူ တွေ့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကျွေးမှာပေါ့"

လေးလေးဆန်းက အိမ်တံခါးကို သော့ခတ်ပြီး ကားရှေ့ခန်းမှာ နေရာယူသည်။

"ဒါပေါ့ကွာ မွေးနေ့ရှင်က ကျွေးရမှာပေါ့"

"ဟာ… မွေးနေ့ရှင်ဆိုရင် ကျွန်တော်တစ်ယောက်တည်း မဟုတ်တော့ဘူး လေးလေးရေ"

"ဟေ"

အိမ်က အထွက်မှာ နာရီကို ကြည့်ဖြစ်သည်။ ကိုးနာရီခွဲ။

"ဟဲ့… မိညွန့် ဒါက ဘယ်လဲ"

ဘုရားပေါ်က အဆင်းမှာ အငှားကားတစ်စီး လှမ်းတားလိုက်သည်။

"[illegible]စားမှမစားဘူးလား"

"[illegible]… ဒီလိုလား စားမှာပေါ့ဟ၊ ဘယ်မှာကျွေးမှာလဲ ဂျပန်လို စားရမှာလား၊ တရုတ်လို စားရမှာလား၊ ပြင်သစ်လို စားရမှာလား"

"ဟဲ… ဟဲ ဟိုရောက်တော့ သိမှာပေါ့ဟာ"

"ဒါပေါ့ဟာ မွေးနေ့ရှင်စိတ်ကြိုက်ပေါ့"

"မွေးနေ့ရှင် စိတ်ကြိုက်ဆိုရင်တော့ ညှိနှိုင်းဆွေးနွေးရဦးမယ်"

"အမ်… ဘယ်သူနဲ့လဲ"

❒ ❒ ❒



## အခန်း(၁၃)

ကိုးနာရီ လေးဆယ့်ငါးမိနစ်။

"လာဟာ နည်းနည်းစောသေးတယ်၊ အပေါ်ကို တက်ရအောင် နင်မဆာသေးဘူး မဟုတ်လား မိပိုး"

"အင်း တက်လေ"

ဆယ့်ငါးမိနစ်ခန့် လိုသေးသည်မို့ သူမရောက်သေးမှန်း သိနေပေမယ့် အောက်ထပ်မှာ ဝေ့ဝဲရှာမိသေးသည်။ တစ်ဝက်ခန့် တက်လာပြီးသည်အထိ အဝင်ဝဆီ ညွှန့်ကြည့်နေမိဆဲ။

"ဟဲ့… ဘုရား… ဘုရား"

စက်လှေကားက ပုံမှန်လည်ပတ်နေရာမှ တုံ့ခနဲ ရပ်သွားသည်မို့ နစ်ယောက်သားရှေ့သို့ ယိုင်သွားရသည်။

"ပျက်တာထင်တယ်၊ လာ ကိုယ့်တာသာ တက်ရတော့မှာ"

"ညွှန့် ညည်းဘယ်သူနဲ့ ချိန်းထားတာလဲ"

ညွှန့်မျက်နှာ ဘယ်လောက်များ ချာရပတ်လည်နေသည် မသိ။ မိပိုးပင် ရိပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောသေးတယ်ပြောလိုက် လှည့်ပတ်ရှာလိုက်နဲ့ မဟုတ်မှ လွဲရော ကျွေ ညည်းအဖေရဲ့ ပါတနာကြီးနဲ့များ ချိန်းထားတာလား"

"နင် ဘာတွေ ပြောနေတာလဲ မိပိုး"

"ဂျေဆန်စတတ်ဟမ်းလေ"

"အာ"

ကိုယ့်စကားနှင့်ကိုယ် ပဟေဠိအဖုက်ခံလိုက်ရသည်။

"တကယ်တမ်း မတူပါဘူး ညွှန်းရယ်၊ ဟိုက မျက်နှာရှည့်ရှည် ညည်းလူက မျက်နှာဝိုင်းဝိုင်းနဲ့ တခြားစီ"

"ငါလည်း တူတယ် ပြောမိလို့လား၊ ဆံပင်စတိုင်လ်ကိုပဲ ပြောတာ"

❒ ❒ ❒

နာရီကို ထပ်ကြည့်မိသည်။ ကိုးနာရီ ငါးဆယ်မိနစ်။

ညွှန်းရောက်နေလောက်ပြီလား။ လေးလေးဆန်းက စင်ထာ အဝတွင် ကားကို ရပ်လိုက်သည်။ မမတစ်ယောက်တည်းက ကားပေါ်မှ တွဲ၍ အောက်ချပေး၏။ ထုံးစံအတိုင်း လေးလေးဆန်းက ဘီးတပ်ကုလားထိုင်ကို ခင်းပေးသည်။

သူတို့ကား နောက်နှစ်စီးကျော်မှာ ကိုချမ်းငြိမ်း၏ ကားဖြူလေးပါလာသည်။ သူတို့ကားအရပ်တွင် ထုံးစံအတိုင်း တွဲရမည်အထင်နှင့် ကပျာကယာ ဆင်းလျှောက်လာသော ကိုချမ်းငြိမ်းက မမတစ်ယောက်တည်း ခုံပေါ်ထိုင်ပေးနေခြင်းကို မြင်တော့ အံ့အားသင့်ပြီး ပြုံးနေလေ၏။





မမက အမျိုးသမီးဂိတ်မှ ဝင်သည်။ သူက ဘီးကို ကိုယ်တိုင် လှိမ့်ဝင်လာတော့ မျက်မှန်းတန်းမိနေသော လုံခြုံရေးဝန်ထမ်းက ကူညီပြီး တွန်းပို့ပေး၏။ သူတို့နောက်မှ ကိုချမ်းငြိမ်းကပ်ပါလာသည်။

"ညီ မငိုးတယ်ဟုတ်နေပါလား"

"အစ်ကိုက ပျော်နေတာပေါ့ ဟုတ်လား"

သူ့စကား၏ အဓိပ္ပာယ်ကို ရိပ်မိသွားပြီး ကိုချမ်းငြိမ်းက မရဲ့မလဲနှင့် ရယ်သည်။ နာရီကိုကြည့်ရင်း ညွှန်းရောက်နှင့် နေပြီလားဟု တွေးမိ၏။ အဝင်ဝသို့လည်း နောက်ပြန်လှည့်ကြည့်မိသည်။

နားဆွဲလေးကို မထိမကိုင်ဘဲ အာရုံကို အလွတ်ထားချိန်မို့ သာမန်ဆန်စွာ ရင်ခုန်ရသည်။ မရေရာ မသေချာခြင်းနှင့် မသိခြင်းများ ကသာ ရင်ခုန်သံကို ပို၍ ရသမြောက်စေ၏။ ဘယ်မှာရောက်နေပြီ၊ ဘာလုပ်နေသည်ကို အချိန်တိုင်းသိနေခြင်းက ရင်ခုန်စရာမကောင်း။

ကိုးနာရီ ငါးဆယ့်ငါးမိနစ်။

ညွှန်းရောက်သင့်ပြီ။ သို့မဟုတ်လျှင် ရောက်နှင့်ပြီး ဖြစ်ရမည်။ ပထမထပ်ကိုများ တက်သွားသည်လား။ ညွှန်းက ဖန်စီဆိုင်ကလေးများတွင် ဝင်မွှေရသည်ကို နှစ်ခြိုက်တတ်မှန်း သူသိသည်။

"ဒါလေးနဲ့ရော မိပိုး"

ညွှန်းက နားကွင်းဝိုင်းဝိုင်းကြီးကို တပ်ပြီး မိပိုးကို ပြသည်။ မိပိုးက ရှုံ့မဲ့ပြီး ခေါင်းခါ၏။ ပုလဲတစ်လုံးတည်းပါသော နားကပ်ကို ညွှပ်ပြပြန်သည်။

"တစ်ကိုယ်လုံးဖြူနေပြီ၊ ညွှန်း ကြည့်လည်း လုပ်ဦး"

ပုလဲကို ပြန်ချွတ်၍ သူ့နေရာသူ ပြန်ထားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြန်ထားပြီးသည်နှင့် နောက်တစ်ခုဆီ ညွှန်းလက်လှမ်းပြန်သည်။

"မိညွှန်း ညည်းဟိုတစ်ခါလည်း ဒီဘယ်ဘက်ကိုပဲ ချွတ်လိုက်တပ်လိုက် လုပ်လွန်းလို့ ကိုယ်ဆွဲလာတဲ့ နားဆွဲလေး ပြုတ်ကျခဲ့ရပြီးပြီ"

"အေးပါ"

"အေးပါ လုပ်မနေနဲ့၊ ညည်းက ဒီနားဆွဲမျိုးဆို ပျောက်တတ်လွန်းလို့၊ ရော့ ပြန်ဆွဲထား ဒီတစ်ခါလည်း ငါလျော်ပေးနေရဦးမယ်၊ မကိုင်ပေးတော့ဘူး"

ရယ်ရယ်မောမောနှင့် မိပိုးလက်ထဲက နားဆွဲကို ပြန်ယူ၍ ဘယ်ဘက်မှာ ချိတ်လိုက်သည်။ နာရီကို ငုံ့ကြည့်မိတော့ ဆယ်နာရီ ထိုးဖို့ တစ်မိနစ်သာ လိုတော့၏။

"ဟယ်… လွဲတော့မှာပဲ လာလာ မိပိုး"

"ဟော… ဘာမှမဝယ်ဘဲနဲ့များ အခုတစ်ရာလောက် ငါ့ကို ကြည့်ခိုင်းနေသေးတယ်၊ မိညွှန်း ညည်းကတော့လေ ခုမှ ပျာယာခတ်မနေနဲ့"

"လာပါဆို သူက အပေါ်တက်မှာ မဟုတ်ဘူး"

တကယ်တော့ လူများစရာလည်း မရှိ၊ တစ်မိနစ်လောက်နှင့်လည်း ကွဲစရာအကြောင်းမရှိ။ သိသိကြီးနှင့် ညွှန်းပျာယာခတ်နေမိသည်။ မိပိုးက ကိုယ့်ထက်ပို၍ ပျာ၏။ အတက်မှာကတည်းက ပျက်နေ၍ ပြေးတက်ခဲ့ရသည့် စက်လှေကားမှ ဆင်းဖို့ လုပ်နေသေးသည်။

"ဟဲ့…, နှစ်ဘက်လုံးရပ်ထား… အဲ့"





ညွှန်းပျာသည်က နည်းနည်း၊ မိပိုးက စက်လှေကားမှ ဆင်းရမလို ရိုးရိုးအလယ်လှေကားမှ ဆင်းရမလို ပျာယာခတ်ပြီး ညွှန်းကို ဝင်တိုက်နေသေးသည်။

"ချွင်"

ဆယ်နာရီ။

ညွှန်းကို မတွေ့ရသေးသဖြင့် သူဦးခေါင်း ချာချာလည်နေရာမှ အသံတစ်သံကြောင့် မော့ကြည့်လိုက်မိသည်။

"ချွင်"

သူမှတ်မိနေသည့် ကြယ်ကြွေသံလေး၊ အရင်လှေကားထက်ဆီမှပင် ဖြစ်သည်။ အနက်ရောင်ကလေး လွင့်ကျလာသည်ကို သူမြင်လိုက်ရသည်၊ လှေကား၏ ဟိုးထိပ်တွင် တိမ်လွှာဝတ်ရုံကလေးနှင့် နတ်သမီး။

တချွင်ချွင်ကျလာသံလေးက လှေကားရင်းအထိ ရောက်မလာဘဲ အလယ်ဆင့်မှာပင် ရပ်တန့်သွား၏။

သူ့တစ်ဖက်တစ်ချက်တွင် ရပ်နေသော မမနှင့် တိုချွမ်းငြိမ်းတို့၏ လက်များကို ဆွဲယူအားပြုကာ သူထရပ်လိုက်သည်။

"ဒီတစ်ခါ နင် ငါ့ကို ဝင်တိုက်လို့ ပြုတ်ကျသွား…"

မိပိုးကို ဆုံးအောင် အပြစ်မတင်လိုက်ရ။ လှေကားရင်းမှာ ခတ်မတ်ရပ်လျက်သား တွေ့လိုက်ရသည့် သူ့ကြောင့် ညွှန်းအသက်ရှူဖို့ပါ မေ့သွားသည်။ မိပိုးက တံတောင်နှင့်တွက်၍ သတိပေးလာမှ တပျာပျာ ပြုံးပြလိုက်မိ၏။ သူ့ရှိရာဘက် တည့်မတ်စွာ လှည့်၍လည်း လက်ပြန္နုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး"

"ညီ"

စိုးရိမ်တကြီးခေါ်သံတို့ကို ခေါင်းတစ်ချက်ဆတ်၍ စိတ်ချဖို့ အမူအရာနှင့် ပြောလိုက်သည်။ လေ့ကား၏ ဟိုးထိပ်ဆီမှာ အုံ့ညို့ မင်သက်နေသည့် ညွန်းမျက်နှာကလေး။

တစ်ထစ်။

ကိုချမ်းငြိမ်း၏ လက်ကို လွှတ်လိုက်ပြီး ရပ်တန့်နေသည့် စက်လှေကားလက်ရန်းကို လှမ်းကိုင်လိုက်သည်။

နှစ်ထစ်။

မမလက်ကို လွှတ်ပြီး တစ်ဖက်က စက်လှေကားလက်ရန်းတို့ အားပြုလိုက်သည်။

သုံးထစ်။

"ညွန်း... သူ... သူ"

"အင်း... အင်း။ ဟုတ်တယ်... ဟုတ်တယ် မိုပိုး"

စကားတိုင်းပြည့်စုံရန် မလိုပါ။ သည်မျှနှင့် တစ်ယောက် စကား တစ်ယောက်နားလည်နေ၏။ ထို့ထက် ညွန်းက ပို၍ နားလည် ရသည်။

"ဒါ ဒါက သူ့ရဲ့ နောက်ဆုံးအိပ်မက်"

ညွန်း ဝမ်းသာအားရ ပြေးဆင်းလာမိ၏။ ညွန်းအတွက် လှေကားငါးထစ်ပြေးဆင်းရခြင်းသည် အလိုအလျောက် လှုပ်ရှားမှုသာ ဖြစ်သည်။

သူ့အတွက် လှေကားငါးထစ်ဘက်ခဲ့ရခြင်းသည် ပေးဆပ်





သည့် အရင်းအနှီးများစွာနှင့်။ ညွန်းက ကြယ်ကလေး ပြုတ်ကျနေ သော နေရာတွင် ရပ်၍ ကြယ်ကို ကောက်ယူလိုက်သည်။

"အဝေရာ"

"ညွန်း"

လိုက်လုံတုန့်ခါနေသည့် ရေရွှတ်ထံကိုယ်စီနှင့် တစ်ယောက် ကို တစ်ယောက် စက္ကန့်ပေါင်းများစွာ စိုက်ကြည့်နေမိကြသည်။

ဆတ်ခနဲ သူ့ခန္ဓာကိုယ်မှာ တစ်ချက်ယိမ်းယိုင်သွားပြီး လှေ ကားထစ်ပေါ် ထိုင်ချလိုက်ရသည်။ ညွန်းပါ သူ့နှင့်အတူ ထိုင်လာ၏။ သူ့အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူလိုက်သည်။ အနီရောင် ကတ္တီပါဘူးကလေး။

"နှင့်အတွက်"

သူ ဘူးကို ဖွင့်လိုက်၏။ ငွမ်းစပြုပြုံးပေါ်မှာ အနက်ရောင် ငါးထောင့်ကြယ်ကလေး။

"ဟယ်... ဒါ... ဒါလေးက နှင့်ဆီမှာ"

ခေါင်းကို အသာအယာညိတ်၍ နားဆွဲလေးကို ထုတ်လိုက် သည်။ ညွန်းက အလိုက်သင့်စောင်း၍ ဘေးဘက်နားရွက်ကလေး ပေါ်မှ ဆံနွယ်များကို သိမ်းသပ်ဖယ်ရှားပေးလိုက်၏။ ဟင်းလင်းမွင့် နားပေါက်ကလေးမှာ ကြယ်ကလေးကို ပြန်လည်ချိတ်ဆွဲပေးသည်။

ပိုင်ဆိုင်ခဲ့ဖူးသည့် ပုံရိပ်များစွာ သူ့ထံမှ ထွက်ခွာသွားခဲ့ကြပြီ။ ညွန်း၏ အငွေ့အသက်တို့ ရှိနေသည့် တစ်ခုတည်းသော ပစ္စည်းက လေး။ သူ့ကောင်းကင်နှင့် သူ့ဆီ ကြယ်ကလေးကတော့ ပို၍ တောက်ပ သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အဝေရာ"

သူ့လက်ထဲမှ ကတ္တီပါဘူးကို ညွှန်းက လှမ်းယူပြီး တိုးတိုးကလေး ခေါ်သည်။ ညွှန်းလက်ထဲမှ နားဆွဲလေးကို ငွမ်းစများပေါ် တင်ပေးလိုက်၏။

"နင့်အတွက် မွေးနေ့လက်ဆောင်"

ညွှန်း၏ ကိုယ်ပိုင်စက္ကန့်တိုင်း အပိုင်ပေးလိုက်ရခြင်းလည်း ညွှန်းတစ်ကိုယ်ကြား ရေရွတ်သမျှ တိတ်တခိုး ရွှေ့လျားသမျှ မခြွင်းမချန် သူ့ထံမှာ အပ်နှံလိုက်ပြီ ဖြစ်သည်။ ညွှန်း၏ မနက်ဖြန်အားလုံး အနီရောင် ကတ္တီပါဘူးလေးထဲ လိုက်ပါသွားကြပြီ။

အချစ်သည်...

ပကတိ တန်ဖိုးများကို လျှော့ချမြှင့်တင် သစ်လွင်ပြောင်းလဲနိုင်စွမ်း၏။

BURMESE CLASSIC

ဝေခ်



www.burmeseclassic.com